ပခုက္ကူဦးအုံးဖေစာပေဆုရ

# သောင်းစွန့်စံ၏ ဩဃယက်ကညာများ

ကျော်ဇော်ဇွေး (ယဉ်ကျေးမှု)



၂၀၀၃ ခုနှစ်၊ ပခုက္ကူ ဦးဖိုးလေး စာပေဆု
ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ

# "သောင်းစုနှစ်၏ အလင်္ကာညများ"

## ကိုဇော်ငွေး (ယဉ်ကျေးမှု)

တည်းဖြတ်သူ – ဦးညွန့်ဟံ (ညွန့်ဟံ–ကြူတော)
စာတည်း (တာဝန်ခံ)
ဒေါ်တင်မွေး (မွေးငယ်ငယ်)
စာပေလက်ထောက်

အဖုံးပန်းချီ – ကံကောင်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၀၅ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ – ၂၀၀၀

**တန်ဖိုး ၂၇၀ ကျပ်**

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန်စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်) က
မှတ်ပုံတင်အမှတ် ၀၇၄၈၂ ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၈၁၁ ဖြင့် ထုတ်ဝေသည်။

**ထွန်းရွှေတာစာစီ .......... ဗဟိုပုံနှိပ်စက်ရုံ**

## ဒို့တာဝန်အရေးသုံးပါး

- ★ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ★ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ★ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သောင်းစုနှစ်၏ အလက်ာ်ညများ
ဝတ္တုတိုပေါင်းချုပ်စာမူဖြင့်
ဖေဖေဦးမောင်စံ - မေမေဒေါ်အမာ
သင်ဆရာ-မြင်ဆရာ-ကြားဆရာများအားလုံး
သဘင်မှုအနုပညာနှင့် နှီးနွယ်စပ်ဆက်နေသော
သဘင်မှုအတတ်ပညာဆိုင်ရာ ပညာရှင်များအားလုံးကို
အလေးအမြတ် ဂါရဝပြုပါ၏။

ကိုဇော်ဌေး (ယဉ်ကျေးမှု)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သောင်းစုနှစ်၏ အလက်ာညများ | ၁ |
| ၂။ | ပလေကပ်ပုဆိုး | ၁၅ |
| ၃။ | နှမ်းတစ်ဆုပ် | ၃၀ |
| ၄။ | တရားရှိသူများ | ၄၂ |
| ၅။ | ပန်တျာခရီးသည် | ၅၄ |
| ၆။ | အောင်မြင်ဆုများ၏အောင်မြင်သူ | ၆၄ |
| ၇။ | ဘာကိုကြိုက်လဲရှင်တို့ရယ် | ၇၄ |
| ၈။ | ခရေဖီး၏အနိ္တမ | ၈၄ |
| ၉။ | ချစ်လို့ရယ်တဲ့ခင်မင် ယဉ်ရှာရေ့သလား | ၉၃ |
| ၁၀။ | အနားကပ်ကမ်းစပ်မမြဲသောပင်လယ်၏ ပျော်ဝင်မှေးစက်၊ အိပ်မက်တွေ | ၁၀၇ |
| ၁၁။ | ရွက်ညှာကြွေလျှံ | ၁၁၉ |
| ၁၂။ | ဇာတ်သမားလာရင် | ၁၃၈ |
| ၁၃။ | ဗေဒါပန်း၏ ဝက်ပါလမ်း | ၁၄၉ |
| ၁၄။ | မျဉ်းပြိုင်နှစ်ကြောင်း၏ ကောက်ကြောင်းများ | ၁၆၂ |
| ၁၅။ | ဒဿဂီရိနှင့် တွေ့ဆုံခြင်း | ၁၇၂ |
| ၁၆။ | မဒီခင်လေး ယဉ်ကျေးပေသည် | ၁၈၄ |
| ၁၇။ | ခက်လက်ဝေလွင်၊ သစ်တစ်ပင် | ၁၉၅ |

# သောင်းစုနှစ်၏အလင်္ကာညများ

ပွဲခင်းတစ်ခုလုံးမှာ ဖြူဖျော့ဖျော့မီးရောင်များဖြင့် လင်းထိန်လျက်ရှိသည်။ လေအေးစက်ကြောင့် တစ်ရုံးလုံးမှာ အေးစိမ့်လျက်နေသည်။ နီရဲတောက်ပသော ကတ္တီပါပြည်ဖုံးကားကြီးက လေအေးစက်၏ တွန်းကန်မှုကြောင့် လှုပ်ရှားယိမ်းနွဲ့နေသည်။ ကျွန်တော်တို့ လေးယောက်က ရှေ့ဆုံးတန်းပွဲကြည့်စင်၏ အလယ်ဗဟိုမှာ ဝင်ထိုင်လိုက်ကြသည်။ စင်စစ်ကျွန်တော်တို့ လေးယောက်က ဖိတ်ကြားခံရ၍ ဇာတ်ရုံ၌ တင်ဆက်မည့်ကပွဲကို လာရောက်ကြည့်ရှုကြခြင်းဖြစ်သည်။

ကျွန်တော့်အလုပ်မှာ ဇာတ်စင်ဒါရိုက်တာအလုပ်ဖြစ်သည်။ ကပွဲတစ်ခုလုံး လှပဆန်းကြယ်သပ်ရပ် အောင်မြင်စွာ ဖန်တီးရသူဖြစ်သည်။ လက်ရှိအခြေအနေ၌ ကျွန်တော်နှင့် ကျွန်တော့်အလုပ်သည် အံဝင်ခွင်ကျရှိလှ၍ ဇာတ်စင်လောက၌ အောင်မြင်နေသူတစ်ဦးဖြစ်သည်။ ကျွန်တော်နှင့်ပါလာသူ နောက်တစ်ယောက်က ဆရာမ ဒေါ်စန်းနုဝင်းဖြစ်သည်။ သူသည် ကကြိုးကကွက်များကိုဖန်တီး သင်ကြားနိုင်သူ ဂေါ်တာဇာတ်၊ ကဇာတ်၊ ပြဇာတ်များကို သင်ကြား ပြသပေးနိုင်သူ အကကျော်အောင်သော ပဋ္ဌလက်ဆရာမကြီးတစ်ဦး နှင့် တက်ဆေးထပ်များနိုင်လောက်အောင် ပြောင်မြောက် ထူးချွန်သူ ဖြစ်သည်။

နောက်တစ်ဦးက ဂီတမှူးပေါင်ချိန်ဖြစ်သည်။ သူ၌ အမည်ရင်းရှိသော်လည်း ပေါင်ချိန်ဟူသောနာမည်နှင့်လူသိများသည်။ မဟာဂီတလာ သီချင်းကြီး၊ သီချင်းခန့်၊ ကြိုး၊ ဘွဲ့၊ ယိုးဒယားများကို သီဆိုတီးမှုတ်နိုင်သလို၊ ခေတ်ဟောင်းခေတ်ပေါ် သီချင်းများနှင့်လည်း ကျွမ်းဝင်သူဖြစ်သည်။ တေးဂီတအသံများစွာနှင့် ရင်းနှီးပြီးဖြစ်၍ စာသားကိုသံစဉ်ထည့်ရာ၌ ကျွမ်းဝင်နိုင်နင်းလှသည်။ အရှေ့တိုင်း၊ အနောက်တိုင်း ဂီတသင်္ကေတများကို ရေးနိုင်ဖတ်နိုင်၊ တီးခတ်နိုင်သူဖြစ်သည်။

နောက်တစ်ယောက်က ဇာတ်စင်အခင်းအနားခေါင်းဆောင် ပန်းချီဆရာညွန့်အောင် ဖြစ်သည်။ သူသည်မန္တလေးပန်းချီကျောင်းဆင်းတစ်ဦးဖြစ်သလို၊ တရုတ်နိုင်ငံ၌လည်း ဇာတ်စင်ပန်းချီပညာကို တစ်နှစ်ကြာသင်ကြားလာခဲ့သူ ဖြစ်သည်။ ဇာတ်စင်ပေါ်၌ ဆက်တင်အခင်းအနား၊ ပန်းချီကားများကို တောင်းဆိုသူ ဒါရိုက်တာအလိုကျ ဖန်တီးတည်ဆောက် ရေးသားနိုင်သူဖြစ်သည်။

· ကျွန်တော်တို့ လေးယောက်ထိုင်မိစဉ် ခဏမှာပင် လူတစ်ယောက်က အနားကိုရောက်ရှိလာသည်။

"ကပွဲက ညနေသုံးနာရီကို ရွှေ့လိုက်ပါတယ်။ ဒါကြောင့်လည်း လူကြီးမင်းတို့ကို မန်နေဂျာက ဝပ်ရှော့ (WorkShop) ခန်းထဲကို ကြွခဲ့ဖို့ ဖိတ်ကြားလိုက်ပါတယ်"

ထိုသူ၏စကားအဆုံးမှာ ကျန်သုံးဦးက ကျွန်တော့်ကို လှမ်းကြည့်လာသည်။ ကျွန်တော်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး၊ ထိုင်နေရာမှ ဦးဆောင်၍ ထလိုက်သည်။

ကပွဲရုံ၏ညာဘက် ပရိသတ်၏ဘယ်ဘက်ရှေ့ပေါက်မှ ထိုသူဦးဆောင်ရာနောက်သို့ လိုက်ပါခဲ့သည်။ ထိုမှလှေကားထစ်များ



အဆုံးမှာ တွေ့ပတ်လျှောက်ရသော လမ်းကြားလေးများအတိုင်း ရှေးရှုခဲ့ကြသည်။

"ဒါဇာတ်ရုံနောက်ဘက်ကို ရောက်မယ်ထင်တယ်"·

ကျွန်တော့်အမေးကို ရှေ့မှလူက "ဟုတ်တယ်" ဟု ပြန်ဖြေရင်း ရှေ့ဆက်လျှောက်လာသည်။ လျှပ်စစ်ပါဝါ ကွန်ထရိုခန်းများ၊ အဲယားကွန်းပိုက်လုံးများ၊ စတိုခန်းများကို ဖြတ်ကျော်ခဲ့ကြသည်။ တစ်နေရာအရောက်မှာတော့ သူက အခန်းတစ်ခုကို ညွှန်ပြရင်း

"ဒီ မိနီသီရေတာထဲကို ဝင်သွားပါ၊ အထဲမှာ မန်နေဂျာ စောင့်နေပါတယ်"

သူက တံခါးကိုဆွဲဖွင့်ပေးလာသဖြင့် ကျွန်တော်တို့လေးဦး အထဲသို့ ဝင်ရောက်လိုက်ကြသည်။ နှစ်ပေဖန်ချောင်းများဖြင့် ဇာတ်ရုံငယ်လေးမှာ လင်းထိန်နေသည်။ ၀ - ယာ ကုလားထိုင်ခြောက်လုံးစီဖြင့် တစ်တန်းလျှင်ကုလားထိုင် ၁၂ လုံးဖြင့် တန်း ၁၀ တန်းကို စင်းကျင်းထားသည်။ အလယ်ဗဟို၌ လူသွားလမ်းမကို ကောဇောဂီမ်းဖြင့် ခင်းကျင်းထားသည်။

ရှေ့ဆုံး၌ဇာတ်စင်ကို မျက်နှာမူလျက် လူဝင်ပေါက်ကို ကျောခိုင်းထားသော ရှည်လျားသည့် လောင်းကုတ်အဖြူရောင်ကို ဝတ်ဆင်ထားသည့်လူက ကျွန်တော်တို့ ခြေသံကြောင့်လှည့်ကြည့်လာသည်။

"ဆရာဖော်တို့ လာကြပြီကိုး"

သူ့အသံက ဩဇာသံလွှမ်းမိုးလှသည်ဟု ကျွန်တော်ခံစားလိုက်ရသည်။ ထူထဲသောမျက်မှန်အောက်မှာ ပြူးကျယ်တောက်ပသော မျက်ဝန်းအစုံကို တွေ့ရသည်။

"ထိုင်ပါ"

သူညွှန်ပြရာ ရှေ့ဆုံးတန်းမှာ ကျွန်တော်တို့ဝင်ထိုင်လိုက်ကြသည်။ သူက မတ်တတ်ရပ်လျက်ကပင်၊

"တကယ်တော့ ပွဲကချိန်က နေ့လယ် ၁၂ နာရီမှာပါ။ ဒါပေမဲ့ ဆရာဇော်တို့ကို အလင်္ကာတစ်ခေတ်ဆီခေါ်သွားချင်လို့ ပွဲချိန်ကို သုံးနာရီလောက်နောက်ရွှေ့လိုက်တာပါ။ ပွဲချိန်ပြောင်းတာကိုလည်း တီဗီ၊ ရေဒီယိုနဲ့လက်မှတ်ရောင်းတဲ့နေရာတွေကို အီးမေးလ်နဲ့ အကြောင်းကြားပြီးပါပြီ၊ ပြဿနာမရှိနိုင်တော့ပါဘူး"

ထိုစဉ်မှာပင် ကျွန်တော်တို့ ရှေ့သို့ အပူ - အအေးနှင့် မိမိတို့စိတ်တိုင်းကျ စပ်ဟပ်စားသုံးနိုင်သည့် စားသောက်ဖွယ်ရာများကို လာချပေးလာသည်။

သူက အငွေ့တထောင်းထောင်းထနေသော လက်ကိုင်ခွက်တဲသို့ သကြားနှင့်တီးမစ်တို့ကို ထည့်လိုက်သည်။ ပူနေသော လက်ဖက်ရည်ကို တစ်ချက်မှုတ်လိုက်ရင်း၊ ရွှတ်ခနဲ တစ်ငုံငုံသောက်လိုက်သည်။

"ကျွန်တော့်နာမည် မိုးဟိန်းပါ။ ကျွန်တော်ရဲ့အနုပညာအောင်မြင်မှုဟာ မိုးယံသို့တိုင်ဟိန်းရမယ်လို့ တင်စားပြီး မှည့်ခေါ်ထားတာပါ"

မိုးဟိန်းက လူသွားလမ်းနံဘေးက အစွန်ဆုံးထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ လူတစ်စုက ဇာတ်စင်ငယ်လေးပေါ်မှာ ကွန်ပျူတာများ၊ ဖက်ကိရိယာများ၊ စာသင်ပို့ချသည့် သင်ပုန်းအဖြူများကို နေရာတကျချနေကြသည်။ ကျွန်တော်တို့လေးဦးကတော့ လာချပေးသော အစားအစာများကို အလိုက်သင့်စားသုံးရင်း၊ လူတစ်စုလှုပ်ရှားနေသည်ကို ငေးမောကြည့်နေကြမိသည်။

x x x x x



လူ့အဖွဲ့အစည်းသည် မနေမနားနှင့် တရစပ်တိုးတက်လျက်ရှိနေသည်ကို ကျွန်တော်လက်သင့်ခံနေရသည်။ ပညာရပ်ဆိုင်ရာ တိုးတက်ထွန်းကားနေမှုနှင့်အတူ ဖွံ့ဖြိုးမှု နောက်ကျရင်းကျန်ရစ်ခဲ့သော လူသားများကိုလည်း တွေ့နေရသည်။

အိမ်မှာထိုင်ရင်းဈေးဝယ်၊ စာသင်၊ စာရင်းညှိ၊ သူငယ်ချင်းချစ်သူနှင့်လှမ်း၍ ကလူကျီစယ်နေချိန်ဝယ် လုပ်ကိုင်နေရာရမှု ပျောက်၍ မှိန်ပျောက်သွားနေရသူ လူအိုကြီးများ၊ လူရွယ်လူလတ်များကို ကျွန်တော်တွေ့နေရသည်။

ကွန်ပျူတာခေတ်၌ မွေးဖွား၍ ကွန်ပျူတာနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သူများသည် မဟာကွန်ပျူတာခေတ်သို့ ရောက်ရှိလာချိန်တွင် မျက်စိသူငယ်နှင့် ယောင်ချာချာဖြစ်နေသည်ကို အံ့သြဖွယ်မြင်ရပြန်သည်။

ကျွန်တော်တို့သည် ကွန်ပျူတာခေတ်၌ မွေးဖွား၍ ကွန်ပျူတာနှင့် မစိမ်းလှသူများဖြစ်လေသည်။ အရိုးကို အရွက်မဖုံးစေရဟူသော ရည်မှန်းချက်နှင့်အတူ အနုပညာပွဲကြည့်စင်ကို ခေတ်နှင့်လိုက်လျောညီထွေအောင် ပြုပြင်မွမ်းမံနေသူများလည်း ဖြစ်လေသည်။ ရုံဖန်ရံခါ၌ ဇာတ်စင်သည် ကွန်ပျူတာနှင့် ထိန်းချုပ်၍မရနိုင်ဘဲ၊ မိမိုးဖလာနည်းဖြစ်သည့် မီးစင်ကြည့်ကရသည်များ ရှိလာလေသည်။ ထိုသို့သော မီးစင်ကြည့်ကနည်းသည် စူပါခေါ်မဟာကွန်ပျူတာခေတ်သို့ တရွေ့ရွေ့ကူးပြောင်းလာချိန်တွင် ပွဲကြည့်သူများ၏ ဝေဖန်ကဲ့ရဲ့မှုများနှင့်အတူ ဝင်ငွေကျဆုံးမှု၊ အနုပညာအရည်အသွေးကျဆင်းမှုများကို ရင်ဆိုင်လာရလေသည်။

ထိုသို့သော ပြဿနာများနှင့် ကြုံတွေ့လာရချိန်ဝယ် ကျော်လွှားဖြတ်သန်းနိုင်ရန် နည်းလမ်းကို ရှာကြံလာရလေသည်။ ထိုအခါ

ကျွန်တော်တို့ လေးဦးကို မဟာကွန်ပျူတာခေတ်နှင့် ရင်းနှီးစေရန် ဝပ်ရှော့ ခေါ် အလုပ်ရုံ ဆွေးနွေးပွဲရှိရာသို့ ပို့လွှတ်လိုက်လေသည်။ အလုပ်ရုံဆွေးနွေးပွဲအမည်က " သောင်းစုနှစ်၏ အလက်ာညများ ဆီသို့ " ဖြစ်လေသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဦးဆောင်သူများက နိုင်ငံပေါင်းစုံမှ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လှသည့် မဟာကွန်ပျူတာ ပညာရှင်များဖြစ်လေသည်။ သူတို့သည်သူတို့၏ ဆိုင်ရာ ဘာသာရပ်ဖြင့် မဟာကွန်ပျူတာ ခေတ်နှင့်လူသားတို့ ရင်းနှီးကျွမ်းဝင်စေရန် ပို့ချပေးနေသူများဖြစ်လေသည်။

"ကျွန်တော်အခုရတဲ့ အချိန်လေးမှာ ဆရာဇော်တို့ကို အလက်ာတစ်ခေတ်ရဲ့ ပြည်ဖုံးအသစ်ကို လှစ်ဟပြလိုက်ပါမယ်၊ ပြီးရင်ကပွဲရုံထဲမှာ ပွဲကြည့်ကြပါမယ်၊ မနက်ဖြန် မနက် ၉ နာရီမှာ ကျွန်တော်တို့ စည်းဝေးခန်းမှာ ပြန်ဆုံကြတာပေါ့၊ သောင်းစုနှစ်ရဲ့ အလက်ာညတွေဆီကို ကျွန်တော်တို့ ဖြတ်သန်းရအောင် ဆွေးနွေး ညှိနှိုင်းကြတာပေါ့"

မိုးဟိန်းက လက်ဖက်ရည်ခွက်ကို ရှေ့နားရှိခုံငယ်မှာ တင်လိုက်ပြီး၊ ဇာတ်ခုံပေါ်မှာ လူတစ်စုကို ခေါင်းညိတ်၍ အချက်ပြလိုက်လေသည်။ ဇာတ်ရုံငယ်အတွင်းရှိ မီးအားလုံး မှိန်ဖျော့သွားသည်။ ရောင်စုံဆလိုက်ငယ်လေးတစ်ခုက သင်ပုန်းအဖြူရှေ့၌ တွဲလောင်းချထားသော ပိတ်ဖြူအငယ်စလေးတစ်ခုကို လှမ်းထိုးလိုက်သည်။ ပိတ်ကားပေါ်၌ ကွန်ပျူတာအရုပ် ၁၈ ရုပ်က တီးလုံးတိုလေးတစ်ခုနှင့်အတူ ကခုန်နေသည်။ သူတို့၏ ကကြိုးအလိုက် လက်မြှောက်၊ ခြေမြှောက်မှုကို ကွန်ပျူတာက ဒီဂရီနှင့် ဖော်ပြနေသည်။ ကကွက်အလိုက် တန်းကူးတန်းပြောင်းမှုကိုလည်း၊ ဗွီ



သဏ္ဌာန်၊ အင်န်သဏ္ဌာန်၊ ပစောက်သဏ္ဌာန်အလိုက် ကွန်ပျူတာက မျဉ်းဖြောင့်များနှင့် ဖော်ပြနေသည်။ နံပါတ်စဉ် (၁) အရုပ်က တန်းကူးပြောင်းသည့်ကကွက်၌ ညာမှဘယ်သို့ ရောက်ရှိကူးပြောင်းချိန်ကို စက္ကန့်၊ စည်း-ဝါး-ဘိတို့ဖြင့် အသေးစိတ်ဖော်ပြလေသည်။ ပြချိန်မှာ ၃ မိနစ်ဖြစ်ပြီး၊ ယိမ်းအကအပြီးမှာ မီးပြန်လင်းလာလေသည်။ မီးလင်းလာသည်နှင့် ဇာတ်ရုံငယ်လေးအတွင်းသို့ ဖြောင့်စင်းလှပသည့် အမျိုးသမီးငယ်လေး ၂၅ ဦး ဝင်ရောက်လာလေသည်။ မိုးဟိန်းက

"အခုကပြသွားတဲ့ ယိမ်းအကကို ဟောဒီသမီးပျိုလေး ၁၈ ဦးက သင်ကြားခံယူပြီး ပြန်လည်ကပြသွားမှာ ဖြစ်ပါတယ်။ ကဲ. . . ပထမဦးဆုံး သူတို့အထဲက ယိမ်းကမဲ့ ၁၈ ဦးကို ကျွန်တော်တို့ ရွေးကြပါစို့ ခင်ဗျာ"

မိုးဟိန်းစကားအဆုံးမှာ အမျိုးသမီးလေးများက ဇာတ်စင်ထိပ် ဝဲ-ယာကို ဦးတည်၍ ဗွီသဏ္ဌာန်နေရာယူလိုက်ကြလေသည်။ မိုးဟိန်းက

"အားလုံးစုစုပေါင်း ၂၅ ဦးပါ ၇ ဦးက ကျန်ရစ်ခဲ့ပါမယ်၊ အဲ. . . ဇာတ်စင်ပေါ်မှာ တင်ဆက်ရမယ့် အနုပညာရှင်ကို ရွေးချယ်ရမှာလည်း ဖြူစင်သန့်ရှင်းတဲ့ အနုပညာမျက်စိနဲ့ ရွေးချယ်ကြပါခင်ဗျာ"

ကျွန်တော်တို့က တန်းစီထားသော အမျိုးသမီးငယ်လေးများကို စိတ်ထဲမှ စတင်ရွေးချယ်နေမိသည်။ မိုးဟိန်းအသံထွက်လာပြန်သည်။

"သူတို့အားလုံးဟာ အရပ်ငါးပေသုံးလက်မရှိပါတယ်။ ခါး ၂၇ လက်မနဲ့ တင် ၃၀ လက်မရှိပါတယ်။ ခါး-တင်-ရင်နဲ့ အရပ်တို့

ဟာ တစ်ပြေးညီပါ။ ဒါပေမဲ့ အရပ်ငါးပေသုံးလက်မရှိတဲ့ ဟောဒီစကာတင်၊ လက်ရွေးစင် ၂၅ ဦးထဲမှာ သေချာစိစစ်ရင် ခါးအောက်ရှည်ပြီး၊ ခါးအထက်တိုသူနဲ့၊ ခါးအထက်ရှည်ပြီး ခါးအောက်တိုသူတွေ ပါဝင်နေပါတယ်။ ဒီလိုအပေါ်ပိုင်း၊ အောက်ပိုင်းကအစ မညီမျှသူတွေ ပါဝင်လာရင်၊ ယိမ်းကကြိုးကကွက်ဟာ လှပစွာ ဖြစ်တည်လာမှာမဟုတ်ပါဘူး၊ မဟာခေတ်မှာ လူတိုင်းဟာ အလိုရှိရာ ဒီဂရီပေ၊ ဘိတ်တွေကို ကွက်တိလိုက်နိုင်မှ ဖန်တွဲမှုဟာ စူးရောက်မှာပါ"

မိုးဟိန်းက သူ့အိတ်ထဲမှ အနီရောင်ပွိုင့်တာလေးကို ထုတ်ပြီး၊ အမျိုးသမီးလေး ၇ ဦးကို ညွှန်ပြလိုက်လေသည်။

"ကဲ သမီးတို့ ရှေ့ထွက်လိုက်"

အမျိုးသမီးလေး ၇ ဦးက ဇာတ်စင်ရှေ့သို့ ထွက်လိုက်ကြသည်။ သေချာကြည့်မှ သူတို့သည် မိုးဟိန်းပြောသလိုပင်၊ အောက်အထက်မညီမျှနေသူများဖြစ်ကြောင်း၊ ကျွန်တော်တို့ တွေ့လိုက်ရသည်။ ထိုအခါမှ ကျွန်တော်တို့၏ အနုပညာရှင် ယိမ်းအုပ်စုတဲ့ဝယ် လက်ပစ်မရောက်မှု၊ လက်တံ၊ အတိုးအရှည်မညီမျှမှုတို့ဖြစ်ရခြင်းကို ပြန်လည်တွေးဆမိလိုက်သည်။

သူတို့၏ ကပြတင်ဆက်မှုကို ကင်မရာ ၁၀ လုံးဖြင့် [illegible]
ကကွက်၊ ဒီဂရီ အကွာအဝေး၊ [illegible]
[illegible]

"ကဲ. . . အခုကပြသွားတဲ့ ယိမ်းအုပ်စုရဲ့ [illegible]
ဆရာတော်တို့ ရှုမြင်လက်ခံပြီးရင်၊ အဲဒီယိမ်းရဲ့ ဂီတကို ကျွန်တော်တို့ ဘယ်လိုလုပ်ခဲ့လဲဆိုတာ ကြည့်ရအောင်"



အမှတ်စဉ် (၁) မှ (၁၀) ထိ ရေတွက်ရမည့်လမ်းကြောင်းကို၊ မိုးဟိန်းက (၁၀) မှ (၁) ထိ ပြန်လည်ရေတွက်နေတာလားဟု ကျွန်တော် တွေးလိုက်မိသည်။

"ဒါဘော်ဒီသွင်းထားတဲ့အခွေ၊ ဒီအခွေမှာ စောင်း၊ ညှင်း၊ ပတ္တလား၊ နှဲ၊ ပလွေတွေကို လိုင်းတပ်ထားတယ်။ ဒီအခွေမှာ အဆိုသမားရဲ့ သီချင်း၊ ကဲ. . . ကျွန်တော်တို့ ရောမွှေလိုက်ရအောင်"

မိုးဟိန်းက ခေါင်းညိတ်အပြမှာ အသံဆရာက ခွေသုံးခွေကိုယူ၍၊ တစ်ခွေချင်းမှ အသံကို မာစတာခွေကဲ့သို့ ကူးပြောင်းလိုက်သည်။

"အဆိုမှာ ဝါးတစ်ဝါးကျိုးနေတယ်"

ဂီတမှူးပေါင်ချိန်က မိုးဟိန်းကို လှမ်းပြောလိုက်သည်။

"ဟုတ်တယ်၊ ဝါးတစ်ဝါးကျိုးနေတယ်"

မိုးဟိန်းက ထောက်ခံဝင်ပြောလာပြီး

"အသံဆရာရေ ဒုတိယပိုဒ်ရဲ့ အစမှာ အဆိုဆရာက၊ ဒုတိယဝါးကျမှ အဆိုစဝင်နေတယ်"

ဟု အသံဆရာကို လှမ်းပြောလိုက်သည်။

"အဆိုပြန်ထပ်မှာလား"

ကျွန်တော့်အနားမှ ပန်းချီဆရာက ကျွန်တော့်ကို မေးလာသဖြင့် "မသိဘူးလေ" ဟု ခေါင်းကို ခါယမ်းပြလိုက်မိသည်။

တော်ဇီရယ်၊ မာစတာလင်မယ့် အက်ဖက် (Effect) တွေရယ်၊ အဒိုင်ရယ်ရှိရင်ရပါပြီ၊ ကီး-မှန်နေရင် ကွန်ပျူတာက ထိန်းညှိပေးသွားမှာပါ။ လူသက်သာတာပေါ့၊ ကီး-မမှန်ရင်လဲ ရပါတယ်။

မိုးဟိန်းစကားအဆုံးမှာ ဝိုးလုံးကပြန်ထွက်ပေါ်လာသည်။

"အဆိုက ဝါးမှန်သွားပါပြီနော်"

မိုးဟိန်းအမေးကို ဂီတမှူးက ခေါင်းညိတ်ပြလိုက်သည်။ မီးများက မှိန်ပျောက်သွားပြန်သည်။ ဇာတ်ရုံငယ်၏ နောက်ခံပိတ်အဖြူမှာ ဆလိုက်တို့ပေါ်လာပြန်သည်။

နန်းတော်ဆောင်ကြီးများ၊ တော၊ တောင်၊ ရေတံခွန်များ အဆုပ်လိုက်အဆုပ်လိုက်ရှိနေသော တိမ်စိုင်ခဲများ၊ ကွန်ပျူတာဒီဇိုင်းများ ပေါ်လာလေသည်။

"ယိမ်းနဲ့လိုက်လျောညီထွေမယ့် နောက်ခံကားကို ရွေးကြတာပေါ့၊ ယိမ်းကတော့ ရွှေဘုရင်များကို အသုံးတော်ခံခဲ့တဲ့ ဘုန်းတော်ဘွဲ့ယိမ်းလေးပေါ့"

ပန်းချီဆရာက ကျွန်တော့်ကိုလှမ်းကြည့်သည်၊ သင်ပုန်းဖြူ ရှေ့ရှိ ပိတ်ကားငယ်မှာ ဇာတ်စင်ငယ်ပေါ်လာသည်။ အမျိုးသမီးကွန်ပျူတာအရုပ် ၁၈ ရုပ် ကနေသည်။ မီးဆရာက ကွန်ပျူတာပေါ်မှာ အရုပ်ငယ်များကို မီးလိုက်ချိန်နေသည်။

တအောင့်ကြာမှ လူတစ်ဦးက ကျွန်တော်တို့ လေးဦးကို စာအုပ်တစ်အုပ်စီလာပေးသည်။ မိုးဟိန်းက

"ဒီ. . . နန်းတွင်းယိမ်းလေးရဲ့ တင်ဆက်မှု နည်းပညာတွေကို ဖော်ပြထားပါတယ်။ တစ်နည်း အလုပ်လမ်းညွှန်ပေါ့၊ ဒီ-စာအုပ်ကိုကိုင်ထားပြီး လူတစ်ယောက်ဟာ ဒီနန်းတွင်းယိမ်းကို ဖလှယ်တာကူ ဖော်ထုတ်ကပြနိုင်မှာပါ"

မိုးဟိန်းက ခဏနားသည်။ ပြီးမှ-

"ကဲ-ကျွန်တော်တို့ အနုပညာရှင်သမီးပျိုလေးများနဲ့ မီး၊ အသံ၊ အခမ်းအနား၊ ဂီတတို့ ပေါင်းစပ်ထားတဲ့ နန်းတွင်းယိမ်းလေးကို ရှုစားကြည့်ရအောင်"

မိုးဟိန်းစကားအဆုံးမှာ နန်းတွင်းယိမ်းကပြမှုကို ကျွန်တော်တို့ ကြည့်လိုက်ရသည်။ ဆန်းသစ်သောအမြင်ဖြင့် ဖွဲ့စည်းတီထွင်



ထားမှုကြောင့် လှပသည့် ပန်းချီကားတစ်ချပ်ကို ကြည့်ရသလို ခံစားကြရသည်။ ကပြမှုအပြီးမှာတော့ ကျွန်တော်တို့လေးဦး သြဘာလက်ခုပ်ပေးမိလိုက်ကြသည်။

"ကဲ-ဆရာဇော်တို့ ပွဲကြည့်ချိန်လဲနီးနေပြီ၊ ဒီမှာနဲ့ ရပ်နားကြတာပေါ့၊ ကျွန်တော်တို့ မနက်ဖြန်မှာ ပြန်ဆုံကြမယ်၊ ကောင်းသောဗဟုသုတတွေနဲ့ ပြည့်စုံပါစေ"

မိုးဟိန်းက ကျွန်တော်တို့ကို လက်ဆွဲနှုတ်ဆက်သည်။ ပြီးတော့ ဇာတ်ရုံငယ်ပြင်ပသို့ လိုက်ပို့သည်။ ဇာတ်ရုံငယ်ပြင်ပမှာတော့ ကျွန်တော်တို့ကို ခေါ်လာသူက ရပ်စောင့်နေသည်။ကျွန်တော်တို့လေးဦး လာရာလမ်းအတိုင်း ဇာတ်ရုံကြီးထဲသို့ ပြန်လည်ဝင်ရောက်လာကြသည်။ ပွဲကြည့်သူပရိသတ်တို့လည်း ဝင်ရောက်နေပေပြီ။

××× ××× ×××

ညစာ စားသောက်သည့် ဒင်နာအခန်းသည် ကျွန်တော်တို့ တည်းခိုရာဟိုတယ်၏ အပေါ်ဆုံးထပ် လေဟာပြင်မှာရှိသည်။ အထပ်ပေါင်း(၉၉) ထပ်၏ အပေါ်ဆုံး လေဟာနယ်၊ ထောင့်တစ်နေရာမှာ ကျွန်တော်တို့လေးဦး နေရာယူမိကြသည်။ လမင်းနှင့် ကြယ်တို့ကို နီးကပ်စွာထိတွေ့နေရသည်ဟု ကျွန်တော်ခံစားရသည်။ ကောင်းကင်လည်း ပြာရွှန်းလျက်၊ ညသည်လှပလွန်း လှသည်။

ညနေကကြည့်ခဲ့ကြသော ပြဇာတ်ကိုပြန်လည်ခံစားပြောကြားနေရင်းမှ မိုးဟိန်း၏ "ဝပ်ရှော့ဇာတ်ရုံငယ်" ဆီသို့စကား လမ်းကြောင်းက ရောက်ရှိလာသည်။ ဆရာမဒေါ်စန်းနုက-

"မိုးတိမ်ပြောသလို လက်တွေ့လုပ်ဖို့က ငါတို့မှာ အဆင်မပြေနိုင်သေးဘူး၊ ဂိုက်တူ၊ ဆိုက်တူရဖို့အတွက် ငါတို့တစ်တွေ မျိုးဆက်သစ်တစ်ခေတ်ကို မွေးယူမှရမယ်"

ဆရာမကစကားကို ခဏနားသည်။ သူ့အပြောကို အားလုံးက ငံ့လင့်နေကြသည်။ ဆရာမက စကားဆက်သည်။

"လက်ရှိအခြေအနေမှာ အနီးစပ်ဆုံးတူရာ အုပ်စုဖွဲ့ကကြ ရုံပဲရှိတယ်။ မျိုးဆက်သစ်တစ်ခေတ်မှာတော့ ကပြမှုကိုသင်ကြားတဲ့ဆရာဟာ ကွန်ပျူတာပဲ ဖြစ်လာလိမ့်မယ်၊ ငါ့မှာအလုပ်လက်မဲ့ဘဝနဲ့ မြေးထိန်းနေရတော့မှာ"

"ဟုတ်တယ်"

ဆရာမစကားကို ဂီတမှူးက ထောက်ခံသည်။

"နေ့လယ်ကတီးခတ်ထားတာဟာ တီးဝိုင်းတစ်ဝိုင်း၊ ဆိုင်းဝိုင်းတစ်ဝိုင်းနဲ့လိုက်ရှိုးတီးခတ်ထားတာ မဟုတ်ဘူး။ ကွန်ပျူတာထဲကနေ လိုချင်တဲ့တူရိယာရဲ့အသံကို ထုတ်နုတ်ပေါင်းစပ်ထားတာ"

ဂီတမှူးစကားအဆုံးမှာ ကျွန်တော်တို့မှင်တက်မိလိုက်ကြသည်။ ဂီတမှူးက ကောင်းကင်ကိုမော့ကြည့်ရင်း တီးတိုးဆက်ပြောသည်။

"ကွန်ပျူတာထဲက အသံတွေထုတ်နုတ်ပေါင်းစပ်တီးလုံးတစ်ခုအနေနဲ့ထင်ဟပ်ပြီး၊ အဆိုက နောက်ကလိုက်ရတဲ့ဘဝမှာ ကျုပ်တို့ဂီတမှူးတစ်ယောက်ရဲ့ စိတ်ညွှန်ကြားမှု အခန်းကဏ္ဍဆိုတာ ဘယ်မှာရှိလာမှာလဲ၊ ဂီတမှူးဆိုတာ လိုအပ်လာမှာလား သွားပြီ . . . ကျုပ်သင်ကြားခဲ့တဲ့ မဟာဂီတတွေ၊ ဘဝနဲ့ရင်းပြီး မြှုပ်နှံခဲ့ရတဲ့အချိန်တွေ၊ ဒီရာစုနှစ်မှာ အလဟဿဖြစ်ပြီပေါ့"



"ကျွန်တော်လဲ ဘာထူးမှာလဲဗျာ၊ ပန်းချီကျောင်းမှာ သုံးနှစ်သင်ကြားခဲ့တဲ့ပညာတွေ၊ နိုင်ငံခြားဆရာတွေနဲ့ လက်ထပ်သင်ကြားခဲ့တဲ့ ဇာတ်ခုံဆက်တင်ပညာတွေ၊ ဆလိုက်လေးတစ်ခု ဒီဗီဒီတစ်ချပ်အောက်မှာ ပြားပြားမှောက်ရပြီပေါ့"

ဂီတမှူး၏စကားကို ပန်းချီဆရာက ထောက်ခံပြောသွားလေသည်။ ကျွန်တော်ကတော့ နှုတ်ဆိတ်နေမိသည်။ သောင်းစုခေတ်၏ အလက်ာ်ညကို တွေးဆနေမိသည်။ ကွန်ပျူတာထိန်းချုပ်မှုများ၊ အလုပ်လက်မဲ့များ၊ ရိုးရာအစဉ်အလာနှင့် သမားစဉ်တို့ပျောက်ကွယ်မှုများ၊ ပညာရှင်တို့၏မီးစာကုန်ရမည့် ဘဝများကို မှန်းဆမြင်ယောင်နေမိသည်။

အခန်းနံပါတ် ၁၉၅၅ က မစ္စတာဇော်လားခင်ဗျာ"

ဟိုတယ်အမှုထမ်းတစ်ယောက်က ကျွန်တော်တို့အပါးမှာ လာရပ်ရင်း မေးလာသဖြင့်

"ဟုတ်ပါတယ်"

ဟုပြန်ဖြေလိုက်သည်။ သူက

"မြန်မာပြည်က ဖက်စ်တစ်စောင်ဝင်လာလို့ပါ"

သူက စာအိတ်တစ်အိတ်ကို ကျွန်တော့်ကိုလှမ်းပေးလာသည်။ ကျွန်တော်က စာအိတ်ကို ဖွင့်ဖတ်လိုက်သည်။

x x x x x

ကျွန်တော်အိပ်ရာမှ လန့်နိုးလာတော့ လူတစ်ကိုယ်လုံး ချွေးတွေနဲ့ရွှဲနစ်နေသည်။ စွပ်ကျယ်အကျႌကို အသစ်လဲလှယ်ဝတ်ဆင်လိုက်ပြီး၊ ရေခဲသေတ္တာထဲမှ ရေအေးကို တစ်ပုလင်းကုန်သည်အထိ မော့သောက်လိုက်မိသည်။ ရေခဲရေသောက်ရင်းမှ

စောစောက အိပ်ပျော်နေစဉ် မက်ခဲ့သောအိပ်မက်ကို ပြန်တွေးနေမိသည်။ ပြန်တွေးရင်းမှလည်း "ဖက်စ်ထဲမှာ ဘာတွေရေးထားလဲ မသိဘူးနော်" ဟု မိမိဘာသာ အသံထွက်ပြောနေမိသည်။

ထိုညသည် ရှည်လျားပြီး ပူအိုက်လွန်းသော ညတစ်ညအဖြစ် အလက်ာမြောက်စွာ တင်စားမှတ်သားထားလိုက်မိတော့သည်။

## ပလေကာပ်ပုဆိုး

(၁)

ကျွန်မ . . ရှစ်တန်းနှစ်အရောက်မှာ ဝင့်မော်နှင့် စတင်သိကျွမ်းခဲ့လေသည်။

"နွေဦး . . သမီးအတွက်၊ သူငယ်ချင်းတစ်ယောက်တိုးလာပြီ၊ သူ့ကို သမီးနံဘေးမှာနေရာပေးလိုက်ပါ။ နောက်ကျတဲ့စာတွေကို ကူးဖို့၊ သမီးစာအုပ်တွေငှားလိုက်ပါ"

အတန်းပိုင်ဆရာမဒေါ်ကြည်ကြည်မူ၏ စကားအဆုံးမှာ ကျွန်မခေါင်းညိတ်ပြလိုက်မိသည်။ ဆရာမထွက်သွားတော့ ဝင့်မော်က ကျွန်မကိုပြုံးပြလာသည်။

"မင်းနာမည် နွေဦးတဲ့လား၊ နာမည်ကလှတယ်နော်"

ကျွန်မက ပြုံးရင်း -

"နွေဦးရာသီမှာ မွေးတာမို့၊ နွေဦးလို့ပေးထားတာ" ဟု ပြန်ဖြေလိုက်သည်။

"မော့်နာမည်က ဝင့်မော် . . ၊ ဝင့်ထည်မော်ကြွားနိုင်မယ် ဆိုတဲ့ အဓိပ္ပာယ်နဲ့ မေမေကပေးထားတာ"

သူ့စကားအဆုံးမှာ "ဝင့်မော်" ဟု ကျွန်မနှုတ်ကတီးတိုးရွတ်ရင်း သူ့နာမည်ကို အလွတ်ကျက်လိုက်မိသည်။ ရယ်လိုက်ပြုံးလိုက်လျှင် ဘယ် - ညာပါးချိုင့်ခွက်လေးများ ပေါ်လာတတ်

သည်က၊ ဝင့်မော်မျက်နှာ၏ ဆွဲဆောင်မှုတစ်ခုဟု ကျွန်မ တွေးလိုက်မိခဲ့သည်။

ထိုနေ့ကျောင်းဆင်းတော့၊ နောက်ကျနေသော စာများကို ကူးရန် ဝင့်မော်က ကျွန်မအိမ်သို့ကျောင်းစာအုပ်များ လိုက်ယူပါသည်။

"မေမေ . . ဒါ . . နွေဦး သူငယ်ချင်း ဝင့်မော်တဲ့၊ ဒီနေ့မှ နွေဦးတို့ အတန်းကိုရောက်တာ၊ နောက်ကျနေတဲ့စာတွေကို ကူးဖို့ နွေဦးစာအုပ်တွေကို လိုက်ငှားတာမေမေ"

ကျွန်မစကားအဆုံးမှာတော့ "ဟုတ်လား" ဟု မေမေက ပြုံးရင်းအသိအမှတ်ပြုလာသည်။ ပြီးမှမေမေက . .

"သမီးတို့က ဘယ်ကပြောင်းလာကြတာလဲ၊ ကျောင်းအပ်ရက်က တစ်လလောက်နောက်ကျနေပြီနော်" ဟု မေးလေသည်။

"မော်တို့က ရှမ်းပြည်က ပြောင်းလာကြတာပါ။ မော့်ဖေဖေက တိုင်းမင်းကြီးလေ၊ မေမေက ဆွေမျိုးတွေနဲ့နီးနီးနေချင်တယ်ဆိုပြီး၊ ရန်ကုန်ကိုပြောင်းလာကြတာ"

"ဟုတ်လား . . ဒါဆို . . သမီးဖေဖေက ရှမ်းပြည်နယ်မှာ ကျန်ခဲ့တာပေါ့"

"ဟုတ်တယ် - သူ့မိန်းမနှစ်ယောက်နဲ့ကျန်ခဲ့တယ်"

ဝင့်မော်စကားကြောင့် မေမေရော၊ ကျွန်မပါအံ့ဩသွားကြသည်။ ကျွန်မက "ဒါဆို ဝင့်မော်ဖေဖေက၊ မိန်းမတွေအများကြီး ယူထားတာပေါ့"

ကျွန်မစကားကို မေမေက "ကွယ်" ဟု ဟန့်တားလိုက်ပါသည်။ ဝင့်မော်က

"ဟုတ်တယ်၊ ဖေဖေ့မှာ မိန်းမလေးယောက်ရှိတယ်။ မေမေက တတိယမြောက်မိန်းမလေ၊ ပထမနဲ့ဒုတိယမိန်း[illegible]



ဖေ့ဖေ့အနားမှာအမြဲနေတယ်။ စတုတ္ထမိန်းမကတော့ မော်လမြိုင်မှာ၊ အဲဒီမိန်းမတွေက မွေးထားတဲ့ သမီးတို့လို ဖအေတူမအေကွဲ မောင်နှမတွေက တစ်ဆယ့်လေးယောက်ရှိတယ်"

ဝင့်မော်စကားအဆုံးမှာ ကျွန်မသူ့ကို အားနာခြင်း၊ သနားခြင်း ဟူသောအသိဖြင့် မျက်နှာကိုလွှဲလိုက်မိသည်။

"ဖေဖေက ဖြူဖြူချောချော ခန့်ခန့်ကြီးရယ်၊ ပြီးတော့ မိဘဘိုးဘွားတွေ လက်ထက်ကတည်းက ချမ်းသာတာ၊ ရာထူးကလည်း တိုင်းမင်းကြီးဆိုတော့ ဘာပြောကောင်းမလဲ၊ မိန်းမတွေကို ဝိုင်းဝိုင်းလည်နေတာဘဲ"

ဝင့်မော်က အခုမှတွေ့သော အမေနှင့်ကျွန်မကို သူ၏ဘဝ တစ်စိတ်တစ်ဒေသအား ဖွင့်ဟလာပါသည်။

"ဝင့်မော်ဖေဖေကလဲကွာ၊ မိန်းမရှိရက်သားနဲ့ နောက်မိန်းမတွေယူရတယ်လို့"

ကျွန်မစကားကို ဝင့်မော်က နာကြည်းစွာ ပြုံးပါသည်။ ပြီးမှ -

"ဂုဏ်ပကာသနနဲ့ ဥစ္စာဓနတွေဟာ နံပါတ်တစ်ဆိုတဲ့နေရာလောက်ကို သနားကြတာပေါ့"

မေမေက ကျွန်မကို မျက်ရိပ်ပြပါသည်။ စကားဆက်မပြောနဲ့တော့ဟု ကျွန်မနားလည်လိုက်သဖြင့် ဘာစကားမှမဆိုတော့ဘဲ စာအုပ်စင်မှ စာအုပ်များကို ရွေးနေလိုက်မိသည်။

"မိန်းမဆိုတာ၊ ဘဝလုံခြုံဖို့အတွက် မှီခိုရာတော့ ရှာကြမှာပဲ မဟုတ်လား၊ မှားခြင်း - မှန်ခြင်းဆိုတာကတော့ ကံကြမ္မာကို ရိုးမယ်ဖွဲ့ရမှာပဲလေ၊ ယောကျ်ားဆိုတာကလဲ သနားတတ်တဲ့သူမှ မဟုတ်တာ၊ အိုင်တွေ့တိုင်းခြေဆေးမှာပဲ၊ မေ့မေ့ကို ပစ်မထားဘဲ

စောင့်ရှောက်ကျွေးမွေးထားတဲ့လူမျိုးက ရှားသား၊ ဒါကြောင့် မေမေက ပြောတယ်၊ ဖေ့ဖေ့ကို ဘယ်တော့မှ မပြစ်မှားရဘူးတဲ့"

မေမေက မျက်ရည်ဝဲလျက် ဝင့်မော်စကားအဆုံးမှာ ခေါင်းညိတ်ပြပါသည်။

"ကူးရမယ့်စာတွေက များတယ်၊ တချို့ကို နွေဦးကူးပေးထားမယ်လေ"

ကျွန်မက ဝင့်မော်စကားကို ဝင်ဖြတ်ပါသည်။

"ကျေးဇူးပါပဲ . . . . နွေဦးရယ်"

ထိုနေ့မှစပြီး ခင်တွယ်စရာကောင်းလှသော ဝင့်မော်ဆိုသည့် သူငယ်ချင်းတစ်ယောက် ကျွန်မကမ္ဘာထဲသို့ ရောက်ရှိလို့ လာခဲ့ပါသည်။

× × × × ×

(၂)

စာတော်သော ဝင့်မော်နှင့် ပုံမှန်စာကျက်လေ့ရှိသော ကျွန်မတို့နှစ်ဦးစလုံး၊ ဆယ်တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်၍ စီးပွားရေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရခဲ့ကြသည်။

"နွေဦးက အီကို ကို ဘာရည်ရွယ်ချက်နဲ့ တက်တာလဲ"

ဘွဲ့နှင်းသဘင်ရှေ့ အုတ်လှေကားများ၌ထိုင်ရင်း ဝင့်မော်က ကျွန်မကို မေးလာပါသည်။

"စီးပွားရေးပညာရှင်ကြီး ဖြစ်ချင်လို့ပေါ့ကွ၊ နောက်ပြီး စီးပွားရေးဘွဲ့ဆိုတာ ဘယ်ခေတ်၊ ဘယ်စနစ်ရောက်နေပါစေ၊ ထာဝရလိုအပ်နေတဲ့ ပညာရှင်ဘဲလေ"



ကျွန်မစကားကို ဝင့်မော်ခေါင်းညိတ်၍ ထောက်ခံပါသည်။

"ဝင့်မော်ကရော အီကို ကို ဘာဖြစ်လို့တက်တာလဲ"

ကျွန်မအမေးကို ဝင့်မော်က အတန်ကြာစဉ်းစားဟန်ပြုပြီးမှ ဖြည်းညင်းစွာပြောလာသည်။

"မိန်းမဆိုတာ ဘဝကိုစီးပွားရေးတွက်,တွက်သင့်တယ်လေ၊ ဒါမှ အလိမ်မခံရမှာ၊ ဘဝအတွက် အကျိုးရှိမှာ၊ မော်ကတော့ မော့်ဘဝအတွက် အီကို, ကိုတက်ခဲ့တာ။ အမှတ်မီလို့စီးပွားရေးပညာရှင်ဖြစ်ဖို့ နိုင်ငံအကျိုးပြုဖို့ စကားတွေကို မတွေးမိပါဘူး"

ကျွန်မက ဝင့်မော်ကို လူထူးလူဆန်းသဖွယ် ငေးကြည့်နေမိပါသည်။ ဝင့်မော်ကဆက်၍

"လူဆိုတာ ဘာလုပ်လုပ် အဓိပ္ပာယ်ရှိနေရမယ်လေ။ နာမည်မှည့်တာ၊ ပညာသင်တာ၊ လက်ထပ်တာ၊ ကလေးမွေးတာ အို. . . ဘာလုပ်လုပ်အဓိပ္ပာယ်ရှိတဲ့အနာဂတ်သာဖြစ်ရမှာပေါ့၊ မေမေ ဆိုရင် ရိုးရိုးဘီအေဘွဲ့လေးနဲ့၊ နာမည်ကလဲ မငယ်တဲ့လေ။ ဖေဖေ ဆိုရင် ဝိဇ္ဇာဥပဒေဘွဲ့ ဘီစီအက် (စ်) ဆိုတဲ့ မြန်မာနိုင်ငံမြို့ပြ ဝန်ထမ်းဂုဏ်ပုဒ်နဲ့ နာမည်က ဦးပေါက်ပေါက်။ ပေါက်ရောက်လိုက်ပုံများ ဘယ်သူမှတုမမီနိုင်ဘူး၊ မော်က အဲသလိုမျိုးဖြစ်ချင်တာ၊ ဝင့်မော်ဆိုတဲ့နာမည်နဲ့ လိုက်ဖက်ညီချင်တာ"

"ရူးများနေပြီလား ဝင့်မော်ရယ်၊ ဒါဆိုရင် နှလုံးသားတို့၊ ငါးရာနှစ်ဆယ့်ရှစ်တို့၊ ထောင့်ငါးရာတို့ဆိုတာ ဝင့်မော်ဘဝနဲ့ လားလားမှ မဆိုင်တော့ဘူးပေါ့"

ကျွန်မ စကားကြောင့် ဝင့်မော်က ရယ်ပါသည်။ ပြီးမှ

"တိုင်းမင်းကြီးသမီးဆိုပေမယ့် ဖေဖေ့ရဲ့ မာဇဒါဂျစ်ကို မော် မစီးဖူးသေးပါဘူး၊ ဖေဖေ့ရဲ့ အရှိန်အဝါနဲ့ မော့်ကို ဘယ်သူမှ

လာပြီး မယုယသေးပါဘူး၊ ဖေဖေရဲ့ ပေါက်ရောက်မှုတန်ဖိုးကိုလည်း မော် မခံစားရသေးပါဘူး။ ဒါပေမဲ့ ဖေဖေရဲ့သမီး ဝင့်မော်ဟာ မေမေ့သမီး မဖြစ်စေရဘူး၊ အဲဒီအတွက် မော့် ဦးနှောက်ထဲမှာသာ ငါးရာနှစ်ဆယ့်ရှစ်ရှိမယ်၊ ထောင့်ငါးရာရှိမယ်။ မော့်နှလုံးသားထဲမှာ အဲဒါတွေမရှိရအောင် မော်လေ့ကျင့်ထားတယ်"

ကျွန်မက ဝင့်မော်စကားကို ထပ်မံစောဒက မတက်တော့ဘဲ၊ အဓိပတိလမ်းမကြီးကိုသာ ငေးကြည့်နေမိသည်။

"နွေဦး"

ဝင့်မော်ခေါ်သံကြောင့် ကျွန်မသူ့ကို လှည့်ကြည့်လိုက်သည်။ ဝင့်မော်က ဝိဇ္ဇာခန်းမဘက်သို့ မေးထိုးပြရင်း-

"ဟောဟိုက ပလေကပ်လုံချည် ဝတ်ထားတဲ့သူကို ကြည့်စမ်း"

ဝင့်မော်ညွှန်ပြရာသို့ ကျွန်မ လိုက်ကြည့်လိုက်သည်။ လည်ကတုံး အဖြူလက်တို၊ အပြာရောင်ပလေကပ်ပုဆိုး ဝတ်ထားသော ကျောင်းသားတစ်ယောက်နှင့် ထိုသူ၏လက်မောင်းကို တွဲမှီခိုရင်း လျှောက်လာသော မိန်းမပျိုတစ်ဦးတို့ကို တွေ့လိုက်ရသည်။

"အဲဒါ ဘာဖြစ်လဲ"

အဲဒီလူပေါ့၊ တစ်နေ့က မော့်ကိုစိတ်ဝင်စားတယ်လို့ ပြောတယ်"

"သူက"

"အေး"

"သူ့ကိုနွေဦးသိတယ်၊ ဝိဇ္ဇာဥပဒေတန်းက၊ သူ့အဖေက အောင်မြင်နေတဲ့ တရားရုံးချုပ်ရှေ့နေကြီး၊ ရန်ကုန်ရွှေတောင်တန်းလမ်းမှာနေတယ်။ သူ့အမေက စီးပွားရေးကို ဦးဆောင်တယ်၊ တောင်တွင်းကြီးဘက်မှာ ဆီစက်နဲ့ပခုက္ကူမှာ ပွဲရုံတွေရှိတယ်"

"ဟုတ်လား၊ နွေဦးက သိလှချည်လား"

"သိဆို သူက နွေဦးအစ်ကိုဝမ်းကွဲလေ"

ဝင့်မော်က သူ့နှုတ်ခမ်းလေး ဝိုင်းစက်သွားသည်အထိ အံ့သြဟန်ဖြင့် ကျွန်မကို ငေးကြည့်လာပါသည်။

"သူ့မှာ ရည်းစားဆယ်ယောက်ကျော်ရှိတယ်။ အဲ. . . ဝင့်မော်စိတ်ဝင်စားရင်တော့ ဆယ့်နှစ်ယောက်မြောက် ဖြစ်သွားနိုင်တယ်နော်"

ဝင့်မော်က ကျေနပ်စွာ ပြုံးပါသည်။

"နွေဦးကို ကျေးဇူးတင်တယ်ကွာ" ဟု ပြောရင်း ဘွဲ့နှင်းသဘင်ရှေ့အုတ်လှေကားမှ ပြေးဆင်းသွားသည်။ ကျွန်မက ဝင့်မော်နောက်ကျောကိုသာ နားမလည်စွာကြည့်ရင်း ကျန်ခဲ့လေတော့သည်။

× × × × ×

(၃)

တစ်နေ့

အတန်းချိန်ကုန်ဆုံး၍ ဝင့်မော်နှင့်ကျွန်မတို့ တတိယထပ်မှ လှေကားများအတိုင်းဆင်းလာခဲ့ကြသည်။ ကျွန်မက ဝင့်မော်လက်ထဲမှ ပါဆယ်ထုတ်လှမ်းကြည့်ရင်း

"ဒီနေ့ ဝင့်မော်ထူးဆန်းနေသလိုပဲ၊ လက်ထဲက အထုပ်က ဘယ်မင်္ဂလာဆောင်ကို သွားလက်ဖွဲ့မလို့လဲ"

ဝင့်မော်က 'ဟဲ' ခနဲ တစ်ချက်ရယ်ပါသည်။

"အဲဒီ အထုပ်ကိစ္စနဲ့ နွေဦးကို အကူအညီ တောင်းချင်လို့"

"အကူအညီ ဟုတ်လား"

ဝင့်မော်က ခေါင်းညိတ်ပြသည်။

"လာကွာ. . . အင်းလျားစောင်းသွားရအောင်"

ကျွန်မက ဝင့်မော်ခေါ် ရာနောက် လိုက်ပါခဲ့သည်။အင်းလျားကန်စောင်းရှိ ဘူးသီးကြော်ဆိုင်အတွင်းသို့ ဝင်ထိုင်လိုက်ကြပြီး ဘူးသီးကြော်တစ်ပွဲစီ မှာလိုက်သည်။

"ကဲ ဆိုစမ်းပါဦး ဒေါ်ဝင့်မော်၊ ဘာများအရှူးထမလို့လဲ"

ကျွန်မ စကားအဆုံးမှာ ဝင့်မော်က ပြုံးပါသည်။ သူ့အပြုံးမှာ ရှက်ပြုံးများလေလားဟု ဆန်းစစ်နေမိသည်။

"လိုရင်းမပြောဘဲနဲ့ သွယ်ဝိုက်နေဦးမှာလား ဝင့်မော်"

ဝင့်မော်က ဘာမျှမဆိုပါ၊ တစ်ခဏအကြာမှာတော့-

"အီကိုသူဆိုတော့ အီကိုလိုပဲ တွက်ရမှာပေါ့။ အရပ်စကားအရဆိုရင် ထောင်မြင်ရင် ရာစွန့်တဲ့လေ"

သွယ်ဝိုက်၍ စကားနိဒါန်းပျိုးနေသော ဝင့်မော်ကို ကျွန်မစိတ်မရှည်တော့သဖြင့်-

"မော့်ဘဝမှာ ဝင့်ထည်နိုင်ဖို့ မော်ကြွားနိုင်ဖို့ အဓိကပဲလို့ ဝင့်မော်ပြောဦးမှာလား၊ ဘာဖြစ်လို့ ဝင့်ထည်မော်ကြွားချင်ရတာလဲ သူငယ်ချင်းရယ်"

ဝင့်မော်က ပြုံးလေသည်။ ဟိုအဝေး အင်းလျားကန်ထဲ၌ ရှက်လွင့်နေသော လှေတို့ကို ငေးကြည့်ရင်း "အမေ့ကြောင့်" ဟု တီးတိုးဆိုလာလေသည်။

"ဝင့်မော် မေမေ့ကြောင့် ဟုတ်လား"

ဝင့်မော်က ခေါင်းညိတ်ပြသည်။



"မော့်ဘဝမှာ မေမေဟာ လက်ဦးဆရာပဲ၊ တို့အတူ ဘဝရဲ့ သင်ခန်းစာတွေကိုလဲ မော့်မေမေကိုကြည့်ပြီး မော် စဉ်းစားဆုံးဖြတ်တွေးတောခဲ့တယ်"

ကျွန်မက ဝင့်မော်စကားကိုငြိမ်၍ နားထောင်မိသည်။ ဝင့်မော် မေမေသည် ဝင့်မော်ဖေဖေ၏ တတိယမြောက်ဇနီးမယားဟူသည့်အသိက ကျွန်မအတွေးထဲသို့ ပြန်၍ ပြေးဝင်လာကြသည်။

"ဒုတိယအချက်အနေနဲ့ အနာဂတ်မော့်ဘဝမှာ မော်မွေးဖွားလာမယ့် မော့်သမီးလေးတွေအတွက်ပဲ၊ နွေဦးက တွေးရန်ကောလို့ မော့်ကိုဆိုမှာလား၊ မော့်သမီးလေးတွေဟာ မော့်မေမေလို မဖြစ်စေရဘူး၊ အဲဒီအတွက် မေမေဟာ မော့်ရဲ့ဘဝသင်ခန်းစာဆိုရင် မော်ဟာလဲ မော့်သမီးတွေအတွက် ဘဝသင်ခန်းစာ ဖြစ်နေရမယ်"

ကျွန်မက ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်ရင်း

"အခု ဝင့်မော်ပြောနေတာနဲ့ ဒီပါဆယ်ထုပ်နဲ့က ဘာဆိုင်လို့လဲ" ဟု စိတ်မရှည်လာသဖြင့် ဖြတ်မေးလိုက်တော့သည်။

"ဆိုင်တာပေါ့နွေဦးရယ်၊ မော်ပြောချင်တဲ့ တတိယအချက်ဟာ အဲဒီ ပါဆယ်ထုပ်ပဲပေါ့၊ တတိယမြောက် မော့်ဆန္ဒက တစ်နဲ့နှစ်ကို အခြေတည်ပြီး ဖြစ်လာတာပါ။ အဲဒါ မော့်ဘဝ. . မော့်ဆန္ဒလေ"

ဝင့်မော်က ပါဆယ်ထုပ်ကို ကျွန်မကို လှမ်းပေးပါသည်။

"ဘာလဲလို့ နွေဦး သိချင်လား"

ကျွန်မ ခေါင်းယမ်းပြလိုက်သည်။

"ဖွင့်ကြည့်လေ. . နွေဦး"

ကျွန်မက သူ့ကို အကဲခတ်ကြည့်လိုက်ပါသည်။ ပြီးမှ တိတ်သား များကို သေချာစွာခွာ၍ အဝတစ်ဖက်ကို လှစ်ဟလိုက်ပါသည်။ ပါဆယ်ထုပ်အတွင်း၌ကား ရွှေအိုရောင် ပိုးတွဲပုဆိုး အကောင်းစား တစ်ထည်ပင်ဖြစ်သည်။ ကျွန်မက တိတ်သားများကို ပြန်ကပ်ရင်း

"ဘယ်သူ့ကို ပေးမလို့လဲ" ဟု မေးမိသည်။

"ရွှေတောင်တန်းလမ်းမှာနေတဲ့ နွေဦးရဲ့အစ်ကိုဝမ်းကွဲကို"

ကျွန်မက ဝင့်မော်ကို အလန့်တကြားကြည့်လိုက်သည်။

"ဝင့်မော် ပေးတယ်လို့သာ ပြောလိုက်ပါ။ မနက်ဖြန် သူ့မွေးနေ့တဲ့ မော့်ကိုဖိတ်တယ်။ မော် မနက်ဖြန်မအားဘူး လက်ဆောင်ပို့လိုက်မယ်လို့ မော် သူ့ကို ပြောထားတယ်"

ဝင့်မော်က ရေနွေးကြမ်းငှဲ့သောက်လိုက်သည်။ ကျွန်မကသာ မနေနိုင်၍-

"နွေဦးအစ်ကိုက ပလေကပ်ကြိုက်တာ၊ ဝင့်မော်လဲ သိသားနဲ့" ဝင့်မော်က ပြုံးပါသည်။

"မော်သိသားပဲ၊ ပလေကပ်ပုဆိုးနဲ့ စတိုင်မရိုးတဲ့ နွေဦးကိုကိုမှာ ပလေကပ်မင်းသားဆိုတဲ့ ဘွဲ့နာမည်လဲရှိတယ်။ မိန်းမချောတွေရဲ့ နှုတ်ဖျားမှာ ထင်ရှားနေတာလဲ မော် သိသားပဲ"

"ဒါဆို ဝင့်မော်ပုဆိုးကို နွေဦးအစ်ကိုက ဘယ်ကလာဝတ်မှာလဲ၊ မဟုတ်ဘူးလား"

"မဟုတ်ဘူး. . . . နွေဦး"

"ဘယ်လိုလဲ ဝင့်မော်ရယ်၊ နွေဦး နားမရှင်းဘူး"



ဝင့်မော်က ကျွန်မကို သနားစရာ သတ္တဝါနှယ်ကြည့်ရင်း ရယ်ပါသည်။ ပြီးမှ-

"နွေဦးရယ် ပလေကပ်ပုဆိုးဆိုတာ ပါးတယ်၊ လျှော်ဖွပ်ရလွယ်ကူသက်သာတယ်၊ အပူကင်းတယ်၊ ရုံးတို့၊ ကျောင်းတို့ ဟိုနားသည်နားတို့ဆိုရင် ဝတ်ရတာ တင့်တယ်တယ်၊ ဒါပေမဲ့ နွေဦးရယ် မင်းပွဲ၊ စိုးပွဲ အခမ်းအနားပွဲကြီးတွေမှာ ပလေကပ်ပတ်လို့ မသင့်ဘူးလေ၊ ပလေကပ်ပုဆိုးက ပွဲမတိုးတော့ဘူးပေါ့၊ ဒီတော့ ပိုးတို့၊ ရခိုင်တို့ အင်းလေးတို့ဆိုတဲ့ - - သုံး . . လေး . . ငါးသောင်းတန်တွေကို ဝတ်ပြီးသွားကြရတယ်။ သူတို့နဲ့မှ ပွဲတိုးပြီးလူရာဝင်တယ်ပေါ့လေ၊ မော်ရဲ့ပလေကပ်သီအိုရီကို နွေဦးကိုကို လက်ခံရင် သူ့ဘဝမှာ နွေဦးဟာ ပိုးပုဆိုးဘဲဖြစ်ရမှာပေါ့၊ ပလေကပ်တွေ သူဘယ်လောက်ဝတ်ပါစေ၊ တကယ့်ပွဲမှာ မော့်ကို လက်ခံရမှာပေါ့၊ ဒါဆိုရင် . . . မော်ဟာ သူ့ဘဝနဲ့ နံပါတ်တစ်ဆိုတဲ့ နေရာကို အလိုအလျောက်ရသွားပြီပေါ့"

ဝင့်မော်က စကားကို ရှည်လျားစွာပြောရင်း၊ ရေနွေးကြမ်းတစ်ခွက်ကိုငှဲ့သောက်လိုက်သည်။ ကျွန်မ ဝင့်မော်ကို ပြန်လှန်ချေပရန် စကားလုံးရှာမရသဖြင့် တိတ်ဆိတ်စွာနေလိုက်မိတော့သည်။ အနာဂတ်ရှိသောဘဝကို စီးပွားရေးအရ ထာဝရတွက်နေတတ်သော ဝင့်မော်ကို ကျွန်မဘာမျှမပြောလိုတော့ပါ။

အပြန်လမ်းမှာတော့ ကျွန်မတို့နှစ်ဦးနှုတ်ဆိတ်စွာဖြင့် လျှောက်လှမ်းလာခဲ့ကြသည်။ ကျွန်မရင်ထဲမှာ ဘဝင်မကျစွာဖြင့် ထိုနေ့က ဝင့်မော်နှင့်လမ်းခွဲခဲ့ကြသည်။

× × × × ×

(၄)

နောက်ဆုံးနှစ်စာမေးပွဲကို မဖြေဆိုမီမှာပင်၊ ဝင့်မော်
ကိုကိုတို့လက်ထပ်သွားပါသည်။ အင်းလျားကန်ဟိုတယ်၌ခမ်းန
ကြီးကျယ်စွာ မင်္ဂလာဆောင်သွားသော ဝင့်မော်ဘဝကား သူ
မျှော်မှန်းသလိုပင် ဝင့်ထည်မော်ကြွားနိုင်ခဲ့သည်။

သည်လိုနှင့် နောက်ဆုံးနှစ်စာမေးပွဲများ ဖြေဆိုပြီးကြ
ကိုယ်စီလမ်းခွဲခဲ့ကြသည်။ ကျွန်မက လက်မှတ်ရ ပြည်သူ့စာရင်းကို
သင်တန်းကို တက်ခဲ့သည်။ ထို့နောက်မှ အစိုးရဌာနတစ်ခုတွ
ငွေစာရင်းအရာရှိ ရာထူးကို ဖြေဆိုရရှိခဲ့လေသည်။

ရုံးကိစ္စများနှင့် အပြင်သွားလာရင်း၊ ဝင့်မော်၏ ခင်ပွ
ကျွန်မ၏ ဝမ်းကွဲအစ်ကိုနှင့် လမ်းမှာတွေ့ရတတ်သည်။ ကိုကို
ဥပဒေဘွဲ့ရရှိထားသော်လည်း ပြင်ပစီးပွားရေးလောက၌ အောင်မြ
နေသော သူတစ်ဦးဖြစ်နေပေသည်။ ထို့အတူ ကျောင်းသားဘ
လူပျိုဘဝကလိုပင်၊ ကိုကိုသည် မိန်းမချောလေးများနှင့် တွဲတ
သော အကျင့်က ယခုတိုင်ရှိနေပါလေသည်။

"ကိုကိုနော် ဝင့်မော်က ဒေါသကြီးတတ်ပါဘိနဲ့၊ တော်ကြ
သိသွားရင် အိမ်ထောင်ရေးအဆင်မပြေဖြစ်နေပါဦးမယ်"

ကျွန်မက ထိုသို့ပြောတိုင်း၊ ကိုကိုကပြုံးနေတတ်သည
မြန်မာကျပ်ငွေအက်(ဖ်)အီးစီ၊ အမေရိကန်ဒေါ်လာ၊ ဆယ်လူလ
ဖုန်းတို့ဖြင့် ချမ်းသာနေသော၊ ရုပ်ချောသော ကိုကို့အပါးဝယ် မိန်း
ချောလေးများ ဝိုင်းနေကြသည်မှာ၊ ဝိုင်းကြသူတို့၏အပြစ်လာ
အဝိုင်းခံရသူ၏ ကုသိုလ်လားဟု ကျွန်မစဉ်းစားမိသည်။ မျက်



ထဲမှာတော့ ကြီးကျယ်တတ်သော၊ အမျက်ကြီးတတ်သော၊ ဝင့်မော်
ပုံပုံလွှာကိုသာ ပြေး၍ မြင်ယောင်နေမိသည်။ သူမ သိသွားလျှင်
ကာတွေဖြစ်နိုင်မည်နည်း။

တစ်နေ့

ကျွန်မအလုပ်ခွင်ရှိရာသို့ ဝင့်မော်ရောက်လာပါသည်။

"နွေဦးတို့ဌာနက၊ နိုင်ငံခြားသွားခဲ့သူတွေဆီက ဒေါ်လာ
ာဝယ်တာ"

ကျွန်မရှေ့ကုလားထိုင်မှာ ဝင်ထိုင်ရင်း ဝင့်မော်က ပြော
လာသည်။

"ထင်သားပဲ၊ ကိစ္စရှိလို့သာ ဝင့်မော်လာတာပါ၊ အချိန်ပို
နေလို့ နွေဦးဆီမလာနိုင်ပါဘူးလို့၊ ဒါနဲ့. . . ဝင့်မော်. . .
ပ်ချမ်းသာနေပြီလား ဝင့်မော်ဆန္ဒတွေပြည့်ပြီလား"

ဝင့်မော်က ပြုံးလာသည်။ သူမလက်ကိုင်အိတ်ထဲမှ မူကြို
တ်စုံနှင့် ကလေးငယ်ပုံတစ်ပုံကို ထုတ်ပြလာသည်။

"အဲဒါ မော့်သမီး ငါးနှစ်ထဲဝင်ပြီ"

"မိန်းမချောပဲ"

ကျွန်မက မှတ်ချက်ပြုပါသည်။ ထို့အတူ ကိုကိုအပါးမှာ
စ်ခဲ့နေသော မိန်းမချောလေးများကို မျက်စိထဲပြေး၍ မြင်ယောင်
ိုက်မိသည်။ ကိုကိုနှင့် မိန်းမချောလေးများကိစ္စကို ဝင့်မော်မသိ
သေး၍ သာဟု ကျွန်မစဉ်းစားမိပါသည်။

ထို့နေက နှောင်းဖြစ်အတိတ်ပုံရိပ်များကို ကျွန်မနှင့်
င့်မော်တို့ ပြန်လည်တူးဆွရင်း အချိန်ကုန်ခဲ့လေသည်။

× × × × ×

(၇)

အပြည်ပြည်ဆိုင်ရာ စီးပွားရေး အဆောက်အအုံ၌ ကျင်း
သည့် စာတမ်းဖတ်ပွဲတစ်ခုသို့ ကျွန်မစာတမ်းတစ်ခု တင်သွင်းရင်
ရောက်ရှိခဲ့သည်။ "ယဉ်ကျေးမှုနှင့် ဆက်နွှယ်နေသော စီးပွားရေး
အရင်းအမြစ်များ" စာတမ်းကို ကျွန်မဖတ်ကြားခဲ့သည်။ ထိုစာတမ်း
ဖတ်ပွဲသို့ တောင်အာရှ၊ အာဖရိကနှင့် အရှေ့တောင်အာရှနိုင်
များမှ စီးပွားရေးပညာရှင်များ၊ စီးပွားရေးကုန်သည်များ တက်ရောက်
ကြသည်။ ထိုပွဲ၌ ကိုကိုကလည်း မြန်မာကုန်သည်ကြီးတစ်ဦးအနေနှ
"အနာဂတ်လူဦးရေနှင့် ယနေ့တည်ဆောက်နေသော စီးပွားရေ
အခြေခံများ စာတမ်း" ကို ဖတ်ကြားလေသည်။

သုံးရက်မျှ ကျင်းပသော ထိုစာတမ်းဖတ်ပွဲ၏ နောက်ဆုံ
နေ့၌ ကြီးမှူးကျင်းပသည့် ဝန်ကြီးဌာန၊ ဝန်ကြီးက ကျွန်မတို့ကို
ညစာစားပွဲဖြင့် ကရဝိက်နန်းတော်၌ ဂုဏ်ပြုဧည့်ခံပါသည်။

ညစာစားပွဲသို့ ပြည်တွင်း ပြည်ပကုန်သည်များ၊ စီးပွားရေ
ပညာရှင်များ တက်ရောက်ကြသည်။

ညစာစားပွဲတွင် နံ့သာရောင်ပုဆိုး၊ တိုက်ပုံအနက်နှင့်
ကိုကို၊ နံ့သာရောင်ကြိုးကြိုးချိတ်ထဘီ၊ နံ့သာရောင်ခြုံပဝါနှင့်
ဝင့်မော်တို့က၊ လိုက်ဖက်စွာ လှနေသည်ကို တွေ့ရသည်။

ဝင့်မော်က သူ့သမီး ကျောင်းတက်နေပြီဖြစ်ကြောင်း
စာတော်ကြောင်း၊ လက်ရေးလှကြောင်း ကျွန်မကို ဝေဆာစွာ
ပြောလေသည်။

ညစာစားပွဲအပြီးမှာတော့ လမ်းတစ်လျှောက် ကျွန်မစဉ်းစာ
မိသည်က၊ ဝင့်မော်၏ "ပလေကပ်ပုဆိုး" သီအိုရီပင်ဖြစ်ပါသည်



"ပုဆိုးကတော့ပုဆိုးပဲ၊ ဒါပေမဲ့ ပလေကပ်ပုဆိုးကလည်း
လှတာပဲ ဝတ်လို့ကောင်းတာပဲ၊ ပိုးပုဆိုးကလဲ ကောင်းတာပဲ၊ ပုဆိုး
ချင်းတူပေမယ့် ဝတ်ဆင်တဲ့ နေရာချင်းတော့ မတူကြပါလား၊ မိန်းမ
သားဘဝဆိုတာ၊ ပလေကပ်လား၊ ပိုးလား၊ စဉ်းစားစရာပါလား"ဟု
တ်မှတ်မှတီးတိုးရေရွတ်နေမိပါတော့သည်။

× × × × ×

# နှမ်းတစ်ဆုပ်

ကိုချစ်ခင်တို့နေသော အရပ်ကို ရွာလေးတစ်ရွာဟုလည်း မဆိုနိုင်သလို မြို့တစ်မြို့ဟုလည်း မသတ်မှတ်နိုင်ပေ၊ အများက ရွာကြီးဟုသာ ခေါ်ဝေါ်ကြသည်၊ ပိန္နဲကုန်း၊ သရက်ကုန်း၊ ညောင်ပင်ကုန်း၊ ဇီးကုန်းစသည့် ရွာကလေးများနှင့် မန်ကျည်းစု၊ ကုက္ကိုစု၊ ဥသျှစ်စုစသည့် အစုလေးများ ပါဝင်ဖွဲ့စည်းထားသည့် မြိုင်ဟေမာရွာကြီးတွင် အိမ်ခြေစုစုပေါင်း တစ်ထောင့်နှစ်ရာကျော်မျှ ရှိလေသည်။

သူကြီးက ဥသျှစ်စုမှာ နေထိုင်ပြီး၊ ဥသျှစ်စုရွာကလေးမှာလည်း မြိုင်ဟေမာရွာကြီး၏ အလယ်ဗဟိုချက်မတွင် တည်ရှိလေသည်။ အုပ်ချုပ်ရေးပုံစံနှင့် ပြောရလျှင် မြိုင်ဟေမာရွာကြီး၏ မြို့တော်သည် ဥသျှစ်စုပင်ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

ထိုရွာကြီးကို အုပ်ချုပ်ရသည့် သူကြီးသည်၊ အနုပညာဝါသနာပါလွန်းလှသည်၊ ရွာကြီး၌ ကထိန်ပွဲ၊ အလှူပွဲ၊ ဘုန်းကြီးပျံပွဲ၊ ကြည့်ချင်ပွဲများအပြင် အငြိမ့်ဇာတ်၊ ဆိုင်းတို့ကို အမြဲခေါ်ယူငှားရမ်းလေ့ရှိသည်။ ထိုပွဲတိုင်း၌ သူကြီးသည် ရှေ့ဆုံးမှာ ကုလားထိုင်တစ်လုံးနှင့် အစမှအဆုံးတိုင်ပွဲကြိုက်သူအဖြစ် အားပေးလေ့ရှိသည်။

ထိုရွာကြီး၏ သူကြီးသည် သူပိုင်နက်အတွင်းမှ ရွာကလေးများ၊ အစုလေးများမှ၊ ရာအိမ်ခေါင်းများ၏ အကူအညီနှင့် တီးတတ်





မှုတ်တတ်ဆိုတတ်သော သူတို့ကို စုဖွဲ့လေသည်။ သူကိုယ်ပိုင်ငွေဖြင့် ဆိုင်းဝိုင်းကြီးတစ်ဝိုင်းကို တည်ထောင်ခဲ့လေသည်။ ထိုစုဖွဲ့သူများကို တီးမှုတ်စေသည်၊ ကြာတော့ထိုစုဖွဲ့သူများသည် ဝန်ထမ်းသဖွယ်ဖြစ်လာသည်၊ လစဉ်အနုပညာကြေး ချီးမြှင့်သည်၊ တီးမှုတ်သည့် တူရိယာအလိုက် နေရာခွဲခြား မြှောက်စားသည့်၊ ထိုဆိုင်းအဖွဲ့ကို မြိုင်ဟေမာဆိုင်းအဖွဲ့ဟု အမည်ခေါ်သမုတ်ခဲ့သည်။

ကိုချစ်ခင်သည် မြိုင်ဟေမာဆိုင်းအဖွဲ့၌ မောင်းတီးသူဖြစ်လေသည်။ ယခင်က ကိုချစ်ခင်အလုပ်သည်၊ သူတစ်ပါးလယ်၌ အငှားလိုက်သူဖြစ်သည်။ ကြုံရာကျပန်းလုပ်ခဲ့သည်၊ အနုပညာကို ဘုန်းကြီးကျောင်းသားဘဝ မန္တလေး၌ နေထိုင်စဉ်၊ တတ်မြောက်ခဲ့ခြင်းဖြစ်သည်။ မြိုင်ဟေမာဆိုင်းအဖွဲ့သည်၊ အပျော်တမ်းသဖွယ်စုဖွဲ့ခြင်းမှ၊ နောင်တွင် အငှားလိုက်ဘဝဖြင့် တိုးချဲ့အောင်မြင်လာလေသည်။ ရွာနီးချုပ်စပ်ရှိရွာများ၊ မြို့နှင့်အခြားအလှမ်းဝေးကွာသော နေရာဒေသများမှတိုင် လာရောက်ငှားရမ်းကြလေသည်။ အလှူမင်္ဂလာပွဲ၊ ဘုန်းကြီးပျံပွဲ၊ ဘုရားထီးတင်ပွဲများအထိ ဆိုင်းအဖွဲ့၏ အောင်မြင်မှုက လွှမ်းမိုးလာနိုင်ခဲ့လေသည်။

မြိုင်ဟေမာဆိုင်းအဖွဲ့၌ ပတ်တီးလက်ထောက် ကွယ်လွန်တော့ ထိုနေရာကို ကိုချစ်ခင်က မှန်းဆလာလေသည်။ ပုံစံအတိုင်းပြောရလျှင်လည်း ထိုနေရာသည် ကိုချစ်ခင်နှင့်သာ ထိုက်တန်လေသည်။ သို့သော်လည်း ကံကြမ္မာက ကိုချစ်ခင်ကို အလွယ်တကူနေရာမပေးခဲ့ပါချေ။ အုပ်စုံတီးဆရာကိုတင်ငွေကလည်း ပတ်တီးလက်ထောက်နေရာကို မှန်းမျှော်လာလေသည်။

အဆုံးအဖြတ်ပေးနိုင်သူမှာ သူကြီးနှင့် ဇီးကုန်းနှင့် မန်ကျည်းစုမှ ရာအိမ်ခေါင်းတို့ဖြစ်လေသည်။ သူကြီးက အနုပညာ

ကို မတီးတတ်၊ မမှုတ်တတ်၊ မဆိုတတ်ပေမယ့်၊ ပွဲကြည့်သူအနေနှင့် ခံစားနားလည်နိုင်လေသည်။ ပြီးတော့ ဆိုင်းအဖွဲ့ကို စီမံခန့်ခွဲပေးနေသူလည်း ဖြစ်၏။ အများနှင့်စာလျှင် အနုပညာနှင့် နီးစပ်သည်ဟု ပြောနိုင်သည်၊ ထိုကာလများ၌ ကိုချစ်ခင်က ဆိုင်းတီးကျင့်နေသည့် ကိုတင်ငွေကတော့ သူကြီးနှင့်ရာအိမ်ခေါင်းများအိမ်သို့ အဝင်အထွက် ပြုနေသည့် ကိုချစ်ခင်တို့နှစ်ဦးစလုံး သူကြီးနှင့် အဖွဲ့၏ တစ်ဆင့်တိုးနေရာ အင်တာဗျူးနေ့ရက်ကို ငံ့လင့်နေကြသည်။

"အနိစ္စာဝတသင်္ခါရဆိုတာ ဂီတပဲပေါ့ကွ၊ ဂီတမှာ သံဝေဂတရားနဲ့ စပ်ဆိုင်တဲ့ ဓမ္မဂီတနဲ့ အာရုံငါးပါးနဲ့ စပ်ဆိုင်တဲ့ တဏှာဂီတဆိုပြီး၊ ဂီတနှစ်မျိုးလဲ ရှိတယ်။

ကိုတင်ငွေက လူစုပြီဆိုရင် သူသိထားတာတွေနှင့် ကိုချစ်ခင်ကို ဖိလေသည်။

ဟိုးရှေးတုန်းက ဆိုင်းမှာ ငြင်း(ညှင်း)ပါတယ်ကွ၊ ဘာဖြစ်လို့လဲဆိုရင် မင်းတို့သိတဲ့အတိုင်းပဲ၊ လက်ဝဲသုန္ဒရအမတ်ကြီးရဲ့ သရဘင်မျိုးမှာကွာ၊ ဘာတဲ့. . . ဘာတဲ့. . . နှဲနှင့်ပတ်ဆိုင်း၊ ကြေးဝိုင်းတထွေ၊ ပလွေချည်ချောင်းတယောအောင်က၊ မိကျောင်းပတ္တလား၊ စောင်းငြင်းများကို ကြားလတ်သောခါ. . . တဲ့. . . ညှင်းဆိုတာကကွာ။

ကိုတင်ငွေက အဲသလိုရှုတ်ဖတ်လေ အများက အထင်ကြီးလေ၊ ကိုချစ်ခင်ကတော့ လေလုံးတွေကို ကြောက်လို့ပြေးလေနှင့် အတိုချုပ်ပြောရလျှင် ပတ်တီးလက်ထောက်နေရာကို ကိုတင်ငွေ ရရှိသွားပါလေသည်။

"ဖိန်းမရာ. . . ငါ. . . ရှက်တယ်ကွာ၊ ငါသိတယ်. . . တင်ငွေဘာမှမတတ်ဘူးဟ"



ကိုချစ်ခင်က သူ့မိန်းမကို ရင်ဖွင့်လေသည်။

"ဆိုင်းဝိုင်းထဲမှာ ရှင်- လက်ထောက်နေရတာ ညောင်းမှာပေါ့တော်၊ ကျုပ်ကတော့ ရှင်-ဒီနေရာကို မရတာပိုတောင်ဝမ်းသာသေး"

ကိုချစ်ခင်မိန်းမက၊ အနုပညာနဲ့ ဘယ်လောက်ကျွမ်းဝင်သလဲဆိုတာ၊ ထိုအပြောကို ကြည့်ရုံနှင့် သိနိုင်လေသည်။ ကိုချစ်ခင် သူ့မိန်းမကို ဒေါသမထွက်ရက်တော့။

ဆိုင်းဝိုင်းလက်ထောက်အဖြစ်၊ ပတ်ဝိုင်းထဲမှာ ဝင်ထိုင်ပြီး ပတ်စာတပ်နေသော ကိုတင်ငွေကိုကြည့်ပြီး၊ ကိုချစ်ခင်ထိုရွာမှ ထွက်ခွာရန် ဆုံးဖြတ်လိုက်သည်။ နေ့စဉ်သူ့ကိုကြည့်နေသော မျက်လုံးများ၊ ဘာမှမတတ်ဘူးဟု အထင်စွားရောက်မှုများတို့ကို ချစ်ခင်မခံစားနိုင်တော့။

ဒီလိုနှင့် မန္တလေးရှိသူစာသင်ခဲ့သော ဘုန်းတော်ကြီးကျောင်းကို စာနှင့်လှမ်းဆက်သွယ်သည်။ ဦးပဥ္စင်းလေးက ရန်ကုန်မှာ အလုပ်ရအောင် သူစာပေးလိုက်မည်၊ ရန်ကုန်ထိဆင်းနိုင်လျှင် သူထံလာခဲ့ပါဟူသော စာကို ရရှိချိန်မှာတော့ မြိုင်ဟေမာဆိုင်းအဖွဲ့မှ သူနုတ်ထွက်ကြောင်း ကြေညာသည်၊ တစ်ရွာမပြောင်းသူကောင်းမဖြစ်ဟူသောထုံးနှင့် သူကြီးကလည်း ခွင့်ပြုသည်၊ နေရစ်တော့မြိုင်ဟေမာ

× × × × ×

မန်ကျည်းစုကိုလွန်လျှင် မြိုင်ဟေမာနယ်စပ်ကိုလွန်ပြီ၊ ကိုချစ်ခင်ကို လိုက်ပို့သူများက မန်ကျည်းစုမှာ နေရစ်ခဲ့ကြသည်။ ဟုပြ သည်။ နေလာလဲအပူဖြင့်လာပြီ လိုက်ပါနုတ်ဆက်သူများ...ရှ

လည်း မပင်ပန်းစေချင်၍ တော်လောက်ပြီ၊ ဆက်၍လိုက်မပို့ပါနှင့် တော့ဟု ကိုချစ်ခင်ပန်ကြားသည်။

တကယ်တော့ မွေးရပ်မြေကို လူတိုင်း စွန့်ခွာ၍မသွားချင် မှန်း ကိုချစ်ခင် လက်တွေ့ခံစားနားလည်ခဲ့ရပြီ၊ စွန့်စားလိုသော ကြီးမားမြင့်မြတ်လိုသော စိတ်ဆန္ဒနှင့်သာ ရွာကို ခွာခဲ့ရသည်၊ မြိုင်ဟေမာသည် ကိုချစ်ခင် ရင်၌ထာဝရ မြိုင်ဟေမာသာတည်း။

မြိုင်ဟေမာနှင့် မြိုင်သာယာရွာ နှစ်ရွာစပ်ကြား၌ ခရီးသွား တို့ နားခိုနိုင်ရန် ဇရပ်ကြီးတစ်ဆောင်ရှိသည်။ ကိုချစ်ခင်တို့ ထိုဇရပ် ထဲမှာ ခေတ္တဝင်နားလိုက်ကြသည်။

"ချစ်ခင်"

ရင်းနှီးသောအသံ၊ ကျွမ်းဝင်သောအသံဟု ကိုချစ်ခင် နားလည်ခံစားလိုက်ရသည်၊ အသံရှင်ကို လှည့်ကြည့်လိုက်သည်။

"တင်ငွေ"

ကိုချစ်ခင်နှုတ်မှ နာမည်ကို ခေါ်လိုက်မိသည်၊ ကိုတင်ငွေ သည် တည်ငြိမ်နေသည်။

"မင်း တကယ်သွားမယ်ဆိုရင် ငါ. . . ဒီနေရာကို လုပြီး မယူခဲ့ပါဘူးကွာ"

ကိုတင်ငွေက စကားစဆိုသည်။ သူ့အသံသည် တကယ် ကြေကွဲနေသည်၊ ကိုချစ်ခင်ကတော့ နားမလည်သလိုနှင့် သူ့ကို ငေးကြည့်နေသည်။ ကိုတင်ငွေက စကားဆက်ပြန်သည်။

"ပြိုင်တယ်ဆိုတာ အနိုင်ရဖို့ပါပဲ ချစ်ခင်ရာ၊ မင်း. . . အဲသလို ရှိုးနေမယ်ဆိုရင်. . . . ပြိုင်ပွဲတိုင်းမှာ မင်းရှုံးနေမှာပေါ့၊ ဟဲ့. . . မစိန်. . . နင်ကလဲ. . . ချစ်ခင်ကို အားပေးပါဟဲ့"



ကိုချစ်ခင်မိန်းမ မစိန်က ယောင်ယမ်း၍ ခေါင်းကိုညိတ် သည်။ ကိုတင်ငွေက သူ့အိတ်ထဲမှာ စာအိတ် တစ်အိတ်ကို ထုတ်သည်။

"ဘယ်လိုမှ မထင်ပါနဲ့ ချစ်ခင်၊ မင်းနဲ့ငါဟာ ငယ်သူငယ်ချင်း တွေပါ၊ အနုပညာမှာလဲ ညီအစ်ကိုတွေပါပဲ၊ ဒီငွေလေးဟာ မစို့ မပို့ပေမဲ့ မင်းတို့လင်မယားနှစ်ယောက်ကို ထောက်ကူနိုင်မယ်ဆိုရင် တော့ ငါ့စေတနာ မြောက်သွားမှာပါ။

ကိုတင်ငွေက စာအိတ်ကို မစိန်ကို လှမ်းပေးသည်။ မစိန်က လှမ်းယူသည်။

"ကဲ. . . နေမြင့်နေလိမ့်မယ်၊ မင်းတို့လဲ သွားတော့. . . ငါလဲ. . . ရွာပြန်မယ်. . ."

ကိုတင်ငွေက ထရပ်သည်၊ ကိုချစ်ခင်ကလည်း သံယောဇဉ် မျက်ရည်ကို သုတ်လိမ်းရင်း နေရပ်မှ စတင် ထွက်ခွာသည်။

"ဩော်. . . ချစ်ခင်"

ခေါ်သံကြောင့် ချစ်ခင်လှည့်ကြည့်သည်။ ကိုတင်ငွေက

"ငါ. . . ဘာကြောင့်. . . ဒီနေရာကို ရသွားသလဲ. . . မင်း သိလား"

ကိုချစ်ခင်က ခေါင်းယမ်းပြသည်။ ကိုတင်ငွေက သူ့ခါးပုံစ ကို ဖြုတ်သည်၊ စက္ကူထုပ်လေးကို ထုတ်ယူလိုက်သည်၊ စက္ကူထုပ် ထဲမှ မွှေးပျံ့သောရနံ့နှင့် ကောက်ညှင်းပေါင်း၊ မုန့်စိမ်းပေါင်းတို့၌ ဖြူး၍စားသော နှမ်းထောင်းကို ကိုချစ်ခင် တွေ့လိုက်ရသည်။

ကိုတင်ငွေက နှမ်းထောင်းကို မြေ၌ ဖြူးလိုက်သည်။ နှမ်း ထောင်းနံ့သည် မွှေးပျံ့နေသည်။

"အဲဒါကြောင့်ပဲ"

ကိုတင်ငွေက ထိုစကားဆိုရင်း၊ ဇရပ်ထဲမှ စတင်၍ ထွက်ခွာသည်။ ကိုချစ်ခင်ကတော့ ကိုတင်ငွေကိုကြည့်ရင်း နားမလည်သလို ဖြစ်နေသည်၊ မစိန်က သူ့လက်ကိုဆွဲလာမှ သတိပြန်ရလာသည်။ မြိုင်ဟေမာကို ကျောခိုင်းသည့်ခြေလှမ်းသည် ယခုမှ စတင်ချေပြီ။

× × × × ×

မန္တလေးမှ ဦးပဥ္စင်းလေး၏ အဆက်အသွယ်နှင့် ကိုချစ်ခင် တစ်ယောက် ရန်ကုန်အနောက်ပိုင်းကို ရောက်လာသည်။ ပထမ တော့ ဇာတ်ဆိုင်းထဲမှာ မောင်းတီးရသည်၊ ဇာတ်အဖွဲ့အမည်မှာ "အလင်္ကာရွှေပြည်" ဖြစ်သည်၊ တစ်နေ့မှာတော့ ကိုချစ်ခင်က သူ ရေးထားသည့် မဟာသုတသောမဇာတ်ကြီး၏ ဇာတ်စာ၊ ဇာတ် စကားတို့ကို ဇာတ်မန်နေဂျာအား ပြလိုက်သည်။ အသုံးတည့်လျှင် သုံးပေးပါ၊ ဉာဏ်ပူဇော်ခ သင့်တင့်ရလျှင် တော်ပါပြီဟု ဆိုခဲ့သည်။

မဟာသုတသောမဇာတ်သည် မင်းသား အောင်အောင် ကြောင့်လား ပေါရိသာဒအဖြစ် သရုပ်ဆောင်သည့် ဇော်နိုင်ကြောင့် လား မသိ၊ နောက်ပိုင်း၌ အောင်မြင်သော ဇာတ်ထုပ်တစ်ထုပ် ဖြစ်လာသည်။

"ကျွန်တော် ဒီလိုစဉ်းစားထားတယ် ကိုချစ်ခင်၊ ဆိုင်းအဖွဲ့ ထဲမှာ ခင်ဗျား မောင်းတီးနေရာကို ကျွန်တော် လူထပ်ဖြည့်မယ်၊ ခင်ဗျားကတော့ ဇာတ်စာရေးဆရာအဖြစ်နဲ့နေဗျာ၊ ခင်ဗျားစာတွေ ပေါ်တော့၊ ဇာတ်ကြီးတွေရေးတော့. . . ဟုတ်လား၊ ကျွန်တော် ဇာတ်စင်ဒါရိုက်တာကိုလည်း ပြောပြီးပြီ၊ ဒါရိုက်တာ ကိုနီကလည်း ခင်ဗျားကို သဘောကျနေတာပါ။



မန်နေဂျာ၏ ချီးမြှင့်မှုနှင့်အတူ၊ ကိုချစ်ခင် ဇာတ်စာရေး ဆရာ ဖြစ်လာသည်၊ ကိုနီ၏ အုပ်ချုပ်မှုအောက်မှာနေပြီး ဇာတ်လမ်းအကျဉ်းတင်ပြ၊ ကိုနီက သဘောတူလျှင် အကျယ်ရေး၊ ထိုမှ ဇာတ်တိုက်လေ့ကျင့်သည့်အလုပ်ကိုလုပ်၊ ထိုမျှသာ ဖြစ်သည်၊ ဉာဏ်ပူဇော်ခ အနုပညာကြေးမှာလည်း မောင်းတီးဆရာဘဝက ထက် မြင့်မားလာသည်။

တကယ်တော့ ကိုချစ်ခင်သည် အတွေ့အကြုံအရ စာရေး တတ်လာခြင်းသာဖြစ်သည်၊ သီအိုရီပိုင်းကို သူ လုံးဝနားလည်ခဲ့သူ မဟုတ်၊ ဒီတော့ သီအိုရီစကားလုံးများနှင့် ကိုင်ပေါက်ပြောလာ သော ကိုနီလက်အောက်မှာ သူ လုပ်ရကိုင်ရ ခက်လာတော့သည်။

"ကိုချစ်ခင် ဘာတွေရေးနေလဲ"

တစ်နေ့ မန်နေဂျာက ကိုချစ်ခင်အနားရောက်လာပြီး မေးလာသည်၊ မလှမ်းမကမ်းမှာတော့ ကိုနီက စာထိုင်ဖတ်နေသည်။

"တေလပတ္တဇာတ်ကြီး ရေးနေတာပါ"

မန်နေဂျာက အနားဝင်ထိုင်လိုက်သည်၊ ပြီးတော့ လက်ရေးစာမူကို ယူဖတ်သည်။

"အာရုံငါးပါးနဲ့ ဖြားယောင်းခြင်းခံရတာကို လွတ်အောင် ရှောင်ရှားနိုင်တာပဲကောင်းတယ်ဗျာ. . . ဟင်. . . ဘယ်လိုနေလဲ ကိုနီ. . ."

မန်နေဂျာက သူ့ဘာသာသူပြောရင်း စာဖတ်နေသော ကိုနီကို လှမ်း၍မေးလိုက်သည်၊ ကိုနီက ဖတ်လက်စစာအုပ်ကို ပိတ်လိုက်ပြီး၊

"ကျွန်တော်ဇာတ်လမ်းအကျဉ်းကို သဘောကျလို့ အခု ဇာတ်စာ၊ ဇာတ်စကားတွေကို ကိုချစ်ခင်ရေးနေတာပါ၊ မန်နေဂျာကြီး ဇာတ်လမ်းတစ်ပုဒ်တည်ဆောက်ရာမှာ လိုအပ်တဲ့အခင်း၊ အခက်

အဖြေစတာတွေကိုလဲ ကျွန်တော်ထည့်ပေးထားပါတယ်၊ တခ
နေရာမှာ အာလုပ်ချီတွေများနေလို့ ကျွန်တော် တည်းဖြတ်မှာ
တစ်ခန်းနဲ့တစ်ခန်း ဆက်စပ်နေတဲ့ဆိုင်းဆင့်တွေ ပတ်တိုက
ပတ်ညွှန်းတွေကိုလဲထည့်ဖို့ ကျွန်တော် မှာထားပါတယ်"

ကိုဦးစကားအဆုံးမှာ မန်နေဂျာက-

"ကောင်းတယ်. . . ကောင်းတယ်. . . ကိုနီက ဇာတ်ရေ
ဝနေပြီဆိုတော့ သူပြောတာတွေက အကျိုးရှိတယ်၊ ကိုချစ်ခင်က
ကိုနီစကားကို နားထောင်၊ ကြိုးပွားတိုးတက်ချင်ရင် သဘာရှိ
လူဆီက ပညာဆိုတာကို ယူရမှာပဲ. . ."

မန်နေဂျာက ထိုင်ရာမှထသည်။

"တဲ. . . ဆက်ရေးပေတော့ ကိုချစ်ခင်၊ ကိုနီက ကျွန်တေ
နဲ့ ခဏလိုက်ခဲ့ဗျာ၊ တိုင်ပင်စရာလေးတွေရှိလို့"

မန်နေဂျာနှင့်ကိုနီက အပါးမှထ၍ ထွက်သွားကြလေသည
ကိုချစ်ခင်ကတော့ ကိုနီ၏စကားများကို အံ့သြစွာနှင့် တွေးဆ
လေသည်။

"သူ. . . ငါ့ကို ဘယ်တုန်းကပြောလို့လဲ. . . အခင်း
အခက်- အဖြေဆိုတာ ဘယ်လိုဟာလဲ. . . အလုပ်ချီဆိုတ
ဘယ်ဟာကိုပြောတာလဲ. . . ဆိုင်းဆင့်- ပတ်တိုက်- ပတ်ညွှ
ဆိုတာ ဘယ်လိုစကားတွေလဲ"

တွေဝေငေးမော၊ ခေါင်းကုတ်ရင်းကျန်ခဲ့သော ကိုချစ်
အနားသို့ ဆိုင်းဆရာ ကိုတင်စိုးရောက်လာပြီး-

"ဟား. . . ဘယ်နဲ့လဲ. . . ကိုချစ်ခင်. . . မင်း ခံလိုက်
မဟုတ်လား"

ကိုတင်စိုးမေးလာမှ ကိုချစ်ခင် ပို၍နားရှုပ်သွားရသည



"ကျွန်တော်. . . ဘာ ခံလိုက်ရလို့လဲ" ဟု ပြန်မေးလိုက်
သည်။

"မင်း. . . . ကိုနီ. . . နှမ်းဖြူးတာကို ခံလိုက်ရတာလေ"

"နှမ်းဖြူးတာ" ကိုချစ်ခင်က ရေရွတ်လိုက်သည်။

"မင်းကသာ မသိတာ၊ မင်းနောက်မှာ ကိုနီ ပြောနေလေရဲ့
ဘာတဲ့. . . မင်းက သိပ်မကျွမ်းကျင်လို့ တချို့ဆို. . . သူ ကိုယ်တိုင်
ဝင်ရေးနေရတာတဲ့. . ."

ကိုနီမျက်နှာကို ကိုချစ်ခင် မြင်ယောင်လိုက်မိသည်၊ သူ
ဒီလိုလူစားမျိုးလား ဟုလည်း တွေးလိုက်မိသည်။

"မင်းက လက်တီးလည်းတတ်တယ်၊ ဘုန်းကြီးကျောင်းထွက်
အကြီးတန်းအထိလည်း အောင်ပြီးပြီဆိုတော့ ပါဠိစာပေနဲ့လည်း
ကျွမ်းဝင်တယ်၊ မင်းဘာလိုလဲ. . . . အဲ. . . လောင်းရိပ်မိနေတာ
တော့ ဆိုးတယ်. . . မင်း ကြိုးစားကွာ. . . ငါလဲ အခြား ဇာတ်အဖွဲ့
တွေနဲ့ ဆက်ပေးမယ်. . ."

ကိုတင်စိုးက ကိုချစ်ခင် ပခုံးကိုပုတ်ရင်း အပါးမှခွာသည်၊
သူရေးနေသောဇာတ်မှ တေလပတ္တမင်းသားသည် အာရုံငါးပါး၏
ဖြားယောင်းခြင်းမှ လွတ်ကင်း၍ နောက်ဆုံး မင်းဖြစ်ရသည်၊ သူ
သည်လည်း ထိုထိုသောလောင်းရိပ်များအောက်မှ လွတ်ကင်း၍
အောင်မြင်သူဖြစ်လာရမည်ဟု ကြိုးဝါးလိုက်မိသည်။

ထိုနေ့က ရုတ်တရက်ပင် မြိုင်ဟေမာရွာကြီးမှ ကိုတင်ငွေကို
ကိုချစ်ခင်တစ်ယောက် ပြေး၍ မြင်ယောင်လိုက်မိခဲ့သည်။

× × × × ×

ကိုတင်စိုး၏ဆက်သွယ်ပေးမှုကြောင့် နောက်တစ်နှစ်
ကျော်အကြာမှာတော့ ကိုချစ်ခင်တစ်ယောက် "အလင်္ကာရှေ့ပြည်"

မှ "ပန်းတိုင်" အဖွဲ့သို့ ကူးပြောင်းရောက်ရှိခဲ့သည်။ "ပန်းတို
ရောက်တော့ ဇာတ်ညွှန်းရေးဆရာ ဇာတ်စင်ဒါရိုက်တာဘဝ
ဇာတ်စီးနေရာကို ကိုချစ်ခင် ရရှိခဲ့သည်။

ကိုချစ်ခင် ကံကောင်းသည်၊ "ပန်းတိုင်" မှာ မူလကတည
က ဇာတ်စာဇာတ်ချင်း၊ ဇာတ်သီချင်းရေးနေသော "အောင်သ
စိန်" က ရှိနှင့်ပြီ၊ ဇာတ်စင်ဒါရိုက်တာကို ဝါသနာပါသော "ထွ
တောက်" က ရှိနှင့်ပြီ၊ ကိုချစ်ခင်တစ်ယောက် ပွဲကိုင်ရုံသာ ရှိသည
လိုရာဆန္ဒကို နှုတ်ဟရုံနှင့် "ပန်းတိုင်" က အသင့် စီးမျောနေသည

ယခုအချိန်မှာတော့ ကိုချင်ခင်နှုတ်က-

"ပဋ္ဋင်းငါးမည်၊ ပတ်စည်စောင်းငြင်း သီးချင်းစည်းဆု
လက်ခုပ်လင်းကွင်း" ဟူသော ရှေးဟသ်ာဖို့ကို ရွတ်ဆိုနေတတ်
ထို့ပြင်-

"ရှုဖွယ်သဘင် နတ်ရပ်ခွင်သို့ လုလင်သမီး မှုတ်တီးစော
ငြင်း၊ သီချင်းအဲအန် ပန်းမွန်ကွမ်းစည်" ဟူသော မနော်ဟရိ
ကိုလည်း ရွတ်ဆိုတတ်ပြီ၊

"မတြာဆိုတာ လျှပ်တစ်ပြက်၊ လက်ဖျစ်တစ်တီးအချိ
ကလေးကိုဆိုလိုတာ ဗျူဟာပေါက်တယ်ဆိုတာ ဂီတသံကိုရော
တာ၊ ဟူသော စကားကိုလည်း အများရှေ့မှာ ပြောနေပေပြီ။

ထိုသို့သောကဗျာတွေရွတ်တိုင်း၊ ဤမည်သော သီဒို
တွေကိုရွတ်တိုင်း ကိုချစ်ခင်နံဘေးမှာ အထင်တကြီး ဝိုင်းအုံနေသေ
ပန်းတိုင်အဖွဲ့သားတွေကို တွေ့နေရတတ်သည်။

ပန်းတိုင်အဖွဲ့ဇာတ်နားချိန်မှာတော့ ဇာတ်ပိုင်ရှင်ကို ခွင့်ပ
၍ ကိုချစ်ခင်တစ်ယောက် မွေးရပ်မြေ မြိုင်ဟေမာရွာကြီးဆီသ
အလွမ်းပြေပြန်ခဲ့သည်။



မန္တလေးရောက်တော့ မန္တလေးဘူတာကြီးမှာ ကိုနီကို တွေ့ရသည်၊ လောကဝတ်တွေစကားဆိုရင်း ခရီးဆက်ခဲ့သည့် မြိုင်ဟေမာရွာကြီးသို့ အဝင်မှာတော့ ကိုတင်ငွေ၏အုတ်ဂူကိုသာ တွေ့ခဲ့ရသည်။ မြိုင်ဟေမာသည် မပြောင်းလဲ ရှေးယခင်ကနှယ် အေးချမ်းလျက်ရှိသည်၊ ကိုတင်ငွေ၏ အုတ်ဂူကိုကြည့်ရင်းမှ ပြောင်းလဲမှုသည် မိမိသာဖြစ်ကြောင်း ကိုချစ်ခင် ဆန်းစစ်မိလိုက်သည်။

လူတို့သည် ပြောင်းလဲတတ်သည်ဟူသော သဘောတရားကို ကိုချစ်ခင် လက်ခံရမလို ရှိသည်၊ မြိုင်ဟေမာကအထွက်မှာ နှမ်းမဖြူးတတ်သော ကိုချစ်ခင်သည် မြိုင်ဟေမာသို့ ပြန်အဝင်မှာတော့ နှမ်းဖြူးတတ်နေပေပြီ။

နှမ်းတစ်ဆုပ်နှင့် လူလုပ်နေသော သူတို့ကိုလည်း မြိုင်ဟေမာရွာကြီးက မြင်နိုင်မည်မထင်ပါချေ။

# တရားရှိသူများ

## (၁)

"နင်တို့ကလည်း အဲသလို မခေါ်ပါနဲ့ဟာ"

ကြည်ပြာ၏စကားအဆုံးမှာတော့ "နာတတ်လိုက်တာ" ဟု အေးကိုက ဆိုပါသည်။

"ကြည်ပြာက နာတတ်တာမဟုတ်ဘူး၊ နင်တို့က မတရားတာ" ဟု ဟေမာန်က စောဒကတက်လေသည်၊ ဘသန်းက ပြုံးနေရင်းမှ "နို့- တင်ထူးကရော၊ စကားပြောရင်၊ ရိုးရိုးပြောလို့မရဘူးလား၊ ဥပမာ-ဥပမေယျတွေနဲ့၊ ကိုးကားလိုက်ရတဲ့ ဓမ္မပဒ ဇာတ်တော်တွေကလဲ၊ ငါတို့. . . နားကိုညည်းရော"

ဘသန်းစကားအဆုံးမှာတော့ အားလုံးက တိတ်ဆိတ်သွားကြလေသည်၊ တိတ်ဆိတ်ရခြင်းကလည်း သူတို့အနားသို့ တင်ထူးရောက်လာ၍ဖြစ်သည်။

"ငါလာမှ . . . ဘာလို့နှုတ်ဆိတ်သွားတာလဲ"

တင်ထူးက အားလုံးကို ဝေ့ဝဲလျက်ပြောလာသဖြင့် အေးကိုက "နှုတ်မဆိတ်ပါဘူးဗျာ၊ အခုလေးတင် မင်းအကြောင်းပြောနေကြတာ" ဟု ပြန်ပြောလိုက်သည်။

"ငါ့ရဲ့အကြောင်း . . . ဟုတ်လား"

တင်ထူးက အံ့သြစွာရေရွတ်ပါသည်။





"ဟုတ်တယ် . . . နင့်ကို . . . နောက်ကွယ်မှာ သူတို့က နာမည်ပေးနေကြတာ၊ အဲဒါကြောင့် . . . ငါနဲ့ရန်ဖြစ်နေကြတာ၊ အခု . . . နင်လာလို့ သူတို့တိတ်သွားတာ"

ကြည်ပြာ့အသံက ဒေါသသံပါနေသဖြင့် ဘသန်း၊ အေးကိုနှင့် ဟေမာန်တို့က ရီလိုက်ကြပါသည်။

"ဘာတဲ့လဲ" တင်ထူးက ကြည်ပြာကို မေးလေသည်။

"နင့်ကိုဓမ္မပဒ. . . ကိုယ်တော်တဲ့လေ"

ကြည်ပြာ စကားအဆုံးမှာ "ဓမ္မပဒကိုယ်တော်" ဟု တင်ထူးကနှုတ်မှတီးတိုးရေရွတ်လေသည်. . . ပြီးမှ၊

"မင်းတို့ တော်တော်ဆိုးတယ်ကွာ၊ ကိုယ့်သူငယ်ချင်းကို ဒီလိုပဲ နာမည်ဖျက်ရလား"

တင်ထူးက တည်တံ့စွာဆိုပါသည်။ အေးကိုက

"ငါတို့က နာမည်ဖျက်တာမဟုတ်ဘူး။ နာမည်တပ်တာ၊ နှစ်ထပ်ရှိမှ မှတ်မိအောင် မင်းကို နာမည်တပ်တာ"

အေးကို၏စကားအဆုံးမှာ အေးကိုနှင့်ဘသန်းက ကျေနပ်စွာ ရယ်မောလိုက်ကြပါသည်။

"အရူးတွေ"

ကြည်ပြာ၏ ဒေါသတကြီး ပြောသံကြောင့် အနားမှ ဖြတ်သွားသော ကျောင်းသူတစ်စုက လှည့်ကြည့်လာပါသည်။ ပြီးတော့

"တို့ကိုပြောတာမဟုတ်ပါဘူး။ သူတို့တစ်တွေ ရူးနေကြောင်း ကမ္ဘာသိအောင်ပြောပြနေတာပါ" ဟု မှတ်ချက်ပြုသွားပါသည်။

"စာတွေပိပြီး ပေါက်သွားတာထင်တယ်" ဟု ကျောင်းသား တစ်ဦးက ဆိုပါသည်။

“တော်ပြီဟာ အတန်းတက်မယ်” ဟေမာန်က စကားနည်းရန်စဲလို၍ စတင်၍လှုခဲ့လိုက်ပါသည်။ ဘသန်းနှင့်အေးကိုက အလိုက်သင့်ထလိုက်ကြသည်။ တင်ထူးက မျက်မှောင်ကုပ်လျက် ကြည်ပြာက ဆူဆောင့်လျက်လိုက်ပါလာသည်။

“ဒီအချိန် မြန်မာစကားပြောထင်တယ်”

အေးကိုက ကြည်ပြာကိုမေးလိုက်သည် “သိဘူး” ဟု ကြည်ပြာကဆိုရင်း တောင်ငူဆောင်အတွင်းဝင်သွားသည်။ အေးကိုက တင်ထူးကို “ဓမ္မပဒကိုယ်တော်ရှောသိလား” ဟု ပြောအပြီးမှာ အဆောင်တွင်းသို့ ပြေးဝင်သွားတော့သည်။

“အရှုး” ဟု တင်ထူး၏ အသံဝါကြီးနှင့် အော်သံကို ဘသန်းနှင့် ဟေမာန်က ရယ်မောမိလိုက်ကြတော့၏။

× × × × ×

(၂)

“ဟိုးဝေးဝေးမှာမြင်နေရသော ရွက်လှေတို့ကို ကြည်ပြာက ငေးကြည့်နေမိသည်။ တစ်ခါတစ်ရံတိုက်ခိုက်လာသော လေနုအေးကြောင့် အင်းလျားကန်အတွင်း၌ လှိုင်းကြက်ခွပ်တို့ဖြစ်ပေါ်နေလေသည်။ ရွက်လှေငယ်တို့ကတော့ ရွက်လွှင့်နေကြဆဲပင်”

“စားလေ . . . . တင်ထူး”

ဟေမာန်က စာတစ်အုပ်ကိုသဲမဲစွာဖတ်နေသော တင်ထူးရှေ့သို့ ဘူးသီးကြော်ပန်းကန်ကို တွန်းပို့လိုက်သည်။ တင်ထူးက ကောက်ယူဝါးစားလိုက်ရင်း စာအုပ်ကို ဆက်ဖတ်နေလေသည်။



“မင်း စာအုပ်က ဘာမို့လို့လဲ၊ သဲကြီးမဲကြီးဖတ်နေရတာလဲ” ဟု ဘသန်းက လှမ်းမေးသဖြင့် တင်ထူးက စာအုပ်အဖုံးကိုပြလိုက်ပါသည်။

“ဒဂုန်ခင်ခင်လေး ကျွန်းဦးတည့်သန်လျက်ခုံ”

အေးကိုက အသံထွက်အောင် ရေရွတ်လိုက်ပါသည်။

“ကောင်းလား . . . ဘာအကြောင်းရေးထားတာလဲ”

ဘသန်းကအမေးမှာ တင်ထူးက စာအုပ်ကိုပြန်ပိတ်လျက် သူ့လွယ်အိတ်ထဲ ပြန်ထည့်လိုက်ပါသည်။ ပြီးမှ ဘသန်းကို -

“မင်း ငရုတ်သီးစားဖူးလား”

ရုတ်တရက် တင်ထူး၏အမေးကို ဘသန်းက ခေါင်းညိတ်ပြလိုက်သည်။

“အရသာက မစပ်ဘူးလား”

“စပ်တယ်”

တင်ထူးနှင့်ဘသန်းစကားကို ဟေမာန်၊ ကြည်ပြာနှင့်အေးကိုတို့က စိတ်ဝင်စားလာကြသည်။ တင်ထူးက

“စပ်တယ်ဆိုတာ၊ ဘယ်လိုအရသာလဲ . . . မင်းရှင်းပြပါလား” ဟု မေးလိုက်သည်။ ဘသန်းက ခဏမျှတွေဝေသွားပြီး

“စပ်တယ်ဆိုတာ . . . စပ်လို့ပေါ့ကွာ” ဟု ဖြည်းညင်းစွာ ပြန်ဖြေပါသည်။ တင်ထူးက

“စပ်တယ်ဆိုတဲ့အရသာကို မင်းမရှင်းပြနိုင်ဘူးမဟုတ်လား၊ အေး . . . စပ်တယ်ဆိုတဲ့အရသာကိုသိအောင် ငရုတ်သီးကို စားကြည့်ရမယ်။ စားဖူးရမယ်။ ဒါမှသိနိုင်မယ် . . . တစ်ဆင့်ခံစကားနဲ့ စပ်တယ်ဆိုတဲ့ အရသာကို ခံစား . . . နားလည်နိုင်မှာ မဟုတ်ဘူးနော်”

တင်ထူးက စကားကို ခဏ. . . နားလိုက်သည်။ အားလုံးက တင်ထူးစကားကို ငြိမ်သက်စွာ နားထောင်နေကြသည်။

"အဲသလိုပါပဲ . . . စာပေ . . . ရတု . . . ကဗျာ . . . သုတ္တန်ဆိုတာတွေဟာ . . . ကောင်းလား . . . မကောင်းဘူးလားလို့ . . . အလွယ်မေးနေမယ့်အစား ငရုတ်သီးစားသလို . . . စားကြည့် . . . အဲ . . . ဖတ်ကြည့်ကြရင်ပေါ့"

ဘသန်းက. . . ခေါင်းညိတ်သည်. . . တင်ထူးက. . . စောစောက သူ့လွယ်အိတ်ထဲထည့်လိုက်သော စာအုပ်ကို ပြန်ထုတ်လိုက်သည်၊ ဘသန်းကိုလှမ်းပေးသည်။

"ဖတ်ကြည့်"

ဘသန်းက လှမ်းယူသည်။

"စပ်မှာတော်" ကြည်ပြာက ဆိုသည်။

"စပ်ပါစေဟာ" ဘသန်းက ပြုံးရင်းပြန်ပြောသည်။

"ဘသန်းအတွက် နာမည်ပေးဖို့ရသွားပြီ"

အေးကိုက ဝမ်းသာအားရထ၍ ပြောသည်။

"ဘာတဲ့လဲ" ဟေမာန်ကမေးသည်။

"ငရုတ်သီး" ဟု အေးကိုက ပြန်ဖြေသည်။

"ငရုတ်သီးတဲ့ ဟား. . . ဟား. . . ဟား အားလုံးက ဝိုင်းရယ်ကြသည်။ ဘသန်းကအေးကိုကို ထထိုးသည်။

သူတို့ငါးဦး၏ ရယ်မောသံသည် အင်းလျားကန်တစ်ဝိုက်၌ သာမောစည်စွာ လျှံထွက်သွားလေသည်။

(၃)

မာလာဆောင်ရှေ့ မြက်ခင်းပြင်မှာ သူတို့ငါးဦးထိုင်မိလိုက်ကြသည်။ ပြည်လမ်းမပေါ်က၊ ကားများကို ဟေမာန်က ငေးကြည့်



နေသလို ကြည်ပြာက ဂျဒ်ဆင်ဘုရားရှိခိုးကျောင်းကြီးကို ငေးကြည့်နေလေသည်။ အေးကိုက သူ၏လွယ်အိတ်ကို ထုံးလိုက်၊ ဖြေလိုက်နှင့် ဘသန်းနှင့် တင်ထူးကို လှမ်းအကဲခတ်နေလေသည်။

"တစ်ခုခုပြောကြပါဟာ၊ ဒီလိုထိုင်နေလို့ပြီးမှာလား"

ဘသန်းက တိတ်ဆိတ်မှုကို စတင်ဖြိုခွဲလိုက်လေသည်။ တင်ထူးက "တို့အားလုံးစားမေးပွဲအောင်မှာပါ၊ တို့အားလုံးကလဲ ကြိုးစားထားကြတာကိုး၊ ငါကတော့ စာရေးမယ်၊ ကဗျာရေးမယ်၊ သီချင်းရေးမယ်၊ အနုပညာလုပ်ငန်းနဲ့ အသက်မွေးမယ်"

တင်ထူးက သူ၏ရည်ရွယ်ချက်ကို စတင်ကြေညာလိုက်သည်။ ဟေမာန်က

"ငါတော့တွံတေးပြန်မယ်ဟာ၊ ရွာမှာပဲကျောင်းဆရာမလုပ်တော့မယ်၊ ကြည်ပြာရော"

ကြည်ပြာက နှုတ်ဆိတ်နေသည်၊ အေးကိုက

"နက်ဖြန်ကစပြီး ငါတော့ လေဘာရုံးတကာမှာ အလုပ်လိုက်ရှာတော့မယ်"

အေးကို စကားအဆုံးမှာ ဘသန်းကို အားလုံးဝိုင်းကြည့်လိုက်ကြသည်၊ ပြည့်စုံကြွယ်ဝသော၊ မိသားစုဝင်တစ်ဦးဖြစ်သည့် ဘသန်း၏ ရှေ့ရည်ရွယ်ချက်ကို သူတို့သိလိုကြသည်။

"ကံကော်ရိပ်မှာ၊ မြကျွန်းသာမှာ၊ အဓိပတိလမ်းမှာ၊ စာသင်ခန်းတွေမှာ၊ လေးနှစ်တာအတူနေရတဲ့ဘဝကို တမ်းတတယ်၊ မင်းတို့ကို ငါမမေ့ဘူး၊ စိန်ပန်းတွေပွင့်ရင် ရန်ဖြစ်ကြရတာ၊ ငြင်းခုန်ကြရတာကို လွမ်းလိမ့်မယ်၊ ငါဘဝကို ဘဝလို့ နားလည်စွာနဲ့ လျှောက်လှမ်းမယ်၊ အဲဒါငါ့ရဲ့ ရည်မှန်းချက်ပန်းတိုင်ပဲလေ"

ဘသန်းက တည်ငြိမ်စွာဆိုသည်။

"ဟင်" ခနဲရှိက်သံကို ကြားလိုက်ရသည်။ ဟေမာန်က ကြည်ပြာလက်မောင်းကို လှမ်းကိုင်လိုက်သည်။

သံယောဇဉ်ဟုသည်ကို သူတို့နားလည်လိုက်သည်။ တက္ကသိုလ်ကို လွမ်းသော၊ အလွမ်းဝေဒနာကို သူတို့စတင်ခံစားကြရပေပြီ၊ သူတို့ငါးဦးလုံး တိတ်ဆိတ်နေမိသည်၊ ခွဲခွာခြင်းနှင့် နှုတ်ဆက်ခြင်းကို မည်သူကမှ မစတင်ဝံ့ကြပေ။

ညသည်ဖြည်းညင်းစွာ ရောက်ရှိလာသည်။

ကံ့ကော်မြေကတော့ ကံ့ကော်တွေနှင့် ဝေလျက်ပင်။

(၄)

ထောင်စုနှစ်ကို တင်ထူး ကြိုဆိုလိုက်တော့သည်။

၂၁ ရာစုနှစ်၏ သမိုင်းသစ်ကို ဖွင့်လှစ်နေချိန်ဝယ်၊ အနုပညာလောက၌ ခြေချစရာ၊ နေရာတစ်နေရာကို တင်ထူးက ရရှိခဲ့ပြီးဖြစ်သည်။

ဇာတ်ညွှန်းစာမူကို မိတ္တူကူးအပြီး၊ မြောက်ဥက္ကလာပသို့ ပြန်ရန်၊ မဟာဗန္ဓုလပန်းခြံလမ်းအတွင်းသို့၊ တင်ထူးကွေ့ဝင်ချိုးလိုက်မိသည်။

"ခမ္မပဒ ကိုယ်တော်"

အနားကပ်၍ တိုးညင်းစွာ ခေါ်လာသူကို တင်ထူးလှည့်ကြည့်လိုက်မိသည်၊ စတစ်ကော်လာဖြူ တိုက်ပုံအနက်၊ ခေါင်းပေါင်းထည့်ထားသည့် ဘူးတစ်လုံး လက်ဆွဲအိတ်တစ်လုံးနှင့် ထိုသူကို တင်ထူးလှည့်ကြည့်လိုက်မိသည်။

"ငရှုတ်သီး . . . ဘသန်း"

ဘသန်းက ပြုံးရယ်ပြ [illegible] ရင်း



"မင်း အောင်မြင်နေတဲ့ အနုပညာရှင်တစ်ဦးဖြစ်နေပြီနော် ဝမ်းသာစရာပဲ" ဟု နှုတ်ဆက်လာသည်။

"မင်း အချိန်ရလား၊ လက်ဖက်ရည်သောက်ကွာ" တင်ထူးက ဘသန်းကို ဖိတ်ခေါ်လိုက်သည်။

"ရပါတယ် ဒီနေ့ ငါအလုပ်ပြီးပြီ"

တင်ထူးက လာရာလမ်းကိုပြန်၍ ဆန့်ကျင်လိုက်သည်။ ကုသိုလ်ဖြစ် မွတ်စလင်ဆေးရုံရှေ့မှာ သူတို့ထိုင်လိုက်ကြသည်။ တင်ထူးက လက်ဖက်ရည်နှစ်ခွက်ကို မှာလိုက်သည်။

"အချိန်ပိုနေတာနဲ့ ငါလည်း အာရ်အယ်လ် (R.L) တက်ဖြစ်သွားတယ်။ အဲဒီကမှ ရှေ့နေဘဝကို ရောက်လာပြန်ရော၊ တိုက်ဆိုင်တယ်ကွာ၊ မနက်က အေးကိုနဲ့ငါတွေ့ခဲ့တယ်"

ဘသန်းက စကားကို စတင်လိုက်သည်။

"သူ ဘာဖြစ်နေပြီလဲ"

"စခန်းမှူးရဲအုပ်" တင်ထူးအမေးကို ဘသန်းက ပြန်ဖြေလိုက်သည်။

"ဟုတ်လား"

တင်ထူးက အေးကို၏ သတင်းကိုကြား၍ ဝမ်းသာသွားပုံရသည်၊ ဘသန်းက

"ပိုပြီး အံ့သြစရာကောင်းတာက၊ ဟေမာန်နဲ့ သူတို့မှာ သားတစ်ဦး၊ သမီးတစ်ဦးရနေပြီလေ၊ မင်းရော ကြည်ပြာကို စောင့်နေတာလား"

တင်ထူးက ခေါင်းခါလိုက်သည်။

"ကြည်ပြာက၊ ပန်းချီပန်းပုကျောင်းဆင်းဆိုတော့ ဒီကနေ့ ကွန်ပျူတာပန်းချီလောကမှာ ချမ်းသာနေပြီ သူငယ်ချင်း၊ သူလဲ ဒီလိုပဲ မင်းရော"

ဘသန်းက ပြုံးရင်းခေါင်းခါပြလိုက်သည်။

"ဒါနဲ့ မင်း အေးကိုနဲ့ တွေ့ခဲ့ပုံကို ပြောပါဦး"

တင်ထူး၏ အမေးကို ဘသန်းက ပြန်မဖြေသေးဘဲ လက်ဖက်ရည်ခွက်ကို ငုံ့သောက်လိုက်သည်၊ ပြီးမှ

"လွန်ခဲ့တဲ့ တစ်ပတ်လောက်က ငါ ဟေမာန်နဲ့ တွေ့ခဲ့တယ်လေ၊ သူတို့ဒေါပုံမှာရှိတယ်၊ လာလည်ပါဆိုတာနဲ့ မနေ့က၊ ငါသွားလည်ခဲ့တယ်။ သွားလည်မိတာလည်း အကောင်းဖြစ်သွားတယ်၊ ဟေမာန်နဲ့ ကလေးတွေသာတွေ့ရတယ်၊ အေးကို့ကို မတွေ့ရဘူး၊ တာဝန်နဲ့ အပြင်သွားနေတယ်တဲ့လေ"

ဘသန်းက တိုက်ပုံအနက်ကို ချွတ်လိုက်သည်၊ သေချာကျနစွာ ခေါက်၍ သူ့အိတ်အတွင်းသို့ ထည့်လိုက်သည်။ တင်ထူးက ဘသန်းပြောစကားကို လင့်နေလေသည်။

"ချမ်းသာလာတော့၊ ချမ်းတာတဲ့ဒဏ် အေးကို သိပ်မခံနိုင်တော့ဘူး ထင်တယ်။ သူတစ်ပါးအိမ်ထောင်နဲ့ ငြိစွန်းမှုဖြစ်နေတယ်လို့ အံသံတွေထွက်လာတယ်။ ဟေမာန်က ငါ့ကိုပြောပြတယ်၊ တားပေးပါတဲ့လေ၊ နှစ်အိမ်ထောင်ပြိုကွဲရမယ့်ကိစ္စကို၊ ရှေ့နေတစ်ယောက်အနေနဲ့ ငါဝင်မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ဒါနဲ့ ဒီနေ့မနက်အေးကို့ကို ငါသွားတွေ့တယ်လေ"

"သူ ဝန်ခံလား"

တင်ထူးက သိလိုဇောနှင့် စကားကိုဖြတ်မေးလိုက်သည်။ ဘသန်းက ပြုံးရင်း. . .။

"မင်း ကျေးဇူးပဲ တင်ထူး၊ အေးကို့ကို ငါပြောပြခဲ့တာ ဓမ္မပဒဇာတ်တော်တစ်ခုပါပဲ၊ လူမှုရေးဖောက်ပြန်မှုရှိ မရှိ ငါတစ်ခွန်းမှ မမေးဘူး၊ မပြောဘူး၊ ငါပြောပြခဲ့တာက ကျောင်းသားဘဝတုန်း



က၊ တင်ထူးဆိုတဲ့ မင်းဆီကဖတ်ခဲ့ရတဲ့ ဇာတ်လမ်းလေးတစ်ခုရယ်ပါ"

တင်ထူး၏ မျက်နှာဝင်းလက်သွားသည်။

"ပြောကွာ" ဟု အလျဉ်စလို မေးလာသည်၊ ဘသန်းက "ရေကန်တစ်ကန်ရှိတယ်ပေါ့ကွာ၊ ကြာပန်းတွေနဲ့ သင်းထုံနေတဲ့ ရေကန်တစ်ကန်မှာ တံငါသည်တစ်ဦးက ငါးမျှားနေတယ်၊ ရဟန်းတစ်ပါးက၊ တရားကျင့်နေတယ်လေ၊ လေအရှေ့မှာ ကြာပန်းရနံ့ဟာ၊ သင်းပျံ့သွားတယ်ပေါ့။ တရားကျင့်နေတဲ့ ရဟန်းလဲ ကြာပန်းရနံ့ကို ရှူရှိုက်မိလိုက်တယ်ပေါ့၊ ဒီမှာတင် ကန်စောင့် နတ်သမီးက၊ ရဟန်းကို သူရဲ့ကြာပန်းရနံ့ခိုးရှူပါတယ်ဆိုပြီး၊ သူခိုးလို့ ယိုးစွပ်တော့တာပေါ့ကွာ။

ဘသန်းက တင်ထူးကို လှမ်းကြည့်လိုက်သည်။ တင်ထူးက ခေါင်းညိတ်ပြလိုက်မှ

"ကန်စောင့်နတ်သမီးကို၊ ရဟန်းက ဘာပြန်ပြောသလဲဆိုတော့၊ ငါကြာပန်းကို ခိုးရှူမိတာမှန်ပါတယ်။ လေအရှေ့မှာ သင်းပျံ့လာလို့၊ ငါလဲရှူလိုက်မိတာပါ။ လေထဲမှာပါလာတဲ့ ကြာပန်းရနံ့ကို ရှူမိတဲ့ ငါရဟန်းကိုတော့၊ သင်နတ်သမီးက အပြစ်တင်နေလိုက်တာ၊ သင်ရဲ့ကန်ထဲကငါး သတ္တဝါတွေကို ဖမ်းယူနေတဲ့ဟော ဟိုကတံငါသည်ကိုတော့ သင်ဘာမှမပြောပါလားတဲ့လေ။

ဘသန်းက စကားကို ခဏရပ်လိုက်သည်။ ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်လိုက်ပြီးမှ

"ကန်စောင့်နတ်သမီးက ဘာပြန်ပြောတယ်မှတ်လဲ ရဟန်းတဲ့ တံငါသည်ဟာ မကောင်းမှုတွေ မွန်းထုံနေလို့ သူသွားရာလမ်းဟာ တစ်လမ်းတည်းရှိတယ်။ ဒါကြောင့် ငါမတားတာပါတဲ့၊ သီလ

သမာဓိရှိတဲ့ သင်ရဟန်းရဲ့ သွားရာလမ်းမှာ ချွတ်ချော်တိမ်းပါးမှု တွေရှိသွားမှာမို့ ငါတားရတာပါတဲ့လေ"

ဘသန်းစကားကို ရပ်လိုက်သည်၊ တင်ထူးက ကျေနပ်စွာ ပြုံးရင်း

"မင်း တော်လှချေလား ဘသန်းရာ" ဟု ပြောသည်။

"ငါပြောတာကို အေးကိုသဘောပေါက်မှာပါ။ သူလဲ ပညာတတ်တစ်ယောက်ပဲလေ၊ နောက်ပြီး ဥပဒေဝန်ထမ်းအရာရှိ တစ်ယောက်ပဲ"

ဘသန်းစကားကို တင်ထူးက ခေါင်းညိတ်၍ ထောက်ခံသည် ပြီးမှ

"မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိဆိုတဲ့ ဥပဒေသမား တွေရဲ့ စကားလုံးကို၊ အေးကိုတစ်ယောက်ထပ်ပြီး သတိရသွားမှာ ပါကွာ" ဟု ထပ်ဆင့်ပြောသည်၊ ဘသန်းက

"ငါ ငရုတ်သီးဘသန်းဆိုတဲ့ နာမည်ရခဲ့သလိုပေါ့ကွာ၊ ငရုတ်သီးရဲ့စပ်ခြင်း၊ မစပ်ခြင်းဆိုတာ စားကြည့်မှသိကြရမှာလား တင်ထူးရာ၊ ငရုတ်သီးစပ်တာ လူတိုင်းအသိပါ၊ ဒီလိုပါပဲ မှုခင်း ကျူးလွန်ခြင်း၊ မကျူးလွန်ခြင်းဆိုတာ လူတိုင်းသိနေရမယ့် အသိ ရယ်ပါ။ အဲ အေးကိုလို ကြာပန်းရနံ့ဦးရှုမိတဲ့ ရဟန်းလို အသိ တစ်ချက်မှဲ့ သွားကြရင်တော့။

ဘသန်းကစကားကို လက်စသတ်လိုက်သည်။ တင်ထူးက

"မင်း သိပ်ပြီး တိုးတက်ပြောင်းလဲနေပါလား၊ ဘသန်းရာ" ဟု ဆိုသည်၊ ဘသန်းက ကျသင့်ငွေကို လှမ်းရှင်းသည်။

"ငါ တရားရှိစွာနေဖို့ အမြဲကျင့်ကြံတယ်၊ ငါရဲ့သူငယ်ချင်း တွေ၊ မိတ်ဆွေတွေ၊ ဆွေမျိုးတွေကိုလဲ တရားရှိနေစေချင်တယ်၊



ဒီလောကမှာ လူတိုင်းတရားရှိနေကြရင် သိပ်ပြီးအေးချမ်းနေမှာ အဲဒါ ငါ့ဘဝရဲ့ အန္တိမရည်မှန်းချက်ပါပဲ တင်ထူး ကဲ ငါ့ကိုခွင့်ပြု ဦးကွာ"

ဘသန်းက တိုက်ရိုက်မှစတင်ခွဲခွာသည်၊ တင်ထူးက ဘသန်း ကို မျက်စိတစ်ဆုံးလိုက်ကြည့်နေမိသည်။ ဘသန်း ပြောသလိုပင် တရားရှိသူများ၏ လောကကမ္ဘာကို တင်ထူး မှန်းဆလိုက်မိသည်။

အေးချမ်းနေလိုက်တာလေ မှတ်ချက်ပြုမိသည်။

ထိုကမ္ဘာ၏ ထိပ်ဆုံးနေရာ၊ နံပါတ်တစ်မှာ မိမိနှင့်သူငယ်ချင်း ငါးဖော်တို့ရှိနေကြမည်မှာ အမှန်မလွဲဟု တင်ထူး ယုံကြည်နေမိ ပါတော့သည်။

# ပန်တျာခရီးသည်

"မတိုးရေ ဒီနှစ် သမီး ပန်တျာဆင်းပြီ၊ သကြိန်ကျော်တာနဲ့ သမီးအလုပ်ခွင်ဝင်ရတော့မယ်၊ သမီးကတော့ အဆောင်မရသေးခင်မှာ မတိုးတို့ဆီမှာနေပြီး အလုပ်ဆင်းမယ်တဲ့"

မစိုးဆီက တယ်လီဖုန်းလာတော့ မတိုးဝမ်းသာလိုက်တာလေ၊ ဝမ်းသာအားရနဲ့ မေမေကိုပြောပြတော့။

ဒါဆို ငှါမြေးနေဖို့ သူ့အခန်းကို ရှင်းလိုက်တော့တဲ့လေ၊ မေမေက အပေါ်ထပ် လသာဆောင်မှာ အခန်းတစ်ခန်း လုပ်ထားတယ်။ အဲဒီအခန်းမှာ သူ့မြေးကိုထားမယ်ပေါ့၊ အဲဒါဒီတိုက်ကို စပြီးဆောက်ကတည်းက မေမေကစိတ်ကူးယဉ်ထားတာ၊ တကယ်တမ်းကျတော့ သမီးက မတိုးတို့ဆီမှာ မနေဖြစ်ပါဘူး။ မစိုးရဲ့ ခင်ပွန်း ကိုလှကြည်က သူ့ရင်ခွင်ထဲမှာပဲ ထားပါရစေလို့ တောင်းပန်တာနဲ့၊ မတိုးနဲ့ မေမေတို့က အလျှော့ပေးလိုက်ရတာလေ။

မမကြီး မမိုးရယ်၊ မစိုးရယ်က ယောက်ျားလေးတွေ ချည်းမွေးထားကြတော့ ဒီနှစ်မိသားစုမှာ မိန်းကလေးဆိုလို့ ရှားရှားပါးပါး သမီးတစ်ယောက်ပဲပါလာတာ၊ ဒီတော့ သုံးမိသားစုလုံးက ဝိုင်းပြီးချစ်ကြတာပေါ့။ နာမည်အရင်းထက် "ဝိုင်းချစ်" ဆိုတဲ့ နာမည်နဲ့တင် ဒီဆွေမျိုးတွေအားလုံးထဲမှာ ထင်ရှားနေတာ၊





"ငှါမြေးက အသန့်အပြန့်သိပ်ကြိုက်တာ၊ သဘော်သီးသုပ်ဆိုလဲ အသဲပဲ၊ အတော်ပဲ ခြံထဲမှာလည်း သဘော်သီးတွေသီးနေပြီ။"

မေမေက ပြတင်းပေါက်ကနေ ခြံထဲကိုလှမ်းကြည့်ရင်းပြောလာတာနဲ့ မတိုးလဲခြံထဲကို ယောင်ပြီး ကြည့်လိုက်မိတယ်၊ ဟုတ်တယ် ခြံထဲကသဘော်ပင်မှာ သဘော်သီးတွေ သီးနေပြီ၊ သံပုရာသီး၊ ဆား၊ ပုစွန်ခြောက်အကောင်လေးတွေနဲ့၊ ပဲမှုန့်နဲ့မှကြိုက်တဲ့သမီးရဲ့ သဘော်သီးသုပ်လေးကို၊ ပထမဆုံးနေ့မှာ စတင်သုတ်ပေးဖို့ မတိုးစဉ်းစားလိုက်မိတယ်။

"သမီးက ကိုးတန်းအောင်ပြီးသား၊ သူ့ကို ဆယ်တန်းပြန်ဖြေခိုင်းရမယ်။"

မတိုးရဲ့ စကားကို မေမေက

"ဒါဆိုကျူရှင်တွေ စုံစမ်းထားဦး" လို့ လှမ်းပြောလာတယ်။

သမီးက ဖျတ်ဖျတ်လတ်လတ်ရှိတဲ့ကလေးလေ၊ ဉာဏ်ရည်လည်းမြင့်တယ်၊ အနုပညာမှာလည်း ထူးချွန်တယ်၊ ရုပ်ကလေးကလဲ မင်းသမီးတစ်ယောက်ရဲ့ လှပတင့်တယ်ပြေပြစ်တဲ့ ရုပ်မျိုး၊ အသားကလဲ ဖြူဖွေးနုညက်လို့၊ အဲဒီသမီးဟာ သီတင်းကျွတ်ကျောင်းပိတ်ရက်တိုင်းမှာ လယ်ဝေးက သူ့အိမ်ကို မပြန်ဘဲ မတိုးတို့ဆီမှာလာနေတာ၊ သူလာရင် မတိုးတို့အိမ်မှာ ဆွဲလွဲသံလေးလို့ သမီးရဲ့အသံလေးက၊ စာစာ စာစာနဲ့ သာယာနေလိုက်တာ၊ သမီးရဲ့ သီချင်းဆိုသံလေးကို မတိုးတို့နားထောင်ရင်း ပြုပြင်ပေးခဲ့တာ၊ ပန်တျာကျောင်းမှာ သမီးသင်ခဲ့ရတဲ့ ကဗျာလွတ် ကကွက်တွေကို နေ့စဉ်ကျန်းမာရေး လေ့ကျင့်ခန်းအနေနဲ့ သမီးကို လေ့ကျင့်စေတာ၊ အဲဒီသမီးလေးက မတိုးတို့ အိမ်ကိုလာနေတော့မှာကို မေမေနဲ့ မတိုးတို့လောက် ဝမ်းသာသူတွေရှိပါဦးမလား။

သီတင်းကျွတ်လပြည့်ညမှာ လပြည့်ဝန်းကြီးကိုကြည့်ရင်း၊ သမီးနဲ့ မတိုးစကားတွေ ဖောင်ဖွဲ့တတ်ကြတယ်။

"အန်တီတို့ ပန်းတျာကျောင်းတက်တော့ ကဗျာလွတ်ကကွက်ရှုတွေမှာ ဒေါ်ဗလပြန်မှုနဲ့၊ ယုဝတီဒေါ်ခင်ညွန့်မှုဆိုပြီး၊ ဆရာတွေအထဲမှာကို ငြင်းခုံနေကြတာ၊ အန်တီတို့ကတော့၊ ဘယ်ဆရာသင်သင်၊ သင်တဲ့ဆရာရဲ့ ပညာကို ယူလိုက်တာပဲ။

"ဒါဖြင့် အန်တီတို့က ဘာမှုကိုရလိုက်လဲ"

"ပန်းတျာမှုပေါ့သမီးရဲ့"

"ပန်းတျာမှု" သမီးက မတိုးရဲ့ စကားကိုလိုက်ပြီး ရွတ်ဆိုလိုက်တယ်။ ပြီးမှ သဘောကျသလို တခစ်ခစ်နဲ့ ရယ်မောပြီး။

"ဟုတ်တယ်၊ ပန်းတျာကျောင်းက သင်တာပဲ၊ ပန်းတျာမှုပေါ့၊ သမီးလဲ ပန်းတျာမှုပဲ" လို့ ထောက်ခံပြောလာတယ်။

အန်တီတို့ ခေတ်မှာတော့ တီချယ်ဒေါ်အမာစိန်က စတားပဲ၊ မင်းကြိုက်စိုးကြိုက်၊ ကာလသားကြိုက်မင်းသမီးပဲ၊

"သမီးလဲ ဆရာမဒေါ်အမာစိန်ကို မြင်ဖူးတယ်။ ဆရာမက အခုထိလှတုန်းပဲနော်"

"ဆရာထဲမှာတော့ ဆရာဦးရွှေဒေါင်းညိုတို့ ဦးမြလေးတို့က သိပ်တော်တာသမီးရဲ့၊

ဘဘဦးရွှေဒေါင်းညိုက စာရေးဆရာချစ်ဦးညိုရဲ့ အဖေမဟုတ်လား၊ ဘဘက သမီးတို့ ဆရာကန်တော့ပွဲမှာ မနှစ်က လာသွားဖူးတယ်။

သမီးက သဘော်သီးသုပ်စားလိုက်၊ ရေနွေးပူပူကို မှုတ်သောက်လိုက်၊ တေးလေးညည်းလိုက်နဲ့ လုပ်နေတယ်၊ သမီးရဲ့ ပန်းတျာကျောင်းသူဘဝကို ကြည့်ရင်း မတိုးလဲ ငယ်ဘဝကို သတိ



ရလာတယ်။ ပန်းတျာကဆင်းပြီး မတိုးနဲ့ သူငယ်ချင်းတွေက ဇာတ်ဌာနခွဲမှာလုပ်အားပေးနဲ့ စမ်းလုပ်ကြတယ်၊ မတိုးတို့အုပ်စုမှာယောက်ျားလေး၊ မိန်းကလေးစုစုပေါင်း (၂၅) ဦး ရှိတယ်။ မတိုးတို့တစ်တွေကိုဆရာတစ်ယောက်။ ဆရာမတစ်ယောက်နဲ့ လက်ထောက်ဒါရိုက်တာတစ်ယောက်က အုပ်ချုပ်တယ်၊ ရုံးတက်ကြ၊ ပီတိလေ့ကျင့်ခန်းတွေလုပ်ကြ၊ ကြက်ဥနဲ့နို့သောက်လိုက်၊ အကလေ့ကျင့်လိုက်ကြနဲ့ သုံးနှစ်တာခရီးလွန်လာမှ လခစားဘဝကို မတိုးတို့ ရခဲ့ကြတယ်။

"မြို့မကျောင်းရဲ့ မားလွယ်ခုတ်မှာ၊ မိုင်ဒါကွင်းရဲ့နံဘေးမှာ၊ လေဟာပြင် ဇာတ်ရုံကြီးရှိတယ် သမီးရဲ့၊ အန်တီတို့က အဲဒီမှာ အလုပ်ဆင်းကြတာ။

"အဲဒီရုံကြီးက အခု၊ စမ်းချောင်းပဒုမ္မာကွင်းကို ရွှေ့သွားပြီအန်တီရဲ့၊ ပဒုမ္မာဇာတ်ရုံလို့ခေါ်နေကြတယ်၊ နေရာဟောင်းမှာတော့ မိုးလုံလေလုံနဲ့၊ နိုင်ငံတော်အဆင့်မီတဲ့ အမျိုးသားဇာတ်ရုံကြီးပေါ်လာပြီလေ"

သမီးပြောတာနဲ့ ရုံဟောင်းကြီးကို မတိုးပြန်ပြီးမြင်ယောင်လိုက်မိတယ်၊ အမေဒေါ်ဗလပြန်ကို လခစားဝန်ထမ်းဘဝမှာ စတင်သိရှိလိုက်ပြီး၊ အဲဒီရုံဟောင်းကြီးမှာ အမေ့ဘဝနဲ့အမေ့ပညာကို မတိုးရရှိလိုက်တယ်၊ အမေ့ဘဝက စိတ်ဝင်စားစရာလည်းကောင်းတယ်လေ၊ သဘင်ပညာကျော်ယောက်ျားမင်းသမီး ဦးအောင်ဗလကွယ်လွန်ရာက၊ ပြန်ပြီးလူဝင်စားလာတာလို့ ဆိုကြတယ်၊ ဒါ့အပြင် အောင်ဗလနဲ့တူအောင်ကပြ၊ သီဆို၊ ဟန်အမူအရာလုပ်နိုင်တာကြောင့် ပရိသတ်ကအောင်ဗလပြန်လာပြီလို့ ချီးကျူးသြဘာပေးရင်းက ဗလပြန်ဆိုတဲ့ နာမည်နဲ့ကျော်ကြားလာတာ၊ မင်္ဂလာဦး

အောင်မောင်း၊ စိန်အောင်မင်း၊ ခုနစ်ထွေထွန်းရှိ ရွှေဥဒေါင်းည
ခေတ်ပါတီ၊ တိုင်းချစ်သန်းစိန်၊ ပန်တျာကြည်လင်၊ ရွှေမန်းတ
မောင် စတဲ့နိုင်ငံကျော်မင်းသား တွေနဲ့တွဲဖက်ကပြခဲ့တာ၊ မြို့တေ
ဝန်ဗိုလ်မှူးကြီးထွန်းစိန်က ကြိုးဆွဲရုပ်နဲ့အပြိုင်ကတဲ့ကကွက်
အမေတီထွင်ခဲ့လို့ ဂုဏ်ထူးဆောင် ရွှေတံဆိပ်နဲ့အက ဝိဇ္ဇာဆို
နာမည် ကောင်းလက်မှတ် ချီးမြှင့်ခဲ့တာတွေကို အမေပြန်ပြော
တိုင်း မတိုးတို့ကငေးပြီး နားထောင်ခဲ့ကြတာကို သတိတ
မှတ်မှတ်ထင်ထင် ပြန်မြင်လိုက်ပြန်တယ်။

"အန်တီတို့ဆရာမက အမေဒေါ်ဗလပြန်ပေါ့သမီးရ
အမေဟာ ပိုး၊ ပွေး၊ မျှော်၊ ခေါ်၊ အောင်၊ ဇော်၊ လူ၊ ဘ၊ ရှူး၊
သေ၊ ပစ်ဆိုတဲ့ မင်းသမီးအတတ်ပညာတွေကို သင်ပေးရုံမ
အမေရဲ့ကာတွန်းအက၊ ပင့်ကူအက၊ ဓားသိုင်းဟန်အက၊ စံ
ချိန်အက၊ မာယာရှုံတိအက၊ ရုပ်သေးအက၊ စက်ရုပ်အ
နတ်ကိန္နရီအက တွေကိုလဲ အန်တီတို့ကို လက်ဆင့်ကမ်းပေး
သေးတယ်။

"အမေဒေါ်ဗလပြန်ရဲ့ဇာတ်ထုပ်ဓာတ်ပြားတွေကို သ
တို့ ပန်ထျာကျောင်းအုပ်ကြီးကဖွင့်ပြလို့ သမီးတို့နားထောင်ဖူးတ
ဟိုလေ . . . မင်းသားက ရွှေမန်းကျော်အောင်ပေါ့"

မတိုးစကားကို မင်းသမီးကထောက်ခံပြောလာပြန်တ
ဒါကိုကြည့်ခြင်းအားဖြင့် သမီးဟာသဘင်ပညာကို ရှူသွပ်စွာနားလ
နေပါလားလို့ မတိုးကြည်နူးလိုက်ရတယ်၊ သမီးရယ် ရှူမှုထူး
ပါလို့ ရင်ထဲကနေပြောနေမိတယ်။

"အန်တီစပြီးကတဲ့ဇာတ်ထုပ်ကတော့ ဖိုးရာဇာ ကဇာ
သမီး၊ ၁၉၆၅-၆၆ လောက်ထင်တာပဲ၊ အဲဒီဇာတ်ကိုရေးသာ
ဇာတ်ညွှန်းနဲ့ဒါရိုက်တာကတော့ ဆင်ပေါင်ဝဲမင်းမင်းတဲ့၊ သ



လိုက်မှာ မဟုတ်ပါဘူး၊ ဆရာဟာ အဲဒီဇာတ်ကိုအဆိုအပြောမပါ
ဲနဲ့ အခန်းသုံးခန်းခွဲပြီးကသွားတယ်၊ သံစဉ်ဂီတနဲ့ဇာတ်အိမ်ဖွဲ့က
ွားတဲ့ ကဇာတ်အမျိုးအစားပေါ့ သိပြီးသားဇာတ်လမ်းကို သရုပ်
ဆောင်လှုပ်ရှားမှုပညာနဲ့၊ အဆင့်အတန်းမြင့်စွာကပြသွားနိုင်တယ်၊
င်း . . . ကပြချိန်ကလဲနှစ်နာရီကျော်ဝန်းကျင်ပဲရှိတယ်"

"သမီးကြားဖူးတယ်၊ ဆင်ပေါင်ဝဲမင်းမင်းရဲ့ ဝက်ထီးကန်
တ်ကြီးနဲ့ သုဝဏ္ဏသျှံ ကဇာတ်တွေကို ဖော်ထုတ်ပြီး ပြန်ကနေ
ယ်လေ"

မတိုးကသမီးစကားကို အံ့ဩတကြီးနဲ့နားထောင်နေမိတယ်၊
တစ်ချိန်က ပျော်မွေ့ခဲ့ရာဇာတ်စင်ကြီးကို ပြန်ပြီးတမ်းတမိတယ်၊

"အန်တီနောက်ဆုံးကခဲ့တာက ပန်းမကိုင်ရှုမြေဇာတ်ကြီးပဲ
း၊ အဲဒီနောက်မှာ အန်တီရဲ့ကျန်းမာရေးချွတ်ယွင်းလာတာနဲ့
ီးရဲ့ဘွားဘွားက အလုပ်ကနေနားခိုင်းလာတယ်၊ ကျန်းမာရေး
ကြောင့်သာ ဇာတ်စင်ကိုကျောခိုင်းလိုက်ရတယ်"

"အနုပညာပိုးကတော့ မသေသေးဘူးပေါ့"

သမီးရဲ့စကားကြောင့် နှစ်ယောက်သားရယ်မောလိုက်ကြ
ယ်။

ဇာတ်ညွှန်းရေးဆရာဆိုတာကလည်း၊ တကယ်နာမည်ကြီး
ွဲသမီးရဲ့၊ ရန်ကုန်ဘဆွေ၊ ဗိုလ်မှူးသမိန်၊ ဆင်ပေါင်ဝဲမင်းမင်း၊
ိုင်စိန်၊ နန်းညွှန့်ဆွေ၊ ဗိုလ်ဉာဏ်မောင်၊ ဘိုကလေးလှထွန်း၊
သမုန်စိုးသန်း၊ ဗိုလ်ကျော်ဆန်းနဲ့ ဦးဟန်ဝင်းတို့ဆိုတာ ပညာ
ကြီးတွေပေါ့၊ ဆရာ၊ ဆရာမတွေဆိုရင်လဲ ဦးရွှေဒေါင်းညို၊ ခုနစ်
ထွန်းရှိ ဦးမြကလေး၊ ဦးမောင်ဟန်၊ ဦးကျင်စိန်၊ ဦးတာကျော်၊
အောင်သန်းကြည်၊ ဒေါ်ဗလပြန်၊ ယုဝတီဒေါ်ခင်ညွှန့်၊ ဒေါ်အမာ

စိန်တို့ပေါ့။ ဆိုင်းဆရာကြီးဆိုရင်လဲ ဆရာဦးစိန်ချစ်တီးက သိပ်ကျော်ကြားတာ၊ ဦးစိန်အေးမြင့်နဲ့ စိန်ထွန်းကြည်ကလဲတော်တာပဲ။

"သမီးတို့ခေတ်မှာလဲ ယဉ်ကျေးမှုကဇာတ်ညွှန်းရေးဆရာတွေ၊ ဇာတ်စင်ဒါရိုက်တာတွေ၊ အကနည်းပြဆရာ/ဆရာမတွေနဲ့ ရွှာစားတွေက ခေတ်စနစ်အလိုက် တော်ကြပါတယ် အန်တီရယ်"

သမီးရဲ့အပြောကို မတိုးရယ်မောလိုက်မိတယ်။

ဪ သမီးရယ်၊ အနုပညာခရီးလမ်းမှာ အနုပညာသမားတိုင်းဟာ တော်ကြပါတယ်ကွယ်လို့ ပြန်ပြောလိုက်မိတယ်။ သမီးကတော့ ကျေနပ်အပြုံးနဲ့ပေါ့။

× × × × ×

အဲဒီနေ့ကခြံထဲမှာရှိတဲ့ စပယ်ရုံလေးမှာ စပယ်တွေပွင့်နေတယ်။ ငုပန်းအဝါတွေကတော့ သကြံန်ကတည်းကပွင့်လှိုင်နေတာ။ ပုဏ္ဏရိက်တန်းညီညီလေးမှာတော့ နီရဲနေတဲ့ပုဏ္ဏရိက်ပန်းလေးတွေနဲ့၊ မနေ့ညကရွာခဲ့တဲ့ မိုးပွားလေးကြောင့် ခြံထဲမှာစိမ်းလန်းနေလေရဲ့။

သမီးကမနက်ပိုင်းမှာ အလုပ်ခွင်ကို သတင်းပို့ရင်းနဲ့ လုပ်ငန်းခွင်ကို တန်းဝင်လိုက်မယ်။ မတိုးတို့အိမ်ကို ရုံးဆင်းမှလာမှာလို့သိထားနှင့်ပေမယ့်၊ မေမေနဲ့မတိုးကတော့ မနက်ကတည်းက သမီးကိုမျှော်နေမိကြတယ်။

ညနေသုံးနာရီလောက်မှာ သမီးရောက်လာတယ်။လက်ဆွဲအိတ်လေးကိုပစ်ချရင်း၊ သမီးက ဘွားအေကိုပြေးပြီးဖက် ရမ်းနမ်းရှုပ်လိုက်တယ်။ မေမေကတော့ပြုံးလို့ ပြီးတော့သမီးကို မတိုးထွေးဖက်လိုက်တယ်။ သွယ်လျတဲ့သမီးရဲ့ကိုယ်လုံးလေးဟာ မတိုးရဲ့ရင်ထဲမှာ ငြိမ်သက်နေတယ်။ ခဏနေမှ



"ညနေသမီးဆိုင်ကိုသွားရဦးမယ်"

"ဆိုင်"

သမီးစကားကြောင့် မတိုးအံ့ဩသွားတယ်။

"ဘာဖြစ်တာလဲအန်တီရဲ့ အလန့်တကြား"

သမီးကမတိုးကိုကြည့်ရင်း ရယ်မောနေပြန်တယ်။

"ဘာဆိုင်လဲသမီးရယ်၊ သမီးအခုလုပ်ခွင်ကနေဆင်းလာပြီမဟုတ်လား"

သမီးကခေါင်းညိတ်ပြတယ်။

"ကိုယ်ပိုင်အချိန်မှာအလုပ်ချိန်ပြင်ပမှာ အနုပညာနဲ့ အသက်မွေးဝမ်းကြောင်းပြုတာပါ အန်တီရဲ့"

သမီးကလက်ဆွဲအိတ်ကိုဆွဲရင်း သူ့အခန်းကိုသွားလေရဲ့၊ မတိုးကနောက်ကလိုက်ရင်း။

"နေ့တိုင်းလား၊ အချိန်ကဘယ်အချိန်တွေလဲ ဝင်ငွေကရော ဘယ်လောက်လဲ"လို့ မေးနေမိတယ်။

"အချိန်ကတော့ ညခုနစ်နာရီကနေ ကိုးနာရီအထိ အန်တီရဲ့၊ လခက တစ်သောင်းရမယ်၊ ဆိုင်ကညစာကျွေးမယ်၊ အပြန်ကို အိမ်တိုင်ရာရောက်လိုက်ပို့မယ်၊ နောက်နေ့တွေဆို ရုံးကနေဆိုင်ကို တန်းဆင်းသွားမှာနော်၊ အန်တီစိတ်ပူမနေနဲ့"

မတိုးဖွင့်ပေးတဲ့အခန်းထဲကိုသမီးကဝင်လိုက်ပြီး၊ အဝတ်အစားလဲဖို့ ပြင်ဆင်နေလေရဲ့။

မတိုးတို့တုန်းကလဲ အလုပ်ချိန်ပြင်ပမှာ ကပွဲတွေလိုက်ကဖူးပါရဲ့၊ ဒါပေမဲ့ သမီးတို့လို နေ့စဉ်မဟုတ်ဘူး၊ ပြီးတော့ တရားမဝင်ဘူး၊ ဆရာတွေသိရင် အမှတ်ဖြတ်ခံရတဲ့ဒဏ်ပေးစနစ်ကိုရရှိခဲ့ကြတယ်။

"ရုံးမှာ ကပွဲရှိရင်ကော"

မတိုးအမေးကို "ဆိုင်ကနားလည်ပေးပါတယ်"လို့သမီးက ပြန်ဖြေတယ်။ ပြီးတော့ ရေချိုးခန်းထဲဝင်သွားလေရဲ့၊ ရေချိုးခန်းထဲ မှာ တေးဆိုနေတဲ့အသံကို မတိုးကြားနေရတယ်။

မတိုးမျက်စိထဲမှာ စားသောက်ဆိုင်မှာသီချင်းဆိုနေတဲ့ ကောင်မလေးတွေဆီမြင်ယောင်လာတယ်။ အဲဒီတုန်းက မတိုး သူငယ်ချင်းရဲ့ခင်ပွန်း နိုင်ငံခြားကပြန်လာလို့ဖိတ်ကျွေးတာနဲ့ မတိုး ရောက်ဖူးတာလေ၊ ကီးဘုတ်တီးနေတဲ့ ကီးဘုတ်ဆရာနဲ့ အဆိုတော် ကောင်မလေးတွေရဲ့ ပရိသတ်ကိုကြည့်တဲ့မျက်လုံးတွေကို အဲဒီ တုန်းက မတိုးခွဲစိတ်ခြမ်းဖြာခဲ့ဖူးတယ်။ တဏှာမပါပါဘူး၊ ရာဂ သူတို့ မဆွဲဆောင်ပါဘူး၊ မတိုးလဲအနုပညာသမားပဲ၊ သရုပ်ဆောင် အတတ်ပညာကိုတတ်တာပဲ၊ သိတာပေါ့လေ၊ စဉ်းစားမရတာ သူငယ်ချင်းကိုပြောပြပြီး ကူစဉ်းစားခိုင်းမှ သူအပြောကြောင့်မတိုး ရင်နာသွားရတယ်။

သူတောင်းစားတွေရဲ့မျက်လုံးနဲ့မတူဘူးလားတဲ့၊ တကယ် မျှော်လင့်နေတဲ့မျက်လုံးတွေ၊ တောင့်တနေတဲ့ မျက်လုံးတွေ မတင်စားထိုက်ဘူးလား သူငယ်ချင်းရယ်လို့ မတိုးရင်ထဲမှာ ပြန်ပြောလိုက်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ မတိုးလဲ အနုပညာ သမားတစ်ယောက်ဖြစ်ခဲ့ဖူးတယ်လေ။

ပန်းကုံးလေးတွေကို တောင့်တနေတာ သရုဖူလေးတွေ မျှော်လင့်နေတာ၊ လှပအောင်ဖွဲ့ရရင် လက်ခုပ်သံကိုငံ့လင့်နေတာ ပါလို့ မတိုးဘာသာပြောနေမိတယ်။ အဲဒီကစလို့ စားသောက်ဆိုင် တွေမှာ ညစာစားဖို့လာဖိတ်ရင်အကြောင်းတစ်ခုခုပြပြီး၊ မတိုးငြင်း တတ်လာတယ်။ အဲဒီလိုပြောတတ်တဲ့သူတွေကို သမီးဖြေဖျော်မိ သူတို့ပဲက သမီးကိုအဲသလိုထင်ရင်၊ မတိုးရင်နာမိမှာပဲ၊ ငိုကြွေး မိမှာပဲ သမီးရယ်။



"ပင်ပန်းလိုက်တာသမီးရယ်၊ မလုပ်ရင်ရောမရဘူးလား"

ရေချိုးခန်းထဲကထွက်လာတဲ့သမီးကို မတိုးမေးလိုက်မိ တယ်။ သမီးတို့က အနုပညာသမားတွေပါအန်တီ၊ လေ့ကျင့်ရင်း ဖြေဖျော်၊ ဖြေဖျော်ရင်းလေ့ကျင့်ဆိုသလို သမီးတို့ ကပြဖြေဖျော်ကြ မှာပါ၊ ဒါကလဲ မလုပ်ဘဲနေရင်ရနိုင်ပါတယ်၊ သမီးတို့စိတ်ကတော့၊ အနောက်တိုင်းတေးတွေကို သီဆိုနေတာထက်စာရင် အားပေးနေ တာထက်စာရင်၊ သမီးတို့ကပြတဲ့ မြန်မာမှုသုခုမအနုပညာကို လူတစ်ဦး လူတစ်စုကလာကြည့်ရင်း နှစ်ခြိုက်ကြမယ်။ သူတို့ကနေ အခြားလူတွေကိုပြောပြ၊ ပြန့်ပွားသွားကြမယ်။ အနုပညာစစ်ကို ထိန်းသိမ်းအားပေးလာကြမယ်၊ ဒါဆိုရင် သမီးတို့ရည်မှန်းချက် ပေါက်မြောက်အောင်မြင်မယ်လို့ အဲဒီလို ရည်ရွယ်ချက်နဲ့ ကုသိုလ် ယူရ ဝမ်းလဲဝကြမယ့်ဖြစ်စဉ်ပါအန်တီ"

သမီးရဲ့ ရှင်းလင်းချက်ကို နားထောင်ရင်းနဲ့ သမီးရဲ့ မျက်လုံးတွေကို မတိုးစာဖတ်နေမိတယ်၊ ယုံကြည်ချက်၊ ခံယူချက် တစ်ခုကိုခွဲအားမာန်နဲ့ လုပ်ဆောင်သွားမယ့် ပုံရိပ်တွေကို တွေ့လိုက် ရတယ်။

မိန်းကလေးရှင်ဆိုတော့လဲ၊ မိန်းကလေးတွေး တွေးပူမိတာ ပေါ့၊ ဒါပေမဲ့ ခေတ်ကာလကလဲ ကျား-မ မရွေး ရင်ပေါင်တန်း လှုပ်ရှားနေကြတာဆိုတော့ မတိုးဘာတတ်နိုင်မှာလဲ၊ သမီးကတော့ ည-ဆိုင်ကိုအလုပ်ဆင်းဖို့ ဖီးလိမ်းခြယ်သနေလေရဲ့၊ အနုပညာ အတွက် သမီးကြိုးပမ်းနေတာလား၊ အင်း-တို့များရဲ့ပန်တျာခရီး သည်တွေကတော့၊ ခေတ်-စနစ်အလိုက် လှုပ်ရှားရုန်းကန်နေကြရ မှာပဲ၊ သမီးကတော့ "အောင်မြင်ခြင်းအတူတူဘယ်သူမြတ်သည် လဲ" ဆိုတဲ့သီချင်းကို သီဆိုရင်း အောက်ထပ်ကိုပြေးဆင်းသွားလေရဲ့။

× × × × ×

## အောင်မြင်သူများ၏အောင်မြင်သူ

လက်ခုပ်သံများကြားမှ အောင်မြင်မှုများ အပြုံးကိုသ
ဆောင်ရင်း ပျော်ရွှင်နေသူများကို ခင်ဦးအားကျခဲ့သည်။ တစ်
ကျလျှင် ထိုလက်ခုပ်သံများသည် မိမိအတွက်ဖြစ်လာလိမ့်မည်
တမ်းတခဲ့ဖူးသည်။ ထိုတမ်းတမှုများကြောင့်ပင် အနုပညာကို မ
မောခံ့မင်စွာ လေ့ကျင့်ခဲ့သည်။ ရှုံးမှုထုံးမည့်အခြေအနေမို့ ရှုံးမှုး
ပင် ဖက်တွယ်နေမိသည်။ ပုံမှန်ရှိသောသူငယ်ချင်းများကြား
ခင်ဦး၏အသွင်သဏ္ဍာန်သည် ဟာသမြောက်ဖွယ်ဖြစ်တော့သ

"ဝတ္တုတွေ ရုပ်ရှင်တွေထဲကလိုပေါ့၊ ခေါင်းဆောင်မင်းသ
က ဇာတ်ကိုခွာသွားရင်၊ ဒါမှမဟုတ်သေသွားရင်၊ အဲဒီနေရာ
အစားဝင်ထိုးရင်းနဲ့ နာမည်ကြီးသွားတာလေ၊ နင်လဲအဲသလို
မျှော်လင့်ပေါ့"

သဲမာစကားကြောင့် ခင်ဦးမျက်ဇောင်းထိုးလိုက်မိသ

"သူသေမှလား၊ ငါကနဂိုကတည်းက ခေါင်းဆေ
မင်းသမီး" ဟု ပြန်လှန်ပြောလိုက်မိသည်။

အင်း . . . စဉ်းစားနေဦ၊ နင်နဲ့တွဲနေတာက မကြြည်

ဝင်းအောင်ကဝင်ပြောလာသဖြင့် မေကြည်ဟု နှုတ်မှ
ရွတ်မိသည်၊ ခင်ဦးနှင့်မေကြည်သည် ပန်တျာကျောင်းကိုတစ်
တည်း အတူရောက်လာသူများဖြစ်သည်။ ခင်ဦးက-အက
သလို၊ မေကြည်ကလည်း အကသန်သည်၊ ဆရာများက ခင်ဦး





မေကြည်ကို အနာဂတ်အနုပညာလောကအတွက် မျှော်လင့်ထား
ကြသည်။

မေကြည်က ခင်ဦးထက်သာတာရှိသည်၊ ဒါကတော့အသံ
ကောင်းခြင်းပင်ဖြစ်သည်၊ အသံကြောင့်ဆိုအားရှိသည်၊ အကရော
အဆိုပါမေကြည်ရသည်၊ ခင်ဦးကတော့အသံပါးသည်၊ သို့အတွက်
အကကိုအားကိုးသည်၊ ပန်တျာကျောင်းဆင်းတော့မေကြည်က
အငြိမ့်မင်းသမီးနှင့်ဆင်းသည် ခင်ဦးက နောက်ပိုင်းမင်းသမီးနှင့်
ဆင်းသည်၊ အကတန်းမှာတော့ ခင်ဦးကပထမ၊ မေကြည်ကဒုတိယ
ရသည်၊ အဆင့်ကွာခြားပေမင့် ခင်ဦးနှင့်မေကြည်၏ခင်မင်မှု
သံယောဇဉ်ကတော့ အဆင့်မကွဲပြားခဲ့ပါချေ။

ပန်တျာဆင်းပြီးတော့-အနုပညာရှင်ဝန်ထမ်းဘဝကို ခင်ဦး
တို့ဝင်ရောက်ခဲ့သည်။ ခင်ဦး၊ မေကြည်၊ သဲမာနှင့် မာလာတို့အရွယ်
တူ၊ ဘဝတူမှာ ပျော်ခဲ့ကြသည်၊ ဆိုင်းသင်တန်းမှဆင်းသော
ဝင်းအောင်နှင့် ယောကျ်ားလေးအချို့ကတော့ ပြင်ပလောကသို့
ဝင်သွားကြသည်။

ခင်ဦးတို့ဝန်ထမ်းသက်၊ တစ်နှစ်အကျော်မှာအငြိမ့်ပြိုင်ပွဲ
ကို ဌာနဆိုင်ရာကပြုလုပ်ခဲ့သည်၊ အငြိမ့်ပြိုင်ပွဲအတွက် လူရွေးချယ်
ရာမှာ မေကြည်ကအရွေးခံခဲ့ရသည်။

"အငြိမ့်မင်းသမီးဆိုတာ အသံရှိရမှာပေါ့ ဆိုနိုင်ရမှာပေါ့၊
မင်းမှာက အသံမှမရှိဘဲ၊ မင်း-မေကြည်ကိုဘယ်လိုလုပ်နိုင်မှာလဲ"

လူရွေးချယ်သော ဆရာ၏စကားက ခင်ဦးရင်သို့စူးစိုက်
သွားတော့သည်။

အသံမရှိလို့တဲ့၊ အသံပါးလို့တဲ့၊ မဆိုနိုင်လို့တဲ့၊ ဆရာ၏
စကားက နားထဲမှာလျှံနေသည်။ ဆရာကို ခင်ဦး မပြစ်မှားမိပေ ဟ်
လည်း ရှောင်ဖယ်မှုပြုလာသည်။

ခင်ဦးက၊ အကတော်တယ်၊ တစ်ပင်တိုင်ကို ခင်ဦးကလိုက်နော်၊ အပျိုတော်ယိမ်းမှာ ခင်ဦးအလယ်ကထွက်ပေးပါဦး၊ နှစ်ပါးသွားကြရင်၊ ခင်ဦးဝင်ပေးဦးနော်၊ ခင်ဦးကလျှင်တော့ မင်းသားအတွက်အားကိုးရတာပေါ့။

ဆရာက၊ ခင်ဦးသူ့ကိုရှောင်မှန်းသိလာသဖြင့်၊ ထိုသို့စကားဆိုရင်း၊ ခင်ဦးအမျက်ကိုဖြေလေသည်။ ဆရာ့ကိုခေါင်းညိတ်ပြသည်။ ဆရာခိုင်းသည့်အတိုင်းဝင်၍ကသည်၊ စိတ်ထဲမှာတော့ ခင်ဦး ဆရာ့ကိုမယုံတော့သည်မှာအမှန်။

ထိုအငြိမ့်ပြိုင်ပွဲ၌ မေကြည်တို့အငြိမ့်အဖွဲ့ ပထမဆုရသည်။ မေကြည်ကိုလည်း အငြိမ့်မင်းသမီးအဖြစ် လက်ခံလိုက်ကြသည်။

မေကြည် အောင်မြင်စပြုပြီ။

မေကြည်ကိုကြည့်၍ ခင်ဦးစိတ်ကူးတစ်နေရာတွင်၊ မိမိကိုယ်ကို အစားထိုးသည်၊ မိမိသာအရွေးခံရလျှင် ထိုနေရာသည် မိမိနေရာဖြစ်လာမည်။ ယခုတော့ ဝေးလေပြီကောဟု မချိတင်ကဲပြုရင်း စိတ်ကိုအလုပ်ထဲမှာ နှစ်ထားသည်၊ အလုပ်ခွင်မှာကြိုးစားသည်။

ဆရာအားလုံးက ခင်ဦးကိုချစ်ခင်ကြသည်။ အားကိုးကြသည်။ ထိုအခါ မိမိဘဝကိုမိမိကျေနပ်စပြုလာသည်။ ခင်ဦးနှင့် မေကြည်၏ခင်မင်မှုသံယောဇဉ်ကား ရှေးကနှယ်၊ မပြောင်းမလဲရှိမြဲပင်၊-

တစ်နေ့

ခင်ဦးနှင့်မေကြည်ရုံးအဆင်းမှာ ဘတ်စ်ကားအတူစီး၍ ပြန်ကြသည်။ ကားကရုံးဆင်းချိန်ဖြစ်၍ လူကြပ်သည်။ နှစ်ယောက်တွဲထိုင်ခုံမှာ သားအမိနှစ်ယောက်အတူထိုင်နေရာက ပြတင်းပေါက်ဘက်မှာထိုင်နေသောသားဖြစ်သူက ပြင်ပကိုငေးလိုက်လာသော



အမေကိုလှမ်း၍တို့လိုက်သည်။ မိခင်နားနားကပ်၍ မေမေ-ဟိုမှာ အငြိမ့်ကတဲ့မေကြည်ရယ်ဟုပြောလိုက်သည်။ ကလေးအမေက ထိုင်ရာမှ မေကြည်ကိုမော့ကြည့်သည်။ ပြီးတော့ပြုံးပြသည်။ မေကြည်က ပြန်ပြုံးပြလိုက်သည်။ မေကြည်ကိုပြုံးပြပြီးတော့၊ ခင်ဦးကိုလှမ်းကြည့်သည်။ မျက်နှာကို ပြတင်းဘက်ပြန်လွှဲသွားသည်။

အောင်မြင်ကျော်ကြားမှု၏အသီးအပွင့်ကို ခင်ဦးမြင်လိုက်ရသည်၊ ရင်ထဲမှာနင့်သွားသည်။

ဒါမျိုးကခဏခဏကြုံရသည်၊ အငှားကားငှားစီးရ၌လည်း အငှားယာဉ်မောင်းသူက နောက်ကြည့်မှန်မှလှမ်းကြည့်ရင်း၊ မေကြည်ထင်တယ်ဟု နှုတ်ဆက်သည်၊ မေကြည်ပရိသတ်ဖြစ်ကြောင်း ကက်ဆက်ခွေ၊ ဗီဒီယိုခွေတွေကို ငှားကြည့်ကြောင်း သူ့မိခင်ဆိုလျှင် မေကြည်မှမေကြည်ဖြစ်နေကြောင်း စကားဖောင်ဖွဲ့ ချီးကျူးသည်၊ ထိုအခါမျိုးမှာ မေကြည်အပြုံးသည် ရွှန်းလဲ့နေတတ်သည်။

ခင်ဦးသည် မိမိနေရာ မိမိဘဝကိုပို၍နားလည်လာသည်။ လုပ်ငန်းခွင်၌ တာဝန်ခွဲဝေလျှင်၊ ခင်ဦးခေါင်းငုံ့နေတတ်သည်။ ဇာတ်စင်ဒါရိုက်တာက "ခင်ဦးနေမကောင်းဘူးလား၊ ဘာဖြစ်နေလဲ" ဟုမေးလျှင် ခင်ဦးကပြုံးလျက် "ဘာမှမဖြစ်ပါဘူးဆရာ"ဟု တည်ငြိမ်စွာပြန်ပြောတတ်သည်။

အဲဒီနေရာလေးတော့ ခင်ဦးဝင်လိုက်နော်၊ ဟုဆိုလျှင် ခေါင်းညိတ်၍ လက်ခံလိုက်သည်။

ခင်ဦးမှာ စိတ်အနာရှိတယ်ထင်တယ် ဟု ဒါရိုက်တာက မှတ်ချက်ပြုသည်။ မှန်သောစကားဖြစ်၍ တဆစ်ဆစ်နာကျင်သော ဝေဒနာကို ခင်ဦးက အပြုံးနှင့်ဖုံးကွယ်သည်။

ဆယ်နှစ်ဟူသော အချိန်ကာလအတွင်းမှာ မေကြည် သည် အောင်မြင်မှုနှင့်အတူ ချမ်းသာကြွယ်ဝမှုကိုပါ ပိုင်ဆိုင်ရရှိလ သည်။ လုပ်ငန်းခွင်အတွင်းမှာလည်း ဆရာအများစုက သူ ကျော်ကြားမှုကို နောက်ခံပြုလျှက် အားကိုးလာကြသည်။ မေကြည် မြင်ပွဲတွေလိုက်ကတော့ ရုံးမှာခွင့်ယူသည်။ ခွင့်မရလျှင်လုပ်ငန်းခွ ပျက်ကွက်အဖြစ် အထိခံသည်။ လူကြီးတွေက မေကြည် ကျော်ကြားမှုကို ငဲ့ညှာကာ လိုက်ခေါ်တန်ခေါ်သည်။ ဖေးမတ ဖေးမသည်။ မည်သို့မျှ ဆက်သွယ်၍မရလျှင် ထိုနေရာ၌ ခင်ဦးက အစားထိုးသည်။

ခင်ဦး . . မေကြည်နေရာမှာ ဝင်ကလိုက်ပါနော် -

ကျေးဇူးပဲသမီးရယ်၊ မေကြည်တို့ကတော့ အားကိုး တယ်ဆိုမှ ဒီလိုချည်းပဲ။

ကပွဲအပြီးမှာတော့ ခင်ဦးမျက်ရည်ကျမိခဲ့သည်။ အနုပည သမားချင်းအတူတူ၊ ဝန်ထမ်းချင်းအတူတူ၊ မိမိ၌ အစားထိုးခံဘ ဖြစ်ရသည်ကို ဝမ်းနည်းမိသည်။

မိမိသည်လည်း အားကိုးအားထိုက်သူမဟုတ်ပါလော မေကြည်မှတဲ့လား၊ မိမိကိုရော စဉ်းစားပေးဖို့ မသင့်ဘူးလား။

နောင်တွင်တော့ ထိုခံပွင့်ပန်းဘဝကို ခင်ဦးငြင်းပယ်တ လာသည်။ "သမီးနေမကောင်းလို့ပါ" ဟု လိမ္မာငြင်းဆန်တတ်လ သည်။ ယိမ်းအတွက် လူတွေရွေးလျှင် ဇာတ်ထုပ်အတွက် လူရေ ရွေးလျှင် တာဝန်ချထားခြင်းခံရလျှင် - တာဝန်ကို ကျေပွန်စွ ထမ်းဆောင်သည်။ တာဝန်မပေးလျှင် တစ်နေရာ၌ ငြိမ်သက်စွ ဘုရားဂုဏ်တော်တို့ကိုသာ အာရုံပြုနေမိသည်။



ထိုသို့သော ခင်ဦးကို အောင်မြင်မှုများ၏သခင် ဇာတ် င်းသား ပန်တျာစိုးမိုးက ချစ်ခွင့်ပန်လာသည်။ ခင်ဦး၏ အေးဆေး မ်သက်မှုကို ထူးခြားမှုဟု ပန်တျာစိုးမိုးက နှစ်သက်နေခဲ့သည်။

အောင်မြင်သူများ၏ စိုးမိုးမှုကိုခံနေသော ခင်ဦးတစ်ယောက် န်တျာစိုးမိုးကို လိမ္မာစွာငြင်းပယ်လိုက်သည်။

ခင်ဦးလက်ထပ်မှာ ကိုစိုးမိုးလိုလူမျိုးမဟုတ်ပါဘူး ဟု ဆိုခဲ့ သည်။ ထို့နောက်ပိုင်းမှာတော့ လုပ်ငန်းခွင်မှာ ကြိုးစားသောခင်ဦး လည်း လက်ခံနိုင်သော ခင်ဦးကိုလည်း လက်ထပ်ခွင့်တောင်း ာသော ဘဝတူအနုပညာရှင်ကိုကိုနှင့် ခင်ဦးလက်ထပ်ဖြစ်ခဲ့ သည်။

ခင်ဦးကို အားနည်းချက်အားကိုပြုပြင်မပေးဘဲ၊ ထောက်ပြ နိုင်ယူကာ တစ်ဘက်သတ်ဆန်ခဲ့သော ဆရာ့ကို ခင်ဦးမမေ့သလို၊ မေကြည်အား ပြုံးပြကာ ခင်ဦးကိုမျက်နှာလွှဲခဲ့သော ကားပေါ်က င်သည်ကိုလည်း ခင်ဦးမမေ့နိုင်ခဲ့၊ မေကြည်အား ရွှန်းဝေသော ကားကိုဆိုရင်း သူက မေကြည်သူငယ်ချင်းလားဟု မေးခဲ့သော ငှားယာဉ်မောင်း၏စကားသံနှင့် မေကြည်မရှိရင် ခင်ဦးကို အစားထိုးပေါ့ဟူသော ဒါရိုက်တာ၏စကားသံကိုလည်း ခင်ဦးမမေ့ နိုင်ခဲ့။

× × × × ×

ဆရာမရင်ထဲမှာ မင်းတို့ဟာ ပန်းကလေးတွေဘဲ၊ ပန်းပွင့် တစ်ခုချင်းမှာ သူ့အချင်း၊ သူ့ဂုဏ်သူ့ရနံ့ရှိကြသလို မင်းတို့ တစ်ဦးချင်းမှာလဲ ကိုယ်ပိုင်အတတ်ပညာလေးတွေ ရှိကြတယ်။ ဒီအတတ် ပညာကို ဆရာမက ပြုပြင်ထိန်းကျောင်းပေးရင်း၊

မင်းတို့ကို အောင်မြင်ကျော်ကြားမှုလမ်းပေါ်မှာ လျှောက်လှမ်း
ရမယ်။

ဆရာမဒေါ်ခင်ဦးက တပည့်တွေကို ကြုံတိုင်းဒီစက
ပြောဖြစ်ခဲ့သည်။ ဒေါ်ခင်ဦးတပည့်တွေထဲမှာ အကတော်သူ
အဆိုတော်သူတွေများသည် အောင်မြင်ကျော်ကြားမှုကို တည့်မ
သောလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနေကြသည်။

ထိုအထဲမှာ မေတိုးလင်းမပါဝင်ခဲ့၊ မေတိုးလင်းသ
သူ့မိခင်မေကြည်လို အောင်မြင်မှု လမ်းပေါ်မလျှောက်လှမ်းနိုင်
မေကြည်ကွယ်လွန်တော့၊ မေတိုးလင်းကို ဒေါ်ခင်ဦးက ဆက်လ
ကျွေးမွေးစောင့်ရှောက်ထားသည်။ စင်စစ်မေတိုးလင်းသည်လ
အောင်မြင်ကျော်ကြားမှုကို ဆာလောင်မွတ်သိပ်နေသူတစ်ဦးဖြ
သည်။ ကံကြမ္မာသည် မေတိုးလင်းကို မျက်နှာသာမပေးမှ
မေတိုးလင်းသိရှိလာချိန်မှာတော့၊ မွေးစားမိခင်ဒေါ်ခင်ဦး၏ အရိပ်
ခိုရင်း၊ ဒေါ်ခင်ဦးနှယ်သာ မေတိုးလင်းကျင့်ကြံနေမိသည်။

အောင်မြင်ကျော်ကြားမှုဆိုတာ၊ မက်မောစရာမဟုတ်
ဘူးသမီးရယ်။ လူတွေရဲ့စိတ်မှာ အောင်မြင်မှုကြောင့် အနေကြံ
တွေ၊ လောဘတွေ၊ ဒေါသတွေ၊ မာနတွေ၊ သာပိုလို့များလာကြ
ပါ။ အောင်မြင်မှုမှာ ယစ်မူး၊ အောင်မြင်မှုကို အားကိုးပြ
မှောက်မှား၊ အောင်မြင်မှုတွေ ဆိပ်သုဉ်းချိန်မှာတော့ သူတို့ဘ
ဟာ၊ အမေတို့လောက်တောင် တန်ဖိုးမရှိတော့ပါဘူး။ ဘဝဆိုတ
ရေပွက်ပမာခဏတာရယ်ပါ။

မေတိုးလင်းက ဒေါ်ခင်ဦးစကားကိုငြိမ်၍ နားထောင်
တတ်သည်။ မိခင်ဒေါ်ခင်ကြည်သည် အောင်မြင်မှုများ ဆိတ်သု
ချိန်၌ စိတ်ဝေဒနာနှင့် ကွယ်လွန်သွားပုံကိုပြန်၍ သတိရလိုက်
သည်။



"ဆယ့်ခြောက်ဝါး ရှိတယ်။ သမီးကတော့ ရှစ်တန်းမှာ
အတန်းကူးပြောင်းလိုက်ချင်တယ်။ အကတွေပြတ်သိပ်ပေးတာထက်၊
တန်းကူးတန်းပြောင်း ပိုပြီးတိကျရင်၊ ကကွက်လှမယ်ထင်တယ်လေ။

ယိမ်းကကွက်တစ်ခုကို စိတ်ဝင်တစားစဉ်းစားတီထွင်နေ
သော သမီးမေတိုးလင်းကို ဒေါ်ခင်ဦး ကျေနပ်စွာ ကြည့်နေမိ
သည်။ မေတိုးလင်းသည် ကကြိုးကကွက်များကို တိကျသေချာစွာ
သင်ပြပေးနိုင်သော ဆရာမကောင်းတစ်ဦး ဖြစ်လာမည်ကို
ဒေါ်ခင်ဦး ယုံကြည်နေမိသည်။

မေတိုးလင်းသည် ဒေါ်ခင်ဦးနှင့်မခြား၊ ဒေါ်ခင်ဦးကိုယ်ပွား
ကကြိုးကကွက်များကို သင်ကြားလာနိုင်ပြီဖြစ်သော်လည်း သူမနှင့်
ခန့်တျာတစ်နှစ်တည်းဆင်းခဲ့သူ ယမုံ၏ အောင်မြင်မှုများကို တစ်ခါ
တစ်ရံ၌ ငေးမောအားကျနေတတ်သေးသည်ကို ဒေါ်ခင်ဦး သတိပြု
မိသည်။

သမီး သကြ်န်မှာ သမီးသင်ခဲ့တဲ့ နှစ်ဆယ့်လေးဦး ယိမ်းက
ထမရတယ်။ မေမေ ဝမ်းသာလိုက်တာ။

ဒေါ်ခင်ဦးက စကားပြောရင်း မေတိုးလင်းကို အကဲခတ်
လိုက်သည်။ သူမ၏ ကြိုးစားမှု အောင်မြင်သွားသည်အတွက် ပီတိ
မျက်ဝန်းကို မေတိုးလင်းထံမှာ တွေ့လိုက်ရသည်။ မေကြည်သွေး
သည် မေကြည်လိုသာ ဆန္ဒရှိနေသလားဟု ဒေါ်ခင်ဦးဘာသာ
မေးမိသည်။

သမီးကညွှန်ရင်မကြိုက်ဘူး။ တော်မှကြိုက်တာ ဒီတော့
ယိမ်းသင်ရင်လည်း အတတ်မြန်သူကိုပဲ သင်ချင်တယ်။

မေတိုးလင်းစကားကြောင့် ဒီို သမီးရယ်ဟု ဒေါ်ခင်ဦး
ရေရွတ်မိသည်။

တစ်နေ့မှာတော့ ရွှေတံဆိပ်ကို ရင်၌ လွယ်လျက် ဆုတံဆိပ် ဘောင်ကိုကိုင်ကာ ပြန်လာကြသော ဦးကိုကိုနှင့် မေတိုးလင်းကို ဒေါ်ခင်ဦးအံ့သြကြီးစွာ တွေ့လိုက်ရသည်။

အနုပညာပြိုင်ပွဲမှာ သမီးက ပထမဆုရွှေတံဆိပ်ရတယ်။ ခင်ဦးရဲ့ ခင်ဦး ဝမ်းမသာဘူးလား။

ဦးကိုကိုက ခင်ဦးကို ဝမ်းသာအယ်လဲပြောလာခဲ့သည်။

သားအဖနှစ်ယောက်ကိုကြည့်ရင်း ခင်ဦးပင့်သက် အမောကို ချလိုက်မိသည်။ နှုတ်မှလည်း

သမီးက အောင်မြင်ကျော်ကြားမှုကိုမှ ခင်တွယ်မက်မောနေရလား။ ပညာရှင်ဆိုတဲ့ ဂုဏ်နဲ့ပညာရှင် ပီသစွာမနေချင်ဘူးလား ဟုမေးလိုက်မိသည်။

မေတိုးလင်းက ဆုတံဆိပ်ဘောင်ကို စားပွဲပေါ်တင်ရင်း၊ ဒေါ်ခင်ဦးအနားမှာ ဝင်ထိုင်လိုက်သည်။

သမီးက အောင်မြင်ကျော်ကြားမှုကို ခင်တွယ်မက်မောနေတယ်လို့ မေမေထင်လို့လားဟင်ဟု မေးလိုက်တော့သည်။ ဒေါ်ခင်ဦးက မေတိုးလင်းကို ရိုဝေစွာ ပြန်ကြည့်ရင်း မဟုတ်လို့လား သမီးရယ်ဟု ချည်နှဲ့စွာပြန်ပြောလာခဲ့သည်။

မေတိုးလင်းက ရွှေတံဆိပ်ကို ခေါင်းမှချွတ်ကာ ဒေါ်ခင်ဦး လက်ထဲသို့ လှမ်းထည့်ပေးလိုက်ရင်း

မေမေရဲ့ စိတ်ဒဏ်ရာကို ဖေဖေပြောပြလို့ သမီးသိပြီးပါပြီ

ဒေါ်ခင်ဦးက ဦးကိုကိုလှမ်းကြည့်လိုက်သည်။

ဖေဖေ့ကိုအပြစ်မမြင်ပါနဲ့ မေမေ၊ သမီးကအောင်မြင်ကျော်ကြားမှုကို တမ်းတနေတာမဟုတ်ပါဘူး။ မေမေသင်ကြားပေးလိုက်တဲ့ အနုပညာတွေကို အောင်မြင်မှုဆိုတဲ့ လှေကားထစ်တွေကို



တက်လှမ်းရင်း၊ ဆပွား တိုးတက် ထင်ပေါ်စေချင်တဲ့ စေတနာပါ။ ဒါ ဘယ်သူ့သမီးလဲ၊ ဒေါ်ခင်ဦးသမီးလေ၊ ဒေါ်ခင်ဦးရဲ့ လက်ကျလက်နကို အပိုင်ရထားသူပေါ့။ မိဘခြေရာနင်းမယ့်ကလေး၊ စတဲ့ စကားသံတွေဟာ သမီးကမေမေ့ကို ကျေးဇူးဆပ်ရာရောက်မယ်လို့ ထင်တယ်လေ။

ဒေါ်ခင်ဦးက ရွှေတံဆိပ်ကို မှင်တက်မိစွာကြည့်နေမိသည်။ မေတိုးလင်းစကားကို မည်သို့မျှပြန်မဖြေနိုင်တော့၊ ထိုခဏ၌ပင် ဒေါ်ခင်ဦးတစ်ယောက်မိမိ၏ အောင်မြင်ကျော်ကြားမှုကို စတင်ထိတွေ့ခံစားလိုက်ရသည်။ မေတိုးလင်း၏ အောင်မြင်မှုသည် မိမိ၏ အောင်မြင်မှုပင် မဟုတ်ပါလော။

အောင်မြင်မှုကို နားလည်လက်ခံလာပြီး၊ အောင်မြင်သူများ၏မိခင် အောင်မြင်သူများ၏ဆရာဘဝ၌ ခိုင်မြဲနေစေရန်လည်း ဒေါ်ခင်ဦး ဆင်ခြင်နှလုံးသွင်းလိုက်မိသည်။

မေတိုးလင်း၏ အောင်မြင်မှုလမ်းမကို ချောမွေ့နေစေရန် ဒေါ်ခင်ဦး ဖေးမနေပေးတော့မည်ဟု အတွေးယစ်မူးရင်း

အောင်မြင်မှုဆိုတာ မက်မောစရာမဟုတ်ပါဘူးဟူသော စကားကို ဒေါ်ခင်ဦးပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်လိုက်သည်။

မေတိုးလင်းက ဒေါ်ခင်ဦးကို ရွှေတံဆိပ်လွယ်ပေးလိုက်သည်။ ဒေါ်ခင်ဦးက ရွှေတံဆိပ်ကို ငုံ့ကြည့်ရင်း

မေမေလည်း အောင်မြင်သူများရဲ့ အောင်မြင်သူပဲလေဟု ရင်မှ တီးတိုးပြောနေမိတော့သည်။

# ဘာကိုကြိုက်လဲ ရှင်တို့ရယ်

အောင်မြင်ခြင်းနှင့် ကျဆုံးခြင်းဟူသော စကားနှစ်လုံးသည် အနုပညာသမားများအတွက် ရည်ညွှန်းလိုက်လေသလားမသိ၊ ပြည့်စုံကတော့ သူ့အသိုင်းအဝိုင်းမှာ အောင်မြင်သူတွေရော၊ ကျဆုံးသူတွေပါ အမြဲမြင်တွေ့နေရသည်။ အနုပညာဆိုသည်ကလည်း အခက်သား၊ လွယ်မယောင်နှင့်ခက်၍ တိမ်မယောင်နှင့် နက်သောပညာသာဖြစ်သည်။ ဖွဲ့လုံ့လဝီရိယသည် ပါရမီဓါတ်ဗီဇတို့နှင့် ပေါင်းစပ်ထားသော အတတ်ပညာဖြစ်ချေသည်ဟု ပြည့်စုံထင်မြင်မိသည်။

ပြည့်စုံက အနုပညာကိုမွမ်းထုံလို၍၊ ယဉ်ကျေးမှုတက္ကသိုလ်တက်ကာ သဘင်မှုပညာကို လိုက်စားခဲ့သူဖြစ်သည်။ မြန်မာပြည်မှာ ပြည့်စုံမကြည့်ဘူးသော ဇာတ်သဘင်၊ ရုပ်စုံသဘင်ဟူ၍ မရှိသလောက်ပင်ဖြစ်သည်။

ဘဝကို နှစ်ကာချစ်ခဲ့ရသော ထိုသဘင်မှုပညာသည် ယနေ့အချိန်အခါ၌ တိမ်ကောနေရသည်ကို ပြည့်စုံမနှစ်မြို့ခဲ့။

"မြန်မာမှု သုခုမကို ချစ်တာတော့အမှန်ပါကွာ၊ ဒါပေမဲ့ သမုဒ္ဒရာဝမ်းတစ်ထွာကရှိသေးတယ်။ ဒီတော့ဘာကိုရွေးကြမလဲ"

ပန်တျာစိုးမိုးသူနှင့်ဆုံဖြစ်သော ထိုတစ်နေ့၌ စိုးမိုးသူက ညည်းတွား၍ ပြောလာသော ထိုစကားကို ပြည့်စုံငေးမော၍ နားထောင်နေမိသည်။





"မြန်မာပြည်ရဲ့ အနောက်ဘက်က မြို့ကလေးတစ်မြို့မှာ ငါပွဲသွားကဖူးတယ်။ တစ်ညတစ်သိန်းနဲ့ အသားတင်ရပါတယ်။ စားစရိတ်သွားလာနေထိုင်စရိတ်ကို ပွဲငှားသူကတာဝန်ယူတယ်လေ။ မင်းစဉ်းစားကြည့်စမ်းပြည့်စုံ၊ ဘယ်လောက်တန်လဲ"

ဇာတ်ကြီးတွေတောင် တစ်ညရှစ်သောင်းပဲနေရချိန်မှာ တစ်ညတစ်သိန်းဟူသော ပွဲငှားစရိတ်သည် မက်လောက်စရာပါလားဟု ပြည့်စုံတွေးလိုက်မိသည်။

"သူတို့မြို့ရောက်တော့ သေသေချာချာ၊ ဂရုတစိုက်ဧည့်ခံကျွေးမွေးကြတယ်။ နေရေး၊ ထိုင်ရေးကလဲ သိပ်ကောင်းတယ်လေ။ ဒါပေမဲ့ သူတို့မြို့သားတွေ တောင့်တတာက စတိတ်ရှိုးကဏ္ဍပဲ၊ ရှေ့ပိုင်းမှာ နှစ်နာရီ၊ သုံးနာရီလောက် စတိတ်ရှိုးဆိုပြီးရင်၊ ပြဇာတ်က၊ နောက်ဒုန်းဒုန်းဒိုင်းဒိုင်းနဲ့ နှစ်ပါးသွားနဲ့သိမ်း၊ ရှေ့ . . . ရှေ့မှာလဲ အဲဒီမြို့ကိုဝင်သွားတဲ့ ဇာတ်အားလုံးဟာ အဲသလိုပဲ ကသွားကြတာပဲ"

ပြည့်စုံက စိုးမိုးသူကိုကြည့်၍ "မင်းဘယ်လိုရင်ဆိုင်ခဲ့လဲ" ဟု ရင်ထဲမှမေးလိုက်မိသည်။

"ပွဲကနှစ်ညတည်းကရမှာ ပထမညပွဲမကခင်၊ညစာစားရင်းနဲ့ အိမ်ရှင်က ငါ့ကိုပြောတယ် မင်းသားတဲ့၊ ပွဲမကောင်းရင် နောက်နေ့ ဟင်းမကောင်းဘူးနော်" တဲ့ . . . လေ၊ ငါလဲ ဟင်းပန်းကန်ထဲက ကြက်ရင်အုံသားကို လန့်ဖြန့်လွှတ်ချလိုက်မိတယ်။ ငါ့ကိုငါယုံတယ်လေ။ ငါ့ပွဲကောင်းအောင်ကနေသူပဲ"

"မင်းစဉ်းစားကြည့်၊ ပွဲဦးညမှာ တို့တစ်တွေ နတ်ကတော်အကကိုကကြမှာပဲ မဟုတ်လား။ ပရိသတ်ကို အဆာအနေနဲ့ ပဒေသာအကတွေလဲ ဝေဝေဆာဆာဖန်တီးထားရကာ၊ ပုံပြင်၊ နိပါတ်၊

ထိုးဇာတ်တွေနဲ့ မှတ်သားစရာကျန်ခဲ့အောင်လည်း စေတနာထား ရတာ၊ ငါ. . . ပထမညကို အဲသလို ကျော်ဖြတ်လိုက်တယ် ပြည့်စုံရာ"

စိုးမိုးသူက ထိုစဉ်အခါက အဖြစ်အပျက်ကို ပြန်လည်တမ်းတသည်လားမသိ သူ့မျက်နှာက ထိုခဏ၌ညှိုးငယ်သွားလေသည်။

"နောက်တစ်နေ့၊ ထို့အဖွဲ့သားတွေ အိပ်ရာထ၊ မနက်စာ သွားစားကြတော့"

"ဘာနဲ့ကျွေးလဲ စိုးမိုး"

ပြည့်စုံက သိလိုဇောနှင့်ဖြစ်၍ ဝင်မေးလိုက်မိသည်။

"အာလူးကိုပဲငံပြာရည်နဲ့လုံးထားတဲ့ အာလူးပြုတ်ဟင်း"

စိုးမိုးသူ စကားအဆုံးမှာ "ဟာကွာ" ဟု ပြည်စုံ ရင်သပ်လိုက်မိသည်။

"ဒါ. . . တကယ့်အဖြစ်အပျက်ပဲ ပြည့်စုံငါ့မှာ၊ ငါတစ်ယောက်တည်းမဟုတ်ဘူးလေ။ ငါ့ကိုမှီခိုနေတဲ့လူလေးငါးဆယ်ရှိတယ်။ သူတို့ရဲ့ဝမ်းရေးရှိတယ်။ သူတို့ကို မှီခိုနေတဲ့ မိသားစုဝင်တွေရှိတယ်"

ပြည့်စုံက ခေါင်းကိုအသာခါယမ်းရင်း နှုတ်မှစုတ်သက်နေမိသည်။ ပန်တျာစိုးမိုးသူကတော့၊ ပရိသတ်အလိုကျဇာတ်ဆရာဘဝနှင့် ရေစုန်မှာ မျောပါနေသူသာဟု ပြည့်စုံမထင်ရက်တော့။

"ပွဲကရတာလည်း သိပ်မကိုက်တော့ပါဘူး။ ပြည့်စုံရာ၊ ရုံငှားခ၊ ကုလားထိုင်ငှားခ၊ အမြတ်တော်ခွန် မေတ္တာလက်မှတ်တွေနဲ့ ဘာကျန်မှာလဲကွာ"

မြန်မာစာထွန်းသျှန်၏ ညည်းတွားသံက၊ သဘင်မှုကို တစ်ခေတ်ဆန်းစေလိုသော ပြည့်စုံ၏ ဆန္ဒကို တွန့်ဆုတ်စေပြန်သည်။



"ဗီစီဒီတွေ ဒီဗီဒီတွေပေါ် လာတော့ လူများစုက အိမ်မကွာ၊ အိုးမကွာဘဲ အဲဒီခွေတွေကို ငှားကြည့်တာပေါ့။ တို့မှာက ရုံဝင်ခရှိတယ်။ ဖျာခရှိတယ်။ ဒီနေ့ပွဲကြည့်ရင် လူတစ်ယောက်ကို သုံးလေးထောင် ဝန်းကျင်အကုန်ခံရမယ်။ ညအိပ်ရေးပျက်မယ်လေ၊ ခွေကတော့ တစ်ရာဆိုရင် တစ်ရက်အတွင်း ဘယ်နှစ်ခါဖြစ်ဖြစ် ကြည့်လို့ရတယ်"

ထွန်းသျှန်၏ သုံးသပ်မှုကို ပြည့်စုံဝင်၍ မစွက်မိတော့

"တို့ရဲ့ ပြဇာတ်တွေကို ခွေရိုက်တယ်။ အငြိမ့်တွေကို ခွေရိုက်တယ်။ လူများစုက ဇာတ်ရုံထဲမလာတော့ဘူး။ ခွေဆိုင်မှာ ငှားကြည့်တယ်။ လိုက်လေဝေးလေဖြစ်နေချိန်မှာ၊ တို့သဘင်သည်တွေရဲ့ နောင်ရေးဟာ၊ ရင်လေးစရာပါ။ ပြည့်စုံရာ"

ထွန်းသျှန်၏ သက်ပြင်းမောကို ပြည့်စုံဂရုဏာသက်လိုက်မိသည် "ဩော်သဘင်သည်တွေရယ်" ဟု ညည်းတွားမိသည်။

စိုးမိုးသူနှင့် ထွန်းသျှန်တို့ကြောင့် ရှေ့တိုးရအခက် နောက်ဆုတ်ရအခက်ဖြစ်နေသော ပြည့်စုံတစ်ယောက်ကျောင်းနေဘက် သူငယ်ချင်းဖြစ်သူ သိန်းဇော်နှင့် ဆုံမိပြန်သည်။ သိန်းဇော်က အငယ်တန်းအင်ဂျင်နီယာ၊ ပြည်ပနိုင်ငံများသို့လည်း ဌာနဆိုင်ရာ တာဝန်နှင့် ရောက်ဖူးသူ၊ ပြီးတော့ ပြည့်စုံနှင့်အတူ အထက်တန်း ကျောင်းသားဘဝတုန်းက ဇာတ်ပွဲများကို နှစ်သက်စွာ လိုက်ကြည့်တတ်ပြီး၊ ပွဲခင်းထဲမှာ အိပ်ပျော်တတ်သူ၊ သိန်းဇော်စကားများက

"တို့တိုင်းပြည်မှာ သဘင်မှုပညာတွေ နိမ့်ပါးနေတာ၊ လူတွေမကြည့်ကြတာဟာ၊ ရိုးရာပျောက်လို့၊ စတိတ်ရှိုးတွေကလို့. . . . ဆိုတဲ့ဆင်ခြေတွေဟာ တစ်စိတ်တစ်ဒေသတော့ မှန်ရင် မှန်မှာပေါ့။ ဒါပေမဲ့ အလုံးစုံမမှန်နိုင်ဘူးလို့ ငါထင်တယ်

အမိကပစ်မှတ်ဖြစ်တဲ့ ပရိသတ်နှစ်ခြိုက်အောင်၊ တင်ဆက်မှုနည်းပညာပိုင်းမှာ အားလျော့လာတာကြောင့်လို့ ငါထင်တယ်။"

ပြည့်စုံက အားတက်သရောပြောနေသော၊ သိန်းဇော်စကားကြောင့် ပို၍စိတ်ဝင်စားလာခဲ့သည်။ "တင်ဆက်မှုနည်းပညာ" ဟူသော စကားကို နှုတ်မှလည်း ရေရွတ်နေမိသည်။

"တောင်ကိုးရီးယားနိုင်ငံမှာ၊ အလုပ်ရုံ ဆွေးနွေးပွဲတက်ရင်းနဲ့ ငါ ကိုးရီးယားတစ်ယောက်ကို မေးမိတယ်။ ငါ ပွဲကြည့်ချင်တယ်။ ပွဲကတာတွေရှိလားလို့ပေ့ါ။ ငါကမင်းလို သဘင်ပညာနောက်ကိုသာ တစိုက်မတ်မတ်မလိုက်တာ၊ ပွဲကြိုက်တာတော့မင်းထက်သာတယ်လေ"

သိန်းဇော်စကားကြောင့် ငယ်ဘဝကို ပြည့်စုံသတိရလိုက်မိသည်။ ရုံးပြတ်တွင်းမှ တက်ခေါက်သံ "တို့" ကောက်ပင်တရေးနိုး "နို့" မို့လား၊ တိမ်လား+မြူလား" တို့ကို ကြည့်ရင်းပြဇာတ်တစ်ခေတ်ကို ပြည့်စုံကို နှစ်ခြိုက်စွာ ဖြတ်သန်းခဲ့ကြသည်။ "နတ်လမ်းလျှောက်၍ ကျသောငရဲ" နှင့် စစ်မှန်းသူတို့လက်ခုပ်သံများ "ပြဇာတ်ကိုကြည့်ရင်းပြဇာတ်မင်းသား" တို့ တင်ဌေးကို ပြည့်စုံတို့စွဲလမ်းခဲ့ဖူးသည် ရွှေမန်းတင်မောင်၊ စိန်မဟာသဘင်တို့မှသည်။ လူငယ်ကြည်ခိုင်၊ ဘီအီးဒီအောင်သိုက်တို့အထိ ပြည့်စုံတို့မှတ်မိနေသည်။ နောက်ပိုင်းဇာတ်ထုပ်များမှာတော့ မြို့တော်သိန်းအောင်မှ "တရားရှင်နှင့် မင်းသားရဲစိန်ဇာတ်မှုပါတော်မူခန်း" တို့ကို ရင်ထဲမှာ စွဲနေသည်မှာ ယခုတိုင်ဖြစ်တော့သည်။

"ပွဲကတဲ့ ရုံတွေကဆိုးလ်မြို့ကနေ တစ်နာရီခရီးသွားရတဲ့ နေရာမှာ ရှိတယ်။ သူတို့ကလမ်းတွေကောင်းတယ်။ တစ်နာရီခရီးဆိုတာ၊ ငါ့အထင် ရန်ကုန်နဲ့ပဲခူးလောက်ဝေးချင်ဝေးနေမှာ၊



ဆိုးလ်မြို့ထဲကနေ၊ အဲဒီဇာတ်ရုံကို ဘတ်စ်ကားကြီးတွေ ဆွဲပေးတယ်လေ။ ဟိုရောက်မှ၊ ငါပိုပြီးအံ့သြရတယ် ပြည့်စုံ။ ဇာတ်ရုံဝင်းကြီးက အကျယ်ကြီးရယ်၊ အဲဒီဝင်းထဲမှာ ရုံခြောက်ရုံရှိတယ်။ ဘဲလေးခေါ်တဲ့ ကဇာတ်ကတဲ့ရုံ၊ အော်ပရာကတဲ့ရုံ၊ ပြဇာတ်ကတဲ့ရုံ၊ တီးဝိုင်းသက်သက်ဖျော်ဖြေတီးခတ်နေတဲ့ရုံ၊ ဆိုင်ငိုပြောဇာတ်၊ ပဒေသာနဲ့ဆပ်ကပ်မျက်လှည့်ကတစ်ရုံ၊ မင်းစဉ်းစားကြည့်စမ်း၊ တစ်နေရာတည်းမှာ စုဝေးထားတာ၊ မင်းနှစ်သက်ရာ ဖျော်ဖြေတင်ဆက်မှုကိုမင်းကြိုက်တဲ့ ရုံမှာဝင်ကြည့်၊ ဘယ်လောက်အဆင်ပြေလဲ ကားပါကင်ဝန်းကြီးဆိုတာကလဲ အကျယ်ကြီးရယ်။ ငါကအော်ပရာဝင်ကြည့်တယ်။ ကပြချိန်က သုံးနာရီကြာတယ်လေ။ အခန်းကြီးလေးခန်းခွဲထားပြီး တစ်ခန်းကို လေးဆယ့်ငါးမိနစ်ကြာတယ်။ ကောင်းလိုက်တဲ့ဆက်တင်အခမ်းအနား၊ အဆင့်မြင့်တဲ့ မီးအလင်းအမှောင်၊ နားသောတ အဆင်ပြေတဲ့ အသံစနစ်၊ သရုပ်ဆောင်တွေနဲ့ ဇာတ်စင်ဒါရိုက်တာရဲ့ ကြိုးပမ်းမှုတွေဟာ ကိုးရီးယားပိုက်ဆံ ဝမ်တစ်သောင်းတော့တန်ခဲ့ပါတယ်။ ပြည့်စုံရာ"

သိန်းဇော်က စကားကို ခေတ္တနားလိုက်သည်။ နိုင်ငံတကာအတွေ့အကြုံသည် နေရာတိုင်းမှာ လိုအပ်နေပါလားဟု ပြည့်စုံသုံးသပ်မိသည်။

"ဒီလောက်ကောင်းတဲ့ ရုံကြီးကို၊ ငါအတွင်းကျကျလေ့လာချင်လာတယ်၊ မင်းဆိုလဲ ဒီလိုပဲနေမှာပါ ပြည့်စုံ"

သိန်းဇော်စကားကို ပြည့်စုံခေါင်းညိတ်ပြလိုက်မိသည်။

"အလုပ်ရုံဆွေးနွေးပွဲရဲ့ တာဝန်ခံ ကိုးရီးယားက ငါ့ကိုကြိုးစားပေးတာနဲ့၊ အဲဒီရုံကို ငါရောက်ခဲ့တယ်။ လေ့လာခွင့်ရတယ် ပြည့်စုံ၊ ဒီမှာသင်ခန်းစာရတာက၊ ရုံကိုစတင်ဆောက်ကတည်းက

ဘာတွေတင်ဆက်ကပြမယ့် ရုံလဲဆိုတာကို စတင် စဉ်းစားကြတာပဲလေ။ ပဒေသာတွေကမယ့် ဇာတ်ရုံက၊ ကြမ်းခင်းအနေအထားကတစ်မျိုး၊ ဘေးဘီဝဲယာကတစ်မျိုးလေ၊ ငါကြည့်တဲ့ အော်ပရာရုံက ဘေးဘီဝဲယာနဲ့ ဇာတ်ရုံနောက်ဘက်မှာတင်၊ ဆက်တင်တွေကအရွှေ့အပြောင်း၊ တွန်းထုတ်လုပ်နိုင်ဖို့က ခွင်တစ်နေရာစာလောက်ကျယ်ဝန်းနေတာ ဆိုပါစို့ကွာ၊ ကခွင်ပေသုံးဆယ်ပတ်လည်ဆိုရင် ဝဲမှာ ယာမှာ နောက်မှာ၊ တိုင်ပျောက်ပေသုံးဆယ်ရှိနေတယ်လေ။ ကခွင်ထဲက ဆက်တင်ကိုဝဲဘက်ရွှေ့သွားပြီး၊ ယာဘက်ကဆက်တင်ကို တွန်းထုတ်၊ ယာဘက်ကို ရွှေ့သွားရင်၊ နောက်ဘက်က ဆက်တင်ကို တွန်းထုတ်၊ ဇာတ်စင်ရဲ့ ကခွင်ထဲမှာလဲ အထက်အောက်အတင်အချလုပ်နိုင်တဲ့၊ ဟိုက်ဒြောလစ်စက်လှေကားနဲ့ ဆက်တင်တွေမတင်နိုင်တယ်။ ကခွင်ထဲမှာလဲ၊ မီးရထားသံလမ်းလို၊ လမ်းကြောင်းတွေမြှုပ်နှံထားတယ်။ ဆက်တင်ကို မီးရထားသံလမ်း ဘီးလိုမျိုးနဲ့ မပြီးရွှေ့ပြောင်းကြတာလေ။ နောက်ပြီးအလင်းအမှောင်ဆိုရင်လဲ တစ်ထောင်ဝပ်မီးလုံးပေါင်း အလုံးတစ်ထောင်ကျော်ရှိတယ်။ ဝပ်ဆယ်သိန်းအားလောက် သုံးထားတာနော်၊ မီးအုပ်စုတွေကို အပူအအေးမျှပြီး အရောင်စက္ကူတွေနဲ့ဖုံးအုပ်ထားတယ်။ နေ့ကနေညပြောင်းရင်၊ မီးအုပ်စုလိုက်ပြောင်းလိုက်ရုံပဲ၊ ဒင်ဘာ (မီးထိန်းစက်) ကို ကစားနေတာမဟုတ်ဘူး။ လင်းလိုက် မှောင်လိုက်နဲ့ စတိတ်ရှိုးလိုလုပ်နေတာဟာ မီးတွေအဆင့်မြင့်တာမဟုတ်ဘူး။ ရှိုးရာကို ဖျောက်နေတာလို့ ကိုးရိုးယားတွေ ပြောတယ် ပြည့်စုံ”

သိန်းဇော်က စကားကို ခေတ္တရပ်နားလိုက်သည်။ သူ့အပြောသူ့ဟန် သူ့အားမာန်သည် အင်ဂျင်နီယာတစ်ယောက်အနေနဲ့ ဇာတ်ခုံပိုင်းဆိုင်ရာ အားနည်းချက်များကို ဖြည့်ဆည်းပေးလို့ ဟန်ရှိနေသည်။ ပြည့်စုံကတော့ သိန်းဇော်အပြောမှာ မျော၍သာလိုက်ပါနေမိသည်။

“အသံဆိုရင်လဲ၊ သရုပ်ဆောင်က သူကိုယ်တိုင်ဆိုနေပြောနေတာ၊ ဘော်ဒီမိုက်လေးတွေနဲ့၊ သရုပ်ဆောင်ရဲ့ အဆိုအားကို ဖြည့်ပေးတယ်။ ရုံအတွင်းမှာ စပီကာတွေအလုံးတစ်ရာနှစ်ဆယ်ရှိတယ်။ အဆင့်မြင့်အသံစနစ်တွေနဲ့ နားအရသာရှိလိုက်တာ ပြည့်စုံရာ”

သိန်းဇော်စကားကြောင့် မြန်မာဇာတ်ရုံများ၏ စတိတ်ရှိုးရှေ့လော်စပီကာကြီးများကို ပြည့်စုံမျက်စိထဲပြေး၍ မြင်ယောင်လိုက်မိသည်။

“အဲဒီမှာ ငါ သုံးသပ်လိုက်မိတယ်။ ပြည့်စုံ၊ တောင်ကိုရီးယားဆိုတာဟာ၊ ဒုတိယဂျပန်နိုင်ငံပဲ၊ တိုးတက်နေတယ်။ ဂျပန်နဲ့ ပင်လယ်သာခြားနေတယ်။ ဂျပန်အသေးစားနိုင်ငံလေးပဲ၊ ကိုးရီးယားတွေဟာ ဂျပန်လိုပဲ အချိန်ပြည့်အလုပ်လုပ်နေတယ်၊ ကြီးမြင့်လာတဲ့ လူနေမှု စရိတ်ကို မိသားစုအားလုံး အလုပ်လုပ်ရင်းပြည့်စုံစေကြတယ်။ အချိန်ကိုတန်ဖိုးထားပြီး အလုပ်လုပ်နေကြတဲ့သူတွေဟာ သုံးနာရီလောက် စိတ်အပန်းဖြေ အချိန်ဖြုန်းနေကြတာ၊ နောက်ပြီး တစ်နာရီခရီးကို မညည်းမညူသွားပြီး ပွဲကြည့်ကြတာဘာကြောင့်လဲ ပြည့်စုံ။ သူတို့ရဲ့တင်ဆက်မှုနည်းပညာဟာ အရိုးကိုအရွက်မဖုံးဘဲ ခေတ်စနစ်နဲ့အညီ လိုက်လျောညီထွေ ပြောင်းလဲတိုးတက်နေလို့ပဲ ငါထင်တယ်၊ ငါ့အထင်ဟာလဲ ကိုးရီးယားတွေအပြောနဲ့ထပ်တူ သွားညီနေတယ်၊ ဒီတော့ ငါတို့ဇာတ်စင်၊ ငါတို့ဇာတ်ခုံတွေကို ခေတ်မီတိုးတက်အောင် နည်းပညာသစ်တွေနဲ့ပြုပြင်ပြောင်းလဲသင့်ပြီ၊ ဟုတ်ယောင်မှု အတတ်ပညာနဲ့

ညှို့ငင်ဖမ်းစားသင့်ပြီ။ ဒါဆို ပရိတ်သတ်တွေပြန်လာမယ်၊ မြန်မာ့သဘင်မှုကို လက်သင့်ပြန်ခံ လာမယ်၊ အဲဒီအတွက် ငါဘာကူညီရမလဲ ပြည့်စုံ”

ပြည့်စုံက သိန်းဇော်အမေးကိုဘာမျှပြန်မပြောမိတော့၊ မျက်လုံးထဲမှာတော့ ဇာတ်ရုံတစ်ရုံမျှ ကိုယ်ပိုင်မရှိသော မြန်မာသဘင် ပညာရှင်များကိုသာ စဉ်းစားသနားနေမိသည်။

စိုးမိုးသူက သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် ပရိသတ်အလိုကျ၊ ကပြရပါသည်ဟု ဆိုသည်။

မြန်မာစာထွန်းသျှန်က တိုးတက်လာသော မီဒီယာတွေကြောင့် ပရိသတ်တွေ ဇာတ်ရုံဘက်လှည့်မလာတာပါဟု ဆိုသည်။

သိန်းဇော်ကတော့ “တင်ဆက်မှုနည်းပညာ” နိမ့်ပါးလာ၍ ပရိသတ်ကို မဆွဲဆောင်နိုင်ခြင်းသည်သာ အဓိကတရားခံဟုဆိုသည်။

ငယ်စဉ်တုန်းက ပုဏ္ဏားခြောက်ယောက်၏ မျက်မမြင်အတွေးကို ပြည့်စုံသတိရလိုက်မိသည်။ ပြဿနာကမြန်မာသဘင်မှုအနုပညာကို လူမကြည့်ကြတာ၊ လက်သင့်ခံမှုနည်းပါးလာတာကိုတွန်းလှန်ရန်ဖြစ်သည်။ ပြည့်စုံက မိမိကိုယ်ကို ပရိသတ်နေရာမှာထားလိုက်မိသည်။ စတိတ်ရှိုးကတော့ပြည့်စုံလည်း နှစ်သက်သည်။ ပြဇာတ်၊ ကဇာတ်၊ အော်ပရာ တို့မှာလည်းကြည့်သင့်သောအရာဖြစ်သည်။ ပဒေသာအကတွေကလဲ ရှိုးရာမပျက်စုံမက်ဖွယ်ဖြစ်သည်။ ပြည့်စုံစဉ်းစားရင်းခေါင်းခြောက်လို့လာသည်။ မိမိကိုယ်ကို သဘင်သည်အရာမှပြန်နေသည်။ ဒီတော့ ပွဲကြည့်သူကို မေးမိသည်။

“ကဲ- ပရိသတ်များ၊ ခင်ဗျားတို့ဘာကိုကြိုက်ပါလဲ”



ပန်တျာစိုးမိုးသူ၊ မြန်မာစာထွန်းသျှန်နှင့် အင်ဂျင်နီယာသိန်းဇော်တို့ကတော့ ပြည်စုံကို ကြည့်၍ရယ်မောနေကြပေလိမ့်မည်။

# ခရေးဇီး၏ အန္တိမ

ဆောင်းလေသည် တစ်ချက်တစ်ချက်ဝှေ့ဝဲတိုက်ခိုက်လျက်ရှိသည်။ နှင်းမကျသော်လည်း ဝန်းကျင်မှာမူ စွတ်စိုလျက်ရှိသည်။ သူက ဇာတ်ရုံရှေ့လက်ဖက်သုပ်ဆိုင်မှာထိုင်လျက် ဂိတ်မှုံးကြီးကို ငေးမောကြည့်နေမိသည်။

ပတ်ဝန်းကျင်မှာ ဖွင့်ထားသော လက်ဖက်ရည်ဆိုင်၊ မျက်လှည့်ဆိုင်၊ ကစားစရာဆိုင်တို့မှ ကက်ဆက်သံတို့က လုံးထွေးဆူညံလျက်ရှိသည်။ လက်ဖက်သုပ်ဆိုင်မှာတော့ သူမှတစ်ပါးစားသုံးသူမဲ့လျက်ရှိလေသည်။ ဇာတ်ရုံထဲမှ တစ်ချက်တစ်ချက်လွင့်ပျံ့လာသော ဒရမ်ရိုက်ချက်သံနှင့် ယမ်းသေနတ်ပစ်ဖောက်သံတို့က ရုံရှေ့မှာ ရစ်ဝဲနေကြသော ကလေးငယ်များကိုဆွဲဆောင်လျက်ရှိသည်။

ဒီမြို့ကလေး၏ အစွန်ကျသော ရတနာပုံဘုရားမှာ နှစ်စဉ်ဘုရားပွဲကျင်းပလေ့ရှိသည်။ ဘုရားပွဲကို ၁၀ ရက်တိုင်တိုင်ကျင်းပပြီး နာမည်ကြီး ဇာတ်ပွဲတို့ကို ရတနာပုံဘုရားမှာ ခေါ်ယူငှားရမ်းပွဲသွင်းလေ့ရှိသည်။ မြို့ကလေးမှာ ပျော်ပွဲရွှင်ပွဲဆို၍ ဒီဘုရားပွဲသာရှိသဖြင့် ဘုရားပွဲမှာ မြို့ကလေးက လူအားလုံးနီးပါးလာကြသောနေရာဖြစ်သဖြင့် စည်ကားသည်က အမှန်ဖြစ်သည်။

သူကလည်း ဒီမြို့ကလေးမှာ နေထိုင်သော ဒီမြို့သားတစ်ဦးဖြစ်သည်။ အများနည်းတူ ဘုရားပွဲကိုလာခြင်းထက် ယခု





ကပြနေသော ဇာတ်အဖွဲ့သို့ ဧည့်သည်တော်အဖြစ်ပါဝင်လာသော စင်ကာပူပြန်အလှဂုဏ်ရည်အငြိမ့်အဖွဲ့မှ မင်းသမီးမမကြည်ကို နှစ်သက်၍ စွဲလမ်းလွန်း၍ တစ်နည်းဆိုရလျှင် ခရေးဇီ (CRAZY) ဖြစ်လွန်းလှ၍ လာရောက်ကြည့်ရှုခြင်းလည်းဖြစ်သည်။

ပွဲလာကြည့်သူများစုမှာလည်း မမကြည်၏ ပရိသတ်အများစုပါဝင်ကြသည်။ လွန်ခဲ့သော တစ်နှစ်ကျော်က မမကြည်တို့အငြိမ့်အဖွဲ့၊ ရတနာပုံဘုရားပွဲမှာ ရုံသွင်းကပြခဲ့ဖူးသည်။ ဒီတုန်းက ရုံသွင်းကသော အငြိမ့်အဖွဲ့ဟူ၍ ဒီမြို့ကလေးမှာ မမကြည်တို့က ပထမ စံချိန်ထူသွားသည်။

မမကြည်က ကက်ဆက်ခွေလည်းထွက်သည်။ ဗီဒီယိုခွေလည်းထုတ်သည်။ ဗီစီဒီလည်းထွက်သည်။ မမကြည်ဆိုသောကသောအခွေမှန်သမျှ သူဝယ်သည်။ နားထောင်သည်။ ကြည့်ရှုသည်။ မမကြည်သည် သူ့အားဆွဲဆောင်နိုင်လွန်းသည်။

စင်စစ်သူကလည်း အနုပညာသမားတစ်ယောက်ဖြစ်သည်။ ဒီမြို့ကလေး၏ ပိုစတာလောက၌ သူ့ကို မသိသူဟူ၍ မရှိသလောက်ပင်ဖြစ်သည်။ သူ့ဝါသနာထုံတာက သီချင်းဆိုခြင်းဖြစ်သော်လည်း သူအောင်မြင်နေသည်က ပန်းချီဆွဲခြင်းပင်ဖြစ်သည်။ သူ့အိမ်မှာ မမကြည်၏ ပုံပေါင်းများစွာကို ဆွဲထားသည်။ ကြော်ငြာပိုစတာများစွာလည်း နံရံမှာကပ်ထားသည်။ ထိုသို့ မမကြည် ခရေးဇီ ဖြစ်လွန်း၍ ပြင်ပလောကရှိ မမကြည်ကို သူသိပ်တွေ့ချင်သည်။

"အင်း . . . အငြိမ့်သိမ်းတော့မှာ၊ အငြိမ့်က တစ်နာရီတည်းကမယ်လို့ ကြော်ငြာထားတာ ဒီအချိန်ဆိုပြီးလောက်ပြီထင်တယ်"

သူကနာရီကိုငုံ့ကြည့်လိုက်ရင်း တီးတိုးရေရွတ်လိုက်သည်။ နာရီသည် နံနက်သုံးနာရီကိုပြနေလေသည်။ သူက လက်ဖက်သုပ်ဖိုးရှင်း၍ နေရာမှထလိုက်သည်။

"မမကြည်ကို မြင်ဖူးအောင်ကြည့်မယ်"

သူ့ခြေလှမ်းတို့က ဇာတ်ရုံနောက်ဆီသို့ စတင်လိုက်သည်။

× × × × ×

ဇာတ်ရုံနောက်ဘက်ကို သူ့လှမ်းကြည့်လိုက်သည်။ ဇာတ်ရုံလုံခြုံရေးအတွက် သံဆူးကြိုးတွေဝိုင်းရံချထားသည်ကို တွေ့ရသည်။ ဇာတ်ရုံနောက်ဘက်အလယ်ပေါက်မှ ဇာတ်အဖွဲ့သားတို့အတွက် ဝင်-ထွက်ပေါက်ရှိသည်။ ထိုမှသံဆူးကြိုးများထံလျှောက်လာ၊ လူတစ်ကိုယ်စာဝင်-ထွက်ပေါက်မှ ထွက်-ဝင်ပြုရန် ပြုလုပ်ထားသည်။ သံဆူးကြိုးအပေါက်ဝမှာ လူတစ်ယောက်ထိုင်စောင့်နေသည်။

သူက ထိုသူထံလျှောက်သွားသည်။

"ကျွန်တော် မမကြည်နဲ့တွေ့ချင်လို့ပါ"

အပေါက်စောင့်ကသူ့ကို မော့ကြည့်သည်။

"မမကြည်ကမှာထားတယ်၊ ဒီမြို့ကလေးမှာ သူ့အသိအကျွမ်း မရှိဘူးတဲ့၊ သူ့နာမည်ကိုအသုံးပြုပြီး ဝင်လာရင် ပေးဝင်သူရဲ့ တာဝန်ပဲလို့ပြောထားတယ်။ ဒီတော့ မင်း. . ပြန်ပါ"

သူတွေဝေသွားသည်။ ဒုတိယမ္ပိထပ်ကြိုးစားပြန်သည်။

"တွေ့ဖူးချင်လို့ပါ။ တခြားဘာရည်ရွယ်ချက်မှ မရှိပါဘူး"

အပေါက်စောင့်က သူ့စကားကြောင့် ရယ်မောလိုက်သည်။



"မရှုးစမ်းပါနဲ့ကိုယ့်လူရာ၊ မင်းသမီးက ဗီဒီယိုခွေထဲမှာလည်း ဒီအတိုင်းပဲ၊ အပြင်မှာလည်း ဒီအတိုင်းပဲ၊ ဘာမှမထူးပါဘူး၊ နောက်ပြီးကိုယ့်လူသိထားဖို့က အခုလိုရုံအနောက်ထိရောက်လာတာကိုက လုံခြုံရေးစည်းကျိုးပေါက်နေပြီ၊ ကဲကဲ ပြန်ပါကွာ"

သူ့ကြိုးစားမှု အချည်းနှီးဖြစ်ခဲ့ရ၍ သူစိတ်ပျက်သွားမိသည်။ တကယ်ဆို သူလည်း အနုပညာသမားတစ်ယောက်ဖြစ်သည်။ အနုပညာသမားတစ်ယောက်ကို အနုပညာသမားတစ်ယောက်က တွေ့ဆုံလိုခြင်းသည် လုံခြုံရေးစည်းကို ကျိုးပေါက်စေသတဲ့လားဟု ခါးသီးစွာရေရွတ်လိုက်မိသည်။

သူကဇာတ်ရုံကို သေချာစေ့င အကဲခတ်လိုက်သည်။ သံဆူးကြိုးကိုကျော်လျှင် ဇာတ်ရုံ၏ထရံနားကိုရောက်မည်။ ထရံတို့သည် ဝါးတိုင်မှာနှီးဖြင့်ချည်ထားခြင်းသာဖြစ်သည်။ ဝါးထရံမှ ချောင်းကြည့်လျှင်ရနိုင်သည်။ မမကြည်သည် အထဲမှာရှိသည် သူက ထိုသို့စဉ်းစားဆုံးဖြတ်လိုက်သည်။

ထိုသို့ဆုံးဖြတ်ပြီးနောက် လူသူလေးပါးတို့ကို သူအကဲခတ်လိုက်သည်။ အပေါ့အပါးသွားသူများနှင့် သူ့ကဲ့သို့ ဇာတ်ရုံနောက်ဘက် မယောင်မလည်လာသူများ ရှိနေသဖြင့် သူအသာနောက်ဆုတ်လိုက်သည်။ စိတ်ထဲမှာတော့ နောက်တစ်နေ့လက်ဖက်ဆိုင်ထိုင်ရင်း သူငယ်ချင်းများကို မမကြည်၏ပြင်ပအလှဒဿနကို သူဖွင့်ဟပြောပြရန်ဖြစ်တော့သည်။

× × × × ×

သံဆူးကြိုးတို့ကိုပတ်၍ လူတစ်ကိုယ်စာလစ်ဟာနေသောနေရာကို သူရှာနေမိသည်။ လမိုက်ညဖြစ်သဖြင့် ဇာတ်ရုံ၏ နောက်ဘက်မှာ မှောင်လွန်းလှလေသည်။

သူက သံဆူးကြိုးအောက်ခြေနားသို့ တိုးကပ်သွားသည်။ သံဆူးကြိုးလစ်ဟာနေသော နေရာတို့ကို ဖင်ထိုင်လျက်ရွေ့လျားရင်း စမ်းသပ်နေမိသည်။ တစ်နေရာမှာတော့ လယ်ကန်သင်းရိုးအမြင့်နှင့်သံဆူးကြိုးအကြား လူတစ်ဝပ်စာနေရာလပ်တစ်ခုကို သူတွေ့လိုက်ရသည်။ အခြေအနေသည်သူထင်ထားသည့်ထက်ပင်ကောင်းနေသေးသည်။ သူကလယ်ကန်သင်းရိုးနှင့် အပြိုင်ဝပ်၍မှောက်လိုက်သည်။ လစ်ဟာနေသော နေရာမှတွားသွား၍အတွင်းဧည်းသို့ တိုးဝင်လိုက်သည်။ စွတ်စိုနေသော မြေပြင်သည်သူ၏တံတောင်ဆစ်တို့ကို ညစ်ပတ်စေတော့သည်။

သူအတွင်းပိုင်းသို့ရောက်သွားသည်။ အခုမှလွတ်မြောက်ကာစ သတ္တဝါတစ်ကောင်နှယ်၊ တွားသွားရာမှထိုင်၍ အသက်ကိုဝအောင်ရှူလိုက်သည်။ ထိုစဉ်မှာပင် သူ့ရှေ့မှ သတ္တဝါတစ်ကောင်ကိုသူတွေ့လိုက်ရသည်။ သူ့နှုတ်မှ "ဟာ" ခနဲ အာမေဋိတ်ပြုလိုက်မိသည်။

"ဘုရား၊ ဘုရား မြွေတစ်ကောင်ပါလား"

မြွေက ပါးပျဉ်းထောင်လျက် သူ့ကို စိုက်ကြည့်သည်။ "မလှုပ်လိုက်နဲ့ကိုယ့်လူလှုပ်လိုက်လို့ကတော့အပေါက်ပဲ" ဟု သူ့ကိုပြောနေဟန်ရှိသည်။

"ငါ . . ငါမင်းကို အန္တရာယ်ပြုဖို့လာတာ မဟုတ်ပါဘူးကွာ" သူက နှုတ်မှလှမ်းပြောစဉ်မှာပင် မြွေကရှူးခနဲနှာမှုတ်လိုက်ပြန်သည်။

"ဘုရား၊ ဘုရား ဒီတစ်ခါတော့ သေပြီထင်တယ် . . ."

သူက မျက်စိကိုမှိတ်လိုက်သည်။

"သဗ္ဗာ သိဝိသ ဇာတိနံ

ဒိဗ္ဗ မန္တာ ဂဒံ ဝိယ၊



ယံ နာ သေတိ ဝိသံ ဃောရံ

သေသဥ္စာပိ ပရိဿယံ"

သူရွတ်လိုက်သော ခန္ဓသုတ်ကြောင့်လားမသိ၊ မြွေကပါးပျဉ်းကိုချလျက် သူ့နံဘေးမှဖြတ်ကာအပြင်သို့ ထွက်သွားသည်။ ရွေ့လျားနေသော မြွေကိုကြည့်ရင်း ညဥ့်လယ်အာရုံနိုးထမှာချွေးပြန်နေသော သူ့အဖြစ်ကို ပြန်သတိရလိုက်မိသည်။ခေတ္တအမောဖြေပြီး၊ မြေကြီးကိုလက်ထောက်ကာ သူအားယူ၍ထလိုက်သည်။

"ဟာ"

သူ့လက်မှာ စေးခနဲနေသော အရာတို့နှင့် ထိတွေ့လိုက်ရသည်။ သူက လက်ကိုရုတ်ပြီး အနံ့ကိုခံလိုက်မိသည်။

"ဟာ . . နွားချေးတွေ"

သူကမြေကြီး၌ ပြန်ထိုင်လိုက်ပြီး မြက်တို့နှင့် ပွတ်တိုက်၍လက်၌ပေနေသော နွားချေးတို့ကို သုတ်စင်လိုက်သည်။

ဖြတ်သန်းလာရသောခဏ၌ ဘာမဟုတ်သော အဖုအထစ်တို့ကို တွေ့ရမည်မှာ ဓမ္မတာဟု သူသဘောပိုက်ရင်း၊ ဇာတ်ရုံရဲ့နံဘေးကို ပြေး၍ကပ်လိုက်သည်။

ပိန်းပိတ်နေသော ထရံပေါက်ကို သူအသာဟလိုက်သည်။ အတွင်းမှ လူဟန်တို့ကို သူသဲကွဲစွာမြင်လိုက်ရသည်။

"မမကြည်လာလေ . . . ညီမဆံထုံးဖြေပေးမယ်"

မိန်းမလျာတစ်ဦး၏အသံကို သူကြားလိုက်ရသည်။ ထိုနေရာသို့ သူ့မျက်လုံးကို ရွေ့လျားလိုက်သည်။ မင်းသမီးမမကြည်သည်ဘလောက်အကျႌကို ဝတ်ဆင်လျက်၊ မိတ်ကပ်လိမ်းကျံလျက်သားနှင့် မိန်းမလျာရှေ့ရှိ ကုလားထိုင်မှာ ဝင်ထိုင်လိုက်တာကို သူတွေ့လိုက်ရသည်။

"မမကြည်ရယ်"

ထရံပေါက်မှ ချောင်းကြည့်ရင်း သူ့နှုတ်ဖျားမှ လှိုက်လှိုက်လှဲလှဲ ရေရွတ်လိုက်မိသည်။

ထိုစဉ်မှာပင်

စူးရှသော လက်နှိပ်ဓာတ်မီးရောင်က သူ့ကိုယ်ပေါ်သို့ ဖြာ၍ကျလာတော့သည်။ အလင်းရောင်ကြောင့် သူရုတ်တရက် လှည့်ကြည့်လိုက်တော့၊ သူ့မျက်လုံးက အလင်းရောင်ကို ဖောက်ထွင်းသလို ဖြစ်သွား၍ သူ့မျက်စိကို လက်နှင့် ကာလိုက်မိသည်။

"ဟေ့လူ . . . မင်းလာခဲ့စမ်း"

ခက်ထန်သောအသံကြောင့် "ဟုတ်ကဲ့ . . . လာပါပြီ" ဟု သူဆိုရင်း၊ သံဆူးကြိုးအနားသို့ သူပြန်သွားလိုက်သည်။

ဒီလူတွေ ပွဲခင်းလုံခြုံရေးတွေပဲဖြစ်မှာ၊ ငါအမှန်ကိုပြော လိုက်ရင်ပြီးတာပဲဟု သူတွေးလိုက်မိ၍လည်း ဖြစ်သည်။ ထို့ပြင် ဒီမြို့လေးမှာ ပန်းချီဆရာဘဝနှင့် ရိုးသားစွာအသက်မွေးဝမ်းကျောင်း ပြုသော သူ၏ခိုင်ကျည်သည့် စာရိတ္တကိုယုံတာလည်းပါ၍ ဖြစ်သည်။

သံဆူးကြိုး၏အပြင်မှာ တုတ်ကိုယ်စီကိုင်ထားသော လူသုံးယောက်ကို တွေ့ရသည်။

'အတော်အတင့်ရဲတဲ့သူဦး၊ ဒီလောက်သံဆူးကြိုးတွေကာ ထားတာတောင် ရအောင်ဝင်သေးတယ်'

တစ်ဦးကမှတ်ချက်ပြုသလို ကျန်တစ်ဦးကလည်း

'ရှေ့ကဇာတ်အဖွဲ့ကိုဝင်ခိုးသွားတာလည်း ဒီကောင်ပဲဖြစ် မယ်' ဟု ထောပနာပြုလာပြန်သည်။

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်တော်မမကြည်ကို မမြင်ဖူး လာချောင်းကြည့်တာ'



သူ့စကားအဆုံးမှာ လူသုံးယောက်ကဟားတိုက်ရယ်မော လိုက်ကြသည်။

'မမကြည်ကို မမြင်ဘူးလို့ဟုတ်လား၊ တယ်ကောင်းတဲ့ဆင် ခြေပဲ'

'သူခိုးက ခိုးတယ်လို့ ဘယ်လာပြောပါ့မလဲကွာ'

'မင်းထရံကို ချိုးဖဲ့နေတာ ငါတို့မြင်နေတယ်၊ ငြင်းချင်သေး လား'

တစ်ယောက်တစ်ခွန်း ပြောလာကြသော ထိုသူတို့စကားကို သူမည်သို့ပြန်ပြောရမှန်းမသိဖြစ်နေစဉ်မှာပင် သူတို့အနီးသို့ဇာတ်ရုံ နောက်အပေါက်၌စောင့်နေသောလုံခြုံရေးဆိုသူ ရောက်လာလေ သည်။ လုံခြုံရေးကိုတွေ့၍ သူအားတက်သွားသဖြင့်

'သူ့ကိုမေးကြည့် ကျွန်တော်မမကြည်ကိုမြင်ဖူးချင်လို့ ခုန အတင် သူကိုအခွင့်တောင်းသေးတယ်'

လုံခြုံရေးစောင့်သူက သူ့ကိုသေချာစွာကြည့်ပြီး

'ဒီကောင့်ကိုငါသိတယ်၊ အခုနကတည်းက ဇာတ်ရုံနောက် ဘက်မှာ ဝေ့ဝဲနေတာ၊ မမကြည်ကိုမိတ်ဆက်ပါရစေလို့ ခေါင်းစဉ် တပ်နေတာ၊ အဲဒီကတည်းက ကျူပ်ကမသင်္ကာဖြစ်နေတာ'

သွားပြီ၊ အားကိုးတကြီးနှင့် သူ့ကို သက်သေအရာထား မိမှ ထောင်လုံးလျားကျရသည့်အဖြစ်နှင့်ကြုံရပြီ

တစ်ဦးက သံဆူးကြိုးကိုဖယ်ရှားသည်၊ သူ့လက်ကိုလှမ်းဆွဲ ၍ အပြင်သို့ထုတ်လိုက်သည်။

'မင်း ဘာဆင်ခြေပေးဦးမလဲ'

'ကျားသနားရင်နွားချမ်းသာဖြစ်မှာပေ့ါ'

'ကြာတယ်ကွာ ရဲကင်းကိုပို့လိုက်'

လူသုံးယောက်ဆွဲခေါ် ရာနောက်သို့ သူတရွတ်တိုက်လိုက်ပါသွားရသည်၊ မျက်ရည်သည် ပေါက်ခနဲကျလာသည်။ ခရေဇီ၏ အန္တိမသည် ဒါပေလားဟု သူခံစားလိုက်ရသည်။

× × × × ×

နံနက်မိုးသောက်ခဲ့ပေပြီ။

မြို့ကလေး၏ဈေးထဲမှာ လက်ဖက်ရည်ဆိုင်မှာလူအများစုဝေးရာနေရာမှာ အပြောများသည့်ကိစ္စအဖြစ်နှင့် မနေ့ညက ဒီမြို့လေး၏ ပန်းချီဆရာတစ်ယောက် ဇာတ်ရုံနောက်ကိုဖောက်သည်ဖြစ်ရပ်က ပြောမဆုံးအောင်ရှိနေကြလေသည်။

ထိုညက မမကြည်သည် ထိုမြို့လေး၏ နောက်ဆုံးနှုတ်ဆက်ညအဖြစ် ပရိသတ်ကို အားပါးတရကပြသွားခဲ့လေသည်။

## ချစ်လို့ရယ်တဲ့ခင်မင်ယဉ်ရှာရော့သလား

( ၁ )

ရေထဲမျောလာတဲ့ အရုပ်တစ်ရုပ်ကို ဆယ်ယူလိုက်ခြင်းဟာ သူ့အတွက်ကံကောင်းခြင်းပါပဲ၊ ဘာရယ်ညာရယ်မဟုတ်ပါဘူး၊ ဒီနေ့ကမြစ်ထဲမှာ သူရေဆင်းချိုးတယ်။ မြစ်ဝကျွန်းပေါ် သားဆိုတော့ ရေနဲ့လည်းနီးစပ်တယ်လေ။ ဒီတော့ ရေကူးလိုက်၊ ရေငုပ်လိုက်နဲ့လုပ်နေရင်း ရေငုပ်ရာကအထမှာ သူ့ခေါင်းနဲ့ထိပြီး အရာဝတ္ထုတစ်ခုဟာ ရေထဲကိုပြန်ကျသွားလေရဲ့ သူလဲကိုယ်ဖော့ အနီးအနားလှည့်ကြည့်လိုက်တော့ စီးနေတဲ့ရေထဲမှာ အရုပ်တစ်ရုပ်ကိုတွေ့လိုက်ရတယ်။ ဒါနဲ့ သူလည်း ရေကူးပြီး အရုပ်တစ်ရုပ်ကို ဆယ်လိုက်မိတယ်။

အခါတိုင်းလည်း ရေထဲမှာမျောပါနေတာတွေကို သူဆယ်ယူလေ့ ရှိတယ်။ တိုင်ကီပိုင်းပြတ်တွေ၊ ရေနံဆီပုံးအခွန်တွေ၊ သေတ္တာအဟောင်းတွေ၊ အုန်းသီးတွေကိုသူဆယ်ပြီး ရောင်းလို့ရတာရောင်း၊ စားလို့ရတာစားနဲ့ ရေအဆုံးကုန်းတစ်ဝက်ထုံးကို သူကျင့်သုံးလေ့ရှိတယ်။ ဒီနေ့လဲ သူရေကူးရင်းနဲ့ အရုပ်တစ်ရုပ်ကိုကောက်ရလာခဲ့တယ်။

ကမ်းကိုကူးခတ်လာရင်း မတ်တပ်ရပ်လို့ရတဲ့နေရာလောက်မှာ သူမတ်တပ်ရပ်လိုက်ပြီး အရုပ်ကိုသူသေချာကြည့်လိုက်တယ်။ သစ်သားရုပ်ကလေးတစ်ရုပ်ပါပဲ၊ မင်းသားလိုဟန်လေးနဲ့ ခေါင်းပေါင်းနဲ့ အတောင်နှစ်ဆယ်ပုဆိုးနဲ့ ရင်စည်းပဝါနဲ့၊ ပန်းပုရုပ်ထုက

သူတို့ဇာတ်ထဲကမင်းသား 'အင်ကြင်းနိုင်'အတိုင်းပါပဲ၊ ဒါပေမဲ့ ထူးခြားမှုကအရုပ်ကလေးရဲ့ မင်းသားဟန်ခေါင်းပေါင်းမှာ နဖူးတည့်တည့်အပေါ်မှာ နီရဲတောက်ပနေတဲ့ ကျောက်ကလေးကိုသူတွေ့လိုက်ရတယ်။ တစ်ပေအမြင့်ရှိတဲ့ အဲဒီသစ်သားရုပ်လေးမှာ ကျောက်ကလေးကလွဲရင် အားလုံးပန်းပုလက်ရာတွေချည်းပါပဲ။

အဲဒီအချိန်မှာပဲ ရေကူးရင်းနဲ့ သူ့သားကအနားကို ရောက်လာတယ်။ 'ဘာလဲဖေဖေ'လို့မေးပြီး သားကမတ်တပ်ထရပ်တယ်။ မင်းသားရုပ်လေးပဲလို့ သားကပြောပြီး ရေပြန်ကူးသွားတယ်။ တစ်ချက်နှစ်ချက်ပဲကူးလိုက်ရသေးတယ် သားကပြန်လှည့်လာတယ်။ သူ့အနားမှာရပ်လာပြီး သူ့လက်ထဲကအရုပ်ကိုဆွဲယူလိုက်ပြီး နဖူးကနီရဲနေတဲ့ ကျောက်ကိုလက်နဲ့ပွတ်လိုက်တယ်။

'ကျောက်အစစ်များလားမသိဘူး'လို့ မှတ်ချက်ချရင်း သူ့ကိုလှမ်းကြည့်တယ်။

'ယူခဲ့ကွာ'လို့ သူကပြောပြီး ကမ်းပေါ်တက်လာတယ်။ ပုဆိုးရေလဲ ရေစိုအဝတ်ကိုရေညှစ်ရင်း သားလက်ထဲကအရုပ်ကို ပြန်ယူလိုက်တယ်။

'ဘယ်သူမှမသိစေနဲ့ . . . ကြားလား' သားကိုသူကလှမ်းမှာတယ်။ သားကခေါင်းညိတ်ပြတယ်။ သူတို့သားအဖနှစ်ယောက် ပွဲကရာဇာတ်ရုံကိုပြန်ခဲ့ကြတယ်။

'ရေချိုးပြီးခဲ့ကြပြီလား'

သူ့ဇနီး မင်းသမီး 'မာလာ' ကလှမ်းမေးတာကို သူကခေါင်းညိတ်ပြလိုက်တယ်။ ပြီးတော့ ရေချိုးဆိပ်ကမြစ်ထဲမှာ သူဆယ်ယူလာခဲ့တဲ့ အရုပ်အကြောင်းပြောတယ်။ နက်ဖြန်မိုးလင်းရင် သူတို့သားအဖမြို့ကိုသွားမယ်။ ကျောက်ကိုရောင်းမယ်။ ပြီးမှပြန်လာမယ်လို့ တီးတိုးပြောလိုက်တယ်။ သူ့ဇနီးမာလာက ခေါင်းညိတ်ပြတယ်။



ဒီဇာတ်ထဲမှာ ပြဇာတ်မင်းသမီး 'မာလာ'ကို မှီပြီးလိုက်နေရတဲ့သူတို့ဘဝမှာ ဒီကျောက်ရောင်းရငွေဟာ ထီပေါက်သလိုမျိုးပျော်ပါးစရာပဲ မဟုတ်လား။

( ၂ )

လယ်ကွင်းတွေကိုဖြတ်ကျော်လျှောက်လာရင်း မွန်းလွဲပိုင်းကျမှသူတို့သားအဖမြို့ကိုရောက်လာတယ်။ ပြီးတော့ မြို့ကလေးရဲ့ ဈေးဆီကိုဦးတည်ပြီး ဈေးထဲက ရွှေဆိုင်တွေဆီကို ခြေလှမ်းလိုက်ကြတယ်။

ပထမတစ်ဆိုင်ဝင်တယ်၊ 'ကျောက်မဝယ်ပါဘူး'တဲ့၊ ဒုတိယတစ်ဆိုင်ဝင်တယ် 'ပိုင်ရှင်မရှိဘူး'တဲ့၊ တတိယတစ်ဆိုင်ဝင်တယ် 'ငွေမလွယ်သေးလို့'တဲ့။

ဒီလိုနဲ့ ဈေးထဲမှာရှိတဲ့ ရွှေဆိုင်တွေကုန်သွားတယ်။ မရောင်းရသေးဘူး။ သားအဖနှစ်ယောက်စိတ်ကုန်စပြုလာချိန်မှာ ဆိုင်တစ်ဆိုင်ကိုဝင်မြစ်ကြပြန်တယ်။ ပန်းထိမ်လုပ်နေတဲ့သူက ခေါင်းခါပြတယ်။ သူ့အားလျော့သွားတော့တယ်။ ဒါနဲ့ 'ဒါမျိုးဘယ်ဆိုင်ကဝယ်တတ်လဲ' လို့မေးမိတယ်။ ပန်းထိမ်ဆရာက 'ဈေးအနောက်ဘက်ကိုသွား၊ အဲဒီမှာ ခင်တုတ်ကျောက်မျက်ရတနာရောင်းဝယ်သည်ဆိုတဲ့ ခင်တုတ်ဆိုင်ကို တွေ့လိမ့်မယ်။ အဲဒီကိုသွားကြည့်' တဲ့လေ။

ပန်းထိမ်ဆရာညွှန်တဲ့အတိုင်း သူတို့သားအဖ ဈေးအနောက်ဘက်ကိုလျှောက်ခဲ့ကြတယ်။ တွေ့ပါပြီ ပန်းထိမ်ဆရာညွှန်လိုက်တဲ့ 'ခင်တုတ်'ဆိုင်ကို

'ဘာလဲဟေ့'လို့ ဆိုင်ထဲကိုဝင်လာတဲ့သူတို့ကို မိန်းမကြီးတစ်ယောက်ကလှမ်းမေးတယ်။ တစ်ကိုယ်လုံး ရွှေသီးနေတဲ့ မိန်းမကြီးကို သူတို့တွေ့လိုက်ရတယ်။

'ဒီ. . . ကျောက်ရောင်းချင်လို့ပါ'

သူက အရုပ်ကိုလှမ်းပြလိုက်တော့၊ မိန်းမကြီးကလှမ်းယူတယ်၊ မှန်ဘီလူးနဲ့ ကျောက်ကိုကြည့်တယ်။

'ကော်ထုတ်ကြည့်လို့ရမလား'

မိန်းမကြီးရဲ့အမေးကို

'ဟဲ့ . . . ခင်တုတ်၊ ကျောက်မဟုတ်ရင် အလုပ်ပိုနေပါဦးမယ်ဟာလို့ ဖိုထိုးနေတဲ့လူကလှမ်းပြောတယ်။

'ကြည့်ပါ'လို့ သူပြန်ဖြေအပြီးမှာ ဒေါ်ခင်တုတ်ကနဖူးကခကျောက်ကို ဆူးနဲ့ ကော်ထုတ်လိုက်တယ်။ လက်ဝါးပြင်ပေါ်ကျလာတဲ့ ကျောက်နီလေးကို မှန်ဘီလူးနဲ့ပတ်ချာလည်စစ်ဆေးကြည့်ရှုတယ်။ စိတ်တိုင်းကျလောက်ပြီဆိုမှ။

'တစ်သောင်းခွဲပေးမယ်'လို့ သံပြတ်နဲ့ပြောလာတယ်။ သူတို့သားအဖ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြတယ်။ သူက 'နည်းနည်းပိုပါလားခင်ဗျား'လို့ ထပ်တိုးပြီးတောင်းလိုက်တော့ ဒေါ်ခင်တုတ်က 'ကြိုက်ရင်ရောင်းခဲ့၊ မကြိုက်ရင်ပြန်ယူသွား' ဆိုပြီး ကျောက်နီကို ပြန်လှမ်းပေးလာတယ်။

ဆိုင်အနှံ့ဝင်ပြီးပြီ၊ ရောင်းမရခဲ့တဲ့ကျောက်ကို တစ်သောင်းခွဲနဲ့ဆိုတော့ သူလဲထပ်မအင်တော့ဘဲ 'ယူပါခင်ဗျား'လို့သာပြောလိုက်ရတော့တယ်။ ဒေါ်ခင်တုတ်က သေတ္တာငယ်လေးထဲက ငွေတစ်သောင်းခွဲထုတ်ပေးတယ်။ သူပျော်လိုက်တာလေ။ 'ကျေးဇူးပါပဲ'လို့ ဒေါ်ခင်တုတ်ကို စကားဆိုရင်း ဆိုင်ထဲကထွက်ခဲ့ကြတယ်။

'ဒီအရုပ်ပြန်ယူသွားလေ'

ဒေါ်ခင်တုတ်ရဲ့ အသံကြောင့်သူလှည့်ကြည့်ရင်း ခေါင်းခါပြလိုက်တယ်။ သူဆိုလိုတာကို ဒေါ်ခင်တုတ်ကလည်း နားလည်တာနဲ့ အရုပ်ကိုဆိုင်ရှေ့အမှိုက်ပုံထဲကို လှမ်းပစ်ထည့်လိုက်သည်။



ဆိုင်ထဲကထွက်တော့နေညိုပြီ၊ သူတို့သားအဖနှစ်ယောက်ညစာကိုမနက်စာနဲ့ပေါင်းပြီးစားလိုက်ကြသည်။ ပြီးတော့မြို့အစွန်ကဘုရားမှာ သားအဖနှစ်ယောက် ညအိပ်လိုက်ကြတယ်။ စိတ်ထဲမှာတော့ မနက်လေးနာရီလောက် ထသွားရင်ဆွမ်းခံအမီ သူ့ဇနီး "မာလာ" ဆီကိုပြန်ရောက်မယ်ပေါ့လေ။

(၃)

ဝီရိယလွန်လို့လားမသိဘူး၊ မနက်သုံးနာရီလောက်မှာ သူပြန်နိုးလာတယ်။ ဘုရားတန်ဆောင်းထဲမှာ သူတို့သားအဖလိုပဲ အခြားခရီးသွား ၄-၅ ဦးလဲ အိပ်နေတာကို သူတွေ့ရတယ်။ သူက သူ့ငွေကို ပြန်စစ်ဆေးလိုက်တယ်။ ပြီးတော့သားကိုနှိုးပြီး သူတို့ဇာတ်အဖွဲ့ရှိရာကို ပြန်လာခဲ့တယ်။

လမ်းမှာသူ့သားက သူ့ကိုလက်ပတ်နာရီတစ်လုံး ဝယ်ပေးဖို့ ပူဆာတာနဲ့ "မင်းအမေကိုပြောကွာ၊ အဖေက ဒီငွေတွေကို မင်းအမေကို အကုန်အပ်မှာလို့" ပြန်ဖြေလိုက်ရတယ်။

လယ်ကွင်းတွေဆီ ရောက်လာတော့ နေထွက်စပြုလာပြီလေ၊ ဒီမှာသူ ထူးခြားမှုတစ်ခုကို သတိပြုမိလိုက်တယ်။ မနေ့က သွေ့ခြောက်နေတဲ့ လယ်ကွင်းတွေထဲမှာ ရေစပ်စပ်ရှိနေပါလားလို့ ဒါနဲ့သူလည်း တာရိုးပေါ်တက်ပြီး လျှောက်လိုက်တယ်။ ရေဆိုတာဆည်နဲ့နီးရင်၊ မြောင်းတွေချောင်းတွေနဲ့နီးရင်၊ လယ်ထဲကို ရောက်တတ်တာမျိုးမဟုတ်လား။

ရိုးတန်းလေးကို ကျော်တာနဲ့ သူတို့ဇာတ်ရုံရှိရာ ဘ်လှမ်းမျှော်ကြည့်လိုက်တယ်။

"အို. . . ဇာတ်ရုံတစ်ရုံလုံးလဲ ဖွာလန်ကြဲလို့ပါလား'

သူက နှုတ်ကအသံထွက်တဲ့အထိ ရေရွတ်လိုက်မိတယ် သားကလဲ "ဟုတ်တယ်နော် ဖေဖေ" လို့ ထောက်ခံပြောလာတယ် ရလာတဲ့ငွေနဲ့ ချစ်ဇနီးကို မျက်နှာလုပ်မယ်လို့ စိတ်ကူးလာတဲ့ သူ့အတွေးဟာ ရုတ်တရက်သူ့ဇနီးအတွက် စိတ်ပူလိုက်မိတယ် ဒါနဲ့ဇာတ်ရုံရှိရာကို ခြေလှမ်းသွက်သွက်နဲ့ လှမ်းလိုက်မိတယ်။

သူတို့က ဇာတ်ရုံထဲကိုအဝင်၊ ဇာတ်ရုံထဲကနေ အထု ဆွဲထွက်လာတဲ့၊ သူ့ဇနီး "မာလာ" ကအထွက်၊ ပက်ပင်းတိုး လိုက်ကြတယ်ဆိုရင်ပဲ။

"ဟဲ့. . . မာလာ ဘာဖြစ်ကြတာလဲ၊" လို့ သူကမေးလိုက် မိတယ်။ မာလာက

"ကိုရင်ညို ရှင်. . . ရှင်. . . မနေ့က ရေထဲက ဆယ်ယူလ တဲ့ အရုပ်က၊ ဘာအရုပ်လို့ထင်လဲ"

ကမျောကသော မေးလာတဲ့ မာလာရဲ့စကားကို "မ ဘူးလေ" လို့ သူပြန်ဖြေလိုက်တယ်။

"အဲဒါကိုကြီးကျော် အရုပ်ရှင့်၊ ရှင်-သိရဲ့လား၊ ကျုပ် ထင်တော့ထင်သား၊ အခုတော့ ဒုက္ခရောက်တော့မယ်ထင်ပါရဲ့

မာလာက ငိုသံပါကြီးနဲ့ သူကိုပြောလာတယ်။ သူလဲအံ့အ သင့်သွားတယ်။

"ကိုကြီးကျော်အရုပ်၊ ဟုတ်လား. . . နေပါဦး မိန်း ကိုကြီးကျော်အရုပ်မှန်း၊ မင်းဘယ်လိုသိတာလဲ"

"ညက ကိုအောင်မြင့်သန်းကို ကိုကြီးကျော်ဝင်ပူးပြီး ရ သွားတယ်"

"ဟာ. . . ဒီမိန်းမလျာရဲ့ စကားကို မင်းကယုံနေ"

"မယုံလို့မရဘူး ကိုရင်ညိုရဲ့၊ သူ့ပြောတဲ့အတိုင်း ည လေကြီးမိုးကြီးကျလို့ ပွဲပျက်သွားတယ်၊ အဲဒါလက်တွေ့ပဲ"



သူတို့သားအဖနဲ့ တစ်ညတာဝေးလိုက်ရပြီး ပျက်စီးသွားတဲ့ ဇာတ်ရုံကို သူစေ့စေ့ကြည့်လိုက်မိတယ်။ မိန်းမလျာ ကိုအောင်မြင့်သန်း ကို နတ်ဝင်ပူးပြီး၊ သူသုံးရေတော်ချိုးနေတုန်း အမျော့လွန်ပြီး ရေထဲ မျောပါလာတာ၊ မာလာကို လက်ညှိုးထိုးပြပြီး၊ ဒီနှမရဲ့ ခင်ပွန်းက သူ့ကိုဆယ်ယူသွားတာ၊ သူအခုဒုက္ခရောက်နေတာ၊ သူဒုက္ခရောက် သလို ဒီဇာတ်တစ်ဖွဲ့လုံး ဒုက္ခရောက်အောင် သူပြန်လုပ်မှာ၊ သူ့ကို အရက်၊ ကြက်နဲ့ပြန်ပူဇော်ပြီး သူ့ပုံတော်ကိုလဲ ရွာထိပ်က ဘိုးဘိုးကြီး နန်းမှာ အပ်ထားဖို့ မိန့်မှာခဲ့တာ စတာတွေကို ပြောပြနေတဲ့ သူ့ဇနီး မာလာရဲ့ စကားမှာ သူမိန်းမောရင်း ဇဝေဇဝါအတွေးနဲ့ ဟိုးအဝေး ကို သူငေးပြီး တွေးလို့သာနေမိပါတော့တယ်။

(၄)

နောက်တစ်နေ့မှာ ပွဲငှားကအကြောင်းကြားလာတယ်။ စရန်ငွေကို အဆုံးခံမယ့် အကြောင်းနဲ့၊ ရာသီဥတုအခြေအနေအရ ပွဲဆက်ကဖို့ မဖြစ်နိုင်တော့ကြောင်း၊ သူအရှုံးခံခြင်းဖြစ်ကြောင်း၊ နတ်သံနှောလို့ ပြောပြအသနားခံလာတယ်။ စာချုပ်အရ ပျက်ကွက် ရင် ပျက်ကွက်သူဖက်က အရှုံးပဲလေ။ ပွဲငှားက အရှုံးခံပြီး ပြော သာတော့ ကိုကြီးကျော်မိန့်မှာသွားသလို ဇာတ်တစ်ဖွဲ့လုံး ဒုက္ခ ရောက်အောင်လုပ်မယ်ဆိုတာ တကယ်များလားလို့ အားလုံးရဲ့ အသိမှာ စဉ်းစားစရာဖြစ်လာရပြန်ပါရော။

"ကိုကြီးကျော်ကလဲ တကယ်ဆို ကိုယ်တော်ကို ဆယ်ယူ တာ ကိုရင်ညိုပဲဟာ ဒုက္ခပေးချင်ရင် ကိုရင်ညိုတို့ မိသားစုကိုပဲ ဒုက္ခပေးပေါ့၊ တို့များနဲ့ဘာဆိုင်လို့တုန်း"

ယိမ်းသမလေးတွေက တီးတိုးတီးတိုးနဲ့ ပြောနေကြလေရဲ့။

"နတ်များ တကယ်ကိုင်ပြီဆိုရင်၊ တယ်ပြီး ကြောက်စရာကောင်းတာ၊ ဒါကြောင့် နတ်နဲ့နဂါး မလှည့်စားနဲ့လို့ လူကြီးသူမတွေက ပြောခဲ့တာပေါ့"

မင်းသားကြီး ဦးသန်းရှောင်က အဲသလိုပြောလေ၊ ဇာတ်သမားအများစုက ကြောက်လေပေါ့၊ ဒါနဲ့ ဇာတ်စီးဦးမောင်က သူ့ကို ခေါ်ပြောလာတော့တယ်။"

"ညီရေ တို့များပွဲကူးရက်က တစ်ပတ်လောက်လိုသေးတယ်။ တစ်ပတ်ပြည့်မှ ပွဲငှားက တို့များကို ဒီမှာလာကြိုမှာလေ၊ အဲ ကိုယ့်အစီအစဉ်နဲ့ကိုယ် ကူးပြောင်းရင်လဲ ကားငှားခက စရန်ငွေထက်များနေတော့၊ ဒီမှာ ထိုင်စောင့်မှပဲ ထမင်းမငတ်မှာပေါ့။ နောက်ပြီး နတ်ရုပ်ကိစ္စကလဲ ရှိသေးတယ်လေ။ နတ်ကြီးရဲ့ မိန့်မှာနက်ကို မသိကျိုးနွံပြုပြီး တို့များထွက်သွားရင်၊ ခရီးလမ်းတစ်လျှောက် ဒီလိုပဲ ဒုက္ခရောက်နေမှာပဲမဟုတ်လား။ ဒါကြောင့် အများအတွက် ညီရယ်။ နတ်ရုပ်ကို ဘိုးဘိုးကြီးနန်းမှာ ပြန်ထားရအောင်၊ မင်းသွားပြန်ယူပါလား၊ ပူဇော်ပသဖို့ ကုန်ကျငွေကို တို့များတာဝန်ယူပါတယ်။"

ဇာတ်စီးဦးမောင်စကားကို သူခေါင်းညိတ်ပြလိုက်တယ်။ ဒါနဲ့ မြို့ကို ပြန်သွားဖို့ သူပြင်တယ်။ အမှိုက်ပုံထဲကို လွှင့်ပစ်လိုက်တဲ့ နတ်ရုပ်၊ အမှိုက်ပုံထဲမှာပဲ ရှိမှာပေါ့။ သူ့ဇနီးမာလာက သူလဲလိုက်ပြီး ကူရှာပေးမယ်ပေါ့လေ။ ဒါနဲ့သူတို့မိသားစု မြို့ကို ထွက်လာတယ်။ မြို့ရောက်တော့ အမှိုက်ပုံထဲမှာ နတ်ရုပ်ကို ရှာမတွေ့ဘူး၊ ပိုပြီးဆိုးတာက သူ့ကျောက်ကို ဝယ်လိုက်တဲ့ ဒေါ်ခင်တုတ်တစ်ယောက်ခိုးရာပါ ကျောက်တွေကို ဝယ်ထားမိလို့၊ ရဲအချုပ်ထဲ ရောက်နေတယ်ဆိုတဲ့ သတင်းပါပဲ။



သူတို့မိသားစုဇာတ်အဖွဲ့ရှိရာကို ပြန်လာတယ်။ အများကမျှော်လင့်ကြီးစွာ စောင့်စားနေပေမယ့်၊ သူတို့ရဲ့ ခေါင်းခါပြမှုကြောင့် အားလုံးမှိုင်တွေချသွားပါတော့တယ်။

(၅)

လူရှင်တော်ပိစိရဲ့ မိန်းမက ထမင်းအိုးတည်ဖို့ မီးမွှေးလေရဲ့၊ မီးမစွဲတော့ သင်းက မာတ်ဆီဖြန်းတယ်လေ၊ မာတ်ဆီအရှိန်နဲ့ မီးကထတောက်တယ်၊ ထရံကိုစွဲပြီး မီးလောင်တယ်။ ပိစိရဲ့ မိန်းမလဲ မီးဟပ်တာခံလိုက်ရတယ်။ လူဦးလို့ မီးကငြိမ်းသွားလေရဲ့။

ဇာတ်တစ်ဖွဲ့လုံး ပိုပြီးသောက ရောက်ကြရပြီလေ၊ ထပြီးထွက်သွားရင်လဲ နတ်ကြီး ဘယ်အချိန်အတိုင်းအတာအထိလိုက်ပြီးဒုက္ခပေးမယ်မှန်းမသိနိုင်ဘူး၊ မမြင်နိုင်တဲ့ စွမ်းအားတွေရဲ့ တန်ခိုးအာနိသင်ကို ဇာတ်သမားတွေကြောက်နေရပြီပေါ့။

တကယ်ဆို ဇာတ်အဖွဲ့ဆိုတာကလဲ ကိုးကွယ်ယုံကြည်မှုအစွန်းရောက်တတ်တဲ့ လူတွေကများသားရယ်။ နတ်ကိုးကွယ်လို့ ဝက်သားမစားရတာရယ်၊ ခြေလေးချောင်းသား ရှောင်ရတာရယ်၊ လမိုင်းနတ်ကို ပသရတာရယ်၊ ရွာတော်ရှင်၊ မြို့တော်ရှင်တွေကို ရောက်ရာအရပ်မှာ တင်မြှောက်ရတာရယ်နဲ့ အလကားနေ အလုပ်ရှုပ်တတ်သူတွေမဟုတ်လား။

ပဋ္ဌာရှိရင်အဖြေရှိရမယ်ဆိုတဲ့ ပြဇာတ်မင်းသားညွန့်ဝင်းရဲ့ စကားကို သူသတိရလိုက်တယ်။ ဒါနဲ့ လူကြမ်းသာညွန့်တို့ သူအကူအညီ တောင်းကြည့်မိတယ်။ သာညွန့်ဆိုတာကလည်း သူနဲ့မယားညီအစ်ကိုတော်သူတွေမဟုတ်လား။

"ငါ . . . ဘာလုပ်ရင်ကောင်းမလဲ သာညွန့်"

"သာညွန့်က ငုံးတိတိ မုတ်ဆိတ်မွေးတွေကို ပွတ်သပ်ရင်း
က"

"နေဦး မင်းနတ်ရုပ်ကိုကြီးကျော်က ဘယ်ကျော်လဲ"

"ဗျာ"

"ဘယ် . . . ကျော်လဲလို့မေးတာ"

သာညွန့်က ထပ်မေးတယ်၊ သူလဲထပ်ပြောတယ်။

"ငါ . . . မရှင်းဘူး"

သာညွန့်က ဆေးလိပ်ကို မီးညှိလိုက်တယ်။ ဖွာရှိုက်တယ် ပြီးတော့။ သူ့ကိုကြည့်ပြီး

"ကျော်ဆိုတဲ့ ကိုကြီးကျော်မှာ "လေး" ကျော်တောင်ရှိတယ် ညီရဲ့၊ ဇီးတောကျော်၊ တောင်တမံကျော်၊ တလိုင်းကျော်၊ ပခန်း ကိုကြီးကျော်တဲ့၊ မင်း . . . အရုပ်ကိုကြီးကျော်က ဘယ်နာမည်နဲ့ ကျော်တဲ့ ကိုကြီးကျော်လဲ"

"သူခေါင်းခါပြတယ်"

"အောင်မြင့်သန်းကို နတ်ဝင်ပူးတုန်းက ငါမှမရှိတာ" လို့ ပြန်ပြောလိုက်တယ်။ သာညွန့်က

"ဒါဆို . . အောင်မြင့်သန်းကို နတ်ပြန်ပူးခိုင်းလိုက်ကွာ 'ဘာ' ကျော်အမျိုးအစားလဲဆိုတာ တိတိကျကျမေး၊ နောက်ပြီး သူအခုဘယ်ရောက်နေပြီလဲဆိုတာ သိရရင် မင်းရှာလို့လွယ်ပြီပေါ့"

သာညွန့်ရဲ့စကားအဆုံးမှာတော့

"အောင်မယ် . . . ဒီလောက်လွယ်သလား၊ နင်တို့က နတ်ကို ကလေးကစား၊ ကစားတယ်လို့များထင်နေလား"

လည်ချောင်းသံကြီးနဲ့ ရုတ်တရက် ဝင်ပြောလာတဲ့ အောင်မြင့်သန်း အသံကြောင့် သူတို့နှစ်ယောက်လှည့်ကြည့်လိုက်



ကြတယ်။ သူတို့အနားကို ရောက်လာတဲ့ အောင်မြင့်သန်းနဲ့ မင်းသားဘိုကေမြလွင်တို့ကို တွေ့လိုက်ရတယ်။

"ဒီမယ်ကိုရင်ညို ခင်ဗျားကြောင့် ဇာတ်တစ်ဖွဲ့လုံး ဒုက္ခ ရောက်နေတာတောင်၊ ခင်ဗျားက ခေါင်းသေးသေးလေးရှိတဲ့ သာညွန့်စကားကို နားထောင်နေသေးတယ်၊ ဟုတ်လား"

ဘိုကေမြလွင်ရဲ့ စကားက သာညွန့်ကို ထိသွားတယ်။

"ဟေ့ကောင် မင်းသား၊ ငါကအကြံပေးနေတာကွ၊ မင်းတို့လို အယူသီးနေတာမဟုတ်ဘူး" လို့ သာညွန့်က ထအော်တယ်။ သာညွန့်ရဲ့ အသံကြောင့် လူတွေဝိုင်းလာတယ်။ ဘိုကေမြလွင်က

"လက်တွေမှာက ဖြစ်နေပြီလေ။ ကျွန်တော်တို့ တစ်ဖွဲ့လုံး ခင်ဗျားအစ်ကို ကိုရင်ညိုကြောင့် လည်စင်းခံနေရမှာလား"

"ဒီကောင်တွေကို ဇာတ်ထဲက ဆွဲထုတ်လိုက်ကွာ"

လူရွှင်တော်ပိစိက မီးလောင်ခံထားရတဲ့ သူ့မိန်းမကို အသာ ပွေ့ရပ်ရင်း၊ ဒေါသနဲ့ဝင်ပြောလာပြန်တယ်။

"သွားဆို . . သွားမယ်။ ဒါပေမဲ့ ကျုပ်တို့ကြိုသုံးထားတဲ့ အသုံးတွေကိုတော့ 'ခင်ဗျားတို့ပြန်ရမယ်မထင်နဲ့"

သာညွန့်က သူ့လက်ကို ဆွဲရင်းထတယ်၊ ဒီမှာတင် ဇာတ်ပိုင်ရှင် ဦးတိုးက ဝင်ဖျန်ဖြေတယ်၊ သူဝင်ပြီးမဖျန်ဖြေရင် သူ့ငွေတွေဆုံးတော့မှာကို၊ သူတို့က လူအုပ်ထဲကခွဲထွက်လိုက် တယ်။ သူ့အားရယ်၊ မာလာရယ်၊ မာလာအစ်မ၊ သာညွန့်မိန်းမ ပါလာရယ်ပေါ့။

ဒေါသတွေ တရှိန်ရှိန်တက်နေကြပေမဲ့ ကိုကြီးကျော် နတ်ရုပ်ကိစ္စအတွက်တော့ အဖြေရှာလို့မရကြသေးပါဘူး။

(၆)

ဇာတ်ပိုင်ရှင် ဦးတိုးရယ်၊ ဇာတ်စီး ဦးမောင်ရယ် ဦးဆောင်ပြီး ရွာထိပ်ကဘိုးဘိုးကြီးနန်းမှာ အရက်ရယ်၊ ကြက်ကောင်လုံးကျော်ရယ်၊ စီးကရက်ရယ်၊ ပဝါတစ်ပိုင်းရယ်နဲ့ ကိုကြီးကျော်ကို ပသတင်မြှောက်ကြတယ်။ ဇာတ်စီးဦးမောင်က ညာလက်က ကြက်ကင်ဘယ်လက်က အရက်ပုလင်းကိုကိုင်ရင်း။

"ဘိုကေမြလွင် ဇာတ်အဖွဲ့က ကိုကြီးကျော်ကို အရက်ကြက်နဲ့ ဖွာတော်၊ ပဝါတို့ကိုဆက်သပါတယ် ကိုကြီးကျော်ကြွရောက်စံစားပျော်ပါးပေးဖို့ ပင့်လျှောက်ပါတယ်"

ဦးမောင်ရဲ့ စကားသံအောက်မှာ ဇာတ်တစ်ဖွဲ့လုံးငြိမ်သက်နေကြတယ်။ တချို့က ကိုအောင်မြင့်သန်းကို လှမ်းလှမ်းကြည့်ကြတယ်။ နတ်များ ဝင်ပူးဦးမလားလို့ပေါ့။ ကိုအောင်မြင့်သန်းကတော့ မျက်စိစုံမှိတ်ပြီး၊ သူ့ရင်ဘတ်မှာ လက်ကိုယှက်လို့ထားပါတယ်။

"မကောင်းသော အတိတ်၊ မကောင်းသောနိမိတ်နဲ့မကောင်းတဲ့ ဘေးရန်အန္တရာယ်မှန်သမျှ တားဆီးပေးပါ။ နတ်ဖြစ်နတ်တာများရှိ ရင်လဲ ကျေတော်မူပါ၊ လိုတာရှိ ဖြည့်စွက်တော်မူပါ၊ ပိုတာရှိရင်လဲ နုတ်ပယ်တော်မူပါ၊ အမိုက်အမဲများပြုမိမှားခဲ့တာကိုကျေအေးပါ။ ဒေါသအမျက်လဲ သိမ်းပေးပါဘုရား"

ဦးမောင်က နတ်ကွန်းကို ဦးတိုက်လိုက်တာကြောင့် တစ်ဖွဲ့လုံးလည်း ဦးမောင်လိုပဲ ဦးတိုက်ကြတယ်။ ဒီအထဲမှာ မာလာရယ်မူယာရယ်၊ သူ့သားရယ်ပါတယ်။

သူနဲ့ သာညွန့်ကတော့ အများနဲ့ ရန်ဖြစ်ပြီးကတည်းကဇာတ်အဖွဲ့ကနေ ပျောက်သွားတာရယ်ကြောင့်

"သူတို့ကို ဥပက္ခာပြုလိုက်ကြတော့"



ဇာတ်တစ်ဖွဲ့လုံးက အဲသလို ဆုံးဖြတ်ကြသည်။ သူတို့ အဖို့ဒီနေရာမှာ နောက်နှစ်ရက်တောင် ဆက်နေရဦးမှာ နှစ်ရက်ဆိုတာအကြာကြီးရယ်၊ ဘာဖြစ်လာနိုင်သလဲဆိုတာ ဘယ်သူမှ မမှန်းဆနိုင်ဘူး မဟုတ်လား။

ရွာထိပ်နန်းကနေ ဇာတ်တစ်ဖွဲ့လုံး ပြန်လာတော့၊ ဇာတ်စင်ပေါ်မှာ ဇလုံကြီးတစ်လုံးနဲ့၊ ဇလုံထဲမှာလဲ ရေအပြည့်နဲ့၊ ရေဇလုံထဲမှာ အရုပ်တစ်ရုပ်ကို ပွတ်သပ်ဆေးကြောနေတဲ့ သာညွန့်ရယ်၊ သူ့အနားမှာ ကျောက်ပြင်နဲ့ နံ့သာဖြူသွေးနေတဲ့ သူရယ်ကို ဇာတ်တစ်ဖွဲ့လုံးက တွေ့လိုက်တယ်။

"ဟာ. . . ကိုကြီးကျော်ကို ပြန်ပင့်လာနိုင်တယ်၊ ဟုတ်လား"

ယိမ်းသမလေး သန္တာလှိုင်ရဲ့ အသံကြောင့် အားလုံးကသူတို့နှစ်ဦးကို ဝေ့ဝဲကြည့်လာတယ်။ ဂရုပြုလာကြတယ်။ သာညွန့်က ဆေးကြောပြီးတဲ့ အရုပ်ကို သူ့ကိုလှမ်းပေးတယ်။ သူက နံ့သာဖြူတွေနဲ့ လိမ်းကျံတယ်၊ ပြီးတော့ သူတို့နှစ်ဦး ဇာတ်ရုံထဲက ထွက်ခဲ့ကြတယ်။

နောက်ယောင်ခံလိုက်ကြည့်သူတွေက သူတို့နှစ်ဦး နတ်ရုပ်ကို နတ်ကွန်းမှာထားလိုက်တာကို တွေ့လိုက်ကြတယ်။ သူတို့ကတော့ ဘာမှမမူပါဘူး။ တာဝန်ကျေတဲ့လူသားနှစ်ဦး အသွင်နဲ့ သူတို့နေရာကို သူတို့ပြန်နေကြတယ်။

အားလုံးဟာ ပုံမှန်ကို ပြန်ဖြစ်သွားသလိုပါပဲ၊ ထူးဆန်းတာက ပွဲကူးမယ့်မြို့က ပွဲငှားရဲ့အကြို မော်တော်ကားက အဲဒီနေ့ညမှာ သူတို့အဖွဲ့ဆီကို ရောက်လာတာပါပဲ၊ နှစ်ရက်ကြိုပြီး ရောက်လာတယ်ဆိုပါတော့။

ဇာတ်ပိုင်ရှင် ဦးတိုးက လာကြိုသူနဲ့ညှိပြီး၊ မနက်ဖြန်မှာ ဒီနေရာက ထွက်ခွာမယ်ဆိုတဲ့အကြောင်း အားလုံးကို ကြေညာလာလေရဲ့။

ဇာတ်တစ်ဖွဲ့လုံးကတော့ သူတို့ပူဇော်ပသလို့သာ ကိုကြီးကျော်က ဒေါသတွေပြေပြီး အခုလိုအဆင်ပြေတာလို့ ယူဆနေပါတယ်။

မာလာနဲ့ မှုယာကတော့ သူတို့ယောက်ျားတွေ နတ်ရုပ်ကို မိန့်မှာတဲ့အတိုင်း ပြန်ထားနိုင်လို့လို့ ကြွေးကြော်ပါတယ်။

ဒါပေမယ့် သူ့သားကတော့ နတ်ရုပ်ကိုကြည့်လိုက်၊ သူ့အဖေကို ကြည့်လိုက်နဲ့ပေါ့၊ သူ့သားကိုတော့ မင်းဘယ်သူမှ မသိစေနဲ့လို့ သူကတီးတိုးပြောလိုက်ရသေးတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့၊ နောက်တစ်နေ့မှာ သူတို့ဒီနေရာကနေ နှစ်ရက်စောပြီး ပွဲကူးနိုင်ခဲ့ကြပါတယ်။ သူကတော့ နတ်ကတော်ကတိုင်း၊ (ချစ်လို့ရယ်ခင်မင်၊ ယဉ်ရှာရော့သလား၊ ကိုကြီးကျော်ရေ (ဈို့ဈို့ဈို့) မောင်ကြီးကျော်ရေ့ (ဗျာ့ဗျာ့ဗျာ့) ဒီဇမ္ဗူမှာ မြိုင်ဖက်ရှား၊ မိုးကျနတ်သားလို့ လိုက်ပြီး ဆိုတတ်လာပါတော့တယ်။

## အနားသတ်ကမ်းစပ်မမြဲသော ပင်လယ်၏ ပျော်ဝင်မှုစက် အိပ်မက်တွေ

(၁)

"အဲဒါပင်လယ်ပေါ့"

သူရ၏ အပြောကို၊ ပင်လယ်ကို ငေးကြည့်နေရာမှ ကျွန်တော်ခေါင်းညိတ်ပြလိုက်သည်။

"ထူးဆန်းတယ်နော်၊ နောင့်အသက် ၄၅ နှစ်ပြည့်မှပဲ၊ ပင်လယ်ဆိုတာကို၊ တကယ်နီးနီးကပ်ကပ် တွေ့ဖူးတော့တယ်"

"နောင်က နောင့် အနုပညာအသိုင်းအဝိုင်းမှာတင် အချိန်ကုန်နေတာကိုး"

ဇနီးသည် မဝေကာ၊ ကျွန်တော့်လက်မောင်းကို တွဲရနိုင်မှ ရှင်းပြသိမ့်ပေးလာသည်။

"ဟုတ်တယ်၊ ရုပ်ရှင်ထဲမှာ၊ ဇာတ်လမ်းထဲမှာ မြင်နေရတဲ့ ပင်လယ်၊ နောင်. . . အခုမှ လက်တွေ့မြင်ရတော့တယ်။ ဒါ သူရကို ကျေးဇူးတင်ရမယ်"

"မလိုပါဘူးကွာ၊ မင်း. . . ငါ့ဆီလာလည်တာကို ငါကျေနပ်နေတာပါ။ မင်းအေးအေးဆေးဆေးနေ၊ ငါ. . . ညစာသွား စီစဉ်လိုက်ဦးမယ်"

သူရက အပါးမှ သွားဟန်ပြုသည်။

"မဝေလဲ လိုက်သွားလေ"

ကျွန်တော့်စကားကြောင့် မဝေက ကျွန်တော့်အပါးမှာ အလိုက်သိစွာနဲ့ ခွဲခွာသွားသည်။ ကျွန်တော်. . . ပင်လယ်နှင့်နေလိုသည်၊ တစ်ဆင့်ခံမှ သိကျွမ်းခဲ့ရသော ပင်လယ်နှင့် တိုက်ရိုက်သိကျွမ်းလိုသည်။

ဟိုအဝေးမှာ ပြာသောမိုးကောင်းကင်ရှိသည်၊ ပြီးတော့ ပြာသောပင်လယ်ပြင်ကြီးရှိသည်၊ ကောင်းကင်နှင့်ပင်လယ်ပြင်တို့သည် ကျွန်တော့်အမြင်မှာ ထိစပ်လျက်ရှိသည်။

ကျွန်တော်ရပ်နေရာ သဲသောင်ခုံပေါ်မှာတော့၊ လှိုင်းလုံးဖြူများက ခေါင်းငုံ့လျက် သဲသောင်ကို ဦးတိုက်လျက်ရှိသည်။ နွေရာသီဆိုတော့. . . ပင်လယ်သည် အားအင်ပျော့လျက်၊ လှိုင်းလုံးဖြူတို့ ဒီမှာတင်ရပ်ပေလိမ့်မည်။ မိုးဆိုလျှင်. . . ဆောင်းဆိုလျှင်၊ ကျွန်တော်ရပ်ရာနေရာထက်၊ ကျော်လွန်သွားနိုင်သည်၊ ပင်လယ်သည် အနားသတ်၊ ကမ်းစပ်ရှိပါ၏လော၊ ရာသီရွေ့လျော၍ ကမ်းစပ်၏သဘောသည် ပြောင်းလဲနေလေသလော၊ ကျွန်တော့်လိုပင်၊ ပင်လယ်ပြင်ကြီးမှာ. . . နားနေချိန်မရှိလေပြီကော။ ရံဖန်ရံခါ မှေးစက်၍ ကျွန်တော်လိုပင် အိပ်မက်တွေမက်ဖူးပါ၏လော။

ကျွန်တော့်အမေးကို ပင်လယ်ပြင်ကြီးက ပြန်မဖြေ၊ ဆိတ်ငြိမ်စွာနေခြင်းဖြင့် ဝန်ခံစကားတို့ဆိုခဲ့သည်။

ထိုနေ့က၊ ပင်လယ်နှင့် ကျွန်တော် ရင်းနှီးစွာနေခဲ့သည်၊ အလင်းပျောက်၍ အမှောင်ရောက်မှ ပင်လယ်ကို နှုတ်ဆက်ခဲ့သည်၊ ပင်လယ်သည် ထိုနေ့က၊ ဝမ်းနည်းသော အထိအတွေ့နှင့် ကျွန်တော်ကို ကြိုဆိုခဲ့လေသည်။



(၂)

တွင်းရေကို ကိုယ်တိုင်ငင်၍ ကိုယ်တိုင်လောင်းချိုးရသည်ကို နှစ်သက်နေမိသည်၊ ဟိုနားမှာ ဆားငန်ပင်လယ်ရေ ဒီမှာတော့ လက်တူးရေတွင်းမှ ထွက်သော ရေချိုရေ၊ သဘာဝသည် ပေတစ်ထောင်မျှကွာဝေးရုံနှင့် ယခုလို ပြောင်းလဲမှုရှိတတ်သလောဟု တွေးမိသည်။

မဝေ လှမ်းပေးသော ရေလဲ ပုဆိုးကို လဲလှယ်ဝတ်ဆင်ရင်း အိမ်ပေါ်သို့ တက်ခဲ့သည်။

"နောင်ရိုး ဒီမှာကြည့်စမ်း၊ ဘယ်သူလဲလို့"

သူရက ကျွန်တော့်ကို လှမ်း၍ပြသည်၊ ဝါကျင့်ကျင့်မီးရောင်အောက်မှာ ထိုသူပုံကို ကျွန်တော်ဖမ်းရသည်။

"မင်းမှတ်မိလား"

သူရစကားအဆုံးမှာ ထိုသူက ရယ်သည်၊ ရယ်သံကြားမှ အသိ က နှိုးဆော်ပေးလာသည်။

"ပညာ"

ပညာက အားပါးတရ ရယ်မောရင်း

"မင်း အမြင်တွေ ဝါးနေပြီလား နောင်ရိုး" ဟု မေးသည်။

"မီးမှိန်လို့ပါနော်. . . နောင့်မျက်လုံးတွေ ကောင်းပါသေးတယ်"

မဝေက ဝင်ဖြေသည်။

"အံမယ်. . . ဒေါ်ဝေကလဲ အရင်လိုပဲ၊ နောင့်ကိုထိရင် နာတတ်သေးတာကို"

ပညာက မှတ်ချက်ပြုသည်။

"နို့ . . . နေပါဦး . . . မင်းက ဘယ်ကနေ ဘယ်လို"

သူရကရယ်သည်၊ ပြီးမှ

"ပညာက ဒီမှာ အ-ထ-က ကျောင်းအုပ်ဆရာကြီးကွ၊ မင်းတို့ဩစေချင်လို့၊ ငါတို့ချန်ထားတာ"

"ဩော် အထက်တန်းကျောင်းအုပ်ဆရာကြီးဖြစ်နေပြီကိုး။ အေးလေ ငါတို့အသက်ကလဲ လေးဆယ်ကျော်လို့၊ ငါးဆယ်နား နီးနေပြီပဲ၊ ဒီလောက်တော့ရှိမှာပေါ့"

ကျွန်တော်က တီးတိုးရေရွတ်မိသည်။

"သူရက ရန်ကုန်သွားရင်းနဲ့ မင်းကိုတွေ့တယ်၊ မင်းက သူရဖိတ်တာကို လာလည်မယ်လို့ ကတိပေးထားတယ်၊ အဲဒီကတည်းက ငါမင်းကို မျှော်နေတာ"

ပညာက ဆိုသည်၊ ငယ်သူငယ်ချင်းတစ်ဦး၏ သံယောဇဉ်ကို ခံစားနားလည်လိုက်သည်။

"ငယ်ငယ်တုန်းကဆရာတွေအပေါ်မှာ နင်ဆိုးခဲ့တာ အခု ဝဋ်လည်မနေဘူးလား"

မဝေ အမေးကို ပညာကရယ်သည်။ ပြီးမှ

"ဝါသနာဆိုတော့လဲ ဒီလိုပေါ့ဟာ" ဟု ပြန်ဖြေသည်။

"လုပ်စမ်းပါဦး။ မင်းအတွေ့အကြုံလေးတွေ"

ကျွန်တော်က ပညာအနားမှာ ခင်ထိုင်လိုက်သည်။ သူရက နောင်နိုးတို့တော့ ကုန်ကြမ်းရှာပြီ ဟု ဝင်နောက်လာသည်။

"ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသ၊ သက်မွေး၊ ဘက်စုံ ပညာရေး ဆိုတဲ့ ဒီကနေ့ ပညာရေး၊ ရည်မှန်းချက်တွေကို မင်းသိမှာပေါ့"



ပညာက ကျောင်းဆရာဟန်ပေါက်သွားသည်၊ ကျွန်တော်တို့ကို ကလေးတွေ၊ သူ့တပည့်တွေလို ထင်ပုံပေါက်သည်။ သူ၏ စကားကိုဆက်သည်။

"သူတို့လေးတွေ ဘက်စုံပညာထွန်းပေါက်ဖို့ဆိုတာကလည်း ပတ်ဝန်းကျင်က တိုက်ခိုက်လာတဲ့ အန္တရာယ်ကို ကာကွယ်တားဆီး ပေးဖို့ရယ်၊ သူတို့မှာတားဆီးနိုင်တဲ့ ကိုယ်ခံစွမ်းအားရှိဖို့ရယ်လိုအပ်တယ်၊ အထူးသဖြင့် လူငယ်တွေလမ်းမှားရောက်မသွားဖို့ မူးယစ်ဆေးဝါးကိုမသုံးစွဲမိစေဖို့"

ပညာက စကားကို ခဏရပ်သည်။ သူရက ရေနွေးကြမ်းအိုးကို ထပ်ဖြည့်သည်။

"ငါ . . . သူရနဲ့ပြောဖြစ်သေးတယ်၊ နောင်နိုးတစ်ယောက်တော့ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးလုပ်ငန်းတွေမှာ သူ့အစုပညာနဲ့ ထမ်းဆောင်ထားဆီးနေတယ်၊ ငါတို့လဲ နောင်နိုးလိုတာဝန်တွေ သင့်တယ်လို့ပေါ့၊ ဒါနဲ့ . ကျောင်းဆရာ ငါ့ရဲ့ဩဇာမိုးအောက်က ကျောင်းသား . . . ကျောင်းသူတွေကို ငါဘာလုပ်တယ်ထင်သလဲ"

ပညာ၏ အမေးကို ကျွန်တော်က သိလိုစောနှင့်ငံ့လင့်သည်။ မဝေက

"နင်ပြောလေ" ဟုဝင်မေးသည်။

"အားကစားသင်တန်းတွေ ဖွင့်တာပေါ့၊ မြို့နယ်က အားကစားအရာရှိကလဲ ကူညီပါတယ်၊ အခုဆိုငါ့ကျောင်းက ပြည်နယ်လက်ရွေးစင်တွေ ထွက်ပေါ်နေပြီလေ"

ပညာကစကားကိုရပ်သည်။ "မှန်တာပေါ့" ဟု ကျွန်တော် ထောက်ခံမိသည်။

"ထမင်းစားတော့မှာလား နောင်နိုး"

သူရက မေးသည်။ မဝေက "စားမယ်" ဟုပြောရင်း ထိုင်ရာမှထသည်။

ထမင်းစားဝိုင်းတစ်ရိုပြည်သည်။ လက်ရာပြောင်းတာလည်း ပါသည်။ အစာပြောင်းတာလည်း ဖြစ်နိုင်သည်။ သူငယ်ချင်းများနှင့် စကားပြောရတာလဲပါသည်။ ထိုညက ကျွန်တော်ထမင်းမြိန်ခဲ့သည်။

(၃)

သင်သည် ဘဝကိုချစ်ပါသလော၊ ချစ်လျှင်အချိန်မဖြုန်းပါနှင့်။ ဘဝသည်အချိန်ဖြင့်ပြုလုပ်ထားသော ပစ္စည်းဖြစ်သည်။

အမေရိကန် အတွေးအမြင် ပညာရှိကြီး "အင်ဂျမင်ဖရန်ကလင်" ၏ ဘဝအဓိပ္ပာယ် ဖွင့်ဆိုချက်ကို ကျွန်တော်ရေရွတ်နေမိသည်။ ခပ်လှမ်းလှမ်းမှာ မဝေက သဲသောင်ပြင်မှာ ခရုခွံများလိုက်ကောက်နေသည်၊ ကျွန်တော်ကရှေ့မှာရှိသော ပင်လယ်ပြင်ကိုသာ ကြည့်နေမိသည်။ ပင်လယ်က ကျွန်တော်ရွတ်သော ဘဝအဓိပ္ပာယ်ကို ထောက်ခံသည်။ ပြီးတော့ ပင်လယ်က ဆရာဇော်ဂျီ၏ ကဗျာကို ကျွန်တော့်အား ပြန်ရွတ်ပြသည်။

သို့ပြီးတကာ၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြှင့်၊ ကျန်ကောင်းသင့်၏

ကျွန်တော်ကခေါင်းညိတ်လိုက်၏။ "ဟုတ်တာပေါ့" ဟုလည်း နှုတ်က ရေရွတ်ထောက်ခံလိုက်မိသည်။

"ဘာတွေဟုတ်နေတာလဲ"



နောက်မှလာရပ်သော ပညာ၏အသံကြောင့် ကျွန်တော်လှည့်ကြည့်လိုက်မိသည်၊ သူရက အုန်းသီးကို နှုတ်ခမ်းဝလှီးလျက်ပိုက်တပ်ထားသော အုန်းသီးတစ်လုံးကို လှမ်းပေးလာ၍ ကျွန်တော်ယူလိုက်မိသည်။

"ပင်လယ်ကပြောတာကို ငါထောက်ခံနေတာပါ"

"အရူးပဲ"

ကျွန်တော်၏ အဖြေစကားကို သူရကမှတ်ချက်ချသည်။ မဝေက အနားရောက်လာ၍"ရူးလို့ထူးတာပေါ့ဟဲ့၊ သူရရဲ့" ဟုဝင်၍ ရန်တွေ့သည်။ ကျွန်တော်က အုန်းရည်ကို တစ်ထိုင်တည်း အပြီးသောက်လိုက်သည်။ အုန်းခွံကိုသဲသောင်ပြင်ပေါ် ချလိုက်သည်။

"ငါ . . စဉ်းစားနေတာ ပညာရယ်၊ သူရရယ်၊ ဝေမာရယ်၊ ငါ ဆိုတဲ့ နောင်ရိုးရယ်၊ ဇီးဖြူကုန်းရွာလေးကနေ တွံတေးတူးမြောင်းကို ဖြတ်ကျော်ပြီး တွံတေးမြို့မှာ ပညာသွားသင်နေရတာ. . အနှစ် နှစ်ဆယ်ကျော်ကြာတဲ့အခု၊ ရခိုင်ပြည်နယ်က ငွေမြို့ရဲ့ တမ်းသာယာမှာ တိုင်ကျိုးကျေးရွာလေးမှာ. . . လာပြန်ဆုံစည်းကြရတာ"

"မင်း၊ ရာဇာကိုသတိရနေတာလား"

ပညာကမေးသည်။ ကျွန်တော် ပင်လယ်ကိုသာငေးကြည့်နေမိသည်။

"သူရက ဆေးပညာနဲ့၊ ငါကသင်ကြားပို့ချမှုနဲ့၊ မင်းက အနုပညာနဲ့ ရာဇာလို ရာဇာလေးတွေထပ်ပြီး မပေါ်လာစေဖို့တားဆီးကာကွယ်နေကြတာပဲ မဟုတ်လား"

ကျွန်တော်ခေါင်းညိတ်လိုက်သည်။

"လှေလှော်ရင်းတက်ကျိုးသွားလို့ပါ" ဟု ပြောလိုက်မိသည်။ မဝေက

"နောင်ကကွာ၊ နောင်အခုလုပ်နေတာက မီးဆိုတာကိုင်ပြီးမှ ပူမှန်းသိစေတာမဟုတ်ပါဘူး၊ မကိုင်ခင်ကတည်းက လူတိုင်းကို ပူမှန်းသိစေချင်တာပါ၊ အဲဒါအချိန်ဖြုန်းနေတာမဟုတ်ဘူး၊ အချိန်ကို အသုံးချနေတာ၊ ဘဝမှာ ရင်းနှီးမြှုပ်နှံမှုဆိုတာရှိစမြဲရယ်ပါ၊ အဲဒီပေးဆပ်မှုကို နောင်လွမ်းနေမှာလား၊ တမ်းတနေမှာလား၊ လောကရဲ့မှေ့တာကိုလည်း၊ နောင်သိရဲ့သားနဲ့၊ နောင်လိုပဲ မဝေလဲ ရာဇကိုသတိရတာပဲ၊ ငယ်ဘဝကသူငယ်ချင်း ငါးယောက်ကို အမြဲ တမ်းတတာပဲ၊ ဒါပေမဲ့ နောင်ရယ်၊ ပေါ့ပိုက ပင်လယ်ကြီးလိုပေါ့၊ ဘဝဆိုတာ အနားသတ်ကမ်းစပ်တွေ မြဲမိုးထုံးစံရှိလို့လား၊ ရာဇဆိုတာ အိပ်မက်တစ်ခုပါနောင် . . ."

မဝေက စကားကို ရှည်လျားစွာပြောပြီး ကျွန်တော့်လက်ကို လှမ်း၍ ဆုပ်ကိုင်လာသည်။ ကျွန်တော်က မဝေကိုပြန်လည် ဆုပ်ကိုင်လိုက်မိသည်။ ပြီးမှ

"နောင်၊ စိတ်သိပ်မခိုင်ချင်ဘူး၊ မဝေ"

မဝေကပြုံးသည်

"အနုပညာသမားရဲ့ နှလုံးသားပဲနောင်၊ ဒီလောက်တော့ ရှိမှာပေါ့"

ကျွန်တော်က မဝေစကားကို ထောက်ခံခေါင်းညိတ်မိသည်။ သူရက

"မင်းရဲ့ နှလုံးသားကိုငါနားလည်ပါတယ်ကွာ၊ မင်းဆိုရင် လူငယ်တွေမူးယစ်သားကောင်မဖြစ်အောင် အနုပညာနဲ့ မွမ်းထုံ ပြောပြနေတာ၊ ပညာဆိုရင်လဲ မူးယစ်ကိုဆန့်ကျင်ပြီး အားကစား



နဲ့စိတ်ကို ရွှင်လန်းနေစေတာ၊ ငါဆိုရင်လဲ မူးယစ်ဆေးဝါး၊ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုကို ပပျောက်အောင် တားဆီးနေတာ၊ အဲဒါတို့ရဲ့ ရည်မှန်းချက်၊ မဝေပြောတဲ့ အနားသတ်ကမ်းစပ်မမြဲတဲ့ဘဝ ပင်လယ်ရဲ့ပျော်ရွှင်မှေးစက်၊ အနာဂတ်အိပ်မက်တွေပဲ"

ကျွန်တော်ကခေါင်းညိတ်လိုက်သည်။

"ပြန်ကြစို့လား" ပညာကပြောသည်။

သူရက၊ ကျွန်တော်ကိုလှမ်းကြည့်သည်၊ ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ သဲသောင်ခုံမှခွာသည်။ ပင်လယ်ကို ကျောခိုင်းသည်တိုင် ကျိုးရွာလေးသည် နေဝင်ဆည်းဆာအောက်မှာ တိတ်ဆိတ်စွာရှိနေလေသည်။

(၄)

ပြန်ပြီဆိုသော အသိက သူရနှင့် ပညာကို သတိပေးလိုက်သလိုရှိသည်။ သူတို့နှစ်ဦးစလုံးမျက်နှာမကောင်းသည်ကို ကျွန်တော် သတိပြုမိသည်။

"မင်းသားရော၊ သူ့ဘွားအေတွေဆီမှာပဲလား"

ကားပေါ်အတက်မှာ သူရက ကျွန်တော်ကိုလှမ်းမေးသည်။

"ဟင်အင်း၊ အားကစားသိပ္ပံမှာ"

ကျွန်တော့်အဖြေကို သူရရောပညာပါအံ့ဩသွားသည်။

"ဟုတ်တယ်၊ လူငယ်တွေ မူးယစ်ကင်းစင်ဖို့ဆိုတာ အားကစားလုပ်နေစေတဲ့ နည်းတစ်ခုကိုလဲ သုံးသင့်တယ်၊ ပညာလိုပေါ့၊ တို့လဲ. . ."

မဝေကဝင်၍ ဖြေလိုက်သည်။ ပညာကခေါင်းညိတ်သည်၊ သူရကပြုံးသည်။

ကားက တိုင်ကျိုးရွာမှ စတင်ထွက်ခွာသည်။ ကားလမ်းတစ်လျှောက်မှာ ပင်လယ်သည်ကပ်လျက်ပါလာသည်။

"ဆေးလိပ်မီးတို့ရာကနေ ဘိန်းစွဲ၊ ဖိုးစွဲတဲ့ဘဝအထိ ငါရောက်ခဲ့တာ ငါ့လိုမဖြစ်အောင် လူငယ်တွေကို ပြောပြကြပါကွာ"

ရာဇာအသံက နားထဲဝင်လာသည်။

"မင်းတာဝန်ကျေပါတယ် နောင်ရိုး၊ ဒါပေမယ့် တာဝန်ကျေရုံနဲ့ ပြီးမြောက်သွားတာ မဟုတ်သေးဘူးနော်၊ အားလုံးက လက်ခံလာမှ ကမ္ဘာ့လူသားအားလုံးက မူးယစ်ဆေးဝါးကို တားဆီး ရမယ်ဆိုတဲ့အသိ၊ အဲဒီအသိကို လက်ခံလာမှ"

သူရအသံက ကားနောက်မှတင်ပါလာပြန်သည်။

အနာဂတ်ဆိုတာ၊ လူငယ်တွေရဲ့လက်ထဲမှာရှိတာ အဲဒီ လူငယ်တွေဘဝမှာ မူးယစ်ကင်းစင်ပါမှ ငါတို့၊ မင်းတို့ရဲ့ အနာဂတ် ဘဝဟာလည်း မြူတိမ်ကင်းစင်မှာပေါ့၊ ဒါကြောင့် မင်းသားတို့ မင်းဖြစ်စေချင်တာ၊ မူးယစ်ကင်းစင်စေဖို့ပဲ မဟုတ်လား။ မင်းရဲ့ သားအပြင် အားလုံးသော သားတွေကို မူးယစ်ကင်းစင်စေဖို့ ငါ့တာဝန်ထားပါ။

ပညာ၏ တက်ကြွသော အသံက တိုးဝင်လာသည်။

ကားကရိုးမကို ကျော်လာသည်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းနယ်စပ်မှာ ကျွန်တော်မေ့ခနဲ အိပ်ပျော်သွားသည်၊ ကျွန်တော် လန့်နိုးလာတော့ ကားကဗိုလ်မြတ်ထွန်းတံတား ဖြတ်ကျော်နေပေပြီ။



(၅)

"သီချင်းဖွင့်ကွာ"

ယာဉ်မောင်းက ယာဉ်နောက်လိုက်ကို လှမ်းပြောလိုက်သည်၊ ယာဉ်နောက်လိုက်က၊ ကက်ဆက်ခွေတစ်ခွေကို ကားကက်ဆက်ထဲ ထည့်ဖွင့်လိုက်သည်။

"ဘဝသံသရာ. . . ရှည်လျားတွေပြား. . . မနေမနား . . . တစ်သွားတည်းသွားကြတာ. . . ခရီးပန်းတိုင်. . . မရောက်မချင်း . . . တစ်ယောက်ဆင်း. . . တစ်ယောက်တက်. . . ဆက်လက်ထွက်ခွာလာ"

သီချင်းသံကြောင့်၊ မဝေက ကျွန်တော့်ပခုံးကို မှီအိပ်ရာမှ လန့်နိုးလာသည်။

"နောင်ကြိုက်တဲ့သီချင်း"

"ဟုတ်တယ်၊ ဆရာဦးသုခရဲ့ ဘဝသံသရာသီချင်း"

မဝေ အပြောကို ကျွန်တော်က ဖြည့်စွက်လိုက်သည်။ မဝေတ ဘာမှထပ်မပြောဘဲငြိမ်နေသည်။ ကျွန်တော်က ကားပြတင်းမှ မြင်ပကမ္ဘာဆီသို့ စိတ်တို့ပျံ့လွင့်ထားလိုက်မိသည်။ ထိုကမ္ဘာ၌ ကျွန်တော် ရာဇာနှင့်တွေ့သည်။

"ရာဇာရယ်၊ မူးယစ်ဆေးဝါးတွေ၊ လူ့လောက လူ့ကမ္ဘာက ပျောက်ကင်းစင်သွားအောင် ငါအပါအဝင် မင်းသူငယ်ချင်း တစ်တွေ ကြိုးစားနေပါတယ်၊ မူးယစ်ကင်းစင်တဲ့ တို့ရဲ့မျှော်မှန်းချက် ပန်းတိုင်မရောက်မချင်း ငါသေသွားရင်၊ ငါ့သားတွေ၊ ငါ့မြေးတွေက ဆက်လက်အကောင်အထည် ဖော်သွားကြမှာပါ၊ အဲဒါ ငါ့ဘဝရဲ့ ဦးစွာ ပထမ တာဝန်တစ်ရပ်ရယ်ပါကွာ"

ရာဇာက ကျေနပ်စွာပြုံးသည်၊ ထိုအပြုံးသည် ကျွန်တော့် လုပ်ဆောင်မှုအတွက် သူ၏ကျေနပ်မှု အပြုံးဖြစ်ပေလိမ့်မည်။

ကားကမီးရောင်စုံထိန်လင်းသော ရန်ကုန်မြို့အတွင်းသို့ ဝင်လာသည်၊ မီးရောင်စုံတို့သည်၊ ကျွန်တော်၏ လုပ်ဆောင်မှုများ အပေါ် ဂုဏ်ပြုနေလေသလားဟု ခံစားရသည်။

လူ့ရွာကမ္ဘာ၌ မူးယစ်ဆေးဝါးတို့ကို တားဆီးကာကွယ်နိုင် နေပြီဟု ကျွန်တော်ခံယူရင်း ရာဇာကို နှုတ်ဆက်သည်၊ သူရှုနှင့် ပညာတို့လည်း ရာဇာ၏ နှုတ်ဆက်ခြင်းကို ရရှိနေပေလိမ့်မည်။

လောကသည် လှပ၍လာချေပြီတကား . . .။

# ရွက်ညှာကြွလျှံ

ဒေါ်ချစ်ခင်တို့နေသည့် အရပ်ကို "ဗလတ်တော" ဟု အများက ခေါ်ကြသည်။ စင်စစ် ဗန်းစကားအားဖြင့် "ဗလတ်"ကို ဓာတ်သမားဟု လူသိကြသည်။ ထို့ကြောင့် "ဗလတ်တော" ဟူ သည် ဓာတ်သမားများ နေထိုင်ရာ နေရာဟု တစ်နည်းဆိုနိုင်သည်။ ထို "ဗလတ်တော" ဟူသည့်အမည်ကိုလည်း ဓာတ်သမားတို့ကပင် ပေးခဲ့ကြခြင်းဖြစ်သည်။ ဗလတ်တော၌ မြေစိုက်တဲလေးကိုးလုံးရှိ သည်။ ပေးခြင်းပေးလျှင် "နဝရတ်ကိုးပါး" ဟုပေးလည်းရနိုင်သည်။ ထိုအတွေးကို တဲကိုးလုံးပိုင်ရှင်တို့ တစ်ခါဖူးမျှမတွေးမိကြချေ။

ဗလတ်တောသည် "ကျောက်စာတိုင်" ဘုရားဝင်း၌ရှိ သည်။ အတိအကျဆိုရလျှင် ဘုရား၏စနေထောင့်အရပ်ရှိ ဟင်း သင်းပြင်၌ တည်ရှိသည်။ ကျောက်စာတိုင် ဘုရားသည် ကျောက် စာတိုင်ပေါင်းများစွာ ဝိုင်းရံတည်ရှိနေ၍၊ ထိုသို့ခေါ်ဝေါ်ခြင်းလားဟု ဒေါ်ချစ်ခင်တွေးမိတတ်သည်။ ဘုရား၏ ရာဟုထောင့်အရပ်၌ ဘယ်အချိန်ကာလကတည်းက ကျောက်ပျဉ်ခွက်ထားသည်မသိ။ ညောင်းမညာနှင့်ထိုင်လျက်ရှိသော "မယ်ကုဝဏ်" ရုပ်တုရှိသည်။ ဘုရားဝင်း၏အလယ်၌ တင်ပျဉ်ခွေ ဗုဒ္ဓသုံးဆူကိန်းဝပ်သော ဇရပ် ကြီးတစ်ဆောင်ရှိသည်။ ဘုရားသည် လူသူကင်း၍ ဘုရားဖူးမယ့် နှင့်တည်ရှိနေသည်မှာ ကာလကြာချေပြီ။ ကျောက်စာတိုင် ဘုရား၏ အရှေ့တောင်ထောင့်၌ ကျိုက္ကဆံသုသာန်ရှိသည်။ ကျိုက္ကဆံ

ဘုရားကို အစွဲပြု၍ ကျိုက္ကဆံသုသာန်ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ကျိုက္ကဆံဘုရား(စေတီ) သည် ကျောက်စာတိုင်ဘုရား၏ အရှေ့ အရပ်၌ရှိသည်။ နှစ်စဉ်တပို့တွဲလဆန်း ၈ ရက်နေ့မှ လပြည့်ကျော် ၃ ရက်နေ့အထိ ကျိုက္ကဆံဘုရားပွဲကို ကျင်းပကြသည်။ ဘုရားပွဲကို လေးထောင့်ကန်၊ သိမ်ချောင်း၊ ကြည်စု၊ အင်းတိုင်၊ ထားဝယ်ချောင်တို့မှ ရွာလုံးကျွတ်လာကြသည်။ ကျိုက္ကဆံဘုရားပွဲသည် ကြက်ပျံမကျ စည်ကားလှကြောင်းကို ဘုရားဖူးသူများသာသိသည်။

ကျိုက္ကဆံဘုရားပွဲပြီးလျှင် ရွှေနားပန်ဘုရားပွဲ၊ ရန်မျိုးအောင်ဘုရားပွဲ၊ ယောက်ကော်စေတီဘုရားပွဲတို့ကို ဇာတ်ပွဲတို့ ပွဲဆက်ကူးကြသည်။ ထိုမှသန်လျင် ကျိုက်ခေါက်ဘုရားပွဲသို့ကူးသည်။ ပဲခူး ရွှေမောဓောဘုရားပွဲအပြီးမှာတော့ တစ်နှစ်စာ ဇာတ်နားကြသည်။ ဇာတ်ခေါင်းခွဲကြသည်။ ဒီဇာတ်နှင့် ဒီအရပ်မှာ ဆက်နေသူတွေလည်း ရှိသည်။ ဒီမှဟိုသို့ ဇာတ်ကူးပြောင်းသူတွေလည်းရှိသည်။ ထိုမှ ဇာတ်သမားတို့တစ်မိုးခိုရာ နေရာကိုရှာကြသည်။ အချို့ဇာတ်တို့က ဇာတ်တိုက်ရင်း၊ ကရင်းနှင့် မိုးနည်းရာအညာအရပ်သို့ တက်ကြသည်။

ဒေါ်ချစ်ခင်တို့လည်း ဇာတ်နားရာမှ ဗလတ်တောတွင် စုမိကြခြင်းဖြစ်သည်။ ဒေါ်ချစ်ခင်၏ ခင်ပွန်းသည် နောက်ပိုင်းမင်းသားကြီးဖြစ်သည်။ ရွှေမြိုင်အောင်ကြိုင် ဇာတ်မိုးခိုတော့ ကျိုက္ကဆံဘုရားဝင်းထဲ ရောက်လာသည်။ ဘုရားအနောက်ဘက်ရှိ သုဓမ္မာဇရပ်ထဲမှာ စုရုံးနေသည်။ ပန်းချီကားတွေချိတ်ပြီး မွမ်းမံသူရှိသလို၊ ဖဲဝိုင်းခံနေသူလည်းရှိသည်။ မင်းသားကြီးဗိုလ်လန်က မျက်စိရှုပ်နားရှုပ်သည်ဟုဆိုကာ ကျောက်စာတိုင်ဘုရားဝင်းထဲ၌



မြေစိုက်တဲထိုး၍ ရွှေ့နေသည် ဗိုလ်လန်နောက်သို့ လိုက်ပါလာရာမှ ဗလတ်တော၌ တဲကိုးလုံးစုမိကြခြင်းဖြစ်သည်။

ဒီနှစ် ရွှေမြိုင်အောင်ကြိုင် ဇာတ်မထွက်ဖြစ်တော့ ဇာတ်သမားတို့ ဒုက္ခရောက်ကြသည်။ အခါတိုင်း ဇာတ်နောက်သို့ မိသားစုလိုက်ပါရင်းမှ ကွမ်းယာ၊ ဆေးလိပ်၊ မြန်မာ့မုန့်တို့ ရောင်းချရင်း ဝမ်းတစ်ထွာကို ဖြေရှင်းနိုင်သည်။ ယခု ဇာတ်နောက်သို့ မလိုက်ပါနိုင်တော့၊ ဒီတော့ ဗလတ်တောမှာ ဒေါ်ချစ်ခင်တို့ သောင်တင်နေကြသည်။

ဗိုလ်လန်ကတော့ ချီကောက်လိုက်သည်။ ချီကောက်ဆိုသည်မှာ အလိုရှိသူက လာခေါ်တစ်ပွဲ၊ နှစ်ပွဲက၊ ဒါမှမဟုတ် သုံးလေးမြို့က၊ ပြီးလျှင်ပြီးပြီ၊ နောက်လာခေါ်သူကို စောင့်ကြ၊ မျှော်ကြပေတော့။

ဗိုလ်လန်က ဇာတ်သမားပေမယ့် နောက်ပိုင်းမင်းသားကြီးဖြစ်သည်။ လောက၊ ဓမ္မအကြောင်းရာများကို သုံးနှုန်းစပ်ဟပ်ပြောဆိုကပြရသူဖြစ်၍ ယဉ်ကျေးသိမ်မွေ့သည်၊ သူ့ဇနီးဒေါ်ချစ်ခင်ကတော့ နှုတ်ကြမ်း၊ လျှာကြမ်းဖြစ်သည်၊ သမီးသားတို့မှာလည်း ဒေါ်ချစ်ခင်ကို တူသူများဖြစ်၍ ဒေါ်ချစ်ခင်နည်းတူပင် ဖြစ်သည်။

ဗိုလ်လန်နှင့် ဒေါ်ချစ်ခင်တို့၏ သားအကြီး မျိုးလွင်ဦးဖြစ်သည်။ သားဦးပေမယ့် ရှုးနှမ်းနှမ်းကျပ်မပြည့်၊ ဒေါ်ချစ်ခင်၏ ဆွေမျိုးတွေဘက်မှာသာ အနေများသည်။ ဒုတိယသမီးအမည်က စန္ဒာဝင်း၊ လမင်းကဲ့သို့ မဝင်းပဘဲ အသားက မည်းကြုတ်လှသည်။ အရပ်ကရှည်လွန်းလှပြီး ခါးကကိုင်းနေသည်။ ထူထဲသော နှုတ်ခမ်း၊ ခြောက်သွေ့နီကြင်သောဆံပင်၊ ကိုယ်သင်းနံ့မမွှေးသော စန္ဒာဝင်းတစ်ယောက် လူလားမြောက်ခဲ့သော်လည်း ရည်းစားတစ်ယောက် မျှပင်ထားနိုင်ခြင်းမရှိသည့်ဘဝမှာ ရပ်တည်နေရသည်။ အောက်က

မောင်ငယ်ချစ်ဝေဖြိုးနှင့် နှမငယ်စုပြည့်ချစ်ဖြိုးတို့မှာလဲ ဇရပ်ကြီးထဲမှာသာ ဆော့ကစားအချိန်ကုန်နေသည်မှာများသည်။

စင်စစ် ဗလတ်တောသည် အိမ်ရာမဲ့သူများ၏ စာဖွဲ့မကုန်နိုင်သော ကြမ်းတမ်းလှသည့် ခရောင်းလမ်းတစ်ခုသာဖြစ်ပေသည်။

× × × × ×

ထိုနေ့က ဗလတ်တောတစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွားခဲ့သည်။ စန္ဒာဝင်းတစ်ယောက် ဈေးမှအပြန် သုသာန်ထဲ၊ ဇရပ်ပေါ်မှ အထုပ်ကြီးတစ်ထုပ်ကောက်ရခဲ့သည်။ အိမ်ရောက်၍ ဖွင့်ကြည့်တော့ ၁၄ လက်မတီဗီတစ်လုံးနှင့် အောက်စက်တစ်လုံးဖြစ်နေသည်။

"ဒိုးရာပါတွေ ဉစ္စာ ကြည့်နေ တော်ကြာ ရဲတွေလာဖမ်းသွားလိမ့်မယ်"

မြေစိုက်တဲတစ်လုံးမှ ဒေါ်အုံးကလှမ်း၍ ထောမနာပြုလိုက်သည်။

"မနာလိုနေတဲ့ မိစ္ဆာအိုမကြီး၊ သင်းကိုဘုရားမှာ ကောင်းစားနေရမှ လူတွေကိုကြိုက်မှာ၊ ကုသိုလ်ကံလေးကောင်းလာပြီဆို နာလိုခံခက်တွေအများကြီးမှန်း သိလာရတယ်"

ဒေါ်ချစ်ခင်က ကြမ်းတမ်းသောစကားကို စ၍ဆိုသည်။ သူ့အသွင်က ထဘီရင်လျှားနှင့်မို့ မည်းပြောင်သောအပေါ်ပိုင်းမှ အဆီတွေက ဝေ့ဝဲနေသည်။ ဆံပင်က သမီးစုပြည့်ချစ်ဖြိုး သန်းရှာပေးထား၍ ဖားလျားကျနေသည်။ ရှည်လျားသော လက်သည်းနှင့် ကျောပြင်ကို လှမ်းလှမ်းကုတ်နေ၍၊ လက်သည်းမှာလည်း မည်းညစ်သော ချေးအထပ်ထပ်နှင့် အပွေးထလျက် ရှိသည်။ ကွမ်းချေးတတ်



သော နီကြင်ကြင်သွားငုပ်တွေက ဒေါ်ချစ်ခင်ရုပ်ကို အကျည်းတန်စေနေသည်။ ထဘီရင်လျှားမို့ ဒူးအထက်ပေါ်နေသော ခြေသလုံးသားတွေမှာ သမန်းချေး တက်နေသလို၊ ယားနာဖုများဖြင့် ပြည့်နှက်နေသည်။

"ဟဲ့ ဖွင့်စမ်းပါ မိစန္ဒာရဲ့ အရုပ်လေးဘာလေးကြည့်ရအောင် ချစ်ခင်တို့ ကုသိုလ်ကံများ အိမ်တိုင်ရာရောက် ရတနာပုံဆိုက်မယ့် ကိန်းပေါက်နေပါလား"

ဒေါ်ချစ်ခင်က စန္ဒာဝင်းကိုလည်းပြော၊ ပတ်ဝန်းကျင်ကိုလည်း ကြားအောင်ပြောလိုက်သည်။

"မမြင်ဘူး၊ မူးကိုမြစ်ထင်နေတဲ့ဟာတွေ၊ မီးမရှိဘဲနဲ့ သူ့လင်အရုပ်ကပေါ်လာမှာမို့လား"

တဲတစ်လုံးမှ ဒေါ်နွဲ့ကလှမ်း၍ စောင်းမြောင်းပြောလာပြန်သည်။

"ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေတော်၊ နတ်ကြီးတွေ အရှင်ကြီးတွေရယ် ကျုပ်တို့ချမ်းသာတာကို သူတို့မနာလိုဖြစ်နေကြတယ်တော့၊ ကြည့်လုပ်ပေးပါဦး"

ဒေါ်ချစ်ခင်က ထ၍ ပတ်ကြမ်းတိုက်သည်။ စန္ဒာဝင်းက

"ဟုတ်တယ်အမေ၊ မီးမှမရှိတာ၊ ဘက်ထရီနဲ့ဆိုဖွင့်လို့ရမယ်ထင်တယ်"

တိုးညင်းစွာ ပြောလာသော စန္ဒာဝင်းစကားသံကို ဒေါ်ချစ်ခင်တစ်ယောက် ပါးစပ်ဟောင်းလောင်းပေါက်နှင့် နားထောင်နေမိသည်။

"ဒါဆို ညည်းဟာက အသံသာပါတယ်။ အဆန်မပါတဲ့ သကြိန်အမြောက်ကြီးပေါ့" ဒေါ်ချစ်ခင်မှတ်ချက်ပြုသည်။

"မမ ဖွင့်ဟာ"

ချစ်ဝေဖြိုးက တီဗီအနားလာကပ်ရင်းပူဆာသည်။

"ဒီကလေး ဒီမှာ စိတ်ညစ်နေရတဲ့အထဲ"

စန္ဒာဝင်းက ဒေါနှင့်ပြော၍ ချစ်ဝေဖြိုးထိပ်ကို ခေါက်လိုက်သည်။ တဲထဲမှာ ချစ်ဝေဖြိုးငိုသံက ဆူညံစွာ ထွက်လို့လာသည်။

"မသာအိမ်ကျနေတာပဲ၊ ဆူညံနေတယ်"

စုပြည့်ချစ်ဖြိုးက ကြားဖူးသည့် စကားနှင့်ပြောလာသဖြင့်

"နင့် အဖေဗိုလ်လန်သေလို့ပေါ့"

ဟု ဒေါ်ချစ်ခင် ထအော်သည်။ စုပြည့်ချစ်ဖြိုးက သူ့အမေကို နား မလည်သလို ငေးကြည့်သည်။

"ဘက်ထရီအိုး . . . ဘက်ထရီအိုး"

စန္ဒာဝင်းက နှုတ်မှရေရွတ်ရင်း၊ "သူရရင် ငါတီဗီဖွင့်လို့ ..ဖူ" ဟု ပြောနေမိသည်။

အရှုံမ၊ အဲဒါကြီးကိုမက်နေ၊ ထမင်းတောင်မချက်ရသေး ... သွား ဆန်ဆေးချေ"

စန္ဒာဝင်းက တီဗီကို ပြန်ထုတ်လိုက်သည်။ ပြီးတော့ မီးဖို မှိုင်းစွဲနေသော ထမင်းအိုးထဲသို့ ဆန်ထည့်လိုက်သည်။ ဆန်ဆေး ရန် တဲပြင်သို့ ထွက်လိုက်သည်။ အခြားတဲ ရှစ်လုံးမှ သူတို့တဲကို ဝိုင်းကြည့်နေသော မျက်လုံးအစုံကို တွေ့လိုက်ရသဖြင့် မာန ခေါင်ခိုက်သော အပြုံးနှင့် အားလုံးကို မျက်စောင်းဝေ့ဝဲ ထိုးလိုက် လေတော့သည်။

× × × × ×

"တောက် . . . အိပ်ရတယ်မရှိဘူး။ ဆူညံလိုက်တဲ့ ကက်ဆက်သံ၊ ဖွင့်လိုက်တဲ့တရားခွေ၊ အခုချက်ချင်းပဲ နိဗ္ဗာန် ရောက်တော့မှာကျနေတာပဲ"



မသန်းချစ်၏ တဲမှ ကက်ဆက်ခွေဖွင့်တိုင်း ဒေါ်ချစ်ခင်က ထိုသို့ပြောနေကျဖြစ်သည်။ ဒေါ်ချစ်ခင်အသံကြားရလျှင် မသန်းချစ် က ကက်ဆက်အားကို ပြန်လျှော့လိုက်သည်။ မသန်းချစ် ယောကျ်ား က လူရှင်တော်ပေါက်စီဖြစ်သည်။ သူတို့လင်မယားက ရိုးသည်၊ အေးသည်၊ ရတာလေးကို ကျစ်ကျစ်ပါအောင် သိမ်းထုပ်သည်။ ဒီတဲကိုးလုံးမှာ မသန်းချစ်က ပြေလည်သည်။ သို့ပေမဲ့ မသန်းချစ် က အားလုံးကို ကြောက်ရသည်။ အားလုံးကို ချေးတန်ချေး၊ ငှားတန်ငှား၍ သင့်မြတ်အောင်နေတတ်သည်။ ထိုသို့ချေးငှားရင်းမှပင် ဒေါ်ချစ်ခင်၏ စောင်းမြောင်းပြောဆိုမှုကို နေ့တိုင်းခံနေရသည်။

နောက်တဲတစ်လုံးမှာတော့ နှံ့မှုတ်သူ ကိုခင်စိုး၏ ဇနီး မယား မခင်သိန်းရှိသည်။ သူတဲမှာက မခင်သိန်းသားနှစ်ယောက် သာရှိသည်။ မခင်သိန်းက အရပ်တကာလှည့်၍ တစ်နေကုန်ဈေး ရောင်းသည်၊ ညမိုးချုပ်မှ ပြန်လာပြီး လျှော်ဖွတ်ချက်ပြုတ်၍ သား နှစ်ယောက်နှင့် စားသောက်ရသည်။

"မိုးချုပ်ပြီဆို ခင်သိန်းတို့က အညော်လုပ်ပြီ၊ ရှောင်စရာ နေရာမရှိတာသိရက်နဲ့ သင်း တမင်လုပ်နေတာ"

ဒေါ်ချစ်ခင်၏ ပြောစကားကို မခင်သိန်းကမမူ၊ အိမ်ရာ မယ့်ချင်းအတူတူ ခေါင်းတစ်လုံး ပိုမြင့်၍ လူမိုက်လုပ်နေတာကို မခင်သိန်းလက်သင့်မခံနိုင်။ ထို့ကြောင့်ပြန်၍ ပြောတတ်သည်။ ပြန်ပြောတိုင်းလည်း ဒေါ်ချစ်ခင်နှင့် မခင်သိန်းတို့ ရန်ဖြစ်ရသည်။

ဒေါ်ချစ်ခင်လိုပဲ စရိုက်တူအနေတူသူ နောက်တစ်ဦး ရှိသေးသည်။ သူကား ဒေါ်ပုလဲဖြစ်သည်။ အမည်ကသာ ပုလဲ ဖြစ်သော်လည်း အသားက မဟူရာကျောက်အရှုံးပေးရသည်။ ရှေ့သွားနှစ်ချောင်းက ငေါထွက်နေသည်။ (သွားခေါသည်ဟု ဆိုနိုင်သည်) နားနှစ်ဖက်က ကားလွန်းလှသည်။ ခြေတံလက်တံ

တို့ပြီး လူက ဝဖိုင့်သောကြောင့် ဒေါ်ပုလဲ လမ်းလျှောက်လာလျှင် ကြည့်ရအလွန်ဆိုးသည်။ ဒေါ်ပုလဲမှာ သမီးသန္တာရှိသည်။ သန္တာက စန္ဒာဝင်းနှင့်စာလျှင် ကြည့်ပျော်ရှုပျော်ရှိသည်။ ဘုရား ဈေးတန်းမှ ပန်းပုရုပ်ထုသူ တစ်ဦးနှင့် ရည်ငံနေသည်။ ရည်းစား ထားနိုင်ခြင်း ကပင် သန္တာကို စန္ဒာဝင်း မနာလိုမှု၏ ရေသောက်မြစ် ဖြစ်ရသည်။ ဒေါ်ချစ်ခင်နှင့် ဒေါ်ပုလဲကအပေါ်ယံ ပြုံးနေကြသော်လည်း အတွင်းမှာက မာကျောနေသည်။ ဒေါ်ပုလဲ၏ ယောကျ်ားမှာလည်း နောက်ပိုင်း မင်းသားကြီးပင်ဖြစ်သည်။

တဲတစ်လုံးမှာတော့ ပန်းချီဆရာနေသည်။ ပန်းချီဆရာက မိန်းမဝါသနာပါသည်။ ချဉ်တူးပါစေ မူးရင်ပြီးရော လူစားမျိုးဖြစ်သည်။ လင်သားနှင့် ကွဲကွာနေသော မိန်းမမျိုးကို သူအရနူးတတ်သည်။ ဗုံတီးသူအုပ်စုဆရာ၏ မိန်းမနှင့် ဘာလိုလိုဖြစ်နေသည်။ မီးစက်ထိန်းဆရာ၏ မိန်းမနှင့်လည်း မလွတ်မကင်းဟု ပြောကြသည်။

နောက်တဲတစ်လုံးမှာတော့ အသက် ၇၀ ဝန်းကျင်ရှိ အဘိုးအိုတစ်ဦးရှိသည်။ သူကမင်းသမီး မခင်နွဲ့၏ အဖေဖြစ်သည်။ မခင်နွဲ့နောက်သို့ မလိုက်ပါနိုင်တော့၍ ဒီမှာသောင်တင်နေရသည်။

ဒေါ်ချစ်ခင်၏ တဲသို့ ပန်းချီဆရာရောက်လာတော့

"ဘာကိစ္စတုန်း"

ဟု ဒေါ်ချစ်ခင်က မေးလိုက်မိသည်။

"တီဗီရှိတယ်ဆိုလို့ လာကြည့်တာ၊ မဖွင့်ဘူးလား"

ဒေါ်ချစ်ခင်က ဆေးပေါ့လိပ်ကို ကောက်ခဲမီးညှိလိုက်သည်။ တစ်ဖွာ၊ နှစ်ဖွာဖွာပြီး "မီးမှမရှိတာ" ဟု ပြန်ဖြေလိုက်သည်။

"ဘက်ထရီအိုးရှိရင်ရမယ်"



စန္ဒာဝင်းက ဝင်ပြော၍ ဒေါ်ချစ်ခင်တစ်ယောက်သမီးဖြစ်သူကို စောင်းငဲ့ကြည့်လိုက်သည်။ ပန်းချီဆရာကလည်း စန္ဒာဝင်းကို လှမ်းကြည့်သည်။ မြင်နေကျ၊ တွေ့နေကျဖြစ်ပါလျက် ပန်းချီဆရာ၏ အကြည့်မှာ စန္ဒာဝင်းရင်ဖိုလိုက်မိသည်။ ပန်းချီဆရာက ပြုံးသည်။ သူ့အပြုံးကို သူသာသိလိမ့်မည်။

"ဘုရားအလှူခံမဏ္ဍပ်က ဘက်ထရီအိုးကို ကျွန်တော်ငှားကြည့်ဦးမယ်၊ ရနိုင်ကောင်းပါရဲ့".

ပန်းချီဆရာက ထိုသို့ဆိုရင်း နှုတ်ဆက်ထပြန်သည်။ ထိုညက စန္ဒာဝင်း၏ အိပ်မက်ထဲမှာ သူနှင့်ပန်းချီဆရာတို့ လျှောက်လည်ကြသည်ဟု မက်လေသည်။

× × × × ×

"ဟဲ့-ကောင်မလေး၊ ခိုးစားတတ်ရင် ဆေးကိုလည်း ခိုးသောက်ထားရတယ်"

မျက်နှာချင်းဆိုင် ပြောလာသော မခင်သိန်းစကားကို စန္ဒာဝင်းက နားမလည်သလို ငေးကြည့်လေသည်။ ဒေါ်ချစ်ခင်က တွင်းထဲသို့ ရွှံ့ခဲတစ်လုံးပစ်ထည့်ရင်း မခင်သိန်းကို မော့ကြည့်လာသည်။ မခင်သိန်းက ရွှံ့ခဲတစ်ခဲကို ကောက်ရင်း တွင်းထဲသို့ လှမ်းထည့်လိုက်သည်။ သုသာန်စောင့်တို့က ပေါက်တူးဖြင့် မြေကြီးကို ယက်ကာ တွင်းကိုဖုံးလိုက်ကြသည်။ တွင်းထဲမှာတော့ မခင်နွဲ့၏ အဖေအဘိုးအိုသည် ဖျာလိပ်စုတ်ကိုပတ်လျက် တစ်ခုသော ခရီးလမ်းကို လျှောက်လှမ်းနေချေပြီ။

အဘိုးအို၏ တမလွန်ခရီးမှာ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်သော်လည်း ရင်နင့်အောင် ခံစားရသူတစ်ဦးမျှမရှိ၊ ငိုသူမရှိနှင့်ပြီး

ဆုံးခဲ့သည်။ ဗလတ်တောမှ မိသားစုများက အဘိုးအိုအနီးမှ ဖယ်ခွာကာ မိမိတို့ တဲဆီသို့ ပြန်ခဲ့ကြသည်။ ဒေါ်ချစ်ခင် တစ်ယောက်က အဘိုးအို၏ မြေပုံအနီး၌ထိုင်ကာ တစ်စုံတစ်ရာကို နက်နဲစွာစဉ်းစား နေတော့သည်။

"ခိုးစားတတ်ရင်. . . ဆေးကိုလဲ ခိုးသောက်ထားရတယ်"

မခင်သိန်းစကားကို ဒေါ်ချစ်ခင်က ထပ်မံရေရွတ်လိုက်သည်။ သမီးစန္ဒာဝင်းက ဘာကိုခိုးစားထားတာလဲ၊ ဘာကြောင့်ဆေးခိုးသောက်ရမှာလဲဟု ဘာသာတွေးမိသည်။ အသိဉာဏ်နည်းလှသော မိမိကိုယ်ကို ဒေါ်ချစ်ခင်အားမရဖြစ်လာသည်။ မခင်သိန်းသည် သမီးစန္ဒာဝင်းကို ဘာရည်ရွယ်ချက်နှင့်ပြောတာလဲဟု ဒေါ်သက မခင်သိန်းအပေါ်ပုံကျလာသည်။ ဒီတော့ ဒေါ်ချစ်ခင်ထိုင်ရာမှ ထသည်။ ဒေါသသည် ရင်ဝမှဆောင့်တက်ကာ ငယ်ထိပ်အထိ တရိပ်ရိပ် တက်လာသည်။ လျင်မြန်သောစိတ်အလျဉ်နောက်သို့ ကိုယ်ခန္ဓာက တဖွတ်ထိုးအလိုက်မှာတော့ "အား" ဟူသည့် နာကျင်သံနှင့်အတူ လျှောက်လှမ်းရာမှ ပုံခနဲလဲကျသည်။

နာကျင်သောညာခြေကို ဒေါ်ချစ်ခင် မကြည့်သည်။

"ဘုရား . . . ဘုရား သံစူးတာပဲ"

နှုတ်မှ ဘုရားတရင်း၊ ခြေဖဝါး၌ စူးဝင်နေသောသံကို ဒေါ်ချစ်ခင် ဆွဲနုတ်လိုက်သည်။ သံသည် သံချေးတက်လျက်ရှိသည်။ ကျင်းပေါင်းများကို ပြန်တူးဖော်ရင်း၊ သေတ္တာအဆွေးများမှ သံတို့သည် ကြပြန့်လျက် ရှိတတ်သည်။ ထိုသံသည် ဒေါ်ချစ်ခင်ကို စူးပေပြီ။



ဆွဲနုတ်လိုက်သော သံကိုလွှင့်ပစ်ရင်း၊ အနာကိုတံတွေးနှင့် ဆွတ်လိုက်သည်။ ဒေါ်ချစ်ခင်ပြန်၍ ထရပ်သည်။ ငယ်ထိပ်တက်နေသော ဒေါသအရိပ်သည် အနာကြောင့်ပြန်လျော့ကျရသည်။ ညာခြေကိုထော့နဲ့ ထော့နဲ့ပြုရင်း ဒေါ်ချစ်ခင် ဗလတ်တောရှိရာကို အားခဲပြန်ခဲ့သည်။

"အမေ. . . ကိုကြီးမျိုးလွင်ဦးရယ်ပေါ့. . . သမီးတို့ရဲ့ တီဘီကိုလာယူသွားတယ်"

တဲအတွင်းအဝင်မှာတော့ စုပြည့်ချစ်ဖြိုးက ဒေါ်ချစ်ခင်ကို ဦးစွာလှမ်းတိုင်လိုက်သည်။ စုပြည့်ချစ်ဖြိုးက တီဗီကိုတီဘီဟု ခေါ်လေ့ရှိသည်။

"နှစ်ခုစလုံးလား"

ဒေါ်ချစ်ခင်၏အမေးကို

"ဟုတ်တယ် အမေ၊ တီဗီရော အောက်စက်ရော" ဟု စုပြည့်ချစ်ဖြိုး ကပြန်ဖြေသည်။

"ဒီ မသာကောင် ဘယ်ကနေဘယ်လို သိသွားတာလဲ၊ တယ်လဲဒုက္ခပေးပါလားနော်"

ဒေါ်ချစ်ခင်က ကွပ်ပျစ်ပေါ်ထိုင်လိုက်ရင်း ညည်းလိုက်မိသည်။

"သွား ငါ့ကို အဝတ်စုတ်တစ်ခုရှာပေးစမ်း၊ နောက်ပြီး ဖယောင်းတိုင်မီးခြစ်နဲ့ သံပရာသီးတစ်ခြမ်းယူပေး"

ဒေါ်ချစ်ခင် အသံကြောင့် တဲနောက်မှာ စန္ဒာဝင်းက ရှေ့ကိုထွက်လာသည်။

"အမေ . . . ဘာဖြစ်တာလဲ" ဟု ဒေါ်ချစ်ခင်ကို မေး လိုက်သည်။

" သံစူးတာ" ဟူသော ဒေါ်ချစ်ခင်၏ အဖြေစကား အဆုံးမှာ စန္ဒာဝင်းက သူ့မိခင်အပါးမှ ဝင်ထိုင်လိုက်သည်။

စုပြည့်ချစ်ဖြိုး ယူလာသော သံပရာသီးကို စန္ဒာဝင်းက ထက်ခြမ်းခြမ်းလိုက်သည်။

"သွား ဆားနဲ့ ဖဲထီးသံချောင်းယူခဲ့"

ဖယောင်းတိုင်ကို မီးညှိကာ ကွပ်ပျစ်စွန်းမှာ ထွန်းလိုက် သည်။ သံပရာတစ်ခြမ်းကို ဖဲထီးသံချောင်းနှင့် စို့ထိုးလိုက်သည်။ ထိုသံပရာခြမ်းပေါ်မှာ ဆားကိုဖြူးလိုက်သည်။ ဖဲထီးသံချောင်း အစွန်းကို ကိုင်လျက် သံပရာအခွံကို ဖယောင်းတိုင်မီးဖြင့် အပူပေး လိုက်သည်။

"အမေ . . . အထဲက ဖုန်တွေ၊ သဲတွေ ဆေးလိုက်ရင် ကောင်းမယ်ထင်တယ်"

သမီး စန္ဒာဝင်းကို ငေးကြည့်နေသော ဒေါ်ချစ်ခင် တစ်ယောက် စန္ဒာဝင်းအသံကြောင့် ပြန်၍လှုပ်နိုးလာသည်။ နှုတ်မှ

"လုပ်မှာသာ လုပ်စမ်းပါအေ . . ဒီမှာ နာရတဲ့အထဲ"

မီးအပူရှိန်ကြောင့် သံပရာခြမ်းမှာ ဆူ၍လာသည်။ စန္ဒာဝင်းက သံပရာခြမ်းကို ပွတ်ပွက်ဆူစေပြီးမှ ထိုပူနေသော သံပရာခြမ်းကို ဒေါ်ချစ်ခင်၏ သံစူးထားသော အနာပေါ်သို့ အုပ်ချ လိုက်သည်။

"အား . . . ပူတယ်"



ခြေကို ရုတ်ဟန်ပြုလိုက်သောကြောင့် ထိုခြေကို စန္ဒာဝင်း က ဖိထားလိုက်သဖြင့် ဒေါ်ချစ်ခင် ရုန်းခွင့်မရလိုက်တော့ချေ။ စန္ဒာဝင်းက မီးအပူပေးလိုက်၊ သံပရာခြမ်းကဆူလိုက်၊ ဆူနေသော သံပရာခြမ်းကို အနာပေါ်ဖိလိုက်နှင့် သုံးလေးခါ ပြုလုပ်ပေးပြီး သောအခါ မှ သံပရာခြမ်းကို အနာ၌ကပ်လိုက်ပြီး အဝတ်စုတ်နှင့် ပတ်တီး စည်းပေးသည်။ မီးခြစ်၊ ဖယောင်းတိုင်နှင့် ဖဲထီးသံချောင်း တို့ကို သိမ်းနေသော စန္ဒာဝင်းကို ဒေါ်ချစ်ခင်က ရှုမဝစွာဖြင့် ငေးကြည့်နေလေသည်။ ဘမှားတစ်စုံတစ်ရာကို ကျူးလွန်မိမှာကို မိုးရိမ်ဘတ်သော မိဘတို့၏ သဘာဝအတိုင်း

"မိစန္ဒာ . . . နင့်ကို မခင်သိန်းက ဘာပြောတာလဲ"

ဒေါ်ချစ်ခင်အမေးကို စန္ဒာဝင်းက မျက်နှာတစ်ဖက်လွှဲ လိုက်ရင်း

"ဘာမှမဟုတ်ပါဘူး၊ အဲဒီကောင်မက သူလှမ်းထားတဲ့ ငှက်ပျောခြောက်လေး ယူစားမိတာနဲ့"

စန္ဒာဝင်းက ထိုမျှသာဆိုရင်း နောက်ဖေးသို့ ဝင်သွား သည်။

ညည်းအေ . . . ကောင်းကောင်းကန်းကန်း ငှက်ပျော ခြောက်များ သွားခိုးစားရတယ်လို့၊ ကျိုက္ကဆံဘုရားကို စောင့်ကြပ် နေတဲ့ ဣန္ဒီရှင်၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်ကြီးတို့ရယ်၊ ကျုပ်သမီး နုနု ထွတ်ထွတ်လေးကို မှို့ချိုးမှုစ်ချိုး ပြောတဲ့သူတွေကို ကြည့်မနေပါနဲ့။ ဆုံးမပေးတော်မူပါ အရှင်ဘုရား။

ဒေါ်ချစ်ခင်၏ အသံက ဗလတ်တောမှ ဝေ့ဝဲစွာပေါ်ထွက်
လာပေမယ့်၊ ထုံအီနေသော ထိုပတ်ဝန်းကျင်၌ ထိုအသံသည်
လေထဲဝယ် ပပျောက်သွားလေသည်။

× × × × ×

ဆောင်းလေသည် ဝေ့ဝဲတိုက်ခိုက်လာလေသည်။ မှောင်
မိုက်နေပေမဲ့ ညသည် ကြယ်ရောင်များကြောင့် တောက်ပလျက်
ရှိနေသည်။

"အင်း. . . တပို့တွဲလပြည့်မို့ ၁၅ ရက်တည်းသာ လိုတော့
ပါလား" ဗိုလ်လန်က ဆေးလိပ်မီးကို ဖွာရှိုက်ရင်း ကောင်းကင်ကို
မော့ကြည့်ကာ ရေရွတ်လိုက်လေသည်။

"လဆန်း ၆ ရက် နေ့ဆို ကျွန်တော်တို့ ဗလတ်တောကို
ရောက်နေပြီနော် . . . အဘ"

ပေါက်စီ စကားအဆုံးမှာ ဗိုလ်လန်က ခေါင်းညိတ်သည်။

"အနောက်တိုင်းသားတွေလိုပေါ့၊ ခရစ်စမတ်နေ့ကျရင်
မိသားစုတွေ ပြန်ဆုံကြသလို၊ ငါတို့လဲ တပို့တွဲလပြည့်ရောက်မှာ ဗလတ်
တောမှ ပြန်ဆုံကြမယ်လေ"

ဦးသန်းက ကွမ်းယာကိုယာရင်း ဝင်၍ပြောလာသည်။
ဦးသန်းမှာ ဒေါ်ပုလဲ၏ ခင်ပွန်းဖြစ်သော်လည်း ဗိုလ်လန်တို့
လင်မယားလိုပင် ခင်ပွန်းနှင့် ဇနီးစရိုက်ချင်းကွဲပြားသူသာဖြစ်သည်။

"အင်း . . မိသားစုတွေ နေလို့ထိုင်လို့မှ ကောင်းကြရဲ့
လား မသိဘူး"



ဦးသန်းက ထိုသို့မှတ်ချက်ပြု၍ ကွမ်းယာကို ပါးစပ်ထဲသို့
ထည့်လိုက်သည်။

"ကျွန်တော်လဲ မသန်းချစ်ကို သတိရနေတယ်အဘရာ၊
ဒီကအပြန်မှာ သူ့ကို သူ့မိဘတွေရှိတဲ့ မော်လမြိုင်ကို ပြန်ပို့ထားရင်
ကောင်းမလားလို့၊ ဒီမှာက အနေဆင်းရဲတယ်လေ"

ပေါက်စီ စကားအဆုံးမှာ ဦးသန်းက ခေါင်းညိတ်သည်။
ဗိုလ်လန်က

"တို့များဘဝက ရေဇလာမှာမျောနေတဲ့ ဗေဒါပန်းတွေလို
ပါပဲကွာ ရေစုန်နဲ့တွေ့ရင် စုန်လိုက်ကြ၊ ဒီရေနဲ့ တွေ့ရင်လဲ တက်
လိုက်ကြနဲ့ အလိုက်သင့်မျောနေကြပေမယ့်၊ တို့များထားခဲ့ရတဲ့
တို့မိသားစုတွေ ဘဝကတော့ လုံခြုံပါတယ် ပေါက်စီရာ၊ သဘာဝ
ကိုက တို့လူမျိုးတွေက ငြင်းခုံသန်၊ ရန်ဖြစ်သန်ကြပေမယ့်၊ အရေး
ကြီးရင် သွေးစည်းကြတယ်။ အာဃာတတွေကို မေ့ပျောက်ပြီး
ကူညီဖေးမတတ် ကြတယ်။ ဒီလောက သဘာဝတရားတွေကို
နားလည်ထားရင် ဇနီးမယားနဲ့ သားသမီးတွေကို တို့လုံခြုံစွာ
ထားနိုင်ခဲ့တယ်လို့ နှလုံးသွင်းနိုင်ပြီပေါ့၊ တကယ်တော့ ဗလတ်
တောဟာ တို့ရဲ့ဆွေမျိုးစုရွာလေးပါကွာ"

စကားအဆုံးမှာ ဗိုလ်လန်က ဆေးလိပ်မီးကိုဖွာရှိုက်လိုက်
သည်။

"ဗိုလ်လန်ပြောတာဟုတ်တယ်ကွ၊ အခုလောက် ကာလဆို
ဗိုလ်လန်မိန်းမနဲ့၊ ငါ့မိန်းမ မပုလဲတို့ ဘယ်နှစ်ချီလောက်ရန်ဖြစ်ပြီး
ပြီလဲ မသိဘူး ဟား. . ဟား. . ဟား"

ဦးသန်းက ထောက်ခံ၍ ပြောဆိုရင်း ဟားတိုက်ရယ်မောလိုက်သည်။

"လဆန်းသုံးလေးရက် ဖျာပုံပွဲကပြီးရင် ကျွန်တော်တို့ ဗလတ်တောကို ပြန်ရောက်ပါပြီအဘတို့ရာ"

ပေါက်စီက တိုးညင်းစွာဆိုရင်း ထိုင်ရာမှထသည်။ ဦးသန်းနှင့်ဗိုလ်လန်ကတော့ ထိုင်မြဲထိုင်လျက် ရှေးနှောင်းဟောင်းဖြစ်များ ပြောရင်း ကျန်ခဲ့လေသည်။

× × × × ×

"မိစန္ဒာ ပြန်လာပြီလား"

တိုးညင်းစွာ မေးလာသော ဒေါ်ချစ်ခင်အသံကြောင့် အနားမှာ ဝိုင်းအုံနေသော သူတို့ ဝမ်းသာသွားကြသည်။

"ဟော. . . သတိပြန်ရလာပြီ" ဒေါ်ပုလဲက အားရဝမ်းသာ ထအော်သည်။ သန္တာက -

"ပြန်လာခါနီးပြီ ကြီးကြီး" ဟု ပြန်ဖြေလိုက်သည်။ ဒေါ်ချစ်ခင်၏ မျက်လုံးက ပြန်လည်မှေးစင်းသွားပြန်သည်။

"နင်. . . ဘာစားချင်လဲ ချစ်ခင်၊ ငါလုပ်ပေးမယ်လေ"

ဒေါ်အုံးက အနားကပ်၍ မေးသည်။ ပြန်၍ ထူးသံမကြားသဖြင့် ဒေါ်နွဲ့ကပါလှုပ်၍ ခေါ်လိုက်သည်။

"ချစ်ခင်. . . ချစ်ခင်"

"ပြန်မှေးပြန်ပြီထင်တယ်"

မသန်းချစ်က မှတ်ချက်ပြုသည်၊ အမှန်ပင် ဒေါ်ချစ်ခင် တစ်ယောက်ပြန်၍ မှေးမှောသွားသည်။



"မမသာ တိမ်းပါးသွားရင်၊ ကျွန်မကိုယ်ကျွန်မ ခွင့်လွှတ်နိုင်မှာမဟုတ်တော့ဘူး" မခင်သိန်းက ပြောလဲပြော၊ ငိုလဲငိုလေသည်။

"အို. . . အေ. . . ညည်းက သတိပေးနေတာပဲ၊ ချစ်ခင်ကိုယ်တိုင်က ပေါ့တာပါ၊ ကံကြမ္မာပေါ့လေ"

ဒေါ်ပုလဲက မခင်သိန်းကို ဖျောင်းဖျလိုက်သည်။ မခင်သိန်းကတော့ ငိုဆဲပင်။

စင်စစ် ဒေါ်ချစ်ခင် သံစူးထားသည်ကို မခင်သိန်းက မသိရိုး အမှန်ပင် ဖြစ်သည်။ သူကသူ့ထုံးစံအတိုင်း ညှော်ကြမယ်ရှင့်ဟုအော်သည်။ အညှော်လုပ်သည်နှင့် ဒေါ်ချစ်ခင်ကလည်း သူ့ထုံးစံအတိုင်း မခင်သိန်းကိုပြန်၍ မေတ္တာပို့သည်။ ကိစ္စက ဒီမှာတင်မရပ်သွားဘဲ ဒေါ်ချစ်ခင်၏ အနာမှာ ယောင်ကိုင်းလာသည်။ မြန်မာဆရာခေါ်ပြတော့ ငန်းဝင်သွားပြီဟု ပြောသည်။ ဆရာဝန်အလိုရမှု မေးခိုင်ရောဂါပိုး လွှမ်းမိုးသွားပြီဟု ဆိုနိုင်သည်။

"ဟဲ့. . . ဘယ်သူလဲ"

တံခါးမှာ အရိပ်ထင်လာ၍ ဒေါ်အုံးက ... ှမ်းမေးသည်။

"ကျွန်တော်ပါ" ဟုဆို၍ ပန်းချီဆရာဝင် ာသည်။ ပန်းချီဆရာကိုမြင်တော့ သန္တာက ထိုင်ရာမှထသည်၊

"ခင်ဗျား. . . ကျွန်တော့်သူငယ်ချင်းကို ယူမှာလား. . . အခုသူ့မှာသူ့မှာ"

ဒေါသကြောင့် သန္တာအသံက တုန်ခါ ... သည်။ ရင်လျားနှင့် တံထဲမှာ ထိုင်နေသော အုပ်စုံဆရာ၏ မိန်း ... ာ ပန်းချီဆရာကို ဘီလူးတစ်ကောင်အလား ငေးကြည့်နေသည်၊

ပန်းချီဆရာက တဲထဲရှိလူအားလုံးကို ဝေ့ဝဲကြည့်ရှုရင်း. . .

"ကျုပ် မိစန္ဒာကိုယူမှာပါ" ဟု ပြန်ဖြေသည်။

"အေး. . . မိစန္ဒာဆိုတာလဲ ငါ့သမီးပဲ နင့်ကတိမတည်ရင်၊ ငါနဲ့တွေ့မယ်"

ဒေါ်ပုလဲက ထကြိမ်းပြန်သည်။ ထိုစဉ်မှာပင် တဲထဲသို့ စန္ဒာဝင်း ဝင်လာသည်။ သူမ၏ မျက်နှာမှာ ငိုထား၍ထင့် မို့အစ်နေသည်။

"ဘယ်လိုလဲ. . . မိစန္ဒာ"

ဒေါ်နွဲ့က လှမ်းမေးသည်။

"ခိုးရာပါပစ္စည်းတဲ့၊ အဲဒါနဲ့ ကိုကြီးမျိုးလွင်ဦးလဲ လက်ဝယ်တွေ့လို့တဲ့၊ အဖမ်းခံထားရတယ်"

တဲထဲရှိ လူအားလုံးသက်ပြင်းမောကိုသာ ချလိုက်ကြသည်။ မိဘပစ္စည်း အထင်နှင့် နိုင်လိုမင်းထက် လာပြသွားသော မျိုးလွင်ဦး တစ်ယောက်၊ တီဗီနှင့် အောက်စက်ကြောင့် ရဲစခန်းရောက်သွားရလေပြီ။

"ကလေးနှစ်ယောက်ရော"

စန္ဒာဝင်းက သူ့မောင်နှင့် ညီမလေးကို မေးလာသဖြင့်

"ငါ့တဲထဲမှာ ထမင်းစားပြီးဆော့နေကြတယ်"

မခင်သိန်းက ပြန်ဖြေလိုက်သည်။ စန္ဒာဝင်းက ဒေါ်ချစ်ခင် အပါးမှာ ဝင်ထိုင်လိုက်သည်။ ပါးစပ်မှ ယိုစီးနေသော အမြှုပ်တို့ကို သူ့လက်နှင့် သုတ်လိုက်သည်။ သားရေတစ်ချပ်နှယ် မာကျောကျောဖြစ်နေမှုကို စန္ဒာဝင်း ခံစားလိုက်ရသည်။



ဒေါ်ချစ်ခင်ရင်ဘတ်အနားကိုကပ်၍ နားထောင်လိုက်သည်။ နှာခေါင်းဝကို လက်နှင့်ထိကြည့်သည်။

"အမလေး အမေရဲ့ အမေသေပြီတော့"

စန္ဒာဝင်းလှုပ်ရှားမှုကို ဝိုင်းအုံကြည့်နေရာမှ ငိုသံကြောင့် ဒေါ်ချစ်ခင်အနားသို့ လူတို့ဝိုင်းအုံလာကြသည်။

ဟုတ်သည်။

စန္ဒာဝင်းငိုလဲငိုသင့်သည်၊ ဒေါ်ချစ်ခင်က အမှန်တကယ်သေဆုံးခဲ့လေပြီ။

× × × × ×

ကြာတော့ကြာခဲ့ပြီ။

ယခုတော့ ဗလတ်တောလဲမရှိတော့ပြီ၊ သုဓမ္မာဇရပ်မှာတော့ ခရီးသွားတို့ နားခိုကြစမြဲပင်ဖြစ်သည်။

ကျိုက္ကဆံဘုရား၏ တောင်ဘက်မုခ်ဝမှာတော့ ဆိုင်းဘုတ်ရေးသော ပန်းချီဆရာတစ်ယောက်ရှိသည်။ သူ့အပါးမှာ ခေါက်မုန့်လုပ်ရောင်းနေသော ပိန်ရှည်ရှည်၊ ဆံပင်ကောက်ကောက်အမျိုးသမီးကြီးတစ်ဦးရှိသည်။ သူတို့အပါးမှာ ဆော့ကစားနေသောကလေးတစ်ယောက်ရှိသည်။

သဘာဝတရားကတော့ နွေမိုးဆောင်း ပုံမှန်လည်ပတ်လျက်ပင်။

# ဇာတ်သမားလာရင်

(၁)

သိပ္ပံ-အတတ်ကိုသိရွေ့၊ ဖြည်းဖြည်းသင်ရာ၏. . . လို့ လောကနီတိမှာ ဆိုထားတယ်။ အဲဒါကို ခင်ဗျားတို့၊ ကျုပ်တို့ ငယ်ငယ်တုန်းက၊ ဘုန်းကြီးကျောင်းသား ဘဝမှာ သင်ခဲ့ကြတာပဲ၊ ဟုတ်တာပေါ့၊ အတတ်ပညာဆိုတာ အခုရေတွင်းတူး၊ အခု ရေကြည် သောက်လို့ရတဲ့ ကိစ္စမှမဟုတ်တာ၊

ဒါပေမဲ့ ကိုသန်းစိန်ကတော့ အဲဒါနဲ့ ဆန့်ကျင်ဘက်ပဲ၊ သူကလောဘကြီးတယ်ဆိုမလား၊ ရတဲ့နေရာမှာ တွေ့တဲ့သူဆီက နှိုက်ချွတ်ပြီး ရယူတတ်တဲ့ သဘာဝက ရင့်သန်နေပြီလေ။

ကိုသန်းစိန်နဲ့ ကျုပ်နဲ့ စတင်သိကျွမ်းခဲ့ကြတာက၊ အောင်သန်းစိန် ဇာတ်အဖွဲ့ကို ကျုပ်ပြဇာတ်လက်ထောက် မင်းသားဘဝနဲ့ စတင်ရောက်ရှိချိန်မှာပေါ့။ အဲဒီအချိန်မှာ သူကလဲ လက်ထောက် မင်းသားတစ်ယောက်ဖြစ်နေပြီ၊ ကျုပ်ကညနေဆို တစ်ခွက်တစ် ဖလား မော့တတ်တယ်၊ ကိုသန်းစိန်ကလဲ တစ်နေကုန် ကြွက်လျှောက် တိုက်နေရာက "ညနေ ညနေဆီမှာလေ၊ ကူနီကြော စံကွန်း၊ ကိုကြီး ကျော်ပလီလွန်းတယ် မောင်ကြီးကျော်ပလီလွန်း တယ်၊ ဆေးစိုက်ကျွန်း၊ သန်းစိန် အရက်သောက်တဲ့ ကျွန်း ကျွန်း"





လို့ သီဆိုရင်းနဲ့ မော့တတ်တယ်။ ဒီတော့ သူနဲ့ကျုပ်နဲ့က ဝါသနာတူတွေ ဖြစ်သွားကြတယ်။ အဲဒီကနေ ခင်လာတယ်။ အရက်သမားတွေ စည်းလုံးပြီဆိုရင် ဘယ်သူတွေကလိုက်မှီလို့တုန်း၊ ခင်ဗျားတို့လဲအသိပဲဟာ၊ ဒါနဲ့ကျုပ်တို့ဟာ သေသောက်ဖော်ဘဝကနေ၊ သွေးသောက်ဘဝ အထိရောက်ခဲ့ကြတယ်။

ပြီးတော့ ကိုသန်းစိန်ကို ကျုပ်ချစ်တာတစ်ခုရှိသေးတယ်။ ဘယ်လောက်မူးမူး ပွဲဦးနတ်ကတော် အကမှာ သူဆိုရမယ့် တပေါင် တို့၊ နတ်ယိုင်တို့ကို လျှာသံ အာသံ ပီပီသသသူဆိုနိုင်တယ်။ ဘယ်တော့မှ မူးသံမပါစေရဘူး၊ ယိမ်းခေါင်းဆောင်ကြူကြူခိုင်က

"ရွှေပြုံးကိုသွားမယ်လို့၊ နပ်ခါးတဲ့သုံးတောင်၊ ဖြောင်လှအောင်သွေး" လို့ မတိုင်လိုက်နဲ့ ကိုသန်းစိန်က လိုက်ပြီးသား၊

"ကျောက်ပျဉ်ကြီးငယ်နှင့်၊ မှန်ဘီးကိုယူခဲ့ပါ၊ ညိုနွဲ့ရယ်လေး၊ အဲဒီလိုဖောက်ပြီးတာနဲ့ သူကပုလင်းအဖုံးကို ဖွင့်လိုက်ပြီးသား၊ ကြူကြူခိုင်က မျက်နှာရှုံ့ပြီးသား၊ ဒါ ကျုပ်ညတိုင်း တွေ့ရတဲ့ ဇာတ်စင်ပေါ်က ဇာတ်ဝင်ခန်းပဲပေါ့"

"ကြောက်တတ်ရင် သောက်ပါရို့လား၊ ရှက်တတ်ရင် သောက်ပါရို့လား ပုဆိုးစွန်တောင်သက်တန့်သွေးနဲ့၊ ဘိုးတော်ကြီး မြေး"

အဲဒီလို နတ်ယိုင်ပြီးရင်၊ ပုလင်းကိုမော့လိုက်ပြီ၊ လက်ကျန်အားလုံးကုန်ပြီဆိုတော့၊ ပုလင်းကို ပြန်ပိတ်၊ ကြင်နာယုယစွာ ဖက်တွယ်ရင်းနဲ့၊ သူ့အိပ်ရာဆီ လှမ်းတယ်၊ တရေးအိပ်တယ်ပေါ့။

သူကနှစ်ပါးသွားကနေ၊ နောက်ပိုင်းမိုးလင်းအထိ၊ ကရမှာဆိုတော့၊ ညဦးအိပ်လို့ရတာပေါ့၊ သူ့အိပ်တဲ့အချိန်ကစပြီး၊ သံစာစာ

နဲ့ ညံ့နေတယ်တဲ့၊ သူ့အသံ၊ ငြင်းရင်း၊ ခုန်ရင်း၊ နောက်ရင်း၊ ပြောင်ရင်းနဲ့ ပျော်စရာဖြစ်ရတဲ့ ဇာတ်သဘာဝဟာ၊ ခေတ္တငြိမ်သက်သွားတော့တာပါပဲ၊ သူ့မှာ အဲသလို ချစ်စရာကောင်းတဲ့ အမူအရာ ကလဲရှိသေး။

(၂)

"သဘင်အနုပညာဆိုတာ၊ ပင်လယ်ကြီးလိုပါပဲ၊ လိုက်စားလေလေ ကျယ်ပြောလေပဲ၊ ဟုတ်တယ်မဟုတ်လား၊ သူငယ်ချင်း"

အဲဒီညက ဇာတ်နားတယ်၊ ကျုပ်လဲဇာတ်သေတ္တာပေါ် မှာ ပက်လက်လန်ရင်း ဆက်ရက်မင်းစည်းစိမ်ယူနေမိတယ်၊ ကောင်းကင်လမင်းကြီးနဲ့ ကြယ်တွေကိုပဲ ရေတွက်နေမိတယ်။ ကိုသန်းစိန်က ကျုပ်နံဘေးမှာ ဦးဖိုးစိန်ကြီးရဲ့ နှစ်ပါးသွားသီချင်းတစ်ပုဒ်ကို ဟဲနေတယ်။ သူက အဲသလို သီချင်းဆိုနေရာက ကောက်ကာငင်ကာ ကျုပ်ကိုလှမ်းမေးလာတယ်။ ကျုပ်လဲ တာဝန်ကျေ အင်း. . . လို့ ဖြေလိုက်မိတယ်။ သူက

"သဘာဝဆိုတာ သဘောတရားပါပဲ၊ သဘောတရားကို သိရင် သဘာဝဆိုတာကို သူ့အလိုအလျောက် နားလည်သွားမှာပါ၊ ဟုတ်လား သူငယ်ချင်း"

ကျုပ်က သူ့အမေးကို ငြိမ်နေမိတယ်၊ စည်းစိမ်ပျက်ရတဲ့ ဘဝကို ကျုပ်နှမြောနေမိတယ်။

"ကိုယ့်သူငယ်ချင်းက စာပေသမားဆိုတော့ မေးရဦးမယ်၊ ဒွေးချိုးဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ"



ပွဲစပြီလို့ ကျုပ်နားလည်လိုက်တယ်။ ဒီလိုပုံနဲ့ မိုးလင်းသွားနိုင်တယ်လို့ ကျုပ်တွေးမိတယ်၊ ကိုသန်းစိန်အကြောင်းကို ကျုပ်က သိနေပြီကိုး၊ ဒါပေမဲ့ သူငယ်ချင်းဆိုတဲ့ အသိနဲ့၊ ကျုပ်ပြန်ဖြေလိုက်ရတယ်။

"ဒွေးဆိုတာ နှစ်ခုပဲ၊ အဲဒါ သင်္ချာကိုဟောတဲ့ ပါဠိဘာသာပေါ့၊ ဆရာစိန် ချိုးဆိုတာ အဆစ်အပိုင်းလို့ ပြောပြနိုင်တဲ့ မြန်မာဘာသာပရိယာယ် စကားပေါ့၊ အဲဒါနှစ်ခုကို ပေါင်းလိုက်ရင် အချိုးအပိုင်း နှစ်ခုနဲ့ စီကုံးဖွဲ့ဆိုတဲ့ ကဗျာကို ဒွေးချိုးလို့ခေါ်နိုင်တာပေါ့"

"ဟုတ်ပြီ သူငယ်ချင်းပြောတာက၊ ဒွေးချိုးရဲ့ သဘောတရားနော်၊ အဲဒီသဘောတရားကို ကိုယ်ကသဘာဝရဲ့ အသိနဲ့ ဆိုပြမယ်၊ နားထောင်မှာလား"

သူ့အမေးကို ကျုပ်ခေါင်းညိတ်ပြလိုက်တယ်။

ပန်းစံပယ်

နန်းအလယ်မပေါ် ခိုက်တာမို့

အလိုက်တော်ဟန်သင့်ရုံပ၊ ခံပွင့်ကိုသုံး

နန်းရဝေ

မန်းမြေမှာ စံပယ်လှိုင်တော့

ခံပန်းခိုင် ယာယီရွှေ့တယ်

တောလေ့ရှာသုံး။

အဲဒါဒွေးချိုးလို့၊ ကိုယ်ဆိုပြတာနော်၊ အဲဒီ ဒွေးချိုးကို သဖြန်လို ကိုယ်ဆိုပြမယ်၊ နားထောင်

ကိုသန်းစိန်က အဲဒီကဗျာကိုပဲ ပြန်ဆိုပြတယ်။ ဒီတစ်ခါဆိုတာက၊ စောစောတုန်းက၊ ကဗျာကို ကဗျာလို ရိုးရိုးဆိုတာ

မဟုတ်တော့ဘူး၊ အသံပါလာတယ် "ခံပန်းခိုင်ယာယီရွှေ့တယ်၊ တောလေ့ရွာသုံး" ဆိုတဲ့နေရာမှာ ညည်းသလိုလို လွမ်းသလိုလိုနဲ့ နားထောင်လို့ကောင်းတယ်၊ သူကဒွေးချိုးကို သဖြန်လိုရွတ်အပြီး မှာတော့လဲ

* ကိုယ် အဲဒီကဗျာနဲ့ ငိုချင်းဆိုပြဦးမယ်။
* ကျုပ် အသာလေးပဲ နားထောင်နေမိတယ်။ ဘာပဲဖြစ်ဖြစ် ဗဟုသုတတော့ရတာပေါ့လို့ ဘာသာဖြေမိတယ်၊ အခုပ်ပိုဒ်မှာ ကျုပ်သတိထားလိုက်မိတယ်။

နန်းရဝေ မန်းမြေမှာ စံပယ်လှိုင်တော့၊ မန်းမြေမှာ စံပယ် လှိုင်တော့ နှမရေ အခုလို စံပယ် မှုလေးတထုံထုံငယ်နဲ့ ယမုန် ရဂုံမြအဆင်းလိုသာပ အစုံ အစုံ နဲ့ ငှက်ကျေးသာရကာတို့ကလဲ မ ဖိုတွဲလို့ ကဆိုဟန်နွဲ့ကာပ၊ ဖော်လွဲသူမောင်မရှင်ဘု၊ ဟိုယခင် ပင်ယံမမြင့်ပေမဲ့ ခံပွင့်ဘဝကို ငေးငိုင်လို့ ခံပန်းခိုင်ယာယီရွှေ့တယ် အခုဟော့ မောင့်မှာလေ တောဓလေ့ရွာသုံး (အမလေး) တော ဓလေ့ရွာသုံး။

ကျုပ်က ပက်လက်လန်အနေအထားကနေ ညာဘက်ကို စောင်းလိုက်တယ်၊ ကိုသန်းစိန်က ခါးကြားကသောက်တော်ဘူးကို ဆွဲယူလိုက်ပြီး တစ်ငုံမော့သောက်လိုက်တယ်၊ ပြီးတော့ ကျုပ်ကို ပုလင်းလှမ်းပေးတယ်။ ကျုပ်လဲ လဲရာကထထိုင်ပြီး မော့လိုက် မိတယ်။ မူးသွားမှ အိပ်ပျော်မှာ၊ ဒါမှ ကိုသန်းစိန်ရန်က လွတ်မှာ လို့တွေးမိပြီး ခပ်များများမော့သောက်လိုက်တယ်။

အဲဒီဒွေးချိုးကို ကိုယ် ခွန်းတောက်လို့ဆိုပြရဦးမလား



ကျုပ် ဇက်ကျိုးသွားတယ်၊ အသိကတော့ မလွတ်သေးဘူး၊ ဒါပေမဲ့ ကိုသန်းစိန်မေးတဲ့ မေးခွန်းကြောင့် ကျုပ် အမှန်တကယ် ပဲ မူးသွားရတယ်။ ဇက်ကျိုးသွားရတယ်၊ နောက် အိပ်ပျော်သွား တယ်ပေါ့ သူက

"သူငယ်ချင်း အာမေဋိတ်ရှစ်မျိုးဆိုတာဘာလဲ ကိုယ် ဇာတ်ကရင် အဲဒီအာမေဋိတ်ရှစ်မျိုးကို ခရေစေ့တွင်းကျ သိထားရ မယ်လို့ ဇာတ်ဆရာကပြောတယ်၊ သူငယ်ချင်း ရှင်းပြပါလားတဲ့"

(၃)

ပဲခူး ရွှေမော်ဓောဘုရားပွဲပြီးတော့ ကျုပ်တို့ဇာတ်နားကြ တယ်၊ ကိုသန်းစိန်က အောင်သန်းစိန်ဇာတ်အဖွဲ့မှာပဲ ဆက်နေဖို့ ကျုပ်ကိုပြောတယ်၊ ကျုပ်လဲ သူ့သံယောဇဉ်နဲ့ နောက်တစ်နှစ် ဆက်နေဖို့ ဆုံးဖြတ်လိုက်တယ်၊ ပြီးတော့ သက်န်းကျွန်း ငမိုးရိပ်မှာ အိမ်လေးတစ်လုံးငှားလိုက်ကြတယ်။ သုံးလစာအပျောက်နဲ့ပေါ့၊ ကိုသန်းစိန်နဲ့ ကျုပ်ရဲ့ ခေတ္တကွန်းခိုရာနေရာလေးပေါ့။

အိမ်လေးငှားပြီး တစ်ပတ်အကြာမှာ ဆွမ်းခံကိုယ်တော် တစ်ပါးကို ကိုသန်းစိန်ကပင့်လာတယ်။ ဒီလူ အလှူရေစက်ကလဲ ကြီးသနာတုံတတ်တာ၊ နောက်ပြီး လမ်းထဲမှာလည်း လူအတော် များများနဲ့ခင်သွားတယ်၊ ခင်သွားတော့ သူကအိမ်မကပ်တော့ဘူး၊ သူပင့်လာတဲ့ ဆွမ်းခံကိုယ်တော်ကို ကျုပ်ကချည်း နိုင်ခံ ဆွမ်း လောင်းနေရတယ်။

အဲ ညနေ နေဝင်ရီဆိုရင်တော့ သူ ကျုပ်ကိုမမေ့ဘူး၊ သူ့ရဲ့ မိတ်ဆွေအသစ် အသစ်တွေနဲ့ ကျုပ်ကိုမိတ်ဖွဲ့ပေးရင်း အသူရာနဲ့

မိတ်ဖွဲ့ဖြစ်ကြတယ်။ သူ့ရဲ့ဝါသနာဝီဇ အသူရာနဲ့တွေ့ပြီးရင်တော့ နားထောင်သူတွေအတွက် စည်းစိမ်ပျက်ပြီမှတ်ပေတော့။

တစ်နေ့မှာတော့ ကျုပ်လဲ စည်းစိမ်ယစ်ရင်း မှေးခနဲ အိပ်ပျော်သွားတယ်၊ ဆူညံနေတဲ့အသံကြောင့်လား၊ နားယဉ်နေတဲ့ အသံကြောင့်လားမသိဘူး ကျုပ်လန့်နိုးလာတယ်။ မသချာနား ထောင်လိုက်တော့မှ ကိုသန်းစိန် အသံမှန်းသိလိုက်တယ်၊ "ကျောင်း တော်တွင် ဆွမ်းတော်တင်လို့ပြီးပါပေါ့" ဆိုတဲ့ စကားသံကြောင့် ကိုသန်းစိန် ဦးရှင်ကြီးတင်နေမှန်း ကျုပ်ရိပ်မိလိုက်တယ်၊ တစ်ခဏ ကြာတော့ အုန်းမှုတ်ခွက်ထဲမှာ မုန့်ဆမ်းထည့်လို့၊ ငှက်ပျောတစ်ဖီး နဲ့ သူပြန်လာတယ်။

"သူငယ်ချင်း နိုးပြီလား လာ စားရအောင်" လို့ သူကဖိတ် တယ်။ ကျုပ်လဲ သူ့ကိုငေးပြီး ပြန်ကြည့်နေမိတယ်။ အဲဒီနေ့ကစလို့ လမ်းထဲက၊ ရပ်ကွက်ထဲက ဝါဝင်ဦးရှင်ကြီးတင်ပွဲကို သူ့ကိုလာပင့် ကြတော့တယ်၊ သူက အလကားမတ်တင်း လိုက်ကူညီတယ်၊ ဒီမှာ တင် အခကြေးငွေနဲ့ ဆွမ်းတင်လိုက်တဲ့ သူ့ရဲ့သားက ကိုသန်းစိန်ကို ချောင်းရိုက်လိုက်တယ်။ အမှုဖြစ်ရင် ဆေးရုံမှာ နှစ်ရက်လောက် တက်နေလိုက်ရတယ်၊ ဒီနောက်တော့ ကိုသန်းစိန်တစ်ယောက် သူ့ကို ဆွမ်းတင်ဖို့လာခေါ်ရင် ငြင်းနေတတ်တာကို ကျုပ် သတိ ထားလိုက်မိတော့တယ်။

ရပ်ဝေးလေ၊ ရွာဝေးလေဆန်ပြီး မြန်မာပီသလှတဲ့ ဒီနေရာလေး မှာနေရတာ ကိုသန်းစိန်ကြောင့် စိတ်ကသိကအောက်ဖြစ်ရတာတ လွဲလို့ နေလို့ကောင်းပါတယ်။ နောက်ရက်တွေမှာ ဇာတ်ဆရာ



ရောက်လာတယ်၊ ကျုပ်တို့ နေရာအခင်းလေးကိုကြည့်ပြီး သူ သဘောကျသွားတယ်၊ တစ်ညလောက်အိပ်ပြီး နေသွားတယ်၊ လာမယ့်ပွဲရာသီမှာ ကပြတင်ဆက်မယ့် သူလမ်းကြုံယူလာတဲ့ ဇာတ်ထုပ်အသစ်က ဇာတ်စာတွေကို ကျုပ်တို့ကိုပေးတယ်၊ ဖတ် ထားနှင့်၊ ကျက်ထားနှင့်ဆိုတဲ့သဘောပေါ့။

ဇာတ်ဆရာပြန်သွားပြီး နှစ်ရက်လောက်နေတော့ ကျုပ် အမေကို သတိရသွားတယ် ကျက်နေတဲ့ ဇာတ်စာက မိခင် မေတ္တာဘွဲ့ဆိုတော့ ပိုလို့တမ်းတမိတယ်၊ ဒါနဲ့ ကျုပ် သုံးခွကို ခဏ ပြန်လိုက်တယ်၊ ပထမတော့ တစ်ရက် နှစ်ရက်ပေါ့ အမေ့ကို တွေ့ရုံ ကန်တော့ရုံပဲပေါ့၊ အမေ့ဆီရောက်တော့ အမေကတားတယ်၊ နောက်တစ်ရက် နောက်တစ်ရက်နဲ့ ကျုပ်တစ်ပတ် ရှစ်ရက်ကြာ သွားတယ်၊ ကျုပ်ပြန်တော့ အမေက မျက်ရည်စမ်းစမ်းနဲ့ ကျန်ခဲ့ တယ်၊ ဘာတတ်နိုင်မှာလဲ အတောင်စုံပြီး သိုက်မြုံကပြန်သွားတတ် တဲ့ ငှက်ကျေးတို့ရဲ့ သဘာဝကို အမေလဲသိပြီးသားရယ်ပါ၊ သားကို တွေ့တဲ့ခဏ လွမ်းမှာပေါ့၊ ကြာတော့လည်း သားမိုက်ကို အမေ မေ့နိုင်မှာပါလို့သာ ကျုပ် ဖြေသိမ့်လိုက်တော့တယ်။

ငမိုးရိပ်ကအိမ်ပြန်ရောက်တော့ ကိုသန်းစိန်က ကျုပ်ကို ဆီးကြိုပါတယ်၊ အမေ့ကိုလွမ်းရင်း မျက်နှာပျက်နေတဲ့ကျုပ်ကို သူက နားချတယ်။ အမေ့ကိုသိတတ်၊ သတိရတတ်ရင်ပဲ ကျေးဇူး ဆပ်ရာ မည်ပါတယ်လို့ သူလိုချင်ရာဆွဲပြောတယ်၊ ဒါပေမဲ့ သူ ကျုပ်ကို ကြာကြာနားမချနိုင်ပါဘူး၊ သူ့မိတ်ဆွေတွေလာခေါ် ရင်း လိုက်သွားရင်းနဲ့ ကျုပ်အနားကနေ ခွာသွားတတ်တယ်၊ သူ့ သဘာဝအတိုင်းရယ်ပေါ့။

အဲ နောက်ရက် နောက်ရက်တွေမှာ ကျုပ်သတိထားလာမိတာတစ်ခုကို တွေ့တယ်၊ အိမ်ကိုဆွမ်းခံကြွတဲ့ကိုယ်တော်လေးပေါ့ လမ်းထဲကို ဆွမ်းခံမကြွတော့ဘူး၊ ရုံဖန်ရံခါ ကားလမ်းရဲ့ဟိုဘက်က ဘဝမြင့် ရိပ်သာဘက်မှာ ဆွမ်းခံနေတာကို တွေ့ရတယ်၊ ဒါနဲ့ ကျုပ်လဲ ကိုသန်းစိန်ကို မေးဖြစ်တယ်။

"ဆရာစိန် အိမ်ကိုဆွမ်းခံကြွတဲ့ကိုယ်တော်လေးက ဒီလမ်းဒီရပ်ကွက်ထဲကို ဆွမ်းခံမကြွတော့ဘူးလား"

ကျုပ်အမေးကြောင့် သူက ဖျက်ခနဲ ကျုပ်ကိုလှမ်းကြည့်တယ်၊ ပြီးတော့ ခေါင်းခါပြတယ်။

"ဘာဖြစ်လို့လဲဗျ"

သူကပြုံးတယ်၊ မှသားနဲ့လိမ်ညာခြင်း၊ ဟန်ဆောင်ခြင်းတို့ကို ကြာရှည်စွာ ဖုံးကွယ်မထားတတ်တဲ့ သူ့ဥာဉ်အတိုင်း "ကိုယ့်ကြောင့်" လို့ သူဖြေတယ်။

ကျုပ်လဲ ကိုသန်းစိန်ကိုကြည့်ရင်း "ကိုယ့်ကြောင့်" ဆိုတဲ့ စကားရဲ့အဖြေကို ရှာနေမိတယ်။

"ဆိုစမ်းပါဦး ဆရာစိန်ရယ်"

ကျုပ်အမေးကို သူကပြုံးတယ်၊ သောက်ရေအိုးစင်မှာ ရေတစ်ခွက်သွားသောက်ပြီး သူ ကျုပ်အနားဝင်ထိုင်တယ် "ဇာတ်လမ်းက ဒီလို" ဆိုတဲ့ သူ့စကားကို ကျုပ်နားထောင်နေမိတယ်။

"ဇာတ်ဆရာပေးသွားတဲ့ ဇာတ်စာထဲမှာ တချို့ ပါဠိစကားလုံးတွေပါတယ်လေ၊ ပါဠိစကားလုံး အသုံးသန်တတ်တဲ့ ဆရာအကြောင်းကိုလဲ သူငယ်ချင်းသိသားနဲ့၊ ဇာတ်က "တေဿ ပဏ္ဍုဇာတ်" ကာမဂုဏ် အာရုံနောက်ကို လိုက်ပါမမှားကြဖို့ အသိတရားပေးထားတဲ့ဇာတ်လေ၊ အဖေက သားကို အဝေးကိုလွှတ်တယ်၊ မလွှတ်ခင်မှာ သားရဲ့ပညာစွမ်းအင်ကို မေးတယ်လေ၊ သားက သင်္ချာဗေဒ၊ ဘာသန္တရဗေဒ၊ နက္ခတ်ဗေဒင်၊ မန္တာန် ဆေးဝါးအစရှိတဲ့ နှစ်လုံးရည်နဲ့ လက်ရုံးရည်တို့ကို ပြသတယ်၊ အဲဒီမှာ စစ်ဆင်နည်း ၂၉ ပါး ကို ပါဠိလိုရွတ်သွားတယ်။ မဏ္ဍုက၊ သပ္ပ၊ ဥပါယ၊ ဣတ္တိသုဝ၊ မေဃ၊ ပတ္တ၊ ဝိဒ္ဓ၊ ဓာရက အစရှိတဲ့ နည်းပရိယာယ်၊ ဗျူဟာကိုလဲ နှုတ်ဝယ်တသသ၊ တတ်မြောက်လှကြောင်းပါတဲ့၊ ဒီမှာတင် ကိုယ်မရှင်းမလင်း ဖြစ်လာတယ်။ မဏ္ဍုကဆိုတာ ဘာလဲ သပ္ပဆိုတာဘာလဲ၊ ဥပါယဆိုတာ ဘာလဲပေါ့၊ ကိုယ့်မိတ်ဆွေ အပေါင်းအသင်းဆိုတာကလဲ အသူရာဆိုတဲ့ စကားလုံးကို သေရည်လို့ ဘာသာပြန်တတ်တာကလွဲလို့ ဘာမှတတ်တာမဟုတ်ဘူး၊ ဒီမှာတင် ကိုယ် ဆွမ်းခံကိုယ်တော်လေးကို မေးမြန်းလျှောက် ထားလိုက်မိတယ်၊ ကိုယ်ကမေးတော့ ကိုယ်တော်လေးလဲ ကြောင်အမ်းအမ်းနဲ့ပေါ့၊ ကိုယ်တော်က ဓမ္မာစရိယတန်းကို ဝင်ဖြေဖို့ ကြိုးစား နေတာမှန်ပါတယ်တဲ့၊ ဒါပေမဲ့ စာသင်သားတို့သဘာဝအတိုင်း သင်လိုက် မေ့လိုက်နဲ့မို့ နောက်ရက်မှ အဖြေပေးပါရစေလို့ ပြောသွားတယ်။ အဲဒီနေ့ နောက်ရက်ကစပြီး ကိုယ့်အိမ်နဲ့အတူ သူငယ်ချင်းတွေ့တဲ့အတိုင်း လမ်းထဲရော ရပ်ကွက်ထဲမှာပါ ဆွမ်းခံမကြွတော့တာ ဒီကနေ့အထိပါဘဲ။

ကိုသန်းစိန်ရဲ့စကားအဆုံးမှာ ကျုပ် သက်ပြင်းချလိုက်မိတယ်၊ ဇာတ်သမားတို့ရဲ့သဘာဝနဲ့ ဉာဉ်ကိုလဲ အံ့ဩမိတော့တယ်။ ဇာတ်သမားလာရင် မှတ်သားစရာပါမယ်၊ ဇာတ်သမားပြန်ရင်

မှတ်သားစရာကျန်မယ်ဆိုတဲ့စကားရဲ့နောက်ကွယ်မှာ ဇာတ်သမားတွေရဲ့ ဗဟုသုတရှာဖွေမှုကြောင့် ကျုပ်အိမ်ကဆွမ်းခံကိုယ်တော်လေးလိုအဖြစ်မျိုးတွေ ဘယ်လောက်ရှိနေမှာလဲလို့ ဆင်ခြင်မိတယ်။ ကိုသန်းစိန် မသိတာတစ်ခုက အဲဒီ ဆွမ်းခံကိုယ်တော်လေးက ကျုပ်ကိုမိန့်မှာသွားတဲ့ စကားတစ်ခွန်းပါပဲ။

"ဒကာရယ် ကျုပ်တို့ရဟန်းသာမဏေတွေ ဆွမ်းမခံသင့်တဲ့အရပ်နေအိမ်ဆိုတာ ပညတ်ချက်ရှိတယ်၊ ကျုပ်ကတော့ အဲဒီ ပညတ်ချက်ထဲမှာ ဇာတ်သမားအိမ်၊ နေတဲ့အရပ်လို့ ထပ်တိုးလိုက်ချင်တာပါပဲ" တဲ့လေ။

"ဩော် ဇာတ်သမားတွေရယ်" လို့ပဲ ကျုပ် ရေရွတ်နေမိတော့တယ်။

## ဗေဒါပန်းဆော်ဝက်ပါလပ်း

(၁)

"မင်းဘာဖြစ်လို့နောက်ကျတာလဲ"

မန်နေဂျာ၏အမေးကို မိညိုက မျက်လုံးပုတ်ခတ် ပုတ်ခတ်လုပ်ရင်း နှုတ်ဆိတ်နေမိသည်။

"ပြောလေကွာ ဒါအလုပ်ချိန်လား"

မန်နေဂျာက ထအော်တော့မှ

"ဟို--- ဟို--- ညက၊ ကျွန်မ ပွဲသွားကလို့ပါ"

"ဘာ"

မန်နေဂျာ၏ ကျယ်လောင်စွာ "ဘာ" သံကြောင့် မိညိုလန့်သွားသည်။

"သွား မင်း ခွင့်တင်ပြန်တော့"

မန်နေဂျာ၏အခန်းထဲမှ မိညိုထွက်လာသည်။ ခွင့်တင်ပြန်တော့ဟုဆိုသော်လည်း ကိုယ့်လုပ်အားနှင့်လုပ်၍ရသော အရေအတွက်ပေါ်မှာ မူတည်ကာ ဝင်ငွေဖြစ်တည်ရသောဘဝ၌ ဒီနေ့အဖို့ ဝင်ငွေမရနိုင်တော့ဟု မိညိုနားလည်လိုက်သည်။

မိညိုလုပ်ရသည်က ချုပ်ပြီးသားအင်္ကျီများကို မီးပူထိုးရသည့်အလုပ်ဖြစ်သည်။ ဒီစက်ရုံမှာ ပိတ်စညှပ်သူတွေရှိသည်။

ဝိတ်စညှပ်သူတွေထဲမှာပင် ယောကျ်ားကော်လာညှပ်သူရှိသည်၊ ဘယ်-ညာလက်နှစ်ဘက်ညှပ်သူရှိသည်။ ကုပ်ပိုး၊ ကိုယ်ထည် စသည်ဖြင့် နေရာခွဲထားသည်။ ညှပ်ပြီးသားဝိတ်စကို ကော်လာ-ကုပ်ပိုး၊ ကိုယ်ထည် လက်တွဲ စသည်ဖြင့် အဆိုင်းလေးဆိုင်းက တစ်ခုချင်းတွဲလိုက်သည်။ နောက်ဆုံးချုပ်ပြီးသားအင်္ကျီကို မိညို တို့က မီးပူထိုးရသည်။ ခေါက်ပြီးသားအဆင့်ထိရောက်အောင် ပြုလုပ်ရသည်။ လျှပ်စစ်မီးပူများဖြစ်၍ မြန်ဆန်သည်၊ အလုပ်ဝင် ခါစက လက်ကိုမီးပူထိသည့်ဒဏ်ရာတွေနှင့် နေ့စဉ်ကြုံရသည်။ လုပ်ငန်းကျွမ်းကျင်လာတော့ တစ်နေ့ကို အထည်တစ်ရာလောက် အထိ ကျလာသည်။ မိညိုတို့လို မီးပူထိုးသူတွေက တစ်ဆိုင်မှာ ငါးဦးသာ ရှိသည်။ တစ်ဆိုင်မှာချုပ်ပြီးသားအထည်က ရှစ်ရာ-တစ်ထောင် ထွက်သည်။ မီးပူတစ်ထည်ထိုးပြီးလျှင် ငါးမူးရသည်။ မကြာမီ ကာလ၌ တစ်ထည်တစ်ကျပ် ပေးမည်ဟု မန်နေဂျာက ဆိုသည်။

ထိုအချိန်ကာလ၌ မိညိုတို့နေ့စဉ်ဝင်ငွေသည် တစ်နေ့ တစ်ထောင်ကျော် နှစ်ထောင်ကျော်နီးပါး ရလာနိုင်သည်။ မက်မော စရာ ဖြစ်လာမည်။

ထိုမက်မောစရာအလုပ်ကိုပင် မိညိုက မကြာခဏပျက် သည်။ မန်နေဂျာက ဦးလေးသားချင်းဖြစ်နေ၍ တော်သေးသည်။ နို့မဟုတ်လျှင် အလုပ်ပြုတ်ရုံသာရှိသည်။

ဦးလေးကလည်း မိညို၏ "ပိုး"ကိုသိသည်။ ထိုပိုးကို ပျောက်စေလို၍ သူ့အလုပ်ရုံထဲ၌ ခေါ်ထားခြင်းဖြစ်သည်။ မိညို၏ အနုပညာပိုးကားမှသေ၊ သူ့သူငယ်ချင်းများကလာ၍ ခေါ်လျှင်



လိုက်သွားသည်။ ည-လုံးပေါက်ပွဲကသည်။ မိညိုကမင်းသမီးဟု လည်း ပြောနိုင်သည်။ ယိမ်းသမဟုလည်း ဆိုနိုင်သည်။ ယိမ်း-ယိမ်းမယ်---ယိမ်း မိညိုကပွဲကရဖို့သာ စိတ်သန်သည်။ သူ့---မင်း သမီးနာမည်က"နွေဦး" တဲ့လေ။

(၂)

"ဦးလေး"

မိညိုအသံကြောင့် မန်နေဂျာက အလုပ်လုပ်နေရာမှ ခေါင်းမော့ကြည့်လိုက်သည်။

"ပြော"

"ကျွန်မမနက်ဖြန် ခွင့်ယူချင်လို့"

မန်နေဂျာက၊ မိညိုကို စူးစိုက်ကြည့်သည်၊ ပြီးမှမေးသည်။

"မမ---နေမကောင်းလို့လား"

မိညိုကခေါင်းခါသည်။

"မေမေနေကောင်းပါတယ်" ဟုပြန်ဖြေသည်။

"မန်နေဂျာက ပြုံးသည်။"

"မင်း---ပွဲသွားကမလို့လား"

မိညိုခေါင်းညိတ်ပြသည်။ မန်နေဂျာကပြုံးသည်။

"မင်းဇာတ်ထဲလိုက်မယ်ဆိုရင်လည်း---လိုက်ပေ့ါ၊ ငါ့ဆီက အပြီးထွက်သွားပေ့ါ၊ ငါ---မတားလိုပါဘူး၊ ဒါပေမဲ့ ဟိုမရောက် ဒီမရောက်ဘဝနဲ့ မင်းအသက်ကလည်း ငယ်တော့တာ မဟုတ်ဘူး၊ မင်းသေချာစဉ်းစားပါ၊ ဒါ--ငါနောက်ဆုံးခွင့်ပြုတာပဲ။ နောက်ဆို ငါလက်မခံတော့ဘူး--- မင်းလမ်းမင်းလျှောက်ဖို့ စဉ်းစားတော့"

မန်နေဂျာက သူ့အလုပ်သူ ဆက်လုပ်နေသည်။

"ဟုတ်ကဲ့" ဟုဆိုရင်း မန်နေဂျာအပါးမှ သူထွက်လာသည်။ ဒီနေ့ မိညိုတို့အဆိုင်းက နေ့လယ်တစ်နာရီမှာ ပြီးသည်။ ညပွဲကမည်။ နက်ဖြန်အိပ်ရေးပျက်မှာမို့ နေကုန်အိပ်မည်ဟု စဉ်းစားသည်။ အမေကိုပြောလို့ ရသည်။ လိမ်လို့ရသည်။ ဦးလေးက လက်သင့်မခံ၊ လိမ်လို့မရ။

မိညိုကပန်တျာကျောင်းဆင်းတစ်ဦး ဖြစ်သည်။ ပညာရေးနုံနဲ၍ ငါးတန်းမှာကျောင်းထွက်သည်။ နတ်ပွဲလိုက်ကြည့်ရင်း နတ်ကတော်တို့၏လက်တိုလက်တောင်းဘဝမှာ သူတို့နှင့်ခင်သွားသည်။ နဲ့ဆရာချိုလေးက မိညိုကိုသနား၍ ပန်တျာကျောင်းကို ပို့ပေးသည်။ အကသင်တန်းဆင်းဖြစ်သော်လည်း အသားမဲ၍ ရုပ်ရည်မလှသော မိညိုတစ်ယောက် မင်းသမီးဖြစ်မလာခဲ့၊ ယိမ်းသမဘဝကိုသာ ရောက်သွားသည်။ ဝန်ထမ်းအနုပညာရှင်လည်းမဖြစ်၊ ထွန်းပေါက်မှုလည်းမရှိသော မိညိုတစ်ယောက် ပြင်ပကမ္ဘာ၌ အလုပ်သမားတစ်ဦးသာ ဖြစ်လာသည်။ သို့ပေမဲ့ မိညိုကမလျှော့၊ သူ၏ ပန်တျာကျောင်းဆင်းဘက်များက လာခေါ်တိုင်းပွဲလိုက်က လေ့ရှိသည်။ တစ်နေ့သူ အောင်မြင်ရမည်ဟု ယုံကြည်ဆဲဖြစ်သည်။

ပွဲကရမည်ကညပိုင်းမှာ ဖြစ်သည်။ မိညိုကားအလုပ်ချိန်ကုန်သည်နှင့် အိမ်မပြန်တော့ဘဲ စုရပ်ကိုသွားသည်။ စုရပ်ကသာကေတ (၈) ရပ်ကွက်ရှိ နွယ်နီလင်းအိမ်မှာ ဖြစ်သည်။

"ဟော---မိညိုလာပြီ"

အိမ်ပေါ်တက်လာသောမိညိုကို နွယ်နီလင်းက ဖိုးလမင်းကြီးကို တွေ့လိုက်ရသလို ဝမ်းသာအားရပြောလာသည်။ ကီးဘုတ်တီးနေသည့် လူမော်ကလည်း မိညိုကိုပြုံးပြသည်။



"ဆန်းနေပါလား" ဟုမိညိုက ထင်လိုက်သည်။ ထိုစဉ်မှာပင် နွယ်နီလင်းက စကားစတင်ဆိုသည်။

"ညကျရင်---နင်--အငြိမ့်ခေါင်းဆောင်ကဟာ"

ကြားရသောစကားက မိညိုရင်ကိုတုန်လှုပ်စေသည်။ ဝမ်းသာစေသည်။ ခုန်သောရင်ကို ငြိမ်စေပြီးမှ -

"နင်--က" ဟုပြန်မေးမိသည်။ နွယ်နီလင်းက

"ငါမနက်ကချော်လဲရင်း ခြေထောက်ရောင်သွားတယ်"

နွယ်နီလင်းက ပတ်တီးစည်းထားသော ညာခြေထောက်ကို ပြသည်။

"ဘယ်လိုလဲ" နွယ်နီလင်း၏အမေးကို "နင့်သဘော" ဟု မိညိုပြန်ဖြေမိသည်။ ပြီးမှကီးဘုတ်ဆရာလူမော်ကို

"ငါ့ကိုသီချင်းတိုက်ပေးဦးနော်"

လူမော်ခေါင်းညိတ်ပြသည်။

"ငါတို့ကို ယိမ်းအရင်တိုက်ပေး" ဟုဆိုသော၊ သူ့လုပ်ဖော်ကိုင်ဖက်များ၏ အသံကြောင့် မိညိုနောက်ဆုတ်လိုက်သည်။ သူတို့ယိမ်းတိုက်ပြီးတော့ ကီးဘုတ်ဆရာရှေ့မှာ မိညိုထိုင်လိုက်သည်။

"ဘာဆိုမှာလဲ" လူမော်အမေးကို

"ပါးမှာနံ့သာ--ခါးမှာပဝါရယ်၊ ပန်းရည်ဘဏ်တိုက်ရယ်၊ နောက်ပြီးအိမ်ပြန်နှုတ်ဆက်မယ်---ရယ်" ဟုမိညိုပြန်ဖြေလိုက်သည်။ လူမော်ကခလုတ်ကလေးများကို ထိကစားရင်းက-

"နင်---ကီး---သိလား" ဟုမိညိုကိုမေးသည်။

ကီး---ဟုတ်လား---မိညိုရေရွတ်မိသည်။

သူ့ကိုကြည့်နေသောလူမော်ကို ပြန်ကြည့်ရင်း "စီ" ထင်တယ်ဟု ပြန်ဖြေသည်။

လူမော်က ပန်းရည်ဘဏ်တိုက်သီချင်းကို၊ အတောဝင်လိုက်သည်။ အဆိုပိုဒ်မှာ မိညိုက ဝင်ဆိုလိုက်သည်။

"ချိုလေတဲ့ချိုလေ--ဤမြေမှထိုတောင်တန်း"

ဆိုနေရင်းမှ လူမော်ကရပ်လိုက်သည်။

"နင့်ဟာစီမှမဟုတ်ဘဲ"

လူမော်ကကီး ပြန်ချိန်ရင်း"ဆိုကြည့်" ဟုဆိုသည်။ ဒီတစ်ခါ အဆင်ပြေသွားသည်။ "ဂျီ-ကီး" ဟုလူမော်ကလှမ်းပြောသည်ကို၊ မိညိုခေါင်းညိတ်ပြလိုက်ရသည်။

ဆိုသာဆိုသည်၊ ကသာကသည်၊ စီတို့ဂျီတို့ကို မိညိုမသိ၊ ကြားဖူးသည်သာ ရှိသည်။ ခုတော့ကိုယ်တိုင်ကြုံရပြီ၊ သင်ခန်းစာဟု မိညိုနားလည်လိုက်သည်။

သီချင်းတိုက်ပြီးတော့ မျက်လုံးတို့က ဟိုသည်ရှာနေမိသည်။ "နင်ဘာရှာနေတာလဲ" ဟူသော နှုတ်ဆရာ၏အမေးကို ခေါင်းခါပြလိုက်မိသည်။ အမှန်တော့ ဒီညပွဲ၌ သူ့အငြိမ့်ကရမည်။ သို့ဖြစ်၍ လူရှင်တော်တို့နှင့် မျက်လုံးခွင်ညှိချင်သေးသည်။ ပွဲတစ်ပွဲ၏ အောင်မြင်မှုသည် မိမိနှင့်မပြီးဆုံးသေးဟု မိညိုနားလည်ထားသည်။ သို့သော် လူရှင်တော်တို့က ပွဲဆီသို့တိုက်ရိုက်လာမည်ဟု သတင်းကိုသာ မိညိုကြားလိုက်ရသည်။

(၃)

ချစ်လှစွာသော ရွှေပွဲလာပရိသတ်ကြီးခင်ဗျား၊ ကျွန်တော်များ "ရွှေပြည်ရတနာ" အနုသုခုမအဖွဲ့ကြီးရဲ့ ယနေ့ည ဖျော်ဖြေ



တင်ဆက်မှုများကတော့ ဟုတ်ကဲ့-- ပရိသတ်ရဲ့စက္ခု နှစ်လွှာမှာ ဝေဆာအောင် တင်ဆက်ထားတဲ့ ယိမ်းပဒေသာများနဲ့--ဟုတ်ကဲ့ ပဒေသာအကြိုက်လှမ်းမယ့်၊ ဟာသတစ်ခန်းရပ်ရဲ့ အမည်ကတော့ နှမဆုံးသောအမွေပါတဲ့။ ပျော်ရွှင်စေမယ့် အငြိမ့်သဘင်ရဲ့ မင်းသမီးလေးများကတော့ ခေါင်းဆောင်မင်းသမီးချောလေး နွေဦးနဲ့အတူ ရွှေထွက်မင်းသမီး နန်းဦးတို့ပဲ ဖြစ်ပါတယ်။ ဟုတ်ကဲ့ အများရွှင်မယ့် နှစ်ပါးခွင်ရဲ့ မင်းသားချောလေးကတော့ ပန်တျာဘိုဘို. . . ပန်တျာဘိုဘိုပဲ ဖြစ်ပါတယ်။ ခင်ဗျာ ပျော်တော်ဆက် ပေါက်စီ၊ ချစ်စံ၊ ပန်းသီး၊ ဝေဖာတို့ရဲ့ အံ့မခန်းဟာသချက်နဲ့အတူ ဇာတ်ထွက်ပြဇာတ်ကတော့ ခြေလှမ်းအသစ် နံပါတ်တစ် ပရိသတ်ရဲ့ စိတ်ဘဝင်မှာစွဲတင်စေမယ့်၊ ရွှေပြည်ရတနာ အနုသုခုမအဖွဲ့ရဲ့ အနုပညာပန်းခင်းမှာ တစ်ညတာလှမ်းရင်း လျှောက်လှည့်ပါလို့၊ ဟုတ်ကဲ့ မင်္ဂလာညချမ်းပါ ခင်ဗျား။

"သူ့ဟာက ဟုတ်ကဲ့တွေများနေပြီ"

နန်းဦးက မိတ်ကပ်ပြင်ရင်း မှတ်ချက်ချသဖြင့် မိညိုပြုံးလိုက်မိသည်။ ကြေညာနေသူက လူရွှင်တော်ပန်းသီးဖြစ်သည်။ ကရသည့်ပွဲက နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပွဲမှာ အပျော်ပွဲသွင်းခြင်းဖြစ်သည်။ မနေ့ကညက၊ ဒီဇာတ်စင်မှာ စတိတ်ရှိုးဝင်သွားသည်။ ဒီည မိညိုတို့၏ ရွှေပြည်ရတနာအနုသုခုမအဖွဲ့၊ နက်ဖြန်မှာက မြဝတီအငြိမ့်အဖွဲ့ဝင်မည်။

ပရိသတ်ကတော့ ညို့နေသည်။ ပွဲခင်းကလည်း ရှည်လျားလှသည်။ ပွဲဈေးကလည်း စည်သည်။ ဒီလိုနေရာ၊ ဒီလိုအချိန်မှာမှ မိမိအငြိမ့်ခေါင်းဆောင် မင်းသမီးအဖြစ် ကရသည်ကို မိညို

ပျော်နေသည်။ မိမိစန်းသည် ထလာပြီလားဟူသော ဆန်းစစ်မိသည်။

ထိုခဏမှာပင် မိညိုအနားကို ပေါက်စီနှင့် ချစ်စံရောက်လာသည်။

"ညီမလေး. . . ဒီည နင် ကမှာဆို"

ပေါက်စီအမေးကို မိညိုခေါင်းညိတ်ပြလိုက်သည်။ "သီချင်းဘယ်နှစ်ပုဒ်လဲ" ချစ်စံကမေးသည်။ "သုံးပုဒ်တိုက်ထားတယ်" ဟု မိညိုပြန်ဖြေမိသည်။

"ရဲရဲသာက၊ သိလား ဘာမှမကြောက်နဲ့၊ အစ်ကိုတို့လဲရှိတာပဲ၊ ဒီလိုပေါ့ဟာ အောင်မြင်မှုဆိုတာ ဒီလိုပဲကြိုးစားယူရတာပေါ့"

ပေါက်စီက အားပေးသည်။ ချစ်စံက နန်းဦးကို နောက်နေသည်။

"အထစ်မလေး သီချင်းဆိုရင်တော့ ဖြူးလို့စကားများပြောရင်" နန်းဦးကပြုံးသည်။

ဆိုင်းကညော့်ခံဆိုင်းစ၍ တီးနေလေပြီ။

ရွှေပြည်ရတနာအဖွဲ့၏ အလင်္ကာညသည် ကတ္တီပါပြည့်ဖုံးဖွင့်၍ သုခုမသဘင်ကို စတင်ခဲ့ပေပြီ။

× × × × ×

(၄)

ပါးမှာနံ့သာ၊ ခါးမှာပဝါသီချင်းကိုဆိုပြီး၊ ဒုတိယအပိုဒ်ပန်းရည်ဘဏ်တိုက်သီချင်းကို ဆိုအပြီးမှာတော့ လူရှင်တော်တို့အပျက်လုံးဝင်သည်။



ပေါက်စီက ဘောင်းဘီရှည်၊ အင်္ကျီလက်ရှည်နှင့် နက်ကတိုင်ကို စီးထားသည်။ နှုတ်မှ "မဗေဒါ. . . မဗေဒါ" ကိုစောထွန်းလေမဗေဒါဟုပြောအပြီး မိညိုကိုလှမ်းခေါ်သည်။

မိညိုရင်တို့ လှုပ်ခါသွားသည်။ လူရွှင်တော်တို့၏ ပြက်လုံးခွင်အရ ဘာလာလျှင် ဘာလုပ်ရတော့မည်ကို မိညိုရိပ်မိလိုက်သည်။ ထို့ကြောင့် ချစ်စံကို မျက်ရိပ်ပြ၍ ခေါ်လိုက်သည်။ ချစ်စံကမယောင်မလယ်နှင့် အနားရောက်လာတော့။

"ငါ. . . အဲဒီသီချင်းကိုမရဘူး"

ဟော့. . . ချစ်စံက အာမေဋိတ်ပြုရင်း "ဒုက္ခပဲ" ဟု ညည်းလေသည်။ ထိုစဉ်ပေါက်စီက မိညိုလက်ကိုလာ၍ ဆွဲခေါ်သဖြင့် မိညိုလိုက်ပါသွားရသည်။ ကခွင်ရှေ့ ပရိသတ်ရှေ့မှာ ရပ်မိပြီ၊ မိညိုဒူးတုန်လာသည်။ ပေါက်စီကတော့-

"ကိုစောထွန်း မမနဲ့ လက်ထပ်တော့မယ်၊ မဗေဒါ. . . ကိုစောထွန်း မဗေဒါကို ချစ်တယ်။ ဒါပေမဲ့ မမနဲ့ လက်ထပ်ရတော့မယ်၊ အင်းလျားလိပ်မှာ ကိုစောထွန်းနဲ့ မမတို့ရဲ့ မင်္ဂလာပွဲမှာ . . . မဗေဒါ သီချင်းလာဆိုပါ"

မိညိုငိုဟန်ပြုရင်း

"ရက်စက်လိုက်တာ ကိုစောထွန်းရယ်. . . မဗေဒါအငြိမ့်သမ-ဂုဏ်မရှိ၊ ဓနမရှိတဲ့ဘဝ အခုတော့ ကိုစောထွန်းပြောရက်ပြီပေါ့နော်။"

"ကိုယ့်ကို အဆိုးမဆိုပါနဲ့ မဗေဒါ ဒါဟာ ကိုစောထွန်းဘဝရဲ့ ရွေးချယ်မှုပါ၊ ကိုယ့်ရဲ့မင်္ဂလာပွဲမှာသာ မဗေဒါ သီချင်းလာဆိုပေးပါ ကိုယ်သွားပြီ"

ပေါက်စီက သွားဟန်ပြသည်။ မိညိုက ငိုရင်း လှမ်းဆွဲသည်။ ပေါက်စီက တစ်ချက်ကြည့်သည်။

"ပြောရက်လိုက်တာ ကိုစောထွန်းရယ်"

မိညိုငိုသည်၊ ပရိသတ်က မိညို၏ အငိုမှာ မျောနေသည်။ မိညိုတကယ်ငိုမိခြင်းဖြစ်သည်။ ဒီပြက်လုံးတွင် ကခွင်အရ၊ သူ ပေဒါလမ်း သီချင်းကို ဆိုရတော့မည်၊ စင်စစ် ပေဒါသီချင်းကို သူမရ၍ ငိုမိခြင်းဖြစ်သည်။

ချစ်စံက အနားရောက်လာသည်။ မိညိုက

" ဆရာ" ဟုခေါ်သည်။ ချစ်စံက

"စောစောက ကိုစောထွန်းထင်တယ်၊ မပေဒါ"

မိညိုက ငိုသံဖြင့်ပြောသည်။

"ဟုတ်တယ်ဆရာ၊ သူ. . သူ မင်္ဂလာဆောင်တော့မယ်တဲ့၊ မမနဲ့လက်ထပ်တော့မယ်တဲ့ဆရာ" ချစ်စံက ခေါင်းခါသည်။

"လူတစ်ခု ပူမှုရယ်က ဆယ်ကုဋေဆိုသလို မင်းဘဝဆိုးလှချေလား မပေဒါရယ်"

"ဆရာ" မိညိုခေါ်သည်။ ပြီးမှ

"ကိုစောထွန်းက သူ့ရဲ့ မင်္ဂလာပွဲမှာ သီချင်းလာဆိုပေးရမယ်တဲ့ ဆရာ"

"သူကဒီလိုပဲပြောလား"

မိညိုက ခေါင်းညိတ်ပြသည်။ ချစ်စံက

"ဆိုပေါ့ မပေဒါ၊ ဆိုပေးလိုက်ပေါ့ အနုပညာသမားဆိုတာ ကျရာနေရာ၊ ကျရာဇာတ်ရုပ်က သရုပ်ဆောင်ပေးရမှာပေါ့။ မင်းသွားဆိုရမယ် ပေဒါ သွားဆိုရမယ်။



"ဆရာ"

"မင်းအနုပညာသမားမဟုတ်လား၊ ပေဒါ"

မိညို၏ ရင်ဝသို့ တင်းပုတ်နှင့် ထုသလို နာကျင်စွာ ခံစားလိုက်ရသည်။ ဇာတ်ခုံပေါ်မှ ဟိုအဝေးသို့ ပြေးထွက်ချင်လိုက်သည်။

"အနုပညာသမားတွေရဲ့ဘဝ၊ အနုပညာသမားတွေရဲ့ စိတ်ဓါတ်၊ အဲဒါတွေကို သီကျူးတဲ့၊ မပေဒါရဲ့ ပန်းပန်လျက်ပါ သီချင်းနဲ့ ကိုစောထွန်းရဲ့ မင်္ဂလာပွဲမှာ မင်းသီချင်းသွားဆိုလိုက်ပါ မပေဒါ၊ မင်းသီချင်းသွားဆိုလိုက်ပါ"

ချစ်စံ စကားအဆုံးမှာ၊ ဆိုင်းကခြေဆင်းပျိုးလိုက်တော့သည်။ မိညိုက မျက်ရည်ကို သုတ်လိုက်သည်။ အဆိုပိုဒ်ရောက်တော့ မိညိုဝင်ဆိုလိုက်တော့သည်။

"ညိုပြာပြာ၊ လတာပြင်ခြေရင်း၊ လှိုင်းတက်ရာ၊ ပေဒါတက်၊ လှိုင်းသက်ရာဆင်း"

"ဆင်းရလဲမသက်သာ၊ ချောင်းအဆွယ်၊ မြောင်းငယ်ထဲက ဘဲထွက်လို့လာ၊ ဘဲအုပ်က တစ်ရာနှစ်ရာ၊ မပေဒါအလှ၊ တလကွာ၊ လှိုင်းအကြွ၊ ပေါ်လိုက်ပြန်ရ။"

မိညိုက ချစ်စံကို လှမ်းကြည့်လိုက်သည်။ မသိမသာ ခေါင်းယမ်းပြလိုက်သည်ကို တွေ့ရသည်။ ဆိုင်းဆရာတို့ကတော့၊ အဆိုနောက်ကိုလိုက်၍ ထိန်းတီးပေးနေကြောင်း မိညိုသိလိုက်သည်။ ပရိသတ်ကို ဝေ့ဝဲကြည့်တော့၊ မိမိအမှားကို သူတို့ သတိမပြုမိကြောင်း၊ တွေ့လိုက်ရသည်။ မိညိုက သီချင်းအဆိုပိုဒ်ကို ဆက်ဝင်လိုက်သည်။

"ပေါ်ပြန်လဲ မသက်သာ၊ အုန်းလက်ကြွေ၊ ရေပေါလော၊ မျောစုံလို့လာ၊ မြုပ်လေပေ့ါပေါ်မလာ၊ မဗေဒါက တစ်ပင်ထဲ၊ အယက်အကန်ခံလို့၊ ဗေဒါပျံ၊ အံကိုခဲ ပန်းပန်လျက်ပဲ"

ဆိုင်းက အတီးပိုဒ်ကို ဆက်လိုက်သဖြင့် မိညိုက အက ဝင်လိုက်သည်။

တော်သေးသည်ဟု မိညိုသက်ပြင်းချလိုက်သည်။

ရွာစား၊ "ဝိုင်းချစ်" က " နင်အဲဒီသီချင်းကို မရဘူးလား" ဟု မေးသည်ကို မိညိုခေါင်းခါပြလိုက်သည်။ ဝိုင်းချစ်က

"ငါလဲ လယ်လယ်နေတယ်၊ ဒါကြောင့် အဆိုနောက်ကို လိုက်တီးတာ" ဟု ဝန်ခံသည် လူရွှင်တော်ချစ်စံက

"မှားမှန်းတော့သိတယ်။ ဗေဒါပန်းတွေက၊ လှိုင်းနဲ့တွေ့ လိုက်၊ အုန်းလက်နဲ့ တွေ့လိုက်၊ ဘဲအုပ်နဲ့တွေ့လိုက်နဲ့၊ ဘယ်ဟာ ကို အရင်တွေ့တာလဲ၊ ငါမသိဘူး"

ချစ်စံက တိုးညင်းစွာ ပြောနေသည်ကို မိညိုငေး၍ နား ထောင်နေမိသည်။ ဗေဒါပန်း၏ ဘဝဝက်ပါလမ်းကို မိညိုကိုယ် တွေ့ကြုံခဲ့ရပေပြီ။

× × × × ×

(၅)

ချစ်စံစကားအဆုံးမှာ၊ ကျွန်တော်တို့ပြုံးမိလိုက်ကြသည်။ နှုတ်မှ ဗေဒါလမ်းကဗျာ၊ ပန်းပန်လျက်ပါ သီချင်းကို ညည်းလိုက် မိသည်။ အလွယ်ကလေးပါ၊ ရပြီးသားပါဟု စိတ်မှာမှတ်လင့်ကစား



အမှတ်တမဲ့သည် အမှတ်တရကို ဖြစ်စေတယ်မှန်း ကျွန်တော် ကြုံလိုက်ရသည်။

အကယ်၍ စာရှုသူအဆွေသည်လည်း မိညိုလို၊ ကျွန်တော် လို အမှတ်တရပြန်ဖြစ်ချင်လျှင်တော့ နှုတ်မှဗေဒါလမ်း ကဗျာ ပန်းပန်လျက်ပါ သီချင်းကို ဆိုလိုက်ကြည့်စမ်းပါ။ ကျွန်တော်နား ထောင်ပါရစေဟုသာ ပြောလိုပါတော့သည်။

# မျဉ်းပြိုင်နှစ်ကြောင်း၏ ကောက်ကြောင်းများ

"ဒီလောက်လေးများ အေးဆေးပါဗျာ"

ဖိနပ်ချုပ်ဆရာ၏ အပြောကြောင့် "ဟုတ်ပါတယ် အေးဆေး ပါဗျာ" ဟု သူကသံယောင်လိုက်၍ ပြောလိုက်မိသည်။ စိတ်ထဲမှ တော့ ဒီကနေ့မှ ဝယ်လာသော ရှူးဖိနပ်အသစ်တစ်ရံ၏ နောက်ခွာ များပြုတ်၍ ကွာကျသွားရခြင်းကို အံ့သြနေမိသည်။ တာရိုးကလေး အတိုင်းလျှောက်၊ မြို့ထဲအဝင်မှာတော့ ခြေတစ္ဆတ်တိုက်လျှောက် လာရင်း အသံမညီမညာနဲ့၊ ဟန်ချက်မကျဘဲ၊ ဟာမိုနီဒိုင်းတွေ ကြောင့် လူအများရဲ့ ပြုံးစိစိကြည့်တာကိုခံရင်းနဲ့ ကံကောင်းထောက် မစွာ ဖိနပ်ချုပ်ဆိုင်လေးကို တွေ့ရှိဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

"အဲဒါ ဒီကနေ့မှ စတိုးဆိုင်က ဝယ်လာတာဗျ၊ အသစ် ပြီးတော့ စီးလာတာစိတ်ချလက်ချ စီးလာတာဖြစ်ရလေဗျာ"

"ဒါမျိုးက ဖြစ်တတ်ပါတယ်ဗျာ၊ ခင်ဗျားက ဝယ်လာတော့ ခင်ဗျားအတွက်တော့ အသစ်ပေါ့၊ စတိုးဆိုင်ထဲမှာတော့ ကြာ လေဗျာ၊ အဲယားကွန်းကလွင့်စင်တဲ့ ရေစက်တွေလဲ မိနိုင်တယ် ကောင်တာက ကောင်မလေးက သုံ့ ဖိနပ်ကိုရေနဲ့ ပွတ်တိုက် တာလဲရှိနိုင်မယ်ဗျာ၊ ကြာတော့ ချုပ်ရိုးတွေက ဆွေးလာမယ် အဲသလို တွေးလိုက်ကြည့်ပါလား၊ ခင်ဗျားရင်ထဲမှာ မပေါ့ပါး ဘူးလား၊ အေးဆေးပါဗျာ"





ဖိနပ်ချုပ်ဆရာက သူချွတ်၍ပေးလာသော ဖိနပ်တစ်ရံကို လှမ်းယူလိုက်ပြီး သူ့နောက်က တန်းလေးပေါ်သို့တင်လိုက်ပြီး "ဖိနပ်တစ်ရံချုပ်မယ်ဟေ့" ဟု အတွင်းထဲကို လှမ်းပြောလိုက်လေ သည်။ အတွင်းခန်းထဲမှာ ပစ္စည်းပစ္စယများကို သိမ်းဆည်းနေသော ကောင်လေးက "ဟုတ်ကဲ့" ဟု လှမ်း၍ပြန်ဖြေရင်း ဖိနပ်ကိုလာယူ သွားလေသည်။

"လာ--- ထိုင်လေဗျာ"

ဖိနပ်ချုပ်ဆရာက သူ့ကိုဖိတ်ခေါ်ရင်း ခေါက်ကုလားထိုင် တစ်လုံးကို ဖြန့်ခင်းပေးလေသည်။ ညစ်နွမ်းပေရေ၍ သံချက်ရာ များ ထောင်ထွက်နေသော ကုလားထိုင်မှာ ထိုင်ရမှာ သူမဝံ့ရဲတော့၊ ဘောင်းဘီရှည်နို့သာရောင်နှင့် အင်္ကျီဖြူလက်ရှည်၊ ခြေအိတ်အဖြူ ရောင်ကို ညစ်နွမ်းသွားမှာ သံစူးပြီး သံချက်ရာထင်သွားမှာ စိုးရိမ် လိုက်မိသည်။ ဒါကိုပင် ဖိနပ်ချုပ်ဆရာက ရိပ်မိသွား၍ထင့် ဖယောင်းပုဆိုးအပိုင်းစလေးကို ထပ်ခင်းရင်း-

"ထိုင်ပါဗျာ-- ဒီလောက်ဆို ထိုင်လို့ရပါပြီ"

ထပ်မံတိုက်တွန်းလာတာနှင့် သူလည်းကုလားထိုင်မှာ ဝင် ထိုင်လိုက်မိသည်၊ ကောင်လေးကတော့ ကွာချသွားတဲ့ ခွာရဲ့အပေါ် မှာ ကော်တွေကိုသုတ်နေလေသည်။

"နောက်တစ်ပတ်လောက်မှ မြို့ကြီးကို ပြန်ရောက်နိုင်မှာ၊ ခင်ဗျားချုပ်တာ၊ တစ်ပတ်တော့စီးနိုင်ပါတယ်နော်"

"အေးဆေးပါဗျာ"

သူလည်း ဘာမှမပြောတော့ဘဲ ချုပ်နေတဲ့ကောင်လေးကို လှမ်းကြည့်လိုက်မိသည်၊ ကောင်လေးက ကော်တွေထိစပ်နေ ဖို့ ဖိနပ်အသစ်လေးကို ပေပေါ်တင်ပြီး တူနဲ့ထုနေလေသည်။

ဖိနပ်ချုပ်ဆရာကတော့ သူ့လေအတိုင်း အေးဆေးပဲလေ ဒူးယားဆေးလိပ်ကိုထုတ်ပြီး ဖွာရှိုက်နေလေသည်။ သူ့ကို တောင် တစ်လိပ်လှမ်းပေးလို့ သူလဲယူပြီး သောက်လိုက်မိသည်။

အေးဆေးပါဆိုတဲ့ ဖိနပ်ချုပ်ဆရာကိုကြည့်ရင်း သူကိုဘမြင့် ကို သတိရလိုက်မိသည်။ ကိုဘမြင့်က သူ့အိမ်က ဟိုင်းလတ်ကား ကို မောင်းတဲ့သူလေ။ သူ့ကားက စားသောက်ဆိုင်က အဆိုတော် တွေ ညပိုင်းအိမ်လိုက်ပို့ပေးရတဲ့ ဖယ်ရီပေါ့၊ စားသောက်ဆိုင်က တစ်လငါးသောင်းနဲ့ ငှားထားတာ၊ သူက ကိုဘမြင့်ကို တစ်လ တစ်သောင်းပေးပြီး မောင်းစေတာ၊ ကိုဘမြင့်နဲ့ သူကသူငယ်ချင်း တွေဆိုတော့ ကားအတွက် သူစိတ်မပူရတော့ဘူး။ ဒါပေမဲ့ ကိုဘမြင့်က အေးဆေးပါဆိုတဲ့ စကားကို အမြဲသုံးလေ့ရှိတယ် သူ့လက်သုံးစကားဆိုရင်လည်း မမှားဘူးပေါ့၊ တစ်ကြိမ်မှာ စား သောက်ဆိုင်က သုံးလအထိ သူ့ကားရဲ့ငှားခကို မပေးဘူး၊ ရစရာ တစ်သိန်းခွဲလောက်ရှိလာပြီလေ၊ လေးလထဲလဲ စွန်းလာပြီ၊ ဆိုင်ရှင် က နေ့ရွှေ့ ညရွှေ့လုပ်နေတုန်းမှာ ကိုဘမြင့်က ဆိုင်မှာတီးတဲ့ ယမဟာကီးဘုတ်ကြီးကိုမ ချလာတယ်၊ "ကားခမရှင်းရင် ဒါကို ယူမယ်ဗျာ" ဆိုပြီး သူကပြောလာသေးတယ်၊ အိမ်ကိုကီးဘုတ်ကြီး ချလာတဲ့ ကိုဘမြင့်ကို သူက "ခင်ဗျားတော့ ဒုက္ခရောက်တော့ မယ် ပြဿနာကို ဒီလိုရှင်းလို့မရဘူးဗျ၊ သွားဆိုင်မှာ သွားပြန်ထား လိုက်" လို့ ပြောလိုက်တော့ ကိုဘမြင့်က သူ့ဝသီအတိုင်း "အေး ဆေးပါ" တဲ့၊ အဲဒီအေးဆေးပါရင်းက ရဲအမှုဖွင့်ခံရပြီး ကိုဘမြင့် တစ်ယောက် ထောင်နှစ်နှစ်ကျသွားလေရဲ့၊ သူလဲ စိတ်မကောင်း



ရုံကလွဲ၍ ဘာမှမတတ်နိုင်ခဲ့ဘူး၊ အခုလဲ တွေ့ပြန်ပါပြီ "အေးဆေး ပါ" ဆိုတဲ့ လူတစ်ယောက်ကိုပေါ့။

ထိုစဉ်မှာပင် ဖိနပ်ချုပ်ဆိုင်ထဲသို့ ကောင်လေးတစ်ယောက် ဝင်လာပြန်သည်။ သူ့လက်ထဲမှာ ကျွတ်ကျွတ်အိတ်နှင့် ထုပ်ထား သည့် လက်ဖက်ရည်ထုပ်နှင့် ရေနွေးကြမ်းထုပ်ကို ကိုင်လာလေ သည်။ ဖိနပ်ချုပ်ဆရာက ထိုကလေးကို -

"ဧည့်သည်အတွက်လဲ လက်ဖက်ရည်ထည့်ခဲ့ကွာ" ဟု လှမ်းပြောလိုက်သည်။ ကောင်လေးက ခေါင်းညိတ်ပြသည်။

"နေ နေ ရပါတယ်၊ ကျွန်တော်မသောက်တော့ဘူး"

"ဘာဖြစ်လို့လဲ ညနေစောင်းလာလို့ လက်ဖက်ရည်နဲ့ မတည့်တော့တာလား"

"မဟုတ်ပါဘူးဗျာ အားနာလို့ပါ"

ကောင်လေးက သူနှင့် ဖိနပ်ချုပ်ဆရာကို လက်ဖက်ရည် တစ်ခွက်စီ လာချပေးလေသည်။ လက်ဖက်ရည်က အငွေ့ ကလေး ဝေနေတာကို တွေ့ရသည်။ သူလည်းကောက်ယူပြီး တစ်ငုံ ငုံသောက်လိုက်လေသည်။

"အား မဆိုးဘူးဗျ ကောင်းတယ်"

သူက ချီးကျူးလိုက်သည်။

"ခင်ဗျားဘုရားပွဲကို သွားမှာမဟုတ်လား ဘာပဲဖြစ်ဖြစ် ခဏတော့ အဆာပြေတာပေါ့"

ဖိနပ်ချုပ်ဆရာက သူ့ဝတ်စားဟန်ကိုကြည့်ပြီး ဘုရားပွဲကို သွားသူတစ်ဦးလို့ မှတ်ချက်ချလာလေသည်။

"သိပ်ဝေးသေးလား"

သူ့အမေးကို "နှစ်နာရီလောက်ထပ်လျှောက်ရဦးမယ်" လို့ ဖိနပ်ချုပ်ဆရာက ပြန်ပြောလာသည်။ အဲဒီအချိန်မှာ ဖိနပ်ချုပ်ဆေ တဲ့ကောင်လေးက ကျွန်တော်သံမှိုလေးတွေ သွားဝယ်လိုက်ဦးမယ် တစ်ဖက်စာပဲရတယ်၊ တစ်ဘက်ကျန်သေးတယ်လို့ ဝင်ပြောလာ သဖြင့် ဖိနပ်ချုပ်ဆရာက ခေါင်းညိတ်ပြလိုက်သည်။ ကောင်လေး လဲ ပြေးထွက်သွားလေသည်။

"အင်း နှစ်နာရီဆို ဝေးတာပေါ့"

သူက တီးတိုးရေရွတ်လိုက်သည်။

"ဝေးတယ် နီးတယ်ဆိုတာ ဆန္ဒတွေပါဗျာ နီးချင်ရင်လဲ ရတာပဲ၊ ဆန္ဒမရှိရင်တော့ ဝေးတာပေါ့၊ ဆန္ဒရှိရင်တော့ နီးတာပေါ့"

ဖိနပ်ချုပ်ဆရာရဲ့စကားကို သူ စိတ်ဝင်စားသွားသည်။ ဒီမြို့လေးက ဖိနပ်ချုပ်တဲ့သူဆီမှာ ဒီလိုစကားမျိုးပြောနိုင်သလား လို့ အံ့ဩသွားမိခြင်းလဲပါသည်။

"ဘုရားပွဲမမီမှာစိုးလို့ပါ"

သူက လေအေးနှင့် စကားပြန်ဆိုသည်။

"အခါတိုင်းဆို ထော်လာဂျီတွေရှိတယ်၊ ဒီနေ့တော့ သူတို့ လဲ ဘုရားပွဲရောက်နေတော့ မထွက်ဖြစ်တော့ဘူးပေါ့၊ အေးဆေး ပါဗျာ"

"ခင်ဗျားတို့ရော ဘုရားပွဲမသွားဘူးလား"

သူ့အမေးစကားအဆုံးမှာ ဖိနပ်ချုပ်သောကောင်လေးက ပြန်ဝင်လာသည်။

"အဲသလိုဘုရားပွဲတွေမှာ ခင်ဗျားတို့တစ်တွေ ကြည့် ဇာတ်ပွဲကလာတဲ့မင်းသားတစ်ယောက်ပဲဗျာ၊ ဘုရားပွဲကြည့်ချင်



ဘာပွဲ၊ ညာပွဲတွေကိုမှ ကျုပ်စိတ်မဝင်စားတော့ပါဘူး၊ ပွဲကရတာ ညောင်းလို့ ပွဲကောင်းဆိုလဲ ဒါပါပဲဗျာ"

"ခင်ဗျားက မင်းသားလား"

"ကျုပ်က ပြဇာတ်မင်းသားတစ်ယောက်ပေါ့၊ ခင်ဗျား အံ့ဩသွားသလား၊ ကျုပ်ဘဝကမှ တကယ့်ပြဇာတ်အစစ်ဗျ၊ အချိန် ာလေးရှိသေးတုန်း ခင်ဗျားစိတ်ဝင်စားရင် ကျုပ်ပြောပြမယ် ားထောင်မှာလား အေးဆေးပါဗျာ"

× × × × ×

"ကျုပ်က ဘုန်းကြီးကျောင်းသားဗျ၊ ကျုပ်နေတဲ့ ဘုန်းကြီး ကျောင်းနဲ့ ကပ်ရက်ကျောင်းကို "ဆေးဘုန်းကြီး" ကျောင်းလို့ခေါ် တယ်။ ဆေးဘုန်းကြီးကျောင်းရဲ့ ဟိုမှာဘက်မှာ သင်္ချိုင်းရှိတယ်။ ုပ်ရှင်သမားတွေက ဆေးဘုန်းကြီးကျောင်းမှာ ရုပ်ရှင်လာရိုက် တယ်၊ သင်္ချိုင်းမှာ မြင်းစီးခန်းတွေ၊ ညနေစောင်း ရေခပ်ချိန်တွေ၊ ညပိုင်းလှူပ်ရှားမှုအခန်းတွေရိုက်ကြတယ်။ ကျုပ်ပြောချင်တာက ကျုပ်ဟာ သရုပ်ဆောင်မှု အတတ်ပညာကို ငယ်စဉ်ကတည်းက ်င်းနှီးကျွမ်းဝင်ခဲ့တယ်လို့ ပြောချင်တာပါပဲ"

ဖိနပ်ချုပ်ဆရာက ဒူးယားဆေးလိပ်တစ်လိပ်ကိုထုတ်ယူပြီး ီးညှိဖွာရှိုက်လိုက်ပြန်သည်။ သူ့ရှေ့သို့လည်း ဆေးလိပ်ဘူးကို ွန်းထိုးပေးလာသဖြင့် သူလည်း တစ်လိပ်မီးညှိလိုက်သည်။

"ဟဲကောင်းချင်တော့ ကျုပ်သရုပ်ဆောင်ရှူ ရှူနေတာကို ဆရာတော်ကို ကိုးကွယ်နေတဲ့ ဇာတ်ပိုင်ရှင်ကသိသွားတယ်ဗျ၊ ယ်စဉ်တုန်းကတော့ ကျုပ်ကလဲ အချောသားကိုး"

"ဖိနပ်ချုပ်ဆရာက သူ့ကိုယ်သူအမွှန်းတင်ရင်း 'ဟဲ' ခနဲ တစ်ချက်ရယ်လိုက်လေသည်။

"ကျုပ်အသက် နှစ်ဆယ့်နှစ်နှစ်မှာ ကျုပ်က ပြဇာတ်မင်းသားဖြစ်နေပြီလေ "ပြည်ချစ်ကျော်နိုင် ဇာတ်အဖွဲ့ထဲမှာ လူငယ်မြင့်နိုင်ဆိုတဲ့ပြဇာတ်မင်းသားဟာ ကျုပ်ပေါ့"

ဖိနပ်ချုပ်ဆရာက ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်ရင်း ဆေးလိပ်ကို ဖွာရှိုက်လိုက်သည်။ ဆေးလိပ်မီးက ရဲခနဲ ရဲခနဲ ဖြစ်သွားသည်ကို သူငေးကြည့်နေမိသည်။

"ကျုပ်အသက် နှစ်ဆယ့်ခြောက်နှစ်မှာ မင်းသားကျော်နိုင်ရဲ့ညီမနဲ့ ချစ်ကြိုက်မိတယ်လေ"

"ကိုကျော်နိုင်က သဘောတူလား"

သူကဖြတ်ပြီး ဝင်မေးလိုက်မိသည်။

"ဝေးပါသေးတယ်ဗျာ၊ ကျော်နိုင်က အတန်းပညာရှစ်တန်းအထိ သင်ခဲ့ဖူးတယ်၊ ဝါသနာပါလို့ ပန်တျာကျောင်းတက်ပြီး အနုပညာလုပ်စားနေတာ သူတို့မျိုးရိုးက သူဌေးတွေပဲ၊ ကျုပ်လို ဘုန်းကြီးကျောင်းထွက်နဲ့ ဘယ်လာသဘောတူမှာလဲ"

ဖိနပ်ချုပ်ဆရာက ဆေးလိပ်မီးကို ငြိမ်းသတ်လိုက်ပြီး

"ဒါပေမဲ့ အေးဆေးပါဗျာ ကျော်နိုင်ညီမကိုယ်တိုင်က နိုးရာလိုက်မယ်လို့ စပြီးချိန်းလာတာ"

"စိတ်ဝင်စားစရာပဲ"

"ဟုတ်တယ် စိတ်ဝင်စားစရာပါပဲ ကောင်မလေးက မနက်ကတည်းက အထုပ်အပိုးနဲ့ ပျောက်သွားတာ၊ သူ့ချစ်သူ နောက်ကို



လိုက်သွားပြီလို့ အိမ်မှာစာရေးထားခဲ့တာ၊ ကျော်နိုင်တို့ မိသားစုလဲ ကျုပ်ဆီရောက်လာတာပေါ့။ အဲဒီအချိန်မှာ ကျုပ်က ဒီညကမယ့် ပြဇာတ်ကို တိုက်နေလေရဲ့။ ကျုပ် အလုပ်လုပ်နေတာ တွေ့တော့ ကျော်နိုင်တို့ကလဲ ဇဝေဇဝါဖြစ်သွားတာပေါ့ဗျာ၊ ကျုပ် ကိုလဲ မမေးရဲတော့ဘူးလေ၊ အမှန်မှာက ကျုပ်ကကောင်မလေးကို ကျုပ်သူငယ်ချင်းအိမ်မှာ သွားနေဖို့ ကျုပ်သူငယ်ချင်းကို အပ်လိုက်ပြီးသားဗျ"

ဖိနပ်ချုပ်ဆရာက ဒူးယားတစ်လိပ်ကို ထပ်မံကောက်ယူကာ မီးညှိဖွာရှိုက်လိုက်ပြန်သည်။

"အဲဒီညက ကျုပ် ပြဇာတ်ကို ပြီးအောင်ကလိုက်တယ်၊ ပြဇာတ်အပြီးမှာ ကျုပ်ဇာတ်အဖွဲ့ထဲက လစ်ထွက်ပြီး သူငယ်ချင်းအိမ်ကိုသွားတယ်၊ ဟိုမှာ သူငယ်ချင်းရဲ့မိန်းမကိုပဲ တွေ့ရတယ်။ ကောင်မလေးက သူ့ကို ကျုပ်ပစ်ထားတယ်ဆိုပြီး အိမ်ပြန်သွားတယ်တဲ့ ကျုပ်သူငယ်ချင်းက စိတ်မချလို့ လိုက်သွားတယ်တဲ့လေ"

ဖိနပ်ချုပ်ဆရာက ဆေးလိပ်ကို ဖွာရှိုက်လိုက်ပြန်သည်။ သူက ခံတွင်းချဉ်လာဟန်နှင့် ဒူးယားတစ်လိပ်ထုတ်သောက်လိုက်သည်။

ကျုပ်လဲ ဇာတ်ထဲကို အသာပြန်ဝင်နေလိုက်တယ်၊ ကျုပ် ပျောက်သွားတာ ဘယ်သူမှ မသိလိုက်ဘူးလေ၊ မိုးလင်းတော့ ကျော်နိုင်အမေကြီးက ကျုပ်ကိုလာပြောတယ်၊ သူ့သမီး ကျုပ်အပြင် ဘယ်သူနဲ့ကြိုက်သေးလဲတဲ့ ကျုပ်ခေါင်းနားပန်းကြီးသွားတယ် ကောင်မလေး နိုးရာလိုက်သွားတာ တကယ်ဟုတ်ပြီပေါ့ ကျုပ်

သူငယ်ချင်း မိန်းမရှိတဲ့ကောင်က ကျုပ်လက်ထဲက ထပ်နိုးသွားတာပေါ့၊ အဲဒီတော့မှ ဖြစ်စဉ်တစ်ခုကို ကျုပ်သိလိုက်ရတယ်။

သူက ဖိနပ်ချုပ်ဆရာ၏ဘဝကို သနားသွားတော့သည်။ စီးကရက်ကို ပြာခွေရင်း-

"ချစ်တိုင်းမညားဆိုတာ ဒါပေါ့နော်"

"မဟုတ်ဘူးဗျ ဇာတ်လမ်းကရှိသေးတယ်၊ စိတ်ကောက်ပြီး အိမ်ပြန်လာတဲ့ကောင်မလေးကို ကျုပ်သူငယ်ချင်းက တစ်လမ်းလုံး ဖျောင်းဖျလာတယ်၊ မိန်းကလေးဆိုတာ ဖက်ပေါ့ဗျာ၊ အခုနေ ပြန်တော့ရော အများက ဘယ်လိုထင်မှာလဲ၊ အစကနေပြန်ပြီးစနိုင်ပါ့မလား ဘာညာပေါ့ဗျာ နားသွင်းတာပေါ့ ဒါနဲ့ ကောင်မလေးလဲ တွေဝေသွားတယ်၊ ကျုပ်သူငယ်ချင်းက သူ့အမေ အိမ်မှာ ကောင်မလေးကို သွားအပ်ထားတယ် အဲဒီအချိန်မှာ ကျုပ်သူငယ်ချင်းရဲ့မိန်းမက သူ့ယောကျ်ား နောက်မိန်းမယူသွားတယ်ဆိုတဲ့ စိတ်နဲ့ အိပ်ယာထဲလဲတော့တာပေါ့။ ကျုပ်သူငယ်ချင်းမိန်းမ ဆုံးချိန်မှာ ကျုပ်သူငယ်ချင်းကကောင်မလေးကို စောင့်ရှောက် ထားချိန်ပေါ့ဗျာ၊ ဇာတ်ရည်လည်လာချိန်မှာ ကောင်မလေးနဲ့ကျုပ်နဲ့ပြန်ညားတယ်။ ကျုပ်လဲ ကျော်နိုင်ဇာတ်အဖွဲ့ထဲမှာ မနေတော့ဘဲ၊ ဒီအလုပ်ကို ကောင်မလေးနဲ့ စောက်ချလုပ်ကိုင်တယ်"

ဖိနပ်ချုပ်ဆရာက ဆေးလိပ်မီးကို ဖွာရှိုက်လိုက်ပြန်သည်။

"ဖိနပ်ချုပ်နေတာ. . . ကျုပ်သူငယ်ချင်း လင်မယားရဲ့ သား၊ ဟိုကောင်က ကျုပ်နဲ့ကောင်မလေးရဲ့သား"

သူက ကောင်လေးနှစ်ယောက်ကို ဝေ့ဝဲ၍ကြည့်လိုက်



သည်။ ဖိနပ်ချုပ်နေသော ကောင်လေးက သူ့ရှေ့သို့ဖိနပ်လာချပေးရင်း "ပြီးသွားပြီ" ဟုဆိုခဲ့သည်။

သူကပျောက်ဆုံးနေသော ဇာတ်ကောင်တစ်ယောက်ကို သတိရလာသဖြင့် "ဒါဖြင့်--- ခင်ဗျားသူငယ်ချင်းရော"

"သူကကျော်နိုင်အဖွဲ့ထဲမှ ပြဇာတ်မင်းသားဖြစ်နေပြီလေ-လောကကြီးက မဆန်းဘူးလား--- ပူလောင်လွန်းလှတဲ့လူ့လောကကို ကျုပ်ကအေးဆေးစွာ မြင်တတ်သွားပြီလေ၊ ဒါကြောင့် အေးဆေးပါလို့ ကျုပ်ပြောရတာပေါ့၊ ကဲ--- နေလဲဝင်သွားပြီလေ၊ ဖိနပ်လဲ ချုပ်ပြီးပြီ၊ အိမ်မှာကလည်း ကောင်မလေးကကျုပ်ကို မျှော်နေရော့မယ်"

သူကဖိနပ်ကို ကောက်စွပ်လိုက်သည်။ ဖိနပ်ချုပ်ဆရာ တောင်းသော ငွေကိုထုတ်ပေးပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။

"နောင်လဲ လမ်းကြုံရင် ကျုပ်ဆိုင်ကို ဝင်ခဲ့ပေါ့ဗျာ--- အေးဆေးပေါ့"

သူကပြုံးရင်းခေါင်းညိတ်ပြလိုက်သည်။ ဘုရားပွဲရှိသောအရပ်ကို သူခြေထောက်တို့ ဦးလှည့်လိုက်သည်။ သူရင်ထဲမှာတော့ သူငယ်ချင်း အိမ်မှာပို့ထားခဲ့သော သူချစ်သူဝါနုကို သတိရလိုက်သည်။ ယနေ့ညကပြမည့်ပြဇာတ်ပြီးလျှင် သူလျှောက်လှမ်းရမည့် ခရီးကို တွက်ဆလိုက်သည်။

"ပြဇာတ်ကပြီးတာနဲ့ မောင်ပြန်လာနော်" ဟူသော ဝါနု အသံကိုပြန်ကြားယောင်လာသည်။ နောက်ဆုံးတော့-

သူက--သူပဲ၊ ငါက--ငါပဲ၊ "အေးဆေးပါ" ဟူ၍သာ သူဖြေသိမ့်လိုက်မိသည်။

# ဒဿဂီရိနှင့်တွေ့ဆုံခြင်း

ဇာတ်သဘင် လောက၌၊ ကိုသန့်စင်မည်သော လူကို အများ ဂရုပြုမိလာကြသည်။ ပန်တျာဆင်းသော အုပ်စုကတော့၊ အနို -ကိုသန့်စင်သည် ပန်တျာကျောင်းဆင်းမဟုတ်ဟု တညီတညွတ်တည်း ပြောဆိုကြသည်။ မျိုးနွယ်အရ ဖြစ်တည်တတ်သော ဓလေ့အရလည်း မည်သူ့သားနည်း၊ တူနည်း၊ မြေးနည်းဟု စနည်းနာကြသည်။ သို့သော်လည်း ကိုသန့်စင်၏မျိုးရိုးဇာစ်မြစ်ကို မည်သူမျှ ခန့်မှန်းစုံစမ်း၍ မရကြချေ။ ကိုသန့်စင်နှင့်ရင်းနှီးကျွမ်းဝင်မှုများလာသော သူတို့ကထိုအချက်ကို မေးတတ်ကြသည်။ မေးလိုက်တိုင်းလည်း ကိုသန့်စင်ကအပြုံးနှင့်တုန့်ပြန်တတ်သည်။"အဲဟာတွေက အရေးကြီးလို့လားဗျာ" ဟုစိတ်လိုလျှင် ပြောတတ်သည်။

တချို့ကသူကို ကိုသန့်ဇင်ဟု ခေါ်ကြသည်။ စ-လုံးနှင့် ပဲစင်စင်၊ ဇ-ကွဲနှင့်ပဲဇင်ဇင်၊ ကိုသန့်စင်ကအမှုမထားတတ်ပေ။ "နာမည်ဆိုတာ။ ပညတ်ချက်တစ်ခုပါဗျာ၊ ကြိုက်တဲ့စာလုံးနဲ့ပေါင်း၊ ကြိုက်သလိုခေါ်နိုင်ပါတယ်" ဟု ကိုသန့်စင်က ဆိုတတ်သည်။

ကိုသန့်စင်၏ဘယ်-ညာ၊ လက်ဖျံ၌ လူပုံတော်ရုပ်များ ထိုးထားသည်ကို လူတိုင်းတွေ့ကြရသည်။ စိမ်းလဲ့သောအရုပ်အတွင်း၌ ဆေးနီလေးများစွက်ဖက်ထားသည်မှာ အရုပ်ကိုပို၍ ကြ





စေသည်။ ဖြူသောအသားနှင့်စိမ်းလဲ့နီဖွေးသော အရောင်တို့သည် ကိုသန့်စင်ကိုပို၍ လူသိများစေသည်။

"သန့်စင်ဆိုတဲ့လူသားဟာ မိုးပေါ်မှာပဲပျံနေမယ်၊ အားလုံးရဲ့အပေါ်မှာ ရှိနေမယ်--သိထားကြ" လို့တစ်ခါတစ်ရံမှာ ကြုံးဝါးတတ်လေသည်။ ထိုသို့ ကြုံးဝါးနိုင်ရန်၊ လူတွေနဲ့ တစ်ခါတစ်ရံ ရန်ဖြစ်လေ့ရှိသည်ကို တွေ့ရသည်။

အသားအရည် ဖြူဝင်းချောမွေ့ပြီး မုတ်ဆိတ်ကျင်စွယ်ပါးပါးနှင့် ဖွင့်သောရင်အုပ်၊ ကားသောပခုံး၊ မြင့်သောအရပ်၊ နက်မှောင်သောမျက်ခုံး၊ တင်းစေ့ထားတတ်သည့် နှုတ်ခမ်းတို့က၊ ကိုသန့်စင်ကို မှတ်မိလွယ်စေသည့် သူ့သဏ္ဌာန် သူ့အလှများပင်ဖြစ်သည်။

ဇာတ်သဘင် လောကသို့၊ ရာမာယဏဇာတ်တော်လာ၊ ဒဿဂီရိဘီလူးမင်းအဖြစ်၊ ကိုသန့်စင် ဝင်ရောက်လာခဲ့သည်ကို လူအများက သတိထားမိလိုက်ကြသည်။ ဆိုပြောဇာတ်၊ အကဇာတ်၊ နှစ်မျိုးစလုံးကို ပိုင်နိုင်စွာကတတ်သော ကိုသန့်စင်၏ ပါရမီကို ချီးကျူးကြသည်။ ဒဿဂီရိဘီလူးမင်းဇာတ်ရုပ်၌ ဟန်အက၊ သဏ္ဌာန် အကအပြင်၊ သဘာဝအကဟန်များပါ ဖြည့်စွက်ကပြလေ့ရှိသဖြင့် ကိုသန့်စင်တစ်ယောက်ပို၍ ကျော်ကြားလာခြင်းလည်း ဖြစ်နိုင်သည်။

ရာမ-ပညာကို၊ ဘယ်နေရာ၊ ဘယ်ဒေသမှ တတ်မြောက်လာခဲ့ပါသည်ဟု ကိုသန့်စင်က ပြောမပြပေ၊ သူ့အကဟန်ကိုကြည့်၍ဖျာပုံရာမလား၊ ကျိုက်လတ်ရာမလား၊ ဘိုကလေးရာမလား၊ အိုးဘို ရာမလား၊ ရေကျော်ရာမလားဟုသာ အများက စဉ်းစားကြသည်။ မည်သို့ဆိုစေ၊ ဘီလူးဟန်ပေါက်၍ ဒဿဂီရိ ဇာတ်ရုပ်

ကျသော၊ ကိုသန့်စင်တစ်ယောက် ဇာတ်သဘင်လောက၌ ထင်ရှား-လူသိများ လာပါသည်မှာ ဒဿဂီရိကြောင့်ပင် ဖြစ်လေသည်။

ပွဲခွင်ရာသီကုန်၍ ဇာတ်သမားတို့ဇာတ်နားသော ကာလ၌ ကိုသန့်စင်ကို သီးခြားနေထိုင်လေ့ရှိကြောင်း လူတိုင်းသိသည်။ တချို့သော ဇာတ်က/ဇာတ်ရုံဟောင်းမှာ စတဲချသည်။ တချို့သော ဇာတ်က ဘုန်းကြီးကျောင်းဝင်းထဲမှာ ရှိသည်။ တချို့က မြေစိုက်တဲထိုး၍ နေကြသည်။ ကိုသန့်စင်ကတော့အလှမ်းမဝေးလှသော ထန်းတောထဲ၌ ထန်းလျက်ချက်သောတဲထဲ၌ တစ်ဦးတည်းနေလေသည်။

ကိုသန့်စင်၏တဲထဲ၌ ခေါင်းဆယ်လုံးရှိသော ဒဿဂီရိဘီလူးမင်း၏ ခေါင်းတော်ရှိသည်။ ခေါင်းတော်ရှေ့၌ သောက်တော်ရေ၊ ဆီမီးအမွှေးတိုင်နှင့် သစ်သီးတို့ကို ဆက်ကပ်ထားသည်ကို တွေ့ရသည်။ တဲ၏တစ်နေရာ၌ ကိုသန့်စင်ဝတ်ဆင်သော ဒဿဂီရိ၏ ဒွါဒရာ(ဝတ်စုံ) တို့ကို ချိတ်ဆွဲထားသည်။ တဲ၏ထောင့်တစ်နေရာ၌ ကွပ်ပျစ်တစ်လုံးရှိသည်။ ထိုကွပ်ပျစ်သည် ကိုသန့်စင်လဲလျောင်းရာနေရာ ဖြစ်နိုင်သည်။

နံနက်ပိုင်း၌ ဇာတ်သမားတို့ရောင်းသော လက်ဖက်ရည်ဆိုင်သို့ ကိုသန့်စင်ရောက်လာတတ်သည်။ ပေါင်မုန့်တစ်ခွက်မှာပြီး၊ ဆေးပေါ့လိပ်တစ်လိပ်ကုန်အောင်၊ လက်ဖက်ရည်ဆိုင်၌ ထိုင်လေ့ရှိသည်။ မနက်စာ-ညစာကို ကိုသန့်စင်ဘယ်လိုရှာဖွေစားသောက်နေသည်ကို မမေးမိကြချေ။

ပွဲချိရသည့်ဇာတ်ပွဲတို့က ပွဲချိထွက်သွားကြသည်။ ပွဲမကရသေးသည့် ဇာတ်တို့က ဒီမှာကျန်ရစ်ခဲ့ကြသည်။ ဝင်လာလိုက်-



ထွက်သွားလိုက်နှင့် ဒီနေရာသည် လူပြတ်သည်မရှိပေ၊ ခက်သည်က ကိုသန့်စင်တို့ဇာတ်အဖွဲ့ကသီတင်းကျွတ်ပြီးမှ ပွဲချိရသည်။ ဒီတော့ လေးငါးလဒီမှာအနေကြာသည်။ ကြာတော့ဒီနေရာသည် နေစရာကောင်းသော နေရာတစ်ခုဖြစ်လာသည်။ ပတ်ဝန်းကျင်နှင့် ရင်းနှီးလာသည်။

ထိုပတ်ဝန်းကျင်၌ တစ်ဦးတည်းနေသော လူအများ၏ အမြင်၌ သိလွယ်-မှတ်မိလွယ်သော ကိုသန့်စင်တစ်ယောက် ကျင်လည်နေသည်မှာလည်း (၁၀) စုနှစ် ကြာခဲ့ပေသည်။

လေအဝေ့မှာ ဆိတ်ဖလူးပန်းရနံ့တို့ လွင့်မျောလာသည်။ တစ်ခါတစ်ရံ ခရေပန်းရနံ့၊ စံပယ်ပန်းရနံ့တို့လည်း ရောထွေးပါလာတတ်သေးသည်။

ကောင်းကင်က ဖိုးရွှေလသည် တိမ်ညိုတို့ကြားမှာ ရုန်းလိုက်တွန်းထိုးလိုက်နှင့် လောကဓာတွက်ကြိုးပမ်းနေရှာသည်။ တောင်လေသည် မိုးရနံ့ကို သယ်ဆောင်လျက် အေးစိမ့်သောရသာဖြင့် စိန်ခေါ်လျက်ရှိသည်။

ညဦးမှာ အိပ်လေ့ရှိသော ဒီပတ်ဝန်းကျင်၏ ဓလေ့အရ လူခြေတိတ်ဆိတ်လျက်ရှိသော အချိန်ကာလဝယ် ငြိမ့်ညောင်းသော ပတ္တလားသံကို ကြားလိုက်ရသည်။ ပထမတော့ လူအများက သတိမပြုမိချေ၊ ပတ္တလား၏ အသံနောက်မှာ အဆိုသံပါလာမှ ဆို-တီး-တီးနေမှန်း လူတို့ရိပ်မိကြ၏။ သို့သော် လဲရာကမထ၊ ထိုင်ရာမှမရွေ့၊ ဆိုတီးသံနောက်မှာ လိုက်ပါမျောနေမိကြသည်။
"အလို-ခါနွေဦး၊ ဖူးစီညွန့်လန်း၊ မာလာပင်နန်း၊ သာသည့်မယ်မောင်၊ ပန်းရည်ပျော့တောင်"

အထူးထူးငယ်နှင့် အစချီ တောလား ပတ်ပျိုးတစ်ပုဒ်နှင့် လူတို့သိလိုက်ကြသည်။ သူတို့၏နှုတ်မှလည်း ဂီတသံနောက်သို့ လိုက်ပါရင်း သီဆိုနေမိလိုက်ကြသည်။

"လေဆော်သွေး၊ ပျံလှာစုံမြိုင်၊ ပန်း-မှုန်-နံ့-လှိုင်"

ပတ်ပျိုးနောက်သို့လိုက်ပါသီဆိုရင်းမှ ဘယ်ကလာသော ဂီတသံနည်း၊ ဘယ်သူဆိုနေလေသနည်းဟု လူတို့သတိပြုမိလာကြသည်။ ဂီတသံသည် တိုးညင်းလိုက် နီးလာလိုက်နှင့် သူတို့ခံစားနေကြရသည်။

နောက်မှ ထန်းပင်အောက်ရှိ ကိုသန့်စင်၏တဲဆီမှ ဖြစ်နိုင်ချေရှိကြောင်း သူတို့လက်ခံလိုက်ကြသည်။

"ဟုတ်ပ့ါမလား၊ သန့်စင်ဆီမှာ ပတ္တလားမှ မရှိတာ"

မင်းသားကြီးကျော်ဝင်းက မှတ်ချက်ပြုသည်။ ပတ္တလားရှိခြင်း၊ မရှိခြင်းထက် ကိုသန့်စင်၏လက်ရာအစစ်ဖြစ်မှန်းတော့ လူတိုင်းလက်သင့်ခံလိုက်သည်။

မြသန်းကြည် ဇာတ်အဖွဲ့မှ ယိမ်းကသူများကတော့ "ကိုသန့်စင်ကြီးဆိုမှ ဒီသီချင်းက ပိုလို့လွမ်းစရာကောင်းလာတယ်" ဟုပြောကြသည်။

ကိုသန့်စင်တို့ ဇာတ်အဖွဲ့မှ သီတာ့မင်းသမီး ဝါဝါလှိုင်ကတော့၊ လူအများမမြင်အောင် မျက်ရည်တို့ကို သုတ်လိုက်သည်ကို လူရွှင်တော်ပျံလွှားက မြင်မိအောင်မြင်လိုက်သေးသည်။

ထိုညက သီချင်းသံသာ ဆုံးသွားသည်။ လူအများက နောက်ထပ်လာနိုးကြားရှိန်းနှင့် မျှော်လင့်နေကြသည်။ ကိစ္စ[illegible]



မိုးပြေးတို့ ရွာချလိုက်သဖြင့် အတွေးနှင့်အငေးတို့ လွင့်ပျံ့ပျက်စီးခဲ့ကြရသည်။

× × × × ×

မိုးလင်းတော့ ခါတိုင်းထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာပင် ကိုသန့်စင်တစ်ယောက် ထိုင်နေသည်ကိုအများက တွေ့ကြသည်။

"ဟကောင်--သန့်စင်၊ ညက--မင်းမဟုတ်လား၊ သီချင်းဆိုတာ နားထောင်လို့ကောင်းကွာ၊ မင်းကအတီးလဲတတ်တာကိုး"

အသံဆရာပြောင်ကြီးက ဆိုင်အတွင်းဝင်လာပြီး၊ လွတ်နေသော အခြားတစ်နေရာမှ ဝင်ထိုင်လိုက်ကာ ကိုသန့်စင်ကို လှမ်းပြီး ချီးကျူးစကား ဆိုလိုက်သည်။ ကိုသန့်စင်ကတော့ အခါတိုင်းလိုပင် အပြုံးမပျက်။

"ဟာ-ကိုသန့်စင်ကြီး"

ဆိုင်အတွင်း ဝင်လာသော ပူစူးမက ကိုသန့်စင်ကို လှမ်းနှုတ်ဆက်လိုက်သည်။ သူ့နောက်မှ ဝါဝါလှိုင်လည်း လိုက်ပါလာသည်။

"ပါဆယ်တစ်ခွက်"

ပူစူးမက ဆိုင်အတွင်းလှမ်းမှာပြီး၊ ကိုသန့်စင်နံဘေးမှာ ဝင်ထိုင်သည်။

"ထိုင်လေ--မိဝါ"

ကိုသန့်စင် အပြောကြောင့် ဝါဝါလှိုင်ကလည်း ဝင်ထိုင်လိုက်ရသည်။

"ဘာသောက်မှာလဲ"

ကိုသန့်စင်အမေးကို ဝါဝါလှိုင်က ခေါင်းခါသည်။

"ဘာဘာအတွက် ပါဆယ်လာဝယ်တာ"

ပူစူးမက ဝင်ဖြေသည်။

"ညကကိုသန့်စင်ကြီးလား၊ ပတ္တလားတီးတာ"

ပူစူးမအမေးကို ကိုသန့်စင်က ဆေးပေါ့လိပ်မီးညှိရင်း ဝါဝါလှိုင်ကိုကြည့်သည်။

"မင်းရော်သိချင်လား" ဟု မျက်လုံးကမေးယောင်ပြုသည်။ ဝါဝါလှိုင်က ငုံ့လင့်သည်။ ဒီတော့ပူစူးမကို ဖြေသလိုနှင့် ကိုသန့်စင်ခေါင်းညိတ်သည်။

"ကိုသန့်စင်ကြီး ပတ္တလားတကယ်တီးတတ်ရင် ပူစူးမလဲ သင်ချင်တယ်" ကိုသန့်စင်က မျက်လုံးကို မှေးစဉ်းရင်း "သင်လေ"ဟု ပြန်ဖြေသည်။

"မိဝါကိုရော"

"နင့်ကဘာလို့သင်မှာလဲ"

ကိုသန့်စင်ကငေါက်သည်။ ဝါဝါလှိုင်က နှုတ်ခမ်းစူရင်းတစ်ဘက်သို့လှည့်သည်။ ပူစူးမက ဆိုင်ရှင်လာပေးသော လက်ဖက်ရည်ပါဆယ်ထုပ်ကို လှမ်းယူရင်း ငွေရှင်းသည်။

ဆိုင်အတွင်း၌ တဖြည်းဖြည်း လူစည်လာသည်။ ဝင်လာသူတိုင်းက ညကကိုသန့်စင်၏ ပတ္တလားတီးသံ သီချင်းဆိုသံတို့ကိုချီးကျူးကြသည်။ သူတို့ ချီးကျူးလဲ ချီးကျူးစရာပင် ဖြစ်သည်။ ကိုသန့်စင် ဒီလောကထဲရောက်တာ (၁၀) နှစ်နီးပါးရှိပြီ။ တစ်ခါတစ်ရံမျှ ပတ္တလားတီးခြင်း၊ သီချင်းဆိုခြင်းတို့မရှိခဲ့၊ မကြားခဲ့



ယခုမှဘယ်သို့သော ခံစားချက်နှင့် ဘယ်ကလာရသည့်ပတ္တလားကိုတီး၍ ဘယ်ဆီသို့မှန်းကာ လွမ်းနေသည်မသိ၊ သူ့ခံစားချက်သည် တစ်ညတည်းနှင့် ဒီရပ်၊ ဒီဝန်းကျင်၌ ပြောစမှတ်ပြုရအောင် မှတ်ကျောက်တင်ခံနေနိုင်၍လည်း ဖြစ်သည်။

အချို့က ချီးကျူးနေကြချိန်မှာ၊ အချို့က သန့်စင်တစ်ယောက် ဘာအကြံနဲ့ထလုပ်နေတာလဲဟု သံသယတွေးတွေးကြသည်။ ဟုတ်မှဟုတ်ရဲ့လား၊ သန့်စင်မဖြစ်နိုင်ဟု ကောက်ချက်ချသူလည်း ရှိသည်။ အားလုံးသောအကြည့်၊ အားလုံးသော မျက်စိတို့ကိုကိုသန့်စင်က အမှုမထား ထိုင်မြဲထိုင်လျက်၊ ဆေးပေါ့လိပ်ဖွာရှိုက်မပျက်ရှိသည်။

ထိုစဉ် ဆိုင်ထဲသို့ အာဠာဝက ဝင်လာသည်။ အာဠာဝကနှင့် ကိုသန့်စင်က မျက်နှာချင်းဆိုင်လိုက်တာနှင့် ရန်ဖြစ်ခလေ့ရှိသည်။ အာဠာဝက,က ဆက်တင်အလုပ်သမား၊ အလုပ်ကြမ်းသမားမို့ လူကြမ်း၊ စိတ်ကြမ်းသည်။ အများနှင့်အဆင်ပြေပေမယ့် ကိုသန့်စင်နှင့်အဆင်ပြေလေ့ သိပ်မရှိ။

"ဟ-ရေမျှောကမ်းတင်၊ ညကလက်သံက မင်းလို့ပြောနေကြတယ် ဟုတ်လား"

အာဠာဝက,က အခြားစားပွဲမှာဝင်ထိုင်ရင်း ကိုသန့်စင်ကိုလှမ်းမေးသည်၊ ကိုသန့်စင်က အပြုံးမပျက်။

"အင်း-မင်းလိုဘုရားကျွန်မျိုးက၊ ဘုရားကျွန်အတွေးပဲရှိမှာပေါ့ မှတ်ထားစမ်းဘုရားကျွန်၊ သန့်စင်ဆိုတဲ့အကောင်ကလူအများရဲ့အပေါ်စီးမှာပဲ ရှိတယ်။ အဲဒါ ထာဝရကွ၊ ထာဝရ"

ကိုသန့်စင်၏ ရယ်မောသံကြီးက ဆိုင်အတွင်း ပွက်လောထသွားတော့သည်။ အာဠာဝက က"အရူး" ဟု မှတ်ချက်ပြုလိုက်သည်။

× × × × ×

"ဆန်းနွေဦး လေရူးဆော်ပြန်လာ၊ မွှေးပျံ့ကြိုင်လှိုင်စွာ၊ မာလာဝတ်မှုန်ပင်စုံမြိုင်"

နောက်တစ်နေ့ညမှာ အလွမ်းဘွဲ့၊ ယိုးဒယားသီချင်းတစ်ပုဒ်ကို ကြားရပြန်သည်။

"ငှက်မောင်မယ်၊ ဘာသာသူတို့နွဲ့၊ လွမ်းဖော်ညှိဆဲ၊ ဆန်းပိုရာစုံစုံမြိုင်ထဲ၊ နတ်ငြင်းခြယ်လှယ်"

အကောင်းပြောသူရော၊ အဆိုးပြောသူပါ။ ဂီတနှင့်အဆိုနောက်သို့ပါလာကြသည်။

"ပုနဲ့ပိုလွမ်းအောင်ဖန်" အပိုဒ်ရောက်တော့ နှုတ်ကတီးတိုးရေရွတ်သီဆိုခဲ့ကြသည်။

ထိုညက"ဆန်းနွေဦး" သီချင်းပြီးတော့၊ ပတ္တလားသံ၊ သက်သက်ကို ကြားရသည်မှာ ညဥ့်အတော်နက်သည်အထိဖြစ်သည်။ တစ်ခါတစ်ရံ နှဲသွားလိုက်၊ အကွက်စိတ်လိုက်၊ တစ်ခါတစ်ရံကြမ်းသွားလိုက်နှင့် လူခြေတိတ်မှ ပတ္တလားသံတိတ်တော့သည်။

ကိုသန့်စင်က ကောင်းကင်က လမင်းကြီးကိုမော့ကြည့်သည်။ အချိန်သည် သန်းခေါင်ယံနီးပါး ရှိနေပြီဟု ခန့်မှန်းမိသည်။ ကိုသန့်စင်၏ အပေါ်ပိုင်းမှာတော့ အကျီမပါ၊ ဗလာနတ္ထိ၊ ငိုသံကြောင့် ကိုသန့်စင်လှည့်ကြည့်လိုက်သည်။



"နင်--မပြန်သေးဘူးလား၊ ပူစူးမ"

ပူစူးမကငိုရာမှနေ၍ ကိုသန့်စင်ကိုလှမ်းကြည့်သည်။

"နောက်နေ့ကျရင်--ငါသင်ပေးမှာပါ"

ကိုသန့်စင်ကထိုင်ရာမှထသည်။ အကျီဝတ်သည်။

"မပြန်လဲနေဟာ၊ ငါအိပ်တော့မယ်"

ကွပ်ပျစ်မှာဝင်လှဲသည်။ ခဏကြာတော့ ကိုသန့်စင် အိပ်ပျော်သွားသည်။ တိမ်ညိုသည် လမင်းကြီးကို လှမ်းအုပ်လိုက်ချိန်ဝယ် ကိုသန့်စင်တဲမှ ပူစူးမ ခွာခဲ့သည်။

× × × × ×

စကားသည် တစ်ဆင့်နားမှ တစ်ဆင့်ကြား၍ ပွားများလာသည်။

"သန့်စင်ဆိုတဲ့အကောင်၊ မိန်းကလေးတွေကို ဖျက်ဆီးနေသတဲ့ အကြားသည် စကားသာဖြစ်သည်။ လက်တွေ့မရှိ၍ စကားတို့သည် လေ၌သာလွင့်မျောကုန်သည်။"

ထူးခြားသည်မှာ မိန်းကလေးအတော်များများ၊ ပတ္တလားတီးတတ်လာခြင်း ဖြစ်သည်။ အချိန်တိုသုံးလအတွင်းမှာ ဧယျာမြို့အထိ တီးတတ်လာသည်။

"သီတင်းကျွတ်လို့ ကျူပ်ပွဲချီမဝင်ခင်၊ အခြေခံကြိုး(၁၃)ပုဒ်စလုံးတတ်စေရမယ်"

ကိုသန့်စင်က ထိုသို့ကြွေးကြော်သည်။ အသွားတိုကြီးတွေကတော့၊ ယိမ်းသမများနှင့် ပြဇာတ်မင်းသမီးများကို တားသည်။ ကိုသန့်စင်ဆီမသွားနှင့် ပတ္တလားမသင်နှင့် ပန်းဘဝနွမ်းခြေချခံရ

လိမ့်မည်ဆိုသည်။ စင်စစ်ဇာတ်သမားဟူသည် မိဘနှင့်ခွဲခွာ၍ ဆွေမျိုးနှင့်ကင်းဝေး၍ ဇာတ်နောက်လိုက်လာကြသူများသည် လွတ်လပ်မှုကို သက်ကြီးရွယ်အိုများက ဘယ်လိုပင်တားတား ပြောပြောတခဏရယ်ပါ။

ကိုသန့်စင်တဲမှာတော့ အလွမ်းသီချင်းသံတို့ကို မကြားရတော့ ထံတျာ၊ သီတာ၊ သာယာ၊ ဝေဘာ၊ ထွေကလာ၊ ဘုံဆောင်မြင့်၊ ဇေယျာဖြိုး၊ စိမ်းလဲ့လဲ့ညိုပြာတို့ကိုသာ ကြားနေရသည်။ တစ်ခုတော့ရှိသည်။ တစ်ခါတစ်ရံအဆို မပါ။ အတီးသက်သက်ကို ညဥ့်နက်သည်အထိ ကြားရသည်။ တစ်ခါတစ်ရံ "ချစ်သမျှ" ကို ပတ်ပျိုး တစ်ခါတစ်လေ"ယမုန်နာ" ပတ်ပျိုး တစ်ခါတစ်ရံ ရာမသမင်လိုက်ခန်းလာ"မှော်ရုံဟောဝန်" ယိုးဒယား။

ကြာတော့ ဒီဖြစ်စဉ်သည် လူအများ၏ မြင်ကွင်းမှာ ရိုးအီလာသည်။ ထူးခြားသည်က ကိုသန့်စင်တစ်ယောက် သီတာဝါဝါလှိုင်ကို ပတ္တလားတီး၊ အဆိုသင်္ကေတစသည်တို့ကို သင်မပေးခဲ့ခြင်းပင်။ ထိုဖြစ်စဉ်နှင့်ပင် ကိုသန့်စင်နှင့် သီတာ ဝါဝါလှိုင်တို့စကားမပြောကြခြင်းအပ၊ လူအများနှုတ်ဖျားမှ စကားတို့သည် ဝေးကွာ၍ နားခဲ့ကြလေပြီ။

ဇာတ်ထွက်ချိန်နီးလာပေပြီ။

ဇာတ်ဆရာက ရာမဇာတ်ကြောင်းကို ပြန်လည်လေ့ကျင့်သည်။ ထို့ကြောင့် ကိုသန့်စင်တစ်ယောက် နေ့လယ်ပိုင်း ဇာတ်တိုက်နေရသည်။

သီတာဖွားခန်းမှ ရာမမှော်ရုံတောအတွင်း သမင်လိုက်သွားခန်းအထိတိုက်ပြီ၊ ဒီကနေ ဒသဂီရိက သီတာခိုးခန်းမှ ဇာတ်ပေါင်းခန်းအထိ တိုက်မည်ဟု လူအများသိထားကြသည်။



ဇာတ်ထဲမှ ဒသဂီရိက သီတာကိုမခိုးမီ၊ ကိုသန့်စင်က ဝါဝါလှိုင်ကိုခိုးပြေးပြီဟူသော စကားကပ်ပွဲ့လွင့်လာသည်။ ဇာတ်ဆရာ ခေါင်းခဲရပြီ၊ ပွဲကလည်း ဝင်ရတော့မည်၊ အားလုံးက ကိုသန့်စင်ကို ဝိုင်း၍မေတ္တာပို့သည်။ ကိုသန့်စင်မရှိမှ ကိုသန့်စင်၏ ပြဿနာများက စုပြုံလာသည်။ ဆန်ကြွေး၊ ဆီကြွေး၊ လက်ဖက်ရည်အကြွေးတွေထက် လူအကြွေးတွေ ပါလာသည်။ ပူဆူမ အပါအဝင်အားလုံး တစ်ဆယ့်သုံးယောက် ဖြစ်သည်။ သူတို့သည် ကိုသန့်စင်၏ ရင်သွေးများကို ကိုယ်စီလွယ်လျက် ရှိထားကြလေပြီ။

ဒသဂီရိမှာ မောင်းမမိဿံများစွာ ရှိသည်။ ဒသဂီရိမင်းသည် ထိုမောင်းမမိဿံတို့နှင့် ပျော်ပါးလျက် သီတာကိုသန့်စင်စွာချစ်ခဲ့သည်။ သီတာသည် မချစ်သော်လည်း အောင့်ကာနမ်းခဲ့သည်ကို ရာမဇာတ်တော်ကိုသိသည့် လူတိုင်း မှတ်မှတ်ထင်ထင်ရှိကြသည်။

ကိုသန့်စင်သည် ဒသဂီရိဖြစ်၍ ဝါဝါလှိုင်သည် သီတာဖြစ်ခဲ့၍သာ ပတ္တလားတီး မသင်ပေးခဲ့ခြင်းဖြစ်သည်ကို မောင်းမမိဿံနှင့်လူအများတို့က အခုမှရိပ်မိလာကြသည်။

နောက်တစ်ပတ်အကြာမှ ကိုသန့်စင်တို့ ရာမအဖွဲ့ပွဲချီစထွက်သည်။ ဇာတ်ဆရာက ဒသဂီရိနေရာမှာ သူဝင်က သီတာကိုအငှားရှာလာသည်။ ရာမအဖွဲ့ထွက်သွားပြီးနောက်၊ ကိုသန့်စင်နှင့်ဝါဝါလှိုင်တို့၏ အကြောင်းမှာလည်း ဝေးကွာ၍ သွားလေသည်။ ကြာတော့သည်လည်း မေ့လိုက်ကြလေပြီ။

ဇာတ်တော်ထဲမှ၊ ဒသဂီရိနှင့် ကိုယ်တိုင်မကြုံဖူးကြသော်လည်း ဒသဂီရိဇာတ်ရုပ် ကိုသန့်စင်နှင့် ကြုံဖူးကြသူတိုင်းက ဒသဂီရိနှင့်တွေ့ဆုံခဲ့ခြင်းကို မေ့နိုင်မည်မဟုတ်တော့ချေ။

# မဒီခင်လေးယဉ်ကျေးပေသည်

(၁)

"မင်းဒေဝီ၊ ဆင်းသိင်္ဂီနုပိုင်းမှာ ရှုတိုင်းပလီ၊ ဘဝဟောင်းကိုကာ၊ အကြောင်းတူညီ၊ မဒီ-ခင်လေး၊ ယဉ်ကျေးပေသည်၊ ပန်းချီမင်ဆေး၊ တင်ရေးမမီ၊ ထုံးစံမြိတ်ပြီ၊ ယဉ်တော်ချီချီ၊ ကိုးနဝရတ်စိန်စီ၊ မိုးနတ်ဘရဏီ၊ ဝင်းထိန်ညီသိင်္ဂီပျိုဆုတောင်း၊ ပြောမကုန်ဇောဟုန်ကြွေလုညောင်း၊ ဝိသကြုံ စုံကိုင်လို့မောင်း ကြိုးစုံကိုင်လို့မောင်း"။

ဟိုးဝေးဝေးမှ လွင့်ပျံ့လာသော သီချင်းသံနောက်ကို ကျွန်တော် လိုက်ပါသီဆိုနေမိသည်၊ ထိုအချိန်မှာပင် လှည်းလမ်းကြောင်းထဲသို့ လှည်းယာဉ်တစ်စီးဝင်လာသည်ကို ကျွန်တော်တွေ့လိုက်ရသည်။ လှည်းနောက်မှာတော့ ဖုန်လုံးကြီးတွေက၊ အလိပ်လိုက် လိုက်ပါလို့နေလေသည်။ လှည်းမောင်းသူက သူ့ကိုယ်သူဝိသကြုံ နတ်သားအလား၊ ပုံမှားရိုက်သော ဟန်ပန်နှင့် သူ့အသွင်က ကြွရွ လို့နေပေသည်။ လှည်းနောက်မှာတော့ လှည်းရံတိုင်ကိုကိုင်လျက် မြန်မာအလှ၊ မြန်မာမလေး တစ်ယောက်က ပတ်ဝန်းကျင်ကို ငေးမောလျက်လိုက်ပါလာသည်ကို တွေ့ရသည်။ သူတို့ကကျွန်တော့်ကိုတွေ့သွား၍ လက်ပြနှုတ်ဆက်လာကြသဖြင့် ကျွန်တော်





ပြန်လည် နှုတ်ဆက် လိုက်မိသည်။ ခဏမှာပင် "ခင်လေး" ဟု ကျွန်တော် မြည်တမ်းလိုက်မိသည်။ တိုက်ဆိုင်စွာပင် မြန်မာမလေးသည် ခင်လေးဖြစ်နေပါရော့လား၊ ကျွန်တော်က ကုက္ကိုရိပ်မှ လှည်းလမ်းကြောင်းပေါ်သို့ ပြေးထွက်လိုက်မိသည်။

လှည်းသည် ကျွန်တော့်ကို လွန်မြောက်၍ မှန်ချိုရွာအတွင်းသို့ ဝင်ရောက်သွားပေပြီ။

(၂)

အနုပညာသမားဖြစ်ဖို့၊ ငယ်စဉ်ကပင်ကျွန်တော် တွေးတောနေမိခဲ့သည်။ ရွာဘုရားပွဲသို့ ရောက်လာသမျှဇာတ်ပွဲ၊ အငြိမ့်ပွဲမှန်သမျှ ကျွန်တော် လက်မလွှတ်တမ်းကြည့်ရှုခဲ့သည်၊ ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ ရွှေမန်းကျော်အောင်၊ ပန်တျာကြည်လင်၊ ရွှေနန်းတင်၊ စိန်မာဒင်ဇာတ်အဖွဲ့များ၊ ခေတ္တရာတမာချိုပန်တျာတင်တင်မြင့်၊ ကောလိပ်မြိုင် အငြိမ့်အဖွဲ့များ၊ ပုဏ္ဏားပျံ့ကျော်အေး၊ စိန်ထွန်းကြည်၊ နန်းညွန့်ရှိန်ရုပ်သေးအဖွဲ့များ၏ ဇာတ်စင်ရှေ့နေရာသည် ကျွန်တော့်နေရာဖြစ်ခဲ့သည်။

ကျောင်းတက်ချိန်မှာ ကျောင်းတက်၊ စာကျက်ချိန်မှာ စာကျက်ရင်း ကျွန်တော်ရှစ်တန်းစာမေးပွဲကို ဝိဇ္ဇာဘာသာတွဲဖြင့် အောင်မြင်ခဲ့သည်။ ကျောင်းနံရံကပ်စာစောင်များမှာ အောင်မြင်လာသော ကျွန်တော်သည် စာသင်ချိန်၊ စာကျက်ချိန်တို့လျော့ပါးလာခဲ့သည်။ အဖေက ကျွန်တော်ကို မတားဆီးတော့ဘဲ၊ မန္တလေးပန်တျာကျောင်းသို့ ပို့လိုက်သည်။ အနုပညာအကျင့်၊ အနုပညာစိတ်ဓာတ်၊ အနုပညာခရီးလမ်းကို ကျွန်တော်စတင်မိချိန်မှာတော့

အောင်မြင်သော အနုပညာသည် ဘဝကို ကျွန်တော်တမ်းတ
လိုက်မိသည်။

အောင်မြင်မှုကို ဆာလောင်မွတ်သိပ်ရင်း၊ ဘဝနှင့် ဆန္
ထပ်တူညီမျှ ဖြစ်ရအောင်ကြိုးစားရင်း အတ္တဟူသော မျက်နှာစာကို
ကျွန်တော်ရှေးရှုလျှောက်လှမ်းမိသည်။

(၃)

ငါလုပ်သမျှ အကောင်းဆုံးဖြစ်ရမယ်၊ ပရိတ်သတ်တွေ
လက်ခံစေရမယ်၊ ဆန္ဒများ နောက်ဘဝက ထပ်တူညီမျှဖြစ်လာရင်း
ကျွန်တော် အနုပညာသမားတစ်ယောက် ဖြစ်ခဲ့လေသည်။
ပရိသတ်၏ လက်ခုပ်သံများအောက်ဝယ် အနုပညာလောကသား
တို့ လက်ခံလာသော အနုပညာအသိုင်းအဝိုင်း၏ ရွေးချယ်မှုနှင့်
"ပြည့်စုံသော်" ဟူသော နာမည်တစ်လုံးကို ကျွန်တော် ပိုင်ဆိုင်
လာခဲ့သည်။

ကျွန်တော့်ပတ်ဝန်းကျင်မှာရှိသော အနုပညာသမားတို့
ကြားဝယ်၊ ကျွန်တော်ပွဲလယ်တင့်ခဲ့သည်။ "ပြည့်စုံသော်" ဟူသော
ဇာတ်မင်းသားလေး၏ ဇာတ်အဖွဲ့သည် မြန်မာပြည်အနှံ့အလျှား
ထင်ရှားလို့လာလေသည်။

ဒီကနေ့အမှားကို နောက်တစ်နေ့မှာ ကျွန်တော်ချက်ချင်း
ပြင်ခဲ့သည်။ မရသေးသော ဇာတ်စာဇာတ်စကား၊ ဇာတ်ချင်းတို့ကို
ကျွန်တော်ကျက်မှတ်နေတတ်သည်။

ပရိသတ်များစွာ ပွဲရှိများစွာ ကပြလာခဲ့ပြီးနောက် သိပ်ကြိုးစား
တဲ့ မင်းသားလေးဆိုသည့် ကောင်းသတင်းများပျံ့နှံ့လာလေသည်။



အဖေနှင့် အမေကတော့ ပျော်မဆုံးမော်မဆုံးရှိကြသည်။ မှန်ချို
ရွာကတော့ ရွာသားတစ်ဦးအတွက် ဂုဏ်တင်လို့နေပေသည်။

အနုပညာကို အကောင်းဆုံးဖြစ်အောင် တင်ဆက်က
ပြရင်း ကောင်းပေ့ညွန့်ပေ့တို့ကို ဆွတ်ယူစားသုံးရင်း ပရိသတ်၏
အထင်ကြီးမှုဖြင့် အတ္တမျက်နှာစာမှာ ကျွန်တော်ပျော်ခဲ့သည်။

ရုပ်ချော၊ အပြောကောင်းတဲ့ မင်းသားလေး၊
ဒီလိုကလေးမျိုးရချင်ပါရဲ့တော်၊
ပါဠိပါဠ်သားကလဲ ကျွမ်းကျင်နိုင်နင်းသဗျ
ဇာတ်သမားပါရင် မှတ်သားစရာပါတယ်ဗျို့၊ စတဲ့ . . စတဲ့
အသံတွေရဲ့ နောက်မှာ ကျွန်တော်ကလို့ ကောင်းခဲ့သည်မှာ အမှန်ပင်
ဖြစ်သည်။

အောင်မြင်မှုများကို ဆွတ်ယူပိုင်ဆိုင်ရင်း ကျွန်တော်အမှား
များကို ပြုလုပ်ခဲ့မှန်းမသိ ပြုလုပ်ခဲ့မိသည်။

အကောင်းနှင့်အဆိုး အဖြူနှင့်အမည်း ဒွန်တွဲလျက်ရှိသော
လောကသဘာဝအရ - ဆန့်ကျင်ဘက်တရားများ၏ ဆွဲဆောင်မှု
နောက်သို့ ကျွန်တော်စီးမျောသွားခဲ့မိသည်။

'ပန်းကလေးတွေ . . . အဝါ . . . အနီ . . . အပြာ . .
စုံလို့ပါလား'

အလှတရားက ကျွန်တော်ကို ပျားပိတုန်းတစ်ကောင်
အဖြစ် သွတ်သွင်းပေးလိုက်သည်။

ပတ်ဝန်းကျင်က ကျွန်တော်ကို သတိပေးလို့လာသည်။
ကျွန်တော့်မှာလည်း ပတ်ဝန်းကျင်ကို ပြန်ပေးစရာဆင်ခြင်များစွာ
ရှိနေတတ်သည်။

အမှားကို ကျူးလွန်တတ်သော သူတစ်ယောက်အနေ ကိုယ်ပိုင်အကြောင်းပြချက်က ခိုင်လုံလောက်သည်ဟု ကျွန်တေ ထင်ပါသည်။

ဇာတ်တူသားကို စားသုံးရင်း အနုပညာသမား သိက္ခ အနုပညာသမားရဲ့ သစ္စာတွေ၊ ပဝါပြေသလို ပြေလျော့ခဲ့သည ပရိသတ်ကို အသိပညာတွေပေးနေရင်း၊ လောကဓမ္မကြောင်း ရာတို့ကို ခွဲခြမ်းစိတ်ဖြာပြနေရင်း၊ ပရိသတ်၏ ရင်မှာချမ်းသာ တိုးပွားများပေးဝေရင်းနှင့် ထိုအမှုကိုပြုသော အနုပညာသ သည် - အသိခေါက်ခက်၊ အဝင်နက်နေပါပကောဟု ထိုစဉ် ကျွန်တော်မတွေးတောမိခဲ့ချေ။

ထိုမှားသမျှ အမှားများသည် စစ်မှန်သောသူနှင့် ဆုံ သောအခါမှ ကြေကွဲဖွယ်ရာကို မြင်ရပေတော့သည်။

ကျွန်တော့် ဘဝ၌ အမည်းစက်တို့စွန်းလေပြီ။

(၄)

မောင် . . .

ကဗျာဘဏ်တိုက်ကိုဖတ်နေရင်း - မှ ခေါ်သံကြော ကျွန်တော်မော့ကြည့်လိုက်မိသည်။

သဲမာ . . . ထိုင်လေ

သဲမာက ကျွန်တော့်ကုလားထိုင်နံဘေးရှိ ခုံငယ် တစ်ခုမှာ ဝင်ထိုင်လိုက်သည်။

"ကိစ္စရှိလို့လား"



ကျွန်တော့်အမေးကို သဲမာကခေါင်းငုံ့ရင်း "အင်း" ဟု ပြန်ဖြေလာသည်။

"ပြောစရာရှိတာပြောလေ၊ မောင်စာကျက်ရဦးမယ်"

"သဲမာရွာခဏပြန်မယ်"

သဲမာစကားကြောင့် "ဘာဖြစ်လို့လဲ" ဟု ကျွန်တော် မေးလိုက်မိသည်။

"သဲမာ ဓမ္မတာထိန်တာ နှစ်လရှိပြီ"

ကြားနေကျ စကားမျိုးဖြစ်သဖြင့် ကျွန်တော့်အဖို့ သိပ်မထူးဆန်းတော့သဖြင့်

"မောင်လိုက်ပို့ရဦးမလား။" ဟု တာဝန်ကျေပြန်မေးလိုက်မိသည်။

"မောင်အလုပ်ပျက်နေပါ့မယ်၊ သဲမာ. . . ဘာသာသွားပါ့မယ်၊ ဇာတ်ဆရာကို အမေ နေမကောင်းလို့ ခဏပြန်မယ်လို့ ပြောခဲ့တယ်"

"သဲမာ ပြန်လာနော် မောင်မျှော်နေမှာ"

ကျွန်တော့်စကားကြောင့် သဲမာမျက်နှာက ဝင်းပလို့သွားသည်။

"သဲမာ ပြန်လာမှာပါ မောင့်အတွက် သဲမာပြန်လာခဲ့မှာ"

သဲမာက ထိုင်ရာမှထသည်။ ရွှန်းလဲ့သော အပြုံးနှင့် ကျွန်တော့်ကို အားပါးတရပြုံးပြရင်း ခြေလှမ်းကိုစတင်သည်။

ကျွန်တော်က ဖတ်လက်စ စာအုပ်ကို ပြန်ဖွင့်လိုက်သည်။ ပျားပိတုန်းသည် စားသုံးရန် နောက်ပန်းတစ်ပွင့်ဆီသို့ ပျံဝဲသွားနေသည်ကို ကျွန်တော်တွေ့လိုက်ရသည်။

(၅)

ဩော်. . . နေဖန်စကြာ၊ ဒေါင်းယာဉ်သာငယ်၊ ဂေါယာ ထိန်ကျွန်း၊ သီသီငယ်ယွန်းသည်၊ မွန်းရိပ်ကကျော်၊ ချိန်မတော် အောင် ညိုးရော်ပင်ပန်း၊ လာတဲ့လမ်းကို၊ စခန်းမသိ၊ မမှန်းမိလို့၊ နွမ်းရိမရှင်၊ သားနှင့်လင်ကို၊ မမြင်ပါရ၊ သည်ဒုက္ခကြောင့် ကျွန်မ ပူတာ၊ ပွေ့တုန်ပါကို၊ ကြမ္မာဖိစီး၊ မယ်မယ်ရှေ့မှာ၊ ခြသေ့်ဆီးလို့၊ ကျားကြီးအလယ် ကြောက်စဖွယ်ငယ်၊ နောက်ကွယ်သစ်မင်း၊ မယ့်ကိုဝိုင်းရံ စားမယ်ကြံသည်၊ ဟန်ပန်ခင်းလို့၊ လဲ့ဝင်းညက်ပြာ၊ မပြေးသာ သည်ခါ သေပန်းပွင့်တော့တယ်။

အင်္ကျီဖြူလက်ရှည်၊ ထမီအညိုရောင်ကို ဝတ်ဆင်လျက် ယောဂီရောင် သဘက်လေးကို ပတ်ထားသော ခင်လေးသည် လှချင်တိုင်း လှလို့သာနေတော့သည်ဟု ကျွန်တော်တွေးထင်လိုက်မိသည်။

ဝေဿန္တရာဇာတ်တော်ကြီး၌ မဒ္ဒီအဖြစ် သရုပ်ဆောင်ရင်း မဒ္ဒီခင်လေးဟု ဇာတ်သဘင်လောက၌ ထင်ရှားလာသူ ခင်လေးသည် ကျွန်တော်သာမက ယောကျ်ားလေးများ၏ အသည်းကျော် အလှကေရာဇ်တစ်ပါးအဖြစ် တင်စားထိုက်သူဖြစ်ပေသည်။

ခင်လေး၏ မေတ္တာပန်းကို ဆွတ်လှမ်းလိုသူများအကြား လိမ္မာပါးနပ်စွာ ရှောင်ရှားတတ်သော ခင်လေး၏ အမူအယာသည် အတတ်ပညာတစ်ခုလားဟု ကျွန်တော် တွေးနေတတ်သည်။

တိုင်ဖုံးကြား၌ ထိုင်ရင်း ခင်လေးလှုပ်ရှားမှုကို ငေးမောရင်း ကျွန်တော်က ခင်လေးကို ချစ်ခွင့်ပန်ရင်းနှင့် ည,ညတို့သည် လွန်မြောက်ခဲ့ချည်းသာဖြစ်သည်။



"မဒ္ဒီကို မုန်းတယ်လို့. . . သုဉ်းရက်တော့မှာလားရှင်တို့"

ခင်လေးက ရင်ကိုထုလိုက်၊ ငိုလိုက်နှင့် သရုပ်ဆောင် ကောင်းနေချိန်မှာတော့ တိုင်ဖုံးကြားမှာ ခင်လေး၏ အလှတရားကို ကျွန်တော့်နှလုံးသားနှင့် ချိန်ဆက်တွက်ချက်လျက် အိပ်ပျက်ခံရသော ညအတွက် ကျွန်တော် စိတ်မပျက်ခဲ့မိပါချေ။

"သူ ခင်လေးကို လက်ဖက်ရည်တစ်ခွက် ဝယ်ထားတာ"

သစ်သီးခြင်းကို ဘယ်ဘက်လက်မှာ ချိတ်လျက် ညာလက်က တံချူတံကိုကိုင်ရင်း ပျောက်သောလမ်းကို ရှာဟန်ပြုရင်းက တိုင်ဖုံး အနား ကပ်လာသော ခင်လေးက တိုင်ဖုံးကြားမှာ ထိုင်နေသော ကျွန်တော့်ကို ပြောလာလေသည်။

" ငါဝယ်ခိုင်းတာပါတယ်ဟာ၊ ကမှာကစမ်းပါ. . . ဟာ၊ ငါ. . . နင့်ကိုချစ်တယ်ခင်လေးရယ်"

ခင်လေးက ကျွန်တော့်ကို မျက်စောင်းတစ်ချက်ထိုးရင်း ကခွင်အထဲသို့ ပြန်ဝင်သွားသည်။

ကျွန်မကို မစုံမက်ရင်ဖြင့် မဟုတ်ရာ မဆိုရက်ပါနဲ့ မယ့်အသက်ကိုတဲ့ သတ်ပါမေ၊ ရှက်စရာ သည်အမှုကိုဖြင့် လူပြည်တွင် ဇေက်မပြုပါဘူး၊ ခု-မြန်မြန်ရင်ကိုခွဲပါတော့ရဲ့. . . ရဲ့တဲ့မေ။

သဲမာနေရာ၌ အစားထိုးဝင်ကလာသော နောက်ပိုင်းမင်းသမီး မဒ္ဒီခင်လေး၏ အသံက ကြေကွဲစရာကောင်းလွန်းလှသဖြင့် ကျွန်တော်ပင် မှင်သက်နေမိခဲ့သည်။

"ဩော်. . . ခင်လေးရယ်၊ ဒါကြောင့် မဒ္ဒီခင်လေးလို့ နင့်ဘဝမှာ ထင်ရှားနေရတာပါလား၊ နင့်ဘဝမှာ ငါ့ဝေဿန္တရာ ထုံးနဲ့ အသည်းနှလုံးကို အလှူပေးရမှာလားဟာ"

ကတ္တီပါပြည်ဖုံးအပိတ် ခင်လေးကို လက်ဖက်ရည်ခွက် ကမ်းလင့်ရင်း၊ ကျွန်တော်ထိုသို့ ပြောခဲ့မိသည်။ ခင်လေးသည် ယဉ်ကျေးဖွယ်ပြုံးလို့နေမိသည်။

(၆)

"လူအတော်များများက ဇာတ်သမဆိုရင် အကဲစမ်းချင်ကြတယ်။ အထင်သေးချင်ကြတယ်လေ။ သူရော ခင်လေးကို အဲဒီလိုထင်နေတာလား။"

မန္တလေးတောင်ပေါ်မှနေ၍ ဟိုး. . . အဝေးမှ လှမ်းမြင်နေရသော ဧရာဝတီမြစ်ကြီးကို ငေးမောနေရင်းမှ ခင်လေးအမေးကြောင့် ကျွန်တော်လှည့်ကြည့်လိုက်မိသည်။

" ခင်လေးက မြန်မာမိန်းကလေးပါ၊ မြန်မာအမျိုးသမီးတစ်ဦးအနေနဲ့ သာယာအေးချမ်းတဲ့ ဘဝလုံခြုံမှုရှိတဲ့ တစ်လင်တစ်မယား အိမ်ထောင်ရေးစနစ်ကို နှစ်သက်လိုလားတယ်။ သူ. . . ခင်လေးကို အဲဒီလို ထားနိုင်မလား။"

ခင်လေး အမေးကို ကျွန်တော် နှုတ်ဆိတ်နေမိသည်။

သူ့အကြောင်းကို ခင်လေးကြားပါတယ်။ သိတယ်ဆိုရင် ပြည့်စုံတဲ့ စကားစုပေါ့နော်။ ခင်လေးဟာ ဝေဿန္တရာဇာတ်တော်ကြီးထဲက မဒ္ဒီလိုပဲနေချင်တယ်။ သူဝေဿန္တရာမင်းကြီးလို လှူချင်တိုင်းလှူ။ ခင်လေး ကြည်ဖြူချင်တယ်။ သူ . . . ပြန်လာရင် အမောအပန်းပြေစေဖို့ မောင်တစ်ထမ်း မယ်တစ်ရွက်နဲ့ အေးအတူပူအမျှ မျှဝေခံစားချင်တယ်။ ခင်လေး. . . ခေတ်နောက်ပြန်ချဲ



ခေတ်နောက်ပြန် တွေးနေတာ မဟုတ်ပါဘူး။ သူ. . . နားလည်လားဟင်"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်မိသည်။

ဘဝတစ်ခုလုံးကို ဂရုစိုက်လာလွန်းသူအတွက် ကျွန်တော်ပြန်လည်၍ ဂရုစိုက်ရတော့မည်မှန်း နားလည်လိုက်ပါသည်။

ကျောက်ဆည်ပွဲပြီးရင် ငါ. . . မှန်ချိုကိုပြန်တော့မယ်၊ ရက်တရက်ကြီး အနုပညာလောကကို ကျောခိုင်းလိုက်လို့. . . နင်တလွဲမထင်စေချင်ဘူး။ အောင်မြင်မှု၊ ကျော်ကြားမှုတွေဟာ ငါ့ကို အတ္တတရားနဲ့ အမှားများစေတယ်လို့ ငါခံစားလိုက်ရတယ်။ သေလွန်ပြီးရင် ဒါတွေအားလုံး ချုပ်ငြိမ်းသွားကြမှာပဲလေ။ အမှားတွေကိုပြုပြင်ရင်း နင်. . . မဒ္ဒီဘဝနဲ့ မှန်ချိုကို လိုက်လာခဲ့ရင်တော့ ငါ. . . ဝေဿန္တရာဘဝနဲ့ နင့်ကို ကြိုဆိုနေပါမယ်။

ခင်လေးက ပြုံးသည် ထိုင်ရာမှထရင်း. . . မန္တလေးတောင်တော်ဦး ရုပ်ပွားတော် ဦးချသည်။

ဆည်းဆာသည် မန္တလေးတောင်ပေါ်၌ ခင်လေးကြောင့်၍လှနေသလားဟု ကျွန်တော်တွေးလိုက်မိသည်။

(၇)

ဦးပြည့်စုံသော်၊ ဒေါ်ခင်လေး သားသမီးမြေးမြစ်တစ်စုတောင်းမှု နတ်လူသာခုခေါ်စေသော် ;

ဘိုးဘိုးလက်ညှိုးညွှန်ရာသို့ ကျွန်တော်မော့ကြည့်လိုက်ရင်းစာတမ်းကို ဖတ်လိုက်မိသည်။

ခရီးသွားတို့ နားခိုရာ ဇရပ်ကြီး၏ အလှူရှင် ကမ္ဘည်းစာသားသည် သားစဉ်မြေးမြစ်ပြောထုံးဖြစ်အောင် တွင်ကျန်ရစ်ခဲ့ပေတော့သည်။

ကျွန်တော်က အဘိုးကို ဖေးမလိုက်သည်။

သမ္မုဒ္ဒေစေတီမှ ဆည်းလည်းသံလေးများသည် လေတွင် လွင့်မျောလို့လာသည်။

ယခုတော့ ဘိုးဘိုးသည် အနတ္တ မျက်နှာဆီသို့ ဦးတည် လျှောက်လှမ်းနေမည်မှန်း၊ မြေးဖြစ်သူ ကျွန်တော်သာအသိဆုံး ဖြစ်ပါတော့သည်။

## ခက်လက်ဝေလွင် သစ်တစ်ပင်

ဒီနှစ် မတ်လ ၁၅ ရက်နေ့မှ သူ ရာထူးတိုးမြှင့်ခြင်းခံရည်။ လွန်ခဲ့သော ၂၃ နှစ်က သူသည် တစ်နေ့ သည်ဒီနေရာသို့ ရောက်နိုင်ပါမည်လားဟု ခံစားရင်း စဉ်းစားဖူးသည်။ ထိုစဉ်က သူသည် အငယ်တန်းစာရေး ၁၉၇၈ ဝန်းကျင်၏ အခေါ်အဝေါ်ရ စာရေးအဆင့် (၁) သာ ရှိသေးသည်။ သူ့ရှေ့မှာရှိသော နစိတ်မျှ (ရုံးအုပ်အဆင့်) များကို သူ့စိတ်ကူးထဲမှာ ရာထူးပေးရင်း၊ ထိုနေရာ၊ ထိုကုလားထိုင်မှာ ထိုင်ကြည့်နေမိသည်။ နောက်မှ နောက်တစ်ဆင့် . . . နောက်တစ်ဆင့် သူ့ဘာသာသူ ထူးတိုးနေရင်း၊ အသက် ၄၅-၄၆ အရွယ်ထိတိုင် စဉ်းစား သွားတောမိသည်။ အားလုံးကျန်းမာ သက္ကရာဇ် ၂၀၀၀ မှာ သော ဆောင်ပုဒ် ကို ၁၉၈၃-၈၄ ဝန်းကျင်မှာ သူကြားဖူးခဲ့သည်။ ဒီသက္ကရာဇ် ၂၀၀၀ ဆို ငါ. . . ဘာဖြစ်နေပြီဟု သူကြိုတင် က်ဆကာ ကြိုးစားခဲ့ဖူးသည်။ ဝန်ထမ်းသက်ကြာလာတော့လည်း မေ့သွားတော့သည်။ သူငယ်ချင်းတွေက ပြန်တမ်းဝင်အရာရှိ ထူးတွေ ဖြေဆိုအောင်မြင်သွားကြတိုင်း သောက်ပွဲစားပွဲတို့ကို လိုက်တက်ရင်း ရံဖန်ရံခါ ကြိုးစားချင်စိတ်ကို ပြန်ပေါ်လာ သည်။ အဲဒီတုန်းက သူ့ သူငယ်ချင်းအတော်များများသည်

မြန်တမ်းဝင်အရာရှိ စာမေးပွဲကို ဖြေဆိုအောင်မြင်၍ ရရှိသွား
ကြသဖြင့် သူပြန်တမ်းဝင်အရာရှိဖြစ်လာလျှင် မည်သို့ဧည့်ခံမည်ဟု
သူကြိုတင်စဉ်းစားဖူးသည်။ သို့ပေမယ့် သူမျှော်လင့်ထားသော
ထိုတစ်နေ့ကို ရောက်လာခဲ့သော်လည်း သူစဉ်းစားသလို မလုပ်နိုင်
ခဲ့တော့၊ သူငယ်ချင်းများက တိုင်းပြည်တည်ဆောက်ရေးမှာ
နေ့ရောညပါ ပါဝင်နေကြရသည်။ သူ့ဧည့်ခံပွဲကို မလာနိုင်ကြောင်
သာ အကြောင်းပြန်ကြားကြသည်။

သူ၏ပြန်တမ်းဝင်အရာရှိ ပူပူနွေးနွေးဘဝကို ဘားလမ်
(မဟာဗန္ဓုလပန်းခြံလမ်း)ရှိ သိင်္ဂီရွှေရည်မှာ လက်ဖက်ရည်နှင့်
မြန်မာဘိန်းမုန့်နှင့် ဒူးယားဆေးလိပ်နှင့်သာ ပြုလုပ်ကျင်းပခဲ့ရသည်

"သူငယ်ချင်းတွေအားလုံး စုံရင်ကောင်းမယ်ဗျာ၊ ကိုဌေး
ပွဲကို ကျွန်တော်တို့က အားခဲထားကြတာ"

အထက်တန်းရှေ့နေဘဝနှင့် အောင်မြင်နေသော သိန်းဝင်း
အားမလိုအားမရနှင့် ပြောကြားခဲ့သည်။

"အကျဉ်းရုံးတော့လဲ ကိုဌေးသက်သာတာပေါ့ဗျာ"

မဦးက အကောင်းဖက်က ရှုမြင်၍ ပြောလာရင်း သူ
လက်ကို ဖျစ်ညှစ်လိုက်သည်။

စောနန်းသူဇာရဲ့ လူမှုဝန်ထမ်းပွဲလေးက စပြီး ဒီ
အကျဉ်းရုံးခဲ့ရတယ်။

မလှသိန်း ဝင်ပြောသည်။ လူမှုဝန်ထမ်းဦးစီးဌာန
စောနန်းသူဇာက ဦးစီးအရာရှိ ရာထူးကို ဖြေဆိုရရှိသွားခဲ့သည်
ထိုစဉ်က စောနန်းသူဇာချိန်းသော်လည်း သူငယ်ချင်းများကို
မရခဲ့၊ စင်စစ် ပြင်းထန်သော မုန်တိုင်းအပြီးဝယ် အပျက်အ



အကြား၌ သူငယ်ချင်းများ မနားမနေ လုပ်ကိုင်နေကြရမည်
အားလုံးက နားလည်လိုက်ကြရင်း၊ ထိုပွဲကို "စတိ" ပွဲအဖြစ်
သာ ကျင်းပနိုင်ခဲ့တော့သည်။

သူ့ပွဲမှာ ငါးဦးသာပါသည်။ စောနန်းသူဇာ၊ သိန်းဝင်း၊
မာ၊ မလှသိန်းနှင့် သူရယ်သာဖြစ်သည်။

အဲဒီတုန်းက ပြန်တမ်းဝင်အရာရှိတစ်ဦး၏ အကြိုကာလ၊
ညံကားသော သူ့ဧည့်ခံပွဲကိုကြည့်ရင်း သူရင်မောခဲ့ရသေးသည်။

× × × × ×

အလုပ်တော်တော်များများကို သူလုပ်ခဲ့ဖူးသည်၊ လုပ်အား
ရင်း၍ဖြစ်စေ၊ ငွေကြေးကိုရင်း၍ဖြစ်စေ၊ လုပ်ခအမြတ်အစွန်း
၍ ဘဝကိုရပ်တည်နိုင်သော သမာအာဇီဝ အလုပ်မှန်သမျှသည်
လုပ်ဟုသာ သူမြင်သည်။

ငယ်စဉ်က သူတို့ဘဝသည် နွမ်းပါးလွန်းလှသည်။ သူ
ဖေက ရန်ကုန်ဆိပ်ကမ်း ကော်ပိုရေးရှင်း (ယခု-မြန်မာ
ပ်ကမ်းအာဏာပိုင်) မှာ လုံခြုံရေးအုပ်စုမှူးဖြစ်သည်။ လစာက
၆ ကျပ်နှင့် သူအပါအဝင် သားသမီးခြောက်ဦးကို ကျွေးမွေး
ပျိုးထောင်ရင်း ပညာသင်ပေးခဲ့သည်။ ကြာတော့လည်း လုပ်ခ
စာနှင့် မိသားစုသုံးစွဲငွေက ကြီးမြင့်လာသည့် ကုန်ဈေးနှုန်း
လိုက်မမီနိုင်တော့ (ကုန်ဈေးနှုန်းသည် သူငယ်စဉ်ကတည်းက
မြင့်မား (တက်) လာသည်မှာ မရပ်မနားဘဲ ယနေ့တိုင်သာ
သည်)

အမေက အဖေ၏ လိုသော ဂရပ်(ဖ်) မျဉ်းပြအတက်မြား
ကို ဈေးရောင်းရင်းနှင့် ဝင်ကူသည်။ အမေဝင်ကူတော့ သူတို့သည်
အမေ၏လေဘာများဖြစ်လာသည်။ နံနက်ငါးနာရီမှာထ၍ သူတို့
ဈေးခင်းရသည်။ ရောင်းသည့်ကုန်က ကုန်စိမ်း(ဟင်းသီးဟင်းရွက်
တို့ကိုခေါ်သည်) ဖြစ်သည်။ သူက ဆိုင်ခွဲတစ်ခုခင်းသည်။

"ဆီးဖြူသီးတွေ ငါးပြား ငါးလုံး"

သူ့အော်သံကို ဈေးဝယ်လာသူတို့က နှစ်သက်စွာပြုံးသည်
ပြီးတော့ သနား၍ဝယ်ကြသည်။ စင်စစ်သူက ငယ်စဉ်ကတည်းက
မပီသခဲ့။ ငါးပြားငါးလုံးဟု အော်ရာ၌ ငါးလုံးနေရာဝယ် သေးသေး
တင်နေရာ၌ လုံးကြီးတင် အသံထွက်သွားသည်။ ကလေးဘဝမှ
ခွင့်လွှတ်ဖွယ်ဖြစ်သည်။ ငယ်သူတို့ကလဲ ချစ်ကြည်မှုပြုသည်။

ဈေးသိမ်းပြီးတော့ သူတို့အိမ်ကို အပြေးပြန်ရသည်။ ရေချိုး
ထမင်းစားပြီး နေ့လယ်ကျောင်းတက်ရသည်။ ညနေကုန်စိမ်းကြိ
လာသော အမေ့ကို ဈေးမှာသွားပြန်ကြိုရသည်။ ည- ကျတော့
ရေနံဆီမီးအိမ်အောက်မှာ သူတို့မောင်နှမတစ်တွေ စာအော်ကျက်
ကြရသည်။

ဘဝဇာတ်ဆရာသည် သူတို့ကို ကုန်စိမ်းသည်ဘဝနှင့်
ထားရင်း စံပယ်ပန်းပေါ်ချိန်၌ စပယ်ပန်း၊ ဖရဲသီးပေါ်ချိန်၌ ဖရဲ
သီးစိတ် စသည်တို့ကို လှည့်လည်၍ ရောင်းခိုင်းလိုက်သေးသည်။

ကြာတော့သည်လည်း အမေ့ကုန်စိမ်းဈေးပန်းသည်
နောက်ဖေးမီးဖိုချောင်သို့ မသိမသာကူးပြောင်းရင်း အရင်းပြုတ်
သွားတော့သည်။ ဒီမှာတင် အဖေ့နှမဝမ်းကွဲတစ်ယောက်က
"ကော်ကျွတ်ဆေးရန် အကြံပြုလာသည်" ကော်ကျွတ်ဆိုသည်မှာ



ပလပ်စတစ်အမာစားဖြစ်သည်။ အောက်ခံအမာနှင့် ထိလျှင်
"လွင်" သော အသံတို့ထွက်လာသည်။ အဖေကအသက်အာမခံမှ
ငွေထုတ်ချေးပြီး အမေ့ကို အရင်းပြန်ထူထောင်ပေးသည်။ ဒီတော့
သူတို့လည်း ကော်ကျွတ်ဆေးရာသို့ ကူးပြောင်းကြရပြန်သည်။

သဇာင်းစာ၊ စက္ကူ၊ ပုလင်း၊ ပလပ်စတစ် အထမ်းသမား
(အဟောင်းဝယ်သူများ) က ကုလားဆိုင်မှာ သွားသွင်းသည်။
သူတို့က ထိုကုလားဆိုင်မှ ပြန်ဝယ်ရသည်။ ဝယ်လာသော ကော်
ကျွတ်ကို ရေနွေးပူပူထဲ၊ ကြည်ပြာဆပ်ပြာမှုန့် (ကြည်ပြာ
ဆပ်ပြာမှုန့်ကို သမဝါယမဆိုင်ကသာ ပေးသည်) ထည့်ဖျော်၍
ပြုတ်သည့်အသွင်ဖြင့် ချေး (ဂျီး) တို့ကို နူးစေသည်။ ပြီးတော့
ဆပ်ပြာမှုန့်ဖျော်ထားသော စဉ့်အိုးထဲမှာ ညသိပ်စိမ်ထား လိုက်
တော့သည်။ ပြုတ်၍တစ်ခါ၊ စိမ်၍တစ်ညနှင့် ချေး (ဂျီး) တို့စင်
သွားသည်။ သွားပွတ်တံနှင့် ချောင်ကြိုချောင်ကြားမှ ချေး (ဂျီး)
တို့ကို ဆေးသည်။ ဓားနှင့် ခြစ်တန်သည့်အရာကို ခြစ်ပစ်ရသည်။
သန့်စင်ပြီးတော့ ထိုကော်ကျွတ်တို့ကို မြောက်ဥက္ကလာပရှိ (ည)
ရပ်ကွက်မှာသွားသွင်းကြသည်။ ထိုစဉ်က နံ့ပါတ် (၅) ကား
ခေမာသီ၊ မေဓာဝီနှစ်စီးအနက် ခေမာသီ (ငါး) ကားကို သူတို့စီး
ခဲ့ကြသည်ကို မှတ်မိသေးသည်။ နံနက်ငါးနာရီအိမ်မှ ထ၊ တာမွေ
လေးဘူတာအထိ အချိန်တစ်ဆယ်ကျော် ကော်ကျွတ်အိတ်ကို
ထမ်းသွား တာမွေလေးဘူတာမှ တံတားလေးဘူတာအထိ
ရထားစီး၊ ထိုမှ ခေမာသီ (ငါး) ကားကို စီး၍(ည) ရပ်ကွက် ထိ
တိုင် ခရီးစဉ်သည်ကြာတော့သည်လည်း ရိုးသွားခဲ့သည်။

မျက်စိမြင်လာတော့ ဆေးပြီးသား ကော်ကျွတ်တို့ကို ကိုယ်တိုင်အစေ့ကြိတ်၍ ကုန်ပစ္စည်း (မိတ်ကပ်ဗူး၊ စန္နီးဘူး၊ ဆေးဘူး) ထုတ်လုပ်သူထံ သူတို့သွားရောင်းကြသည်။ အမြတ်ငွေပိုရလာကြသည်။

ထိုလုပ်ငန်းသည် သူအိမ်ထောင်ကျ၍ အငယ်တန်းစာရေးဘဝရောက်၍ စနေ-တနင်္ဂနွေ နေ့များ၌ အဖေ့အိမ်မှာ သွားဝိုင်းလုပ်ခဲ့သေးသည်။ တိုင်းပြည်၌ ကြီးစွာသော မုန်တိုင်းရိုက်သွားပြီး ချိန်ဝယ် ဈေးကွက်စီးပွားရေးစနစ်၌ သူတို့ အိမ်တွင်းလုပ်ငန်းလေးများ ပျောက်ကွယ်သွားကြသည်။ ပြင်ပကမ္ဘာမှ အသစ်ချပ်ချွတ်သော (ပါကင်ဟုလည်း ခေါ်သည့်) ကော်ကျွတ်စေ့တို့ ဝင်လာကြသည်။ ဈေးမကွာတော့ ထုတ်လုပ်သူကလည်း တစ်ပတ်နွမ်းထက် အသစ်ကို ပိုမက်သည်။ သူ၏ ငယ်ဘဝသည် မပန်းသော်လည်း ကြမ်းခဲ့သည်။ မလန်းသော်လည်း နွမ်းခဲ့သည်။ ခုတော့သည်လည်း ပြန်တွေး၍ ရင်လေးနေမိသည်။

သူအိမ်ထောင်ကျတော့ အသက် ၂၃ နှစ်သာရှိသေးသည်။ အစိုးရဝန်ထမ်းဖြစ်ပြီး ခြောက်လကျော်အကြာမှာ သူမိန်းမရသည်။ အစိုးရဝန်ထမ်းဖြစ်ဖို့ အလုပ်သမားရှာဖွေရေးရုံး (လေဘာရုံးဟုခေါ်သည်) တွေမှာ သူလေဘာလိုက်ထပ်သည်။ လေဘာသက်ရင့်နေသော (လေဘာစာရွက်၌ သုံးလတစ်ကြိမ်လဲရသည်။ တစ်နှစ် လေးကြိမ်နှုန်းနှင့် သုံးနှစ်လောက်ကြာမှ လေဘာသက်ရင့်သည်ဟု ခေါ်နိုင်သည်) လေဘာမှုံးမှတင်သည့် စာရင်းဝယ်သူပါသည် ခေါ်သည့် ဦးစီးဌာန ကော်ပိုရေးရှင်းတွေမှာ လူတွေ ရေးဖြေတွေ လုပ်သည်။ သူ . . မအောင်မြင်ခဲ့ (ထိုစဉ်က အစိုးရ



ဝန်ထမ်းဖြစ်ဖို့ရန် အသိအကျွမ်းဆရာသမားတို့ လိုအပ်သည်ကို သူမသိခဲ့)

ကံကောင်းချင်တော့ ဖွဲ့စည်းပုံတိုးချဲ့သည့် ဌာနတစ်ခုမှာ သူအလုပ်ရသည်။ ထိုရုံးက သူ့လူလည်း ခန့်သည်။ လိုသည့်အရေအတွက်ကိုကံဆိုး၊ ကံကောင်းရွေးရာမှ သူပါသွားသည်။ သူတို့ ၂၂ ဦးသည် ဖွဲ့စည်းပုံအသစ်၏ ကျေးဇူးကြောင့် အလုပ်ရသွားသည်။ အဖေက ဝန်ထမ်းအငြိမ်းစားဘဝမို့ သူတို့အားပေးသည်။ အားပေးရင်းမှပင် သူအိမ်ထောင်ကျခဲ့သည်။

ထိုစဉ်က လစာငွေ ၁၃၀/ သာရသည်။ ရှားပါးစရိတ် ၇၀/ ပေးသည်။ စုစုပေါင်းလကုန်လျှင် ၂၀၀/ရသည်။ သို့သော်လည်း သမဝါယမချေးငွေ အသက်အာမခံငွေ လမကုန်မီ ချေးယူထားငွေ၊ ပုဆိုး၊ အင်္ကျီ၊ လပေးယူထားငွေတို့ကို ဆပ်လိုက်လျှင် သူ့အိမ်အပြန်မှာ တစ်ဆယ်အောက်သာကျန်တော့သည်။ ဒီတော့ သူ- ဈေးသည်ဘဝကို ပြန်ဆင်းသည်။ ဝတ္ထုထဲမှာလို၊ ရုပ်ရှင်ထဲမှာလို ဘဝသရုပ်ဖော်ခြင်းမဟုတ်မှန်း သူသိသည်။ ဇနီးသည်ကို မုန့်ဖက်ထုပ်၊ ထုပ်ခိုင်းသည်။ သူရုံးကပြန်၍ ညခုနစ်နာရီဆို အိမ်ကပြန်ထွက်သည်။ ဟိုဘက်ရပ်ကွက်၊ တခြား ရပ်ကွက်တွေမှာ သူမုန့်ဖက်ထုပ်လိုက်ရောင်းသည်။ ထိုစဉ် မုန့်ဖက် ထုပ်သုံးထုပ်ကို တစ်ကျပ်ရသည်။ အထုပ် ၁၀၀-၁၅၀ ကုန်လျှင် ငါးကျပ်မှ ခုနစ်ကျပ်ထိ အမြတ်ရသည်။ သူ၏ မုန့်ဖက်ထုပ်သည် ဘဝသည် ရောင်းကောင်းသည်လည်း ရှိသည်။ ကျန်သည် လည်းရှိသည်။ စနေလိုနေ့မျိုးမှာ ညပိုင်း မုန့်ဖက်ထုပ် ရောင်း မကောင်းသည်ကို သူသတိထားမိသည်။ ထိုကာလ၌ ယနေ့လို မဖွံ့ဖြိုးသေးသဖြင့်

ရေဒီယိုကိုသာ အားကိုးသည်။ စနေနေ့ည ၈း၁၅ နာရီဆိုလျှင် ဇာတ်လမ်းလာသည်။ ဦးပေါင်းကျားနှင့် မြင်းကျားရှင်တို့ ဦးကံကောင်းနှင့်သမီးတို့ကို သူမှတ်မိနေသည်။ ရေဒီယိုမရှိသူတို့က တစ်လမ်းလုံး၌ တစ်လုံးတည်းသာရှိသော ထိုအိမ်၌စု၍ ဇာတ်လမ်း နားထောင်ကြသည်။ အနုပညာ၏ ဆွဲဆောင်မှုကြောင့် ရပ်ကွက်သားတို့ သူ့--မုန့်ဖက်ထုပ်ကို ဝယ်စားရန် မေ့နေကြသည်။

တောင်းထဲမှာ မုန့်ဖက်ထုပ်အကျန်နှင့် ပြန်လာသော သူ့ကို ဇနီးသည်က. အားပေးသည်။ သူ့ဇနီးက သူညပိုင်းရောက်ခဲ့သောနေရာများမှာ မနက်ပိုင်း ထန်းသီးမုန့်လိုက်ရောင်းသည်။ တစ်လုံးတစ်မတ်ရသည်။ မိုးတွင်းကာလ ပြင်းထန်သော မိုးရေအောက်မှာ သူတို့ ဇနီးမောင်နှံ ပြိုင်တူလဲကြသည်။ ထိုမှ မုန့်ဖက်ထုပ်သည်ဘဝ၊ ထန်းသီးမုန့်သည်ဘဝတို့ကို သူတို့ကျောခိုင်းလိုက်ကြသည်။

သူ့သူငယ်ချင်း ဝင်းမြင့်က ညပိုင်းမှာ ပရိဘောဂတွေကို ပေါ်လစ်တင်ရန် သူ့ကိုလာခေါ်သည်။ ညခုနစ်နာရီမှ ည တစ်နာရီအထိ၊ ပရိဘောဂတွေကို သူကော်ပတ်စားရသည်။ ဝင်းမြင့်က သူ့ကို တစ်ညတစ်ဆယ်ပေးသည်။ သို့သော်လည်း ပရိဘောဂရှိမှ ကော်ပတ်စားရသည့်ဘဝမို့ ထိုအလုပ်မှာ တစ်နှစ်ခန့်အကြာမှ သူထွက်ခဲ့သည်။

ယောက်ဖလုပ်သူက လာခေါ်၍ အလုပ်မှ ခွင့်တစ်လယူကာ သူရေလိုက်ထမ်းသည်။ လမ်း ၄၀ ထိပ် (မဟာဗန္ဓုလလမ်းဘက်) ဘုံဘိုင်မှာ ရေတန်းစီသည်။ ဝယ်သည့်အိမ်တွေကို လိုက်ရောင်းသည်။ မြေညီထပ်၊ ပထမထပ် မှ စတုတ္ထထပ်အထိ သူ ရေထမ်း



နှင့်တက်ခဲ့သည်။ ရေတစ်ထမ်းငါးမူးနှင့် တစ်နေ့ကို အစိတ်-သုံးဆယ်ရသည်။ ဗိုလ်အောင်ကျော်လမ်းက မိုးရပ်ရှင်အခန်းကို သူရေထမ်းတက်တော့၊ ရုပ်ရှင်မင်းသား ဦးကျော်ဆွေကြီးကို သူရှာမိသေးသည်။ ကံကောင်းချင်တော့ သင်္ကြန်မတိုင်မီနှင့် သင်္ကြန်ရက်တွေမှာ လမ်း ၄၀ ဗိုလ်အောင်ကျော်တစ်ဝိုက် မီးပျက်သည်။ မီးပျက်တော့ရေမလာသဖြင့် သူတို့အကြိုက်တွေ့တော့သည်။ ပန်းဆိုးတန်းလမ်းထိပ်က ပဒိန္နုဘုရားကျောင်းဝင်းထဲမှာ ရေတွင်းရှိသည်။ ထိုရေတွင်းမှရေကိုငင်၍ ရောင်းချကြသည်။ တစ်ထမ်းကို တစ်ဆယ်ရသည်။ တစ်နေ့ -တစ်နေ့ အထမ်းခုနစ်ဆယ် ရှစ်ဆယ်အထိထမ်းဖြစ်သည်။ ဝင်ငွေသည် ခုနစ်ရာကျော်၊ ရှစ်ရာ၊ လစာခြောက်လစာလောက်ကို တစ်နေ့တည်းရေထမ်းရင်း သူရလိုက်သည်။ သင်္ကြန်ပြီးတော့ ရေထမ်းသည့် အလုပ်သည် ပါးသွားသည်။ မီးပြန်လာ၍ ရေပြန်လာသဖြင့် ခွင့်စေ့သောသူလည်း ရုံးပြန်တက်ခဲ့တော့သည်။

လမ်း ၄၀ မှာ ရေထမ်းရင်း စာရေးဆရာ 'ကြီးပွား' နှင့် သူရင်းနှီးခဲ့သည်။ ကျောင်းသားဘဝ နံရံကပ်စာစောင်တွေမှာ ကြီးစိုးခဲ့သောသူ လက်ရာတို့ ပြန်လည် နိုးကြားလာသည်။ ဒီတော့ စာရေးဆရာ ဘဝကိုသူ ခံယူလိုက်တော့သည်။ သူစာစ၍ ရေးပါပြီ။

**အယ်ဒီတာတို့ကလည်း သူ၏စာမူကို ပယ်ပါသည်။ သူကလည်း ကြိုးစား၍ ရေးပါသည်။ နေ့လယ်ဘက်ရုံးမှလစ်၍ စာအုပ်တိုက်တို့ကို သူရောက်ခဲ့သည်။ နုနယ်၍ ငယ်ရွယ်သော သူ့အသိသည် တိုးမပေါက်ခဲ့၊ သူ့အားလျှော့ချင်လာသည်။ ဝန်ထမ်း**

ဘဝကာလည်း အတူဝင်သူတွေ ရာထူးတိုးကုန်ကြသည်။ သူနှင့် သုံးလေးဦးသာ ကျန်ခဲ့သည်။ ဇာတာသည် သူ့ကို အချိန်မပေး နိုင်သေး၍လားဟု သူဆန်းစစ်သည်။ ကံကောင်းချင်တော့ ရွှေသွေးကျွာနယ်မှာ သူ့ဝတ္ထုတိုလေးတွေ၊ ကဗျာတွေ၊ ဇာတ်လမ်းတွေ ပါလာသည်။ သူစာရေးဆရာဖြစ်ခဲ့ပြီ။ အဖေနှင့်အမေကတော့ သူ၏ပုံနှိပ်စာလုံးတို့ကိုဖတ်၍ ကြည်နူးပီတိဖြစ်ကြသည်။ ဇနီးသည် ကတော့ စာမူတစ်ပုဒ်၏ ညဏ်ပူဇော်ခကိုသာ တွင်တွင်မေးတတ် သည်။

သူ အသက် ၃၃ နှစ်မှာ ခါးသီးသော အတွေ့အကြုံတို့ကို ပူတွေ့ရသည်။ မတ်လ၏ တစ်ခုသောရက်၌ ပန်းရောင်အငွေ့များ အာက်ဝယ် လူတို့ ဝေဝါး မှုးလဲသွားသည်ကို သူတွေ့လိုက်ရသည်။ ပ်ရှင်ထဲမှာတွေ့ရသော ဂျပန်ခေတ်မဟုတ်၊ သူ - ငါးတန်း ကျောင်းသားဘဝတုန်းက တွေ့ရသလိုမဟုတ် ယခုကပို၍ကြမ်း လသလားဟု သူကြောက်ရွံ့စွာ တွေးမိသည်။ ထိုနှစ်၏ ဝါတွင်း ဘလသည် အတ္တလွှမ်းသော လမ်းဝယ်၊ အနတ္တတရားတို့ကို ဦးနှောက်က ကွန်ပျူတာသဖွယ် တွက်ချက်နေမိသည်။ မောဟ ဒိတာကို သူနားလည်လိုက်သည်။

အဖေနှင့်အမေက သူနှင့် သူ့မိသားစုလေးဦးကို ခေါ်၍ ကျွေးမွေးထားသဖြင့် ထိုကာလ၌ သူ့ဝမ်းတစ်ထွာသည် ငြိမ်းအေး ရသည်။ ပြင်ပကမ္ဘာ၌ ဒေါသလွှမ်းနေချိန်ဝယ် အဖေက သူ့ကို ယ်စုံ ကျော်ထင်တစ်အုပ်ပေးဖတ်သည်။ ကျိုးသဲလေးထပ်ဆရာ တော် ဘုရား၏ စွယ်စုံကျော်ထင်ကျမ်းကြီး လောကဝိဒူဆိုထိုက် သာ ကျမ်းကြီး ကောင်းလိုက်တာ၊ အရသာရှိလိုက်တာ၊ ဖတ်ရတာ



နောက်ကျလိုက်တာဟု သူမြည်တွန်မိသည်။ ထို --စွယ်စုံကျော်ထင် ကျမ်းကြီးသည် သူ့ဘဝ သူ့ခရီး --သူ့အနာဂတ်ကို ပြောင်းလဲပေး ခဲ့သည်။ ပြောင်းလဲမှုကိုလည်း နောင်ခါမှ သူ- သတိထားမိသည်။

သူ ဘာလုပ်ရမည်နည်း ဟု သူ့ကိုယ်သူဆန်းစစ်သည် ဒီနေရာ ဒီဌာနမှာဆက်လုပ်၍ မတိုးတက်မှန်းလည်း သိသည်။ ဒီဌာနမှာက သန့်ရှင်းရေးမှ ညွှန်ကြားရေးမှူးချုပ်ထိ ဝန်ထမ်း ၁၅၀ ခန့်သာရှိသည်။ သက်တူရွယ်တူတွေက ရှေ့မှာရာထူးတိုး ကုန်ပြီ။ လက်ရှိအငယ်တန်း စာရေးဘဝနှင့် သူပင်စင်ယူ ရုံသာရှိသည်။ ထိုကာလမှာပင် အနုပညာထုတ်လုပ်သော ဌာနတစ်ခုက ပြန်တမ်းဝင် အရာရှိတွေကို လျှောက်လွှာခေါ်လေသည်။ ဇာတ်ညွှန်းရေးသူ နေရာကို သူဝင်လျှောက်သည်။ သူ ကံကောင်းခဲ့သည်။ သူပြန်တမ်း ဝင်အရာရှိဖြစ်ခဲ့လေသည်။

ဝန်ထမ်းဘဝမှာကျင့်ရမည့် ကျင့်စဉ်တို့ကို သူ ပြန်တမ်း ဝင်အရာရှိဘဝမှာ ကျင့်သုံးသည်။ စည်းကမ်း၊ တာဝန် -သစ္စာ တရား၊ တာဝန်ကျေပွန်ခြင်း၏ ဟိုမှာဘက် ထိုးထွင်းတီထွင်မှု ဒါတွေက သူ့ကိုတုန့်ပြန် အကျိုးပေးလာသည်။ စေတနာသည် ရောင်ပြန်ဟပ်လာသည်။

အရာရှိလုပ်သက် ၇ နှစ်အကြာမှာ သူ နောက်တစ်ဆင့် တိုးမြှင့်ခဲ့သည်။ ပြည်ပခရီးကိုလည်း နှစ်ကြိမ်ရောက်ရှိခဲ့သည်။ စင်စစ် ဒီဌာနသို့ သူကူးပြောင်းခဲ့ခြင်းသည် နိုင်ငံခြားခရီးစဉ်ကို မက်၍ မဟုတ်၊ ရှိမှန်းလည်း မသိခဲ့။ ပြည်ပခရီးသည် အနုပညာရှင် အတွက်သာဟု ယေဘုယျနားလည်ခဲ့သည်။ သူကံကောင်းခဲ့ပြီ။

အကြောင်း၏ နောက်မှာအဆိုးက ဒွန်တွဲ၍ပါလာပြန်သည်။ မြင့်သောသစ်ပင်ဝို့သည် လေပို၍တိုက်ခြင်းကိုခံရမှန်း သူသိလာသည်။

"အပိုအလုပ်တွေပါ" "ဩဇာပြနေတာ" "မောက်မာလိုက်တာ" ဟူသော အလုပ်မရှိ၍ ဘေးထိုင်အတင်းပြောနေသည့် ဝန်ထမ်းတစ်စု၏ မှတ်ချက်ကို သူနား၌ ပြန်ကြားရသည်။ မျက်နှာသုန်မှုန်၍ ပြန်လာခဲ့သော သူ့ကိုချစ်ဇနီးသည်က အားပေးသည်။ "မပျော်ရင် -- ရှင် အလုပ်ထွက်ပါ၊ ကျွန်မလုပ်ကျွေးပါ့မယ်" ဇနီးသည်ကိုကြည့်၍ -- မုန့်ဖက်ထုပ်သည်ဘဝ၊ ထန်းသီးမုန့်သည်ဘဝကိုသူမြင်၍ မဆင်းလိုတော့ကြောင်း ပြောမိသည်။ လှေကားထောင်ပြီးပြီ၊ သူကိုသာ တက်ချင်သည်။

မှတ်မှတ်ရရ သူ အလုပ်ခွင်ထဲမှာ မလေးရှားပိတောက်ပင်တစ်ပင်စိုက်ခဲ့သည်။ ယခု ထိုအပင်လေးစိမ်းစိုနေသည်။ မြေ၊ ရေ၊ လေနှင့် ပြုစုပျိုးထောင်မှုတို့ကြောင့် ယခုမြင့်မားခိုင်ကျည်စွာ ရပ်တည်နေလေပြီ။ သူ သည် ထိုမလေးရှား ပိတောက်ပင်လား. .၊

ဒီအခြေအနေအတိုင်း သူဆက်နေလျှင် ကျဆုံးဖို့သာရှိသည်။ ပတ်ဝန်းကျင်သည် ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းဟူသော သူ့အလုပ်ကို သူလုပ်နေခြင်းပါလားဟု သူနားလည်လိုက်သည်။ ' ရှေ့မှာလမ်းစကို တွေ့နေရပြီ။ အလင်းတန်းကိုသူမြင်ရပြီ။

ညီလေး. . ဝန်ထမ်းဆိုတာ ဒီလိုပါပဲကွာ။ ဖအေတိုင်းက သူ့သားတွေကိုပြောတယ်။ မင်းတို့ ဒီပြင်အလုပ်သွားလုပ်၊ ငါ့ဒွါနမှာ



တော့ ငါတစ်ယောက်တည်းပဲခံမယ်။ မင်းတို့မလုပ်ကြနဲ့တဲ့။ ဒါပေမယ့် ဝန်ထမ်းလောကဆိုတာကလည်း လူ့လောကပါဘဲပဲလေ။ ဒီတော့ လူ့သဘာဝ လူ့စရိုက်တွေရှိနေမှာပေါ့။

ပင်စင်စား နောင်တော်ကြီးရဲ့စကားက သူ့နားထဲ ပြန်ကြားယောင်လာသည်။ သူ့အသက်လည်း လေးဆယ်ကျော်ခဲ့ပြီ။ ကျေနပ်လောက်အောင် မဟုတ်သော်လည်း သူတာဝန်ကျေခဲ့သည်။ အကျိုးရှိစွာနေခဲ့သည်။ ဆုံးရှုံးမှုများနှင့် ရင်းနှီးခဲ့ရသော သူ့ဘဝသည် အောင်မြင်မှုတွေနှင့် လက်ပွန်းတတီး ရင်းနှီးလိုသည်။

ဆုံးရှုံးမှု၊ အောင်မြင်မှုတွေကို အပထားပြီး သူ့တာဝန်ကျေပွန်အောင် ဌာနအကျိုးရှိအောင် သူ အနုပညာကို လူအများသိအောင် သူလုပ်ကိုင်ခဲ့သည်။

ဆရာဒဂုန်နတ်ရှင်၏ ကံ . . ဉာဏ် . . ဝီရိယ အချိုးသုံးပါး ညီညွတ်စွာရှိနေရမယ် ဟူသောအဆိုကို သူလက်ခံရင်း သင့်မျှစွာနေခဲ့သည်။

"ဖားတတ်လိုက်တာ"

"သူ့ခေတ်ရောက်နေပြီကို . . လုပ်ပေါ့" ဟူသောအသံကို သူကြားရသည်။"

"သူ . . အလုပ်တကယ်လုပ်တယ်"

"သူအနုပညာတွေမဆိုးဘူး" ဟူသော အသံကိုလည်း သူကြားရသည်။

ဝေဝါးသောဝန်ထမ်းဘဝတုန်းက ထိပ်ဆုံးကကျွန်တော် ဟူသော စာတန်းလေးကို သူရေးဖူးသည်။ "ဝန်ထမ်းလောကမှာ

အားလုံးကို ကျော်ဖြတ်ရမယ်" ဟု သူကြွေးကြော်ဖူးသည်။ ယခု သူ ထိပ်ဆုံးရောက်ခဲ့ပြီလား၊ အားလုံးကိုကျော်ဖြတ်နိုင်ခဲ့ပြီလား။

အဖေကတော့ မပြောဖူးသည်။

အထွန်းဖွားဖြစ်နေတဲ့အပြင် မျက်နှာဖုံးစွပ်ပြီး၊ အချင်းစလွယ်သိုင်းပြီး မွေးလာတဲ့ငါ့သားဟာ . . အမြင့်ဆုံးကိုရောက်မှာ

သူ . . မလေးရှားပိတောက်ပင်ကို ရေလောင်းလိုက်သည်။ ပြီးတော့ မော့ကြည့်လိုက်သည်။ သူတောင် အတော်မြင့်နေပါလား ဟု သူမှတ်ချက်ချသည်။

သူ့ရုံးခန်းထဲပြန်ဝင်တော့ အမှုတွဲများစွာတို့က ဆီးကြိုနေသည်။ တစ်ခုချင်းဖတ်ရင်း . . ရေးရင်း . . လက်မှတ်ထိုးရင်း ပြင်ပမှာမှောင်နေပြီကို သူသတိထားလိုက်မိသည်။

"ဆရာ . . မပြန်သေးဘူးလား . . မိုးချုပ်ပြီ"

ရုံးတံခါးလိုက်ပိတ်သူက သတိပေးလာသည်။

ပြန်တော့မှာပါဟု သူပြောရင်း ထိုင်ရာမှထသည်။ ရုံးခန်းထဲမှ အထွက်မှာတော့ သူရထားသော ဘီခြောက်ရာလေးဘီးကားလေးကို လှမ်းကြည့်မိသည်။

"ငါမှ မမောင်းတတ်သေးတာ . . မင်းနေခဲ့ကွ" ဟု သူနှုတ်မှရေရွတ်မိသည်။ မော်တော်ယာဉ်ဌာနမှာရပ်ထားသော လေးဘီးကားလေးက သူ့ကို မဲ့ပြုံးပြုံး၍ နှုတ်ဆက်နေပေမည်။

အိမ်မှာ ဇနီးသည်ရှိသည်၊ သားတွေ သမီးတွေရှိသည်။ ရုံးမှာ တပည့်တပန်းတွေရှိသည်၊ လုပ်ဖော်ကိုင်ဖက်တွေရှိသည်။ သူတို့အားလုံးသည် သူ့ကို ခက်လက်ဝေလွင်သော သစ်တစ်ပင်လို့ ထင်ကြသည်။ အားကိုးကြသည်။



အင်းလေ . . ဘဝဆိုတာ သစ်ပင်လိုပါပဲ။ ကြိုးစားမှုဆိုတဲ့ မြေသြဇာ ကောင်းရင်ကောင်းသလို ကြီးထွားကြမှာပါပဲ။ ဒါပေမဲ့ မြင့်မားလာရင်တော့ လေတိုက်ခံရမှာပဲ။ လေတိုက်ခံရတာကိုတော့ သူတို့မသိကြဘူးလေ။

ရုံးပြင်ပမှာရပ်ရင်း သူ့လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။ အခုတော့လဲ သူဟာ သာမန်သစ်ပင် တစ်ပင်ပါပဲလေဟုတွေးရင်း သူ ပြုံးလိုက်မိသည်။



၂၀၀၃ ခုနှစ်၊ ပခုက္ကူဦးအုံးဖေ စာပေဆု

**ဝတ္ထုတိုပေါင်းချုပ် တတိယဆု**

''သောင်းစုနှစ်၏ အလင်္ကာညများ''

ရေးသူ - ကိုဇော်ဋ္ဌေး (ယဉ်ကျေးမှု)

အဖ ဦးမောင်စံ၊ အမိ ဒေါ်အမာတို့မှ ၁၉၅၅ ခုနှစ်၊ ဩဂုတ်လ [illegible] ရန်ကုန်မြို့၌ မွေးဖွားသည်။ အ-ထ-က (၁) သင်္ကန်းကျွန်းမှ ဆယ်တန်းအောင်မြင်သည်။ ၁၉၈၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိသည်။

ကဗျာ၊ တေးသီချင်း၊ ဝတ္ထုတိုများ ရေးသားခဲ့သည်။ ''အတူလေးရယ်နဲ့ ယှဉ်ကာမြိုင်'' စာမူဖြင့် စာပေဗိမာန်စာမူဆု (လူငယ်စာပေ) ပထမဆုရရှိခဲ့ပြီး ယဉ်းစာအုပ်ဖြင့်ပင် အမျိုးသားစာပေဆု ချီးမြှင့်ခံရသည်။

ယဉ်ကျေးမှုအဖွဲ့နှင့်အတူ လာအို၊ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယားနိုင်ငံများသို့ သွားရောက်ခဲ့သည်။ အနုပညာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူး(ထုတ်လုပ်) တာဝန်ထမ်းဆောင်လျက်ရှိသည်။

နေရပ်လိပ်စာမှာ အမျိုးသားဇာတ်ရုံဝင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ် ရန်ကုန်ဖြစ်သည်။

အမည်ရင်း ဦးဇော်ဋ္ဌေး ဖြစ်သည်။

စာပေဗိမာန်
spk2179
Ks 270